၇ ရက် သတင်းဂျာနယ်

Vol.11, No ... MAY 3, 2012

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com



TRI
MEN'S AND LADIES' WEARS



အတွဲ(၁၁)၊ အမှတ်(၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက် ၊ ကြာသပတေး၊ (မေ ၃ ၊ ၂၀၁၂)


# မေ ၂ ရက် ဒီချုပ် လွှတ်တော်တက်မည်

## မေ ၃၀ရက် နေ့လယ်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေး မေ ၂ရက်သို့ရွှေ့ဆိုင်း

**သီဟ၊ အောင်သူရ**

**ရန်ကုန်၊ ဧပြီ - ၃၀**

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီက မေလ ၂ ရက်တွင် လွှတ်တော်တက်ရန် ဆုံးဖြတ်လိုက်ပြီးနောက် ဧပြီ ၃၀ရက် နေ့လယ်ပိုင်း၌ နောက်ဆုံးကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေလ ၂ ရက်သို့ ရွှေ့ဆိုင်းလိုက်သည်။**

ပြည်သူ့လွှတ်တော် အခမ်းအနားမှူးက လွှတ်တော်မစမီ ယခုကျင်းပမည့်အစည်းအဝေးကို မေ ၂ရက်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း၊ လွှတ်တော်နောက်ဆုံးရက်ဖြစ်သဖြင့် နေရပ်ပြန်ရန် စီစဉ်ထားပြီးသူများ မေ ၂ရက် လွှတ်တော်အစည်းအဝေးအတွက် ခွင့်တိုင်ကြားပါရန် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဧပြီ ၃၀ရက်သည် လွှတ်တော် ပထမအကြိမ် တတိယပုံမှန် အစည်းအဝေး နောက်ဆုံးနေ့ဖြစ်ပြီး ထိုနေ့နံနက်တွင်ပင် အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်က မေလ ၂ရက်တွင် လွှတ်တော်တက်ရန်ဆုံးဖြတ်ခဲ့သည်။

လွှတ်တော် စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးများကို ဇူလိုင်လမှသာ ပြန်လည်စတင်မည်ဖြစ်ရာ မေနှင့်ဇွန်လများတွင် ရပ်နားထားမည်ဖြစ်သည်။

လွှတ်တော်တက်ရန်နောက်ဆုံး ဆုံးဖြတ်ရခြင်းနှင့်ပတ်သက်၍ "ကျွန်မ ပွင့်ပွင့်လင်းလင်းပဲပြောပါရစေ။

စာ(၁၂)သို့

ဘဏ္ဍာရေးမှုဝါဒ

## ဗဟိုဘဏ်က နိုင်ငံခြားငွေနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ ဆက်တိုက်ဖြေလျှော့ပေး

**အားမာန်**

**ရန်ကုန်၊ ဧပြီ-၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားငွေနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများကို ဆက်တိုက် ဖြေလျှော့ပေးနေသည်။

ငွေလဲလှယ်ရေးကောင်တာ ၁၇ခု(Money Changer) နှင့် နိုင်ငံခြားငွေ တရားဝင်ရောင်းဝယ် ခွင့်ပြုချက်ရထားသော ပုဂ္ဂလိက ဘဏ် ၁၁ဘဏ်က ရောင်းဝယ်ရရှိထားသော နိုင်ငံခြားငွေများကို ယခင်ငွေစာရင်းလွှဲပြောင်းပါက (Account Transfer) တစ်ကြိမ်သာ ကန့်သတ်ခွင့်ပြုထားရာမှ လာမည့်မေလ ၁ ရက်မှစ၍ အကြိမ်ဦးရေအကန့်အသတ်မရှိလွှဲပြောင်းလုပ်ကိုင်ခွင့်ပြုလိုက်ကြောင်း ဘဏ်လုပ်ငန်းအသိုင်းအဝန်းမှ တာဝန်ရှိသူအချို့ကပြောသည်။

စာ(၁၂)သို့



ဧပြီ ၃၀နံနက်က ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်လွှတ်တော် အစည်းအဝေး ၂၉ရက်မြောက်နေ့တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အမျိုးသားလွှတ်တော်၌ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ အတွင်းရေးမှူးချုပ်သည် မြန်မာနိုင်ငံသို့ သုံးကြိမ်မြောက် လာရောက်ခြင်းခဲ့ပြီး အစိုးရသစ်လက်ထက် ပထမဆုံးအကြိမ် လာရောက်သည့် ယခုခရီးစဉ်တွင် လွှတ်တော်၌ တက်ရောက်မိန့်ခွန်းပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ဓာတ်ပုံ-အေအက်ဖ်ပီ


အကျဉ်းကျခံ မွန်ပြည်သစ် ပါတီဝင်နှစ်ဦးကို လွှတ်ငြိမ်းခွင့်ပေး
အချပ်ပို(B)သို့

စီးပွားရေးဗီဇာဖြင့်ဝင်မည့် နိုင်ငံခြားသားများ ဆိုက်ရောက်ဗီဇာပေးမည်
စာ(၆)သို့

ယခင် ဝန်ကြီးများရုံးကို ပြတိုက်ဖွင့်ရန် ကုမ္ပဏီ တစ်ခုသို့ ခွင့်ပြုထား
စာ(၃)သို့

အရေးယူပိတ်ဆို့မှုများကို ဆိုင်းငံ့ဖယ်ရှားရန် ကုလအတွင်းရေးမှူးချုပ် နိုင်ငံတကာသို့တိုက်တွန်း
စာ(၇)သို့

လယ်/ဆည်ဝန်ကြီးက လွှတ်တော်သို့ ပြန်လည်တောင်းပန်
အချပ်ပို(B)သို့


# ကေအိုင်အိုနှင့် ငြိမ်းချမ်းရေးရရှိရန် လိုအပ်သမျှကူညီမည်ဟု ကုလအတွင်းရေးမှူးချုပ်ပြောကြား

**အေးမြကျော်**

**နေပြည်တော်၊ ဧပြီ-၂၉**

ကချင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများရပ်တန့်စေရန် မြန်မာအစိုးရနှင့် ကေအိုင်အိုတို့အကြားစေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရာတွင်နည်းပညာအကူအညီများ၊ အထောက်အပံ့များနှင့် လိုအပ်ပါက ငွေကြေးထောက်ပံ့မှုများ ပေးသွားရန် ကုလသမဂ္ဂအနေဖြင့် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းက ဧပြီ ၂၉ ရက်တွင် ပြည်တွင်းသတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသွားသည်။

စာ(၁၂)သို့




7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## ပြည်ခိုင်ဖြိုးကိုယ်စားလှယ်များ အခြားပါတီသို့ ပြောင်းလိုက ပြောင်းနိုင်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ မေ - ၉**

ပြည်ခိုင်ဖြိုးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အခြားပါတီသို့ ပြောင်းချင်ပါက ပြောင်းနိုင်ကြောင်း အဆိုပါပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကပြောသည်။

"မယုံဘူးဆို သွားလို့ရတယ်။ ခွင့်မပြုစရာ အကြောင်းမရှိဘူး" ဟု သကြၤန်အကြတ်နေ့က မရမ်းကုန်းမြို့နယ်ရှိ ရပ်ကွက်တစ်ခုသို့လာရောက်စဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွေးကောက်ပွဲပြီးနောက် ပါတီတွင် အလုပ်အမှုဆောင်အဖွဲ့ ထပ်ဖွဲ့ရန် စီစဉ်ထားပြီး အတွင်းရေးမှူးအဖွဲ့ကိုမူ ထပ်တိုးရန် အစီအစဉ်မရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို မှတ်ပုံတင်ပြီးနောက် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ညဏစိုးသည်အင်န်အယ်လ်ဒီပါတီ သို့ ပြောင်းလာခဲ့သည်။

ထို့အပြင် အမျိုးသားဒီမိုက ရေစီအင်အားစုပါတီမှ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးနှင့် တစ်သီး ပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည်လည်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သို့ ပြောင်းလဲရန် စာတင်ထားကြောင်း သတင်းရရှိသည်။

# ကချင်ဒုက္ခသည် စခန်းအချို့တွင် တိုက်ပွဲများကြောင့် လူဦးရေထပ်တိုး



**တရုတ်-မြန်မာနယ်စပ်အနီး ရှင်ဂျိုင်စစ်ဒုက္ခသည်စခန်းရှိ စာသင်ခန်းကိုတွေ့ရစဉ်** ဓာတ်ပုံ-အေးမြကျော်

**အေးမြကျော်**

**ရန်ကုန်၊**

**မေ - ၂၆**

သကြၤန်မတိုင်မီ ရက်များမှစတင်က ကချင်ပြည်နယ်တွင်း နေရာအချို့တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေး တပ်မတော်တို့အကြား တိုက်ပွဲများ ခပ်စိပ်စိပ်ဖြစ်ပွားခဲ့သည့်အတွက် နေရပ်စွန့်ခွာထွက်ပြေးသူများ ထပ်မံရှိခဲ့ပြီး စစ်ဘေးဒုက္ခသည်စခန်းအချို့တွင်လူဦးရေထပ်မံတိုးပွားခဲ့ကြောင်း ကချင်စစ်ဘေးဒုက္ခသည်စခန်းများနှင့်အကူအညီပေးနေသူများထံမှသိရသည်။

ဝိုင်းမော်မြို့နှင့် မိုင် ၃၀ ကျော်ကွာဝေးသော ဆဒုံးမြို့တွင် အနီးအနား ရွာများမှ တိုက်ပွဲများကြောင့် ထွက်ပြေးလာသူများမှာ သကြၤန်ကာလအတွင်း၆၀၀ ကျော်ရှိပြီး အိမ်ထောင်စုအားဖြင့်ဆိုလျှင် အိမ်ထောင်စု ၁၀၅စုရှိကြောင်း ဒုက္ခသည်များကို အကူအညီပေးနေသည့်အဖွဲ့အစည်းများကပြောသည်။

ဝိုင်းမော်မြို့ပေါ်ရှိ လူဦးရေများသော စခန်းတစ်ခုဖြစ်သည့် ဝိုင်းမော်နှစ်ခြင်း ဒုက္ခသည်စခန်းတွင် သကြၤန်ကာလအတွင်း လူ ၈၀ ကျော် တိုးလာပြီး ဝိုင်းမော်မြို့နယ်အတွင်းရှိမလန်းယန်၊ ဒဘတ်ယန်၊ ကဇူး၊ ဂါးရာယန်၊ နမ်ဆန်ယန် စသည့်ရွာများမှ ထွက်ပြေးတိမ်းရှောင်လာသူများဖြစ်သည်ဟု စခန်းတာဝန်ရှိသူများက ပြောကြားသည်။

သကြၤန်ကာလမတိုင်မီက ဝိုင်းမော်နှင့် ဗန်းမော်မြို့နယ်များအတွင်းရှိ နေရာအတော်များများတွင် တိုက်ပွဲများ နေ့စဉ်နီးပါးဖြစ်ပွားနေသဖြင့် ထိုနေရာများအနီးတွင် နေထိုင်သူများမှ နေရပ်ကိုစွန့်ခွာထွက်ပြေးလာကြသည်။ ယခင်က ကချင်ပြည်နယ်အတွင်းတွင် တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခသည် ခုနစ်သောင်းကျော်ရှိသည်ဟု ခန့်မှန်းထားကြပြီး ယခုဆက်လက်ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ရှစ်သောင်းနီးပါးအထိရှိလာနိုင်ကြောင်း ကချင်ပြည်နယ်အတွင်း အကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်နေသူများက ခန့်မှန်းနေကြသည်။

ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်နှင့် ကေအိုင်အေတို့အကြားတိုက်ပွဲများမှာ ၂၀၁၁ ဇွန်လ၉ရက်ကစတင်ခဲ့ပြီးယခုဆိုလျှင် ၁၀ လတာ ကြာမြင့်ခဲ့ပြီဖြစ်သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကန့်ကွက်လွှာလေးခုရှိ

**အားမာန်**

**ရန်ကုန်၊ မေ-၁၀**

ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီများက ပေးပို့သော ကန့်ကွက်လွှာမှာ လေးခုရှိကြောင်း ကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကန့်ကွက်လွှာ တင်သွင်းသော ကိုယ်စားလှယ်လောင်းများမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှဖြစ်သည်။ ဧပြီ ၁ ရက်တွင်ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှကိုယ်စားလှယ်လောင်းလေးဦးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်လေးဦးအား ကန့်ကွက်လွှာလေးခု တင်သွင်းထားခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

စစ်ကိုင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ခဲ့သော ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်လောင်းဦးစိုးနိုင်က ဒီချုပ်မှ ဦးခင်မောင်သိန်းအားလည်းကောင်း၊ ကျွန်းစုမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြည်ခိုင်ဖြိုးကိုယ်စားလှယ်လောင်း ဦးချစ်သန်းက ဒီချုပ်ကိုယ်စားလှယ် ဒေါ်တင်တင်ရီအား လည်းကောင်း၊ လှည်းကူးပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပြည်ခိုင်ဖြိုးကိုယ်စားလှယ်လောင်း ဒေါက်တာအောင်မြတ်သူက ဒီချုပ်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းအားလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၌ဝင်ရောက်ယှဉ်ပြိုင်သော ပြည်ခိုင်ဖြိုး ကိုယ်စားလှယ်လောင်း ဒေါ်လဲ့လဲ့အေးက ဒီချုပ်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းကို လည်းကောင်းအသီးသီးကန့်ကွက်လွှာ တင်သွင်းထားခြင်းဖြစ်သည်။



**ကြားဖြတ်ရွေးကောက်ပွဲတွင် မဲရေတွက်နေသည့် မဲရုံတာဝန်ရှိသူများ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုသို့ ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းပါက လက်ရှိဥပဒေများအရကန့်ကွက်လွှာတင်သွင်းသူက ကျပ် ၁၀ သိန်းကိုပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ပေးသွင်းရပြီး ရွေးကောက်ပွဲကျင်းပပြီး သည့်နေ့မှ ရက်ပေါင်း ၂၁ ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းရခြင်းဖြစ်သည်။

စာ(၁၂)သို့

# ယခင်ဝန်ကြီးများရုံးကို ပြတိုက်ဖွင့်ရန် ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ ငှားရမ်းဖွယ်ရှိ

**အောင်သူရ**

**နေပြည်တော်၊ မေ-၂၉**


ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများလုပ်ကြံခံခဲ့ရသောဝန်ကြီးများရုံး(အတွင်းဝန်များရုံး)အား ပြတိုက်အဖြစ် ဖွင့်လှစ်ရန် ကုမ္ပဏီတစ်ခုအား ယာယီအားဖြင့် လက်ခံရန် ဆုံးဖြတ်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌဦးစိုးသိန်းကပြောသည်။

"ပြတိုက်လုပ်ဖို့ လျှောက်ထားတာ ကုမ္ပဏီ ၅ ခု ရှိတယ်။ အဲဒီအထဲက ကုမ္ပဏီတစ်ခုဖြစ်တဲ့ ဒေါ်လဲ့ရည်စိုးတို့အဖွဲ့ကို ယာယီဦးစားပေးရွေးချယ်ထားတယ်။ သမ္မတနဲ့ လွှတ်တော်ကို တင်ပြီး အတည်ပြုချက်ရယူရဦးမယ်"ဟု ဦးစိုးသိန်းက ပြောသည်။

အဆိုပါ အဆောက်အအုံကို ဦးခင်ရွှေ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော MTBမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ အပါအဝင်တရုတ်ကုမ္ပဏီနှစ်ခုက ငှားရမ်းရန် လျှောက်လွှာတင်ခဲ့ကြောင်း သတင်းရရှိသည်။

"ဗိုလ်ချုပ်အောင်ဆန်းပုံကို ဖယောင်းရုပ်နဲ့ လုပ်ရမယ်၊ လွှတ်တော်ကိုလဲ ပုံစံတူပြုလုပ်ရမယ်။ ယူနက်စကို ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ရှေးဟောင်းလက်ရာမပျက် ဆောင်ရွက်ရမယ့် အချက်တွေပါတယ်၊ငှားတဲ့စာချုပ်ထဲမှာ"ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် တရားရုံးချုပ်အဆောက်အအုံကို ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦးဖြစ်သောဦးသိန်းထွန်းတို့အဖွဲ့အား ငှားရမ်းလိုက်ပြီဖြစ်ကြောင်းဦးစိုးသိန်းကပြောသည်။




7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## CRIME မှုခင်း သတင်း CORNER

### ဂျီအီးတပ်အမည်သုံး၍ လျှပ်စစ်ပစ္စည်းများ အလွဲသုံးစားပြုလုပ်

ကျော်ဇေယျ

**နေပြည်တော်၊ မေ - ၂၆**

နေပြည်တော်ပျဉ်းမနားရှိ လျှပ်စစ်ပစ္စည်းဆိုင်မှ လျှပ်စစ်ပစ္စည်းများအား ဂျီအီးတပ် (တပ်မတော်အင်ဂျင်နီယာတပ်)နာမည်ဖြင့် လိမ်လည်ရယူကာ အခြားဆိုင်သို့ ပြန်လည်ရောင်းစားသူအား ဆိုင်ရှင်က အမှုဖွင့်တိုင်ကြားမှု နေပြည်တော်ပျဉ်းမနားတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနားမြို့ ယောက်သွားအင်းအနောက်ရွာနေ ဦးခင်ဇော်အောင်သည် လျှပ်စစ်ပစ္စည်းစတိုးဆိုင်ဖွင့်ထားရာသို့တစ်ရွာတည်းနေ ကို---(၂၂နှစ်)ရောက်ရှိလာပြီး ၎င်းသည် ဂျီအီးတပ်အတွင်း လျှပ်စစ်တပ်ဆင်ခြင်းဆောင်ရွက်နေရာ အဆိုပါတပ်မှ တပ်မတော်အရာရှိတစ်ဦးက တပ်တွင်းအသုံးပြုရန် လျှပ်စစ်ပစ္စည်းများ လိုအပ်နေသဖြင့် ၎င်းအား တပ်မတော်အရာရှိက ခိုင်းလိုက်သည်ဟုဆိုကာ လျှပ်စစ်ပစ္စည်းများအား ခုနစ်ကြိမ်စုစုပေါင်း တန်ကြေးငွေ ၇၅၄,၄၀၀ကျပ်ဖိုးအား ငွေမချေဘဲ ဝယ်ယူခဲ့သည်ဟုဆိုသည်။

ဆိုင်ရှင်က အဆိုပါတပ်မတော်အရာရှိသည် ၎င်းကိုယခင်ကတည်းက ခိုင်းလေ့ခိုင်းထရှိသဖြင့် ယုံကြည်စွာ ပေးလိုက်မိသော်လည်း အမှန်တကယ်စုံစမ်းသောအခါ ဂျီအီးတပ်အတွင်း တကယ်မလိုအပ်ဘဲ ၎င်းက အခြားတွင် ပြန်လည်ရောင်းစားနေကြောင်း ပေါ်ပေါက်သဖြင့် လျှပ်စစ်စတိုးဆိုင်ရှင် ဦးခင်ဇော်အောင်က အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အဆိုပါအမှုအား နေပြည်တော်ပျဉ်းမနားရဲစခန်းက(ပ)၂၁၈/၂၀၁၂ဥပဒေပုဒ်မ-၄၂၀(လိမ်လည်မှု)အရအမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာအမှုစစ်အရာရှိထံမှ သိရသည်။

# ဒီချုပ် လွှတ်တော်တက်မည့်အချိန်ကို မပြောနိုင်သေးဟု ဒေါ်အောင်ဆန်းစုကြည်ပြော

အိဖြူလွင်

**ရန်ကုန်၊ မေ - ၂၆**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ ယခု ကျင်းပနေသော လွှတ်တော်အစည်းအဝေးများသို့ မတက်ရောက်သည့်ကိစ္စသည် လုပ်ထုံးလုပ်နည်းဆိုင်ရာပြဿနာတစ်ခုသာဖြစ်ပြီး နိုင်ငံရေးပြဿနာမဟုတ်ကြောင်း၊ နိုင်ငံရေးအရ မဆုတ်သာ မတိုးသာသည့်အခြေအနေသို့ရောက်ရှိစေရန် တွန်းအားပေးမည်မဟုတ်ကြောင်းနှင့် ပါတီကို ထောက်ခံအားပေးသူများလည်း တစ်သဘောတည်းရှိမည်ဟုထင်မြင်ကြောင်း ယနေ့နံနက်ပိုင်းက သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

သို့ရာတွင် ဘီဘီစီသတင်းဌာန၏ မည်သည့်အချိန်၌ ပါလီမန်ထဲ သွားနိုင်မည်လဲဟူသော မေးခွန်းကို "အဲဒီမေးခွန်းကိုကျွန်မ အခုအဖြေနိုင်သေးပါဘူး"ဟုဒေါ်အောင်ဆန်းစုကြည်က ပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉နာရီခွဲတွင်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အီတလီနိုင်ငံခြားရေးဝန်ကြီး Mr. Giulio Terzi di Sant' Agata နှင့် တစ်နာရီကျော်ကြာ တွေ့ဆုံဆွေးနွေးခဲ့သေးသည်။

ဖွဲ့စည်းပုံတွင် ပါရှိသော စကားလုံးများ တစ်သမတ်တည်းမဖြစ်သည့်အခက်အခဲဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ၏ အစီအစဉ်နှင့် ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ စသည်တို့တွင်ပါရှိသည့် စကားလုံးများမညီညွတ်သည့် လုပ်ထုံးလုပ်နည်းပြဿနာတစ်ခုဖြစ်သည်ဟု သူမကပြောကြားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၀၁၀ ရွေးကောက်ပွဲတွင် မပါဝင်ခဲ့သည့်အကြောင်းရင်းများထဲ၌ ယခုစကားလုံး၏ပြဿနာသည် အဓိကပြဿနာတစ်ခုအဖြစ် ပါဝင်ခဲ့သည်ဟုပြောကြားသွားသည်။

၂၀၁၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု ပါသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ရွေးကောက်ပွဲမဝင်ခဲ့ခြင်းဖြစ်ပြီး ထိုဥပဒေကို ပြင်ဆင်ပြီးနောက် အဆိုပါစာသားသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းကျိန်ရမည့်စာသားတွင် ပါရှိနေသေးခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်က ယခုပြဿနာကို ဖြေရှင်းရန် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်နေပြီး သူမတို့သည် သမ္မတ၏ ရိုးသားသောသဘောထား အပြုအမူများကြောင့် ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

သမ္မတက မြန်မာနိုင်ငံကို တိုးတက်သော ချမ်းသာသောနိုင်ငံတစ်ခုအဖြစ် ပြုပြင်ပြောင်းလဲနေသောရလဒ်များကို ယုံကြည်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများတွင် သမ္မတနှင့်အတူလက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဟုလည်း ပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ရွေးကောက်ခံကိုယ်စားလှယ်များ လွှတ်တော်မတက်သေးသည့်ကိစ္စနဲ့ပတ်သက်ပြီး မဲဆန္ဒရှင် ပြည်သူအချို့ ဝေဖန်မှုများလည်းရှိနေကာ ဒီချုပ်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသော မဲဆန္ဒရှင်များကို တိကျသေချာသည့် တရားဝင်သတင်းကြေညာချက် တစ်စုံတစ်ရာထုတ်ပြန်ကြေညာခြင်းမရှိသေးပေ။




AIR KBZ Limited
33-49, Corner of Bank Street & Maha Bandoola Garden Street, Kyauktada Township, Yangon 11182, Myanmar.
Off.: (01) 372977~80, 373774~76, Rsvn.: 373766, Fax.: (01) 372983
Email: info@airkbz.com.mm web: www.airkbz.com : www.facebook.com/AIRKBZ

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# အာမခံလုပ်ငန်း ပုဂ္ဂလိကကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပေး

## အာမခံကုမ္ပဏီများ ကျပ်သန်းပေါင်း လေးသောင်းကျော် ရင်းနှီးငွေပြရမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၂၇**

နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမဆုံး ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုမည့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားသည့် လုပ်ငန်းရှင်များသည် လုပ်ငန်းထည့်ဝင်မည့်မတည်ရင်းနှီးငွေ ကျပ်သန်းပေါင်း လေးသောင်းခြောက်ထောင်(ကန်ဒေါ်လာသန်း၅၀)ရှိရမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်း ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမင်းသိန်းကပြောသည်။

ပုဂ္ဂလိကကို လုပ်ကိုင်ခွင့်ပေးသော အာမခံလုပ်ငန်း ၆ မျိုးကိုလုပ်ကိုင်ခွင့်အာမခံလုပ်ငန်း၅၁ မျိုးကို မြန်မာအာမခံလုပ်ငန်းကတာဝန်ယူလုပ်ကိုင်ဦးမည် ဖြစ်သည်။ ပုဂ္ဂလိက လုပ်ကိုင်ခွင့်ရသော အာမခံလုပ်ငန်းခြောက်မျိုးမှာ မီးအာမခံ၊ မော်တော်ယာဉ်အလုံးစုံ အာမခံ၊ ငွေပို့ငွေသယ်အာမခံ၊ ငွေသာလုံခြုံမှု အာမခံ၊ သမာဓိအာမခံ၊ အသက်အာမခံတို့ဖြစ်သည်။



**ဈေးမီးလောင်မှုများတွင် ဆုံးရှုံးမှုတန်ဖိုးအများဆုံးဖြစ်သော်လည်း အာမခံမထား၍ လျော်ကြေးမရခဲ့သော မင်္ဂလာဈေးကြီး မီးလောင်စဉ်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ပုဂ္ဂလိက လုပ်ငန်းရှင်များအား အာမခံလုပ်ငန်း ၆ မျိုးတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် မြန်မာအာမခံလုပ်ငန်းက မေ ၁ ရက်က စတင်ပြီးတင်ဒါခေါ်ယူထားသည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ တင်ဒါခေါ်ယူခြင်း၊ စစ်ဆေးခြင်းနှင့် လုပ်ကိုင်ခွင့် စတင်ပြုပေးခြင်းတို့သည် စုစုပေါင်း သုံးလကြာမြင့်မည်ဖြစ်သည်။

ယင်းသို့ လုပ်ငန်းစိစစ်မှုကြာမြင့်ရခြင်းနှင့် ငွေကြေးပမာဏအမြောက်အမြား မတည်ရင်းနှီးငွေပြခိုင်းရခြင်းမှာ အာမခံလုပ်ငန်းသည် မသမာသူများ လိမ်၍ ကောင်းသည့် လုပ်ငန်းဖြစ်သောကြောင့်ဖြစ်ကြောင်း၊ မတည်ရင်းနှီးငွေနှိမ့်နေပါက အာမခံလုပ်ငန်းများ ပိုမိုများပြားစွာ ပေါ်ပေါက်လာပြီး မသမာမှုများရှိနိုင်ခြင်းကြောင့် စိစစ်ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့ အတွင်းရေးမှူးဒေါက်တာမောင်မောင်သိမ်းက ပြောသည်။

ရင်းနှီးမြှုပ်နှံမည့် ပုဂ္ဂလိက လုပ်ငန်းရှင်များသည် တင်ဒါလျှောက်ထားစဉ် ယင်းရင်းနှီးမည့် ငွေပမာဏအတွက် သက်သေအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်း

**စာ(၁၂)သို့**

# အိမ်ငှား၊ မြေငှားဆိုင်ရာဥပဒေတစ်ခု ရေးဆွဲရန်ရှိ

**သီဟ**

**ရန်ကုန်၊ မေ-၂၄**

အိမ်ရှင်၊ အိမ်ငှားများကြား ဖြစ်ပွားလေ့ရှိသည့် ပြဿနာများကို ဖြေရှင်းရန်အတွက် အိမ်ငှားဆိုင်ရာ ဥပဒေတစ်ခုအား ရေးဆွဲရန်စီစဉ်လျက်ရှိကြောင်း ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်မှ သတင်းရရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ ၁၉၆၀ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် မြို့ပြဆိုင်ရာငှားရမ်းခအက်ဥပဒေသာရှိသဖြင့် အဆိုပါဥပဒေကိုဖျက်သိမ်း၍ အိမ်ရှင်၊အိမ်ငှားဆိုင်ရာဥပဒေအသစ်တစ်ရပ်ကိုထပ်မံရေးဆွဲသွားမည်ဟု ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်မှပြင်ပပညာရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဥပဒေပညာရှင်ဦးမြင့်လွင်ပြောသည်။

ယခင်က အိမ်ရှင်၊ အိမ်ငှား ပြဿနာဖြစ်ပါက အိမ်ရှင်များဘက်မှ တစ်ဖက်သတ်နစ်နာမှုများရှိခဲ့ရသည်ဟု သိရသည်။

“ဒီဥပဒေမှာ တစ်ချိန်က အိမ်ရှင်တွေ တစ်ဖက်သတ်နစ်နာခဲ့လို့၊ အိမ်ငှားတွေ အသာစီးရခဲ့လို့ အခု ကျွန်တော်တို့ရေးဆွဲမယ့် အိမ်ငှား၊ မြေငှားဆိုင်ရာဥပဒေမှာ အိမ်ရှင်တွေကို တစ်ဖက်သတ် အသားပေးမှာမဟုတ်သလို အိမ်ငှားတွေကိုလည်း တစ်ဖက်သတ် နစ်နာအောင် မလုပ်ဘဲ အိမ်ရှင်၊ အိမ်ငှား မျှမျှတတဖြစ်စေမယ့်ဥပဒေ တစ်ရပ်ဖြစ်အောင် ဆောင်ရွက်သွားမှာပါ”ဟု ဦးမြင့်လွင်က ပြောသည်။

“ဒီဥပဒေပေါ်လာမှာကို ကြိုဆိုပါတယ်။ မျှမျှတတ ဖြစ်သွားတာပေါ့။ မျှမျှတတထက်ပြတ်ပြတ်သားသားပိုဖြစ်သွားမယ်။ အရင်ကရှိခဲ့တဲ့ ဥပဒေ က အိမ်ငှားဘက်ကို ဦးစားပေးတဲ့အနေအထားဖြစ်နေတယ်။ နောက်ပိုင်း မျှမျှတတ ပြန်စဉ်းစားမယ့်သဘောဖြစ်သွားတာပေါ့။ နှစ်ဦးစလုံးမှာ မှန်ကန်မျှတတဲ့အခြေအနေရှိရမယ်”ဟု မဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းမှ ဦးသန်းဦးကပြောသည်။

ဦးမြင့်လွင်က ပြည်သူ့လွှတ်တော်အဆောက်အအုံအတွင်း ယနေ့ပြုလုပ်သည့်ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်နှင့် သတင်းမီဒီယာများ တွေ့ဆုံပွဲတွင် ပြောကြားသွားခြင်းဖြစ်သည်။



GIORENZO တံဆိပ် ကျား/မ လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီမိုးစုံ၊ ဘောင်းဘီနှင့် မိုးကာအင်္ကျီများကို အမြို့မြို့အနယ်နယ်ရှိ စတိုး ဆိုင်များ၊ SUPER MARKET ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# စီးပွားရေးဗီဇာဖြင့်ဝင်မည့် နိုင်ငံခြားသားများ ဆိုက်ရောက်ဗီဇာပေးမည်

**အောင်သူရ**

**နေပြည်တော်၊ မေ - ၂၀**

မြန်မာနိုင်ငံသို့စီးပွားရေးပြည်ဝင်ခွင့်(Business Visa)ဖြင့် လာရောက်မည့်သူများအား ဇွန်လ ၁ ရက်မှစ၍ ဆိုက်ရောက်ပြည်ဝင်ခွင့်(Visa On Arrival)ဖြင့် ဝင်ရောက်ခွင့်ပြုမည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီကပြောသည်။

ဧပြီလ ၂၉ ရက်က နေပြည်တော်တွင်ပြုလုပ်သောပြည်တွင်းသတင်းမီဒီယာများနှင့်တွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"အာဆီယံ နိုင်ငံသားအားလုံးကို ခွင့်ပြုမယ်။ နောက်ပြီးရင် မြန်မာနိုင်ငံမှာ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်နေတဲ့နိုင်ငံသားတွေကို ခွင့်ပြုမယ်။ အားလုံးကို ခွင့်ပြုရင် မနိုင်မှာစိုးလို့ပါ"ဟု ဦးခင်ရီကပြောသည်။

ဇွန်လတွင် စတင်ခွင့်ပြုမည့် ဆိုက်ရောက်ပြည်ဝင်ခွင့်အားပြန်လည်ရုပ်သိမ်းမည်မဟုတ်ဘဲနောက်ပိုင်းတွင် ကမ္ဘာလှည့်ခရီးသွားများကိုပါ ခွင့်ပြုပေးမည်ဟုလည်း သတင်းရရှိသည်။

ယခင်က စီးပွားရေးဗီဇာမှာ ၂၈ ရက်သာ နေထိုင်ခွင့်ပြုသော်လည်း ယခုပေးမည့် ဆိုက်ရောက်ဗီဇာတွင် ရက် ၇၀ ခွင့်ပြုပေးမည်ဖြစ်ပြီးဝန်ဆောင်ခအဖြစ်ဒေါ်လာ ၄၀ သာ ယူဆောင်မည်ဟုဝန်ကြီးကဆိုသည်။

ဦးသိန်းစိန်ဦးဆောင်သော အစိုးရတက်လာပြီးနောက် ပြုပြင်ပြောင်းလဲမှုများစတင်လုပ်ဆောင်သည့် အချိန်မှစ၍ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ အမြောက်အမြားလာရောက်နေကြသည်။

# ဦးသန့်အုတ်ဂူပြုပြင်ထားသည်ကို မြင်ရ၍ ဘန်ကီမွန်း ဝမ်းသာစကားဆို

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ-၃၀**



Photo-NyiNyi(Sky Light)

မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော မစ္စတာဘန်ကီမွန်းက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဦးသန့်၏ ဂူဗိမာန်ပြုပြင်ထားသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာကြောင်းပြောကြားခဲ့သည်ဟု ဒေါက်တာသန့်မြင့်ဦး(ဦးသန့်၏ မြေးဖြစ်သူ)၏ ပြောပြချက်အရ သိရှိရသည်။

"သူ (ဦးသန့်)ကို အထူးအလေးထားတယ်၊ အာရှပထမဆုံး အတွင်းရေးမှူးချုပ်ဆိုတော့ သူ့ရဲ့ပြောတာဆိုတာတွေကို စဉ်းစားပါတယ်တဲ့၊ အရင်တစ်ခေါက်(၂၀၀၈ခုနှစ်)လာတုန်းက ပျက်စီးတယ်လို့တော့ မဟုတ်ဖူးပေါ့လေ၊ အခုလို မပြုပြင်ထားဘူး၊ ခုပြုပြင်ထားတာတွေ့ရတဲ့အတွက် သူလည်း အများကြီးဝမ်းသာတယ်ဆိုတဲ့အကြောင်း ပြောသွားပါတယ်" ဟု ဒေါက်တာသန့်မြင့်ဦးက ပြောသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဧပြီလ ၂၉ ရက် ညနေ ၃ နာရီ မိနစ် ၅၀ ဝန်းကျင်တွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်၏ ဂူဗိမာန်သို့ လာရောက်ဂါရဝပြုခဲ့သည်။ ၎င်းအား ဦးသန့်၏ သမီး ဒေါ်အေးအေးသန့်၊ ခင်ပွန်း ဒေါက်တာတင်မြင့်ဦး၊ မြေးဖြစ်သူ ဒေါက်တာသန့်မြင့်ဦးနှင့် မိသားစုဝင်များက ကြိုဆိုခဲ့သည်။

ထို့နောက် မစ္စတာ ဘန်ကီမွန်းက အာရှတိုက်၏ ပထမဆုံး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သော ဦးသန့်၏ ဂူဗိမာန်၌ ဂုဏ်ပြုပန်းခြင်းချ၍ ဂါရဝပြုပြီး ငြိမ်းချမ်းရေးဖယောင်းတိုင်ကို ထွန်းညှိပေးခဲ့သည်။

ကိုရီးယားနိုင်ငံသားကုလအတွင်းရေးမှူးချုပ်သည် ဦးသန့်၏ မိသားစုဝင်များနှင့် နှုတ်ဆက်ခြင်း၊ ဂါရဝပြုခြင်း၊ ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခြင်းတို့ကို ၁၅ မိနစ်ခန့်ပြုလုပ်ပြီး လာရောက်ကြည့်ရှုသော ပရိသတ်များကို နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာသွားခဲ့သည်။

"အန်တီတို့က အရင်တုန်းက လာတုန်းက တစ်လလောက်ပဲနေတယ်လေ။ အချိန်လည်း မရဘူး၊ပြင်ဖို့ရာ အခုတော့ အချိန်တွေကလည်း ရှိလာတယ်၊ ရလာတယ်ဆိုတော့ အန်တီတို့မိတ်ဆွေတွေရဲ့ အကူအညီတွေနဲ့ပေါ့လေ။ အခုလို ပြုပြင်ထားတာပါ"ဟု ဒေါ်အေးအေးသန့်က ပြောသည်။

ဦးသန့်၏ ဗိမာန်အား လွန်ခဲ့သည့် တစ်လခန့်မှ စတင်၍ ပြင်ဆင်ခဲ့ကြောင်း၊ ဆက်လက်ပြင်စရာများစွာ ရှိသေးကြောင်း၊ နောက်ပိုင်းတွင် ဓာတ်ပုံများ၊ ဦးသန့်ပြောခဲ့သည့်စကားလုံးများလူအများဖတ်ရှုသုံးသပ်နိုင်ရန် ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း၊ ယခုအချိန်ထိကျပ်သိန်းသုံးလေးဆယ်ခန့်ကုန်ကျထားပြီဖြစ်ကြောင်း ၎င်းက ပြောသည်။

"ဘယ်လိုပဲဖြစ်ဖြစ်လဲ ကူညီလို့ရပါတယ်"ဟုဒေါ်အေးအေးသန့်က ဆက်လက်ပြောသည်။

## ဝမ်းပျက်ဝမ်းလျှောရောဂါများ နိုင်ငံအနှံ့တွင် ဖြစ်ပွား

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၃၀**

အပူချိန်မြင့်မားပြီး ရေခန်းခြောက်လာမှုများကြောင့်ဝမ်းပျက်ဝမ်းလျှောရောဂါများ နေရာအနှံ့တွင် ဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

ဧပြီလလယ်ခန့်မှစပြီး ဝမ်းပျက်ဝမ်းလျှောစတင်ဖြစ်ပွားလာပြီး ရေခန်းခြောက်လာသည့်အချိန်တွင်ပဲခူးတိုင်း အတွင်းရှိမြို့နယ်များ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ သုံးခွမြို့နယ်များတွင် လူအစုလိုက်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သတင်းရရှိသည်။

"အခု ပဲခူးတိုင်းအတွင်းက ဝမ်းပျက်ဝမ်းလျှောဖြစ်လို့ရောက်လာကြတဲ့ကလေးတွေများတယ်။ တခြားက ကလေးတွေလည်း အခုဝမ်းလျှောနေတာများတယ်" ဟု ကလေးအထူးကုဆရာဝန်တစ်ဦးကပြောသည်။

ပုံမှန်အားဖြင့် ရေခန်းခြောက်သည့် ဧပြီလနှင့် မိုးစတင်ရွာသည့်မေလ၊ဇွန်လများသည်ဝမ်းပျက်ဝမ်းလျှောရောဂါအဖြစ်များဆုံး အချိန်ဖြစ်ပြီး ကပ်ရောဂါအသွင်မဖြစ်စေရန် သတိပေးမှုများ ဆောင်ရွက်သည့် အချိန်လည်းဖြစ်သည်။

အပူချိန်မြင့်မားမှုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်၍ ပိုးများပေါက်ဖွားခြင်း၊ အစားအသောက်များ သိုးလွယ်ခြင်း၊ ထိုအစားအစာများစားမိခြင်း၊ မိုးစတင်ရွာသွန်းသည့် အချိန်တွင် မြေပြင်မှ အညစ်အကြေးများ၊ မြစ်များ၊ ချောင်းများအတွင်း စီးဝင်ပြီး ထိုအညစ်အကြေးပါသော ရေများနှင့် ယင်ကောင်များ ပေါက်ဖွားခြင်းများကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါအဖြစ်များခြင်းဖြစ်သည်။

ယခုအချိန်ထိ မိုးရွာသွန်းမှု မရှိခြင်းကြောင့် နေရာအနှံ့အပြားတွင် မြေအောက်ရေလျော့နည်းကာ ရေကန်နှင့်ရေတွင်းများ ခန်းခြောက်သည့်ရေအခက်အခဲပြဿနာမှာလည်းကြီးမားနေဆဲဖြစ်သည်။

"အခုဆေးရုံမှာကတော့ ဆေးရုံတက်နေတာရော၊ ပြင်ပလူနာရော ဝမ်းပျက်ဝမ်းလျှော လူနာတွေပဲများနေတယ်" ဟု ပုဂ္ဂလိက အထူးကုဆေးရုံတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ကလေးအထူးကုဆရာဝန်တစ်ဦးက ပြောသည်။

# တင်သွင်းလာသည့်တားဆီးခံကားများဒဏ်ကြေး အခွန်ဦးစီးလျှော့ချ

**ဇာဇာနီ**

**ရန်ကုန်၊ မေ-၂၆**

အစားထိုးမော်တော်ယာဉ်များ၊ ကားအရောင်းစင်တာများ၊ အထူးပါမစ်ဖြင့် တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် တပ်ရိုက်နေသည့် ဒဏ်ကြေးများအား ဧပြီလ ၂၄ ရက်မှ စတင်၍ ယခင်ချမှတ်ခဲ့သော ပြစ်ဒဏ်များမှ ဖြေလျှော့၍ ဒဏ်ကြေးများ ပြင်ဆင်သတ်မှတ်ပေးလိုက်ပြီဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယနေ့ထိ အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် ဘောင်နှင့် မကိုက်ညီသဖြင့် တားဆီးထားသော ကားပေါင်းတစ်ရာကျော်ခန့်ရှိပြီး ဒဏ်ကြေးဆောင်၍ ထုတ်ယူသွားသော ကားပေါင်းမှာ ၉၀ ကျော်ရှိသည်။ ထို့ပြင် ပိုင်ရှင်အမည်ကွဲလွဲသော ၁၉၉၅-၂၀၀၂ မော်ဒယ်၊ ၁၉၉၆-၂၀၀၆ မော်ဒယ်တို့မှ ကားသုံးစီးကို နိုင်ငံပိုင်သိမ်းဆည်းထားကြောင်း သိရသည်။

"အခု ထုတ်ပြန်လိုက်တဲ့ ဖြေလျှော့ပြစ်ဒဏ်တွေက လက်ရှိတားဆီးထားတဲ့ကားတွေ အကုန်အကျုံးဝင်တယ်။ ဒဏ်ကြေးဆောင်ဖို့ရွေးယူသွားတဲ့ကားတွေအတွက်ကတော့ အကျုံးမဝင်ပါဘူး" ဟု အကောက်ခွန်ဦးစီးဌာန၊ ထုတ်ကုန်သွင်းကုန်ဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေက 7Day News သို့ ပြောသည်။

ထို့ပြင် တင်သွင်းသည့် မော်တော်ယာဉ်များတွင်သတ်မှတ်မော်ဒယ်ထက် တစ်နှစ်အနိမ့် သွင်းလာသော မော်ဒယ်ယာဉ်များကိုလည်း ဒဏ်ကြေးကင်းလွတ်ခွင့်ပေးလိုက်ကြောင်း သိရသည်။

## မန္တလေး-မြစ်ကြီးနား ရထားလမ်းမိုင်းကွဲ၍ တွဲရှစ်တွဲ လမ်းချော်တိမ်းမှောက်

**အိဖြူလွင်**

**ရန်ကုန်၊ မေ - ၂၉**

မန္တလေး-မြစ်ကြီးနား ရထားလမ်း ပေါ်တွင် ထောင်ထားသော မိုင်းတစ်လုံးပေါက်ကွဲမှုကြောင့် မန္တလေးမှ မြစ်ကြီးနားမြို့သို့ထွက်ခွာလာသည့် အမှတ် ၃၃ အဆန်တွဲရှစ်တွဲ လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များမှ သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှုသည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ နန့်စီးအောင်ဘူတာနှင့် မော်တန်ဘူတာကြား ရထားလမ်းမိုင်တိုင်အမှတ် ၆၁၆/၁ နှင့် ၆၁၆/၂ ကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ မိုင်းပေါက်ကွဲမှုကြောင့် မန္တလေး-မြစ်ကြီးနား ရထားသွားလာမှုများကို ခေတ္တရပ်ဆိုင်းထားကြောင်း ကြေညာထားသည်။

မိုင်းထောင်ထားသည့်အဖွဲ့မှာ ကေအိုင်အို(ကချင်)လက်နက်ကိုင်အဖွဲ့ဖြစ်သည်ဟု ဧပြီလ ၃၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ဧပြီ ၂၉ ရက်ကလည်း မြစ်ကြီးနားမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီးအနီး လမ်းထောင့်တစ်နေရာတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့သဖြင့် အနီးရှိလူသုံးဦး ဒဏ်ရာရရှိခဲ့သလို ဧပြီ ၁၄ ရက်ကလည်း မြစ်ကြီးနားမြို့ ရထားလမ်းအနီးတစ်နေရာတွင် ဗုံးပေါက်ကွဲမှုတစ်မှုဖြစ်ပွားခဲ့သည်။

**JOB VACANCIES ANNOUNCEMENT**

**We are one of the leading pharmaceutical distribution companies. Outstanding opportunities are available in our company for Enthusiastic and Reliable Individual in following positions:**

| Post | Gender | Age | Requirements |
|---|---|---|---|
| Manager | M/F | Between 35 to 40 | At Least five years of experiences in Pharmaceutical Field: M.B.B.S Degree Holder: MBA (Preferred): Analytical skills, Supervision skills, Planning skills, Target Oriented, Market knowledge, CRM, Managing Process. |
| System Administrator | M/F | Between 25 to 30 | Bachelor degree, with a technical major, such as IT or computer science or equivalent systems administration /system engineer certificate or diploma. At Least three years of experiences. LAN Knowledge, Proxy Servers, Training, Multi-tasking, On-Call, Networking Knowledge, Software & Hardware Configuration, Network Maintenance , High Confidentiality. |
| Regulatory Affairs Assistant | F | Below 25 | Bachelor of Pharmacy. PC Proficiency(Excel, Words). Attention to Detail, Confidentiality, Active, Job Oriented. Marital Status: Single |
| Driver | M | Below 30 | Valid Driving License with three years experiences. Honesty, Obedient, Dutiful, Active and Hard Working |

***Interested candidates can submit resumes and certificates together with the recommendation letter from the respective Police Office and the letter of verification from the Ward Administration Department*** **to No.32, Manawhari Road, Dagon Township, Yangon, Myanmar not later than 11 May 2012. Tel: (951) 538 946, 223 753, 2300 768 Ext-105**



နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ်တွင် မေ ၂၉ ရက်က ပြည်တွင်း သတင်းထောက်များနှင့် တွေ့ဆုံဖြေကြားနေသော ကုလအတွင်းရေးမှူးချုပ်

# မြန်မာနိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများ ဆိုင်းငံ့ဖယ်ရှားရန် နိုင်ငံတကာကို ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

**အေးမြကျော်**

**နေပြည်တော်၊ မေ-၂၉**

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများဆက်လက်ထားရှိနေသေးသောနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝန်းကို အရေးယူပိတ်ဆို့မှုများ ဖယ်ရှားရန်နှင့် ဆိုင်းငံ့ပေးရန်တိုက်တွန်းသွားမည်ဟု မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မေ ၂၉ ရက် ညဦးပိုင်းတွင် ပြည်တွင်း သတင်းထောက်အချို့နှင့် တွေ့ဆုံစဉ် ပြောကြားသွားသည်။

မေ ၃၀ ရက်နံနက်ပိုင်းကပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သော မိန့်ခွန်းတွင်လည်း နိုင်ငံတကာအသိုင်းအဝန်းက မြန်မာနိုင်ငံအပေါ် ထားရှိနေသေးသော အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားရန် တိုက်တွန်းကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

“အခုဆိုရင် ဥရောပသမဂ္ဂကလည်း စီးပွားရေးအရအရေးယူပိတ်ဆို့မှုတွေဖယ်ရှားခဲ့ပြီ၊ ဂျပန်လည်းပြီးပြီ၊ အမေရိကန်ကလည်း အရေးယူပိတ်ဆို့မှုတွေကို အရေးတကြီး ပြန်လည်သုံးသပ်နေပြီ၊ ကမ္ဘာတစ်ဝန်းက မြန်မာနိုင်ငံကို အလွန်အပြုသဘောဆောင်တဲ့ တုံ့ပြန်မှုတွေနဲ့ တုံ့ပြန်နေကြပါပြီ” ဟု မစ္စတာဘန်ကီမွန်းက ပြည်တွင်းသတင်းထောက်များနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဆက်တိုက်လုပ်ဆောင်လာသော မြန်မာနိုင်ငံကို အကူအညီပေးလိုလျှင် နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်သည့်နည်းလမ်းသည် လက်တွေ့ကျသောနည်းလမ်းတစ်ခုဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က နိုင်ငံတကာကိုတိုက်တွန်းလိုက်သည်။

ယခုအခါ ကုလသမဂ္ဂအဖွဲ့ချုပ်အနေနှင့် ဖွဲ့စည်းပြီးဖြစ်သည့် ကမ္ဘာ့နိုင်ငံကြီးများမှ စီးပွားရေးထိပ်တန်းခေါင်းဆောင် ၈၀၀၀ ကျော် ပါဝင်သည့် UN Global Compact အဖွဲ့အနေနှင့်လည်း မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို ကူညီရန်အသင့်ရှိနေကြောင်း အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

# တင်သွင်းကားများ စိတ်ကြိုက်နံပါတ် ငွေပေးသွင်း၍ ရွေးချယ်နိုင်မည်

**မေဝင်းမွန်**

**ရန်ကုန်၊ မေ-၂၈**

ပြည်ပမှတင်သွင်းလာသည့်မော်တော်ယာဉ်သစ်များအနေဖြင့် မော်တော်ယာဉ်မှတ်ပုံတင်အမှတ်အတွက် စိတ်ကြိုက်နံပါတ်များကို သတ်မှတ်နှုန်းထားအတိုင်းပေးသွင်းကာ မေလ ၂ရက်မှစ၍ကြိုတင်လျှောက်ထားမှုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏မေလ ၂၇ရက်စွဲဖြင့် ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ယာဉ်အမှတ်များကို ၁၀၀၁ မှစတင်သတ်မှတ်မည်ဖြစ်ပြီး ပေါင်းခြင်း ၁၀ နှင့် ၁၃ အားချန်လှပ်ထားမည်ဟုဆိုသည်။ စိတ်ကြိုက်ယာဉ်အမှတ် ရွေးချယ်မည်ဆိုပါက ရောက်ရှိနံပါတ်မှ ၁၀၀၀ အတွင်းကျပ် ၅ သိန်း၊ ရောက်ရှိနံပါတ်မှ ၂၀၀၀ အတွင်း ၆ သိန်း၊ ၃၀၀၀ အတွင်းဆိုပါက ၇ သိန်း၊ ၄၀၀၀ အတွင်းဆိုပါက ၈ သိန်း၊ ၅၀၀၀ အတွင်းဆိုပါက ၉ သိန်း၊ ၆၀၀၀ အတွင်းဆိုပါက ၁၀ သိန်း၊ ၇၀၀၀ အတွင်းဆိုပါက ၁၁ သိန်း၊ ၈၀၀၀ အတွင်းဆိုပါက ၁၂ သိန်း၊ ၉၀၀၀ အတွင်းဆိုပါက ၁၃ သိန်းကို နိုင်ငံတော်ဘဏ္ဍာသို့ပေးသွင်းရန် သတ်မှတ်ထားသည်ဟုသိရသည်။

ယာဉ်အမှတ် ၄ လုံးပူးဂဏန်းများရွေးချယ်ရယူလိုပါက သတ်မှတ်နှုန်းထား၏ ၂ဆပေးသွင်းကာ လျှောက်ထားရယူနိုင်သည်ဟု သိရသည်။

ယာဉ်အမှတ်ရွေးချယ်ခွင့်ကို လူပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုသည် မော်တော်ယာဉ်သွင်းကုန်လိုင်စင် မိတ္တူပူးတွဲ၍ မှတ်ပုံတင် (သို့မဟုတ်) စိစစ်ရေးကတ်မိတ္တူဖြင့် ယာဉ်တစ်စီးအတွက် လျှောက်လွှာတစ်စောင်သာ လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

လျှောက်ထားရာတွင်ယာဉ်တစ်စီးစီအတွက် ယာဉ်အမှတ် ၁၀ အထိ ကြိုက်နှစ်သက်သည့်ဦးစားပေးအဆင့်အတိုင်း လျှောက်ထားနိုင်သည်ဟုဆိုသည်။

စိတ်ကြိုက်နံပါတ်လျှောက်ထားရာတွင် ရောက်ရှိနံပါတ်မှ ၁၀၀၀ အတွင်းဖြစ်ပါက ကနဦး မှတ်ပုံတင်ဌာန(ရန်ကုန်)တာဝန်ခံမှခွင့်ပြုမည်ဖြစ်ပြီး ရောက်ရှိနံပါတ်မှ ၁၀၀၀ ကျော်ဖြစ်လျှင် ကညနရုံးချုပ်(နေပြည်တော်)သို့တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

ရွေးချယ်ယာဉ်အမှတ်အတွက်တင်ပြခဲ့သည့် မော်တော်ယာဉ်သွင်းကုန်လိုင်စင်နှင့် ကိုက်ညီမှုရှိမှသာ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပြီး ကွဲလွဲမှုရှိပါက ပယ်ဖျက်ခြင်း ခံရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။



7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



## ၂၀၁၂ မေ ၂၄ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနဲ့ ကပ္ပလီ ပင်လယ်ပြင်တောင်ပိုင်းတွေမှာ တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်မှာ အများအားဖြင့် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ လှိုင်းအသင့်အတင့်(၃ ပေ မှ ၅ ပေ ခန့်) ရှိနိုင်ပြီး၊ ကျန်မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်(၁ ပေ မှ ၂ ပေခန့်)သာ ရှိနိုင်ပါတယ်။ ဒါပေမဲ့ မိုးတိမ်တောင်များ ဖြစ်ပေါ်စဉ် လေပြင်းတိုက်ခတ်မှုကြောင့် ခေတ္တခဏမျှ လှိုင်းကြီးနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှတိုင်းတာချက်အရ ပြီးခဲ့တဲ့ ဧပြီလ(၂၁)ရက်မှ (၂၇)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအနောက်အလယ်ပိုင်းတို့မှာ မိုးရေချိန် ၂လက်မ မှ ၄ လက်မ၊ ကချင်ပြည်နယ်အထက်ပိုင်းမှ ၀. ၆ လက်မ မှ ၂လက်မ ရခိုင်ပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း အလယ်ပိုင်းနဲ့ မြောက်ပိုင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်အောက်ပိုင်း၊ ကယားပြည်နယ်၊ ပဲခူးတိုင်းမြောက်ပိုင်း တနင်္သာရီတိုင်းတောင်ပိုင်း တို့မှာ မိုးရေချိန် ၀. ၂လက်မ မှ ၀. ၈ လက်မခန့် မိုးထစ်ချုန်းရွာသွန်းခဲ့ပါတယ်။ ကျန်ဒေသများအားလုံးတို့မှာ မိုးရေချိန် ၀. ၂လက်မ အောက် လျော့နည်းခဲ့ပါတယ်။

**မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်**

ခန့်မှန်းကာလအတွင်း မိုးရွာသွန်းနိုင်မှုခန့်မှန်းချက်အနေနဲ့ကတော့ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတို့မှာ(၅)ရက်မှ(၆)ရက်ခန့်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွေမှာ (၄)ရက်ခန့်နဲ့ ကျန်ဒေသတွေမှာ (၂)ရက်မှ (၃)ရက်ခန့် ထစ်ချုန်း ရွာသွန်းနိုင်ပါတယ်။

**မိုးတိမ်တောင်များဖြစ်ပေါ်နိုင်မှုအခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ပိုမိုဖြစ်ထွန်းလာနိုင်ပါတယ်။ အထူးသဖြင့် မွန်းလွဲညနေပိုင်းတွေမှာ ပိုမိုကြုံတွေ့နိုင်ပါတယ်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းတို့တွင် (၅-၆)ရက်ခန့်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့တွင် (၃-၄)ရက်ခန့်၊ ကျန်ဒေသများတွင် (၁-၂)ရက်ခန့် မွန်းလွဲညနေပိုင်း အချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ်မှုကြောင့် ထစ်ချုန်းမယ့် အခြေအနေများကို ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါကာလများတွင် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်း အပြင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကို အထူးဂရုစိုက်ရန်လိုအပ်ပါမည်.

**နေ့အပူချိန်များအခြေနေ**

မြန်မာနိုင်ငံတစ်ဝန်းလုံး အပူချိန်များမြင့်တက်နေရာမှ လာမည့် ရက်သတ္တပတ်အတွင်း တိမ်များဖြစ်ပေါ်လာနိုင်တဲ့အတွက် လက်ရှိအပူချိန်မြင့်တက်နေမှုကို လျော့ပါးလာစေနိုင်ပါတယ်။ နေ့အပူချိန်နဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို (၄)ပိုင်းခွဲခြားပြောနိုင်ပါတယ်။ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းတွေမှာ 37-40 deg C ၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ကချင်ပြည်နယ် အနောက်ပိုင်း၊ မွန်ပြည်နယ်။ ကယားပြည်နယ်၊ ချင်းပြည်နယ်ကရင်ပြည်နယ်နဲ့တနင်္သာရီတိုင်းတွေမှာ 33-36 deg C ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရှမ်းပြည်နယ်တွေမှာ 26-29 C ၊ ကချင်ပြည်နယ်မြောက်ပိုင်းစွန်းဒေသတွေမှာ 22-23 deg C ရှိနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များဟာ ဆက်လက်ကျဆင်းနေပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ မိုးရွာသွန်းမှုလျော့နည်းနေတဲ့အတွက် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်တို့မှာ ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ရေနည်းမှုအန္တရာယ်ကို ဆက်လက်ကြုံတွေ့နေဖွယ်ရာ ရှိနေပါတယ်။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့်ရက်သတ္တတစ်ပတ်အတွင်းမှာတော့ မုန်တိုင်းဖြစ်ဖို့မရှိသေးဘူးလို့ ခန့်မှန်းရပါတယ်။

**အရေးကြီးသောအခြေအနေ**

လာမယ့်ရက်သတ္တပတ်အတွင်း မိုးတိမ်တောင်များရဲ့အန္တရာယ်ကိုသတိထားဖို့လိုအပ်ပါတယ်။ မွန်းလွဲညနေပိုင်း အချိန်အခါများတွေမှာ မိုးတိမ်တောင်များကြောင့် မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်း စတာတွေကိုကြုံတွေ့နိုင်ပြီး၊ တစ်ခါတစ်ရံ လေဆင်နှာမောင်းတိုက်ခတ်ခြင်း၊ စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း စတာတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။

လာမည့်ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းနဲ့ မြစ်ဝကျွန်းပေါ် ဒေသများမှာ နေအပူရှိန်ဒဏ် UV Indexများ ကျဆင်းလာနိုင်မှုကြောင့် အပူရှိန်ဒဏ်မှ သက်သာရာရနိုင်ပါတယ်လို့ ခန့်မှန်းရပါတယ်။

**ဒေါက်တာထွန်းလွင်**

## မိုယ်းကောင်းကျောက်တော်ကြီး ရုပ်ပွားတော်နှစ်တစ်ရာပြည့်ပွဲတော်ကျင်းပမည်

**ပဲခူး၊ ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့ ရွာမကျောင်းတိုက် မိုယ်းကောင်းကျောက်တော်ကြီးရုပ်ပွားတော်၏ နှစ် ၁၀၀ ပြည့် ဗုဒ္ဓဘိသေက မင်္ဂလာကိုပင့်သံဃာအပါး ၁၀၀ ဖြင့် ၁၃၇၄ ခုနှစ် ကဆုန်လဆန်း ၁၂ ရက်မှစတင်ကာ ပူဇော်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ထိုရုပ်ပွားတော်ကြီးမှာ မန္တလေးနယ် မတ္တရာ စကျင်ကျောက်တောင်မှ စကျင်ကျောက်ရိုင်းတုံးကြီးကို ၁၂၇၃ ခုနှစ်တွင် ပြည်ခရိုင်သဲကုန်းမြို့သို့တိုင် လူအားဖြင့် ခက်ခဲပင်ပန်းစွာ သယ်ဆောင်ခဲ့ပြီးမှ မန္တလေးမြို့ ပန်းတမော့ပညာရှင် ဦးညီသန်းက သဲကုန်းမြို့သို့ လိုက်ပါထုလုပ်ပူဇော်ပေးခဲ့သော ညဏ်တော် ၇တောင်နှင့် တစ်မိုက်ရှိ ရုပ်ပွားတော်ကြီးဖြစ်သည်။ ရုပ်ပွားတော်ကြီးစံတော်မူရာ ဂန္ဓကုဋီတိုက်ကိုမူ သဲကုန်းမြို့ ဆန်စက်ပိုင်ရှင် ဦးရွှေရောင် ဒေါ်မမသား ဦးညွန့်ဟန် ဒေါ်ကြင်သန်း မိသားစုတို့က ရှေးပန်းရံဆရာကြီး ဦးမှိုင်းတုံ၏လက်ရာဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခုတိုင် ရှေးမူရှေးဟန်မပျက်ဖူးတွေ့နိုင်ကြောင်းသတင်းရရှိသည်။

## အဂတိလိုက်စားမှုဆိုင်ရာ ဥပဒေအပါအဝင် ဥပဒေ သုံးခုပြဋ္ဌာန်းနိုင်ရန်စီစဉ်

**သီဟ**

**နေပြည်တော်၊ ဧပြီ - ၂၄**

လက်ရှိနိုင်ငံတော်တွင် လိုအပ်နေသည်ဟု ယူဆရသည့် တရားဥပဒေသုံးခုအား ပြဋ္ဌာန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်ထူးခြားဖြစ်စဉ်များ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်မှ သိရသည်။

အဆိုပါဥပဒေ သုံးခုမှာစားသုံးသူများအား အကာအကွယ်ပေးရေး ဥပဒေ၊ အဂတိလိုက်စားမှုများအား ထိထိရောက်ရောက် အရေးယူနိုင်ရန်အတွက် လက်ရှိအဂတိလိုက်စားမှု ဥပဒေအား ပြန်လည်ပြုပြင်ကာ အသစ်ရေးဆွဲမည့်ဥပဒေနှင့် လွတ်လပ်သော ကုန်သွယ်မှုဇုန်ဥပဒေတို့ဖြစ်ကြောင်း သိရသည်။

အထက်ပါ ဥပဒေသုံးခုနှင့် ပတ်သက်၍ အခြေခံမူအားဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီလုပ်ဆောင်ရန်အတွက် လိုအပ်ချက်များအား စုဆောင်းပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးအခွင့်အရေးများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးမြသိန်းက ပြောသည်။

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် ထူးခြားဖြစ်စဉ်များ လေ့လာစိစစ် သုံးသပ်ရေးကော်မရှင်သည် ယခုကဲ့သို့ ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းနှင့် လက်ရှိတည်ဆဲဥပဒေ (၄၀၉) ခုအားလည်း ပြန်လည်စိစစ်သုံးသပ်ခြင်းများပြုလုပ်လျက်ရှိကြောင်း သိရသည်။ ပြည်သူ့လွှတ်တော် ဥပဒေနှင့်ထူးခြားဖြစ်စဉ်များ လေ့လာစိစစ်သုံးသပ်ရေး ကော်မရှင်သည် ယနေ့နေ့လယ်ပိုင်းက မီဒီယာများနှင့်တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

## ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးရေးနှင့် ပတ်သက်၍ ချင်းအမျိုးသားပါတီက တာဝန်ရှိသူများထံ တင်ပြမည်

**မြတ်စုမွန်**

**ရန်ကုန်၊ ဧပြီ- ၂၄**

ချင်းအမျိုးသားပါတီက ကုလားတန်မြစ်ကြောင်းဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ ဒုတိယအကြိမ်လေ့လာလျက်ရှိပြီး ရရှိလာသော အချက်အလက်များကို နိုင်ငံတော်တာဝန်ရှိသူများထံ လာမည့်မေလ နောက်ဆုံးပတ်အတွင်း တင်ပြသွားမည်ဖြစ်ကြောင်း အဆိုပါ ပါတီမှ အထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲ အိုဘိခ်ထောင်က ပြောကြားသည်။

ချင်းပြည်နယ်တွင် မြစ်ဖျားခံသော ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို လေ့လာစစ်တမ်းကောက်ယူကာ စာတမ်းပြုစုလျက်ရှိပြီး ချင်းပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် နိုင်ငံတော်အစိုးရထံတင်ပြသွားမည်ဟုဎင်းက ပြောသည်။

ဎင်းက"ကျွန်တော်တို့ ဒီစီမံကိန်းနဲ့ပတ်သက်ပြီး မကန့်ကွက်ပါဘူး။ ဒါပေမဲ့ ဒေသခံတွေရဲ့ ကျန်းမာရေး၊ လူမှုရေးနဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ အကျိုးသက်ရောက်မှုတွေကို ပွင့်လင်းမြင်သာမှုရှိရှိနဲ့ ထုတ်ပြန်သွားစေချင်တယ်"ဟုပြောသည်။

ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များမှ ဖြတ်သန်းသွားလာမည့် အဆိုပါ ကုလားတန်မြစ်ကြောင်း ဘက်စုံစီမံကိန်းသည် ၂၀၀၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် စစ်တွေနှင့် ပလက်ဝဆိပ်ကမ်းများ အကောင်အထည်ဖော်ခြင်း၊ ၂၀၁၄ ခုနှစ်တွင် လမ်းဖောက်ခြင်းများ အကောင်အထည်ဖော်ရန် လျာထားပြီး မြန်မာအစိုးရနှင့် အိန္ဒိယအစိုးရတို့ နှစ်နိုင်ငံ သဘောတူထားသည့် စီမံကိန်းတစ်ခုဖြစ်သည်။

"မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ ဒေသခံတွေ မိရိုးဖလာ လုပ်ကိုင်စားသောက်နေတဲ့ ကိုင်းကျွန်းမြေတွေက ဂရန်မရှိတော့ သိမ်းခံရရင်တောင် လျော်ကြေးရဖို့မလွယ်ဘူးဆိုပြီး ဒေသခံတွေက စိုးရိမ်နေကြတယ်"ဟု သူက ပြောသည်။ လက်ရှိအခြေအနေတွင် အမေရိကန်ဒေါ်လာ ၂၁၄ သန်းကုန်ကျခံကာ ၂၀၁၄ ခုနှစ်တွင် အပြီးသပ်မည့် ယင်းစီမံကိန်း၏ ကနဦးအဆင့်အဖြစ် စစ်တွေဆိပ်ကမ်းကိုဆောက်လုပ်လျက်ရှိသည်။

**TRADEMARK CAUTION**

INTERNATIONAL CONSUMER PRODUCT COMPANY LIMITED, a company incorporated in VIETNAM at 30 Lam Son Street, Ward 6, Binh Thanh District, Ho Chi Minh City, Vietnam is the Owner and Sole Proprietor of the following Trademark:-




Reg: No.4/9671/2005

In respect of : Shampoos; Shower gels; Hair conditioner; Perfumes; Deodorants for body care; Skin care products, namely, facial cleanser, facial toner, facial moisturizers; Skin toners; Anti-wrinkle creams; Anti-aging creams.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph:371990 3.May.2012

**168 ကရုဏာတိုင်းရင်းဆေးကုခန်း**

**နှာခေါင်းရောဂါအမျိုးမျိုး**

နှာခေါင်းရောဂါအမျိုးမျိုးတို့တွင် နှာခေါင်းယားယံခြင်း၊ နှာပိတ်ခြင်း၊ မကြာခဏ နှာချေခြင်း၊ ပြည်/နှပ်ရည်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်စွမ်းပကား လျော့နည်းလာခြင်း စသောရောဂါလက္ခဏာရှိသည်။ နှာခေါင်းရောဂါတွင် ရုတ်တရက် နှာတာရှည်နှာမေးရောင်ရောဂါ အလာဂျီနှာမေးရောင်ရောဂါ၊ နှာခေါင်းတွင် လှိုက်စားခြင်းကြောင့် ပြည်နံ့ရခြင်း၊ နှာခေါင်းရဲထားသော အခေါင်းရောင်ရမ်းနာ၊ နှာခေါင်းအနီးပတ်ဝန်းရှိ အခန်းအတွင်းအမြှေးပါးရောင်ခြင်းနှင့် အသားပိုထွက်ခြင်း၊ အနံ့အသက်မရခြင်းတို့ရှိသည်။ တိုင်းရင်းဆေးသမားတော်များသည် လိမ်းဆေးနှင့်သောက်ဆေးကိုသုံးပြီး တစ်ပြိုင်နက် ကုသမှုပြုခြင်းကြောင့် ဝေဒနာခံစားမှုလျှင်မြန်စွာ သက်သာစေပြီး ပျောက်ကင်းမှုမြန်ဆန်သည်။ အလွယ်တကူထပ်မံမဖြစ်တော့ပါ။ **ကြော်ငြာသပေးတားနေ့တိုင်းဖိတ်သည်။**

**အမှတ်(၇၅)၊ မိုင်ရွှေဝါလမ်း၊ ဗဟိုလမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၁-၅၀၁၉၇၇၊ ၀၉-၇၃၀၈၃၀၂၂**

**ကုသချိန်-နေ့လည် ၁၂း၃၀ မှ ည ၇း၃၀ ထိ**

**T.T.O Trading Co., Ltd.**

အမှတ် ၁၀၀၇-၁၀၀၈ ၁၀လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်။ ဖုန်း-၅၅၉၅၁၈၊ ၅၅၂၇၂၀

Germany နိုင်ငံ Denk Pharma Co., Ltd. နှင့် Czech နိုင်ငံ Walmark Co., Ltd. မှ ဆေးများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ်တင် သွင်းဖြန့်ချိနေသော T.T.O Trading Co., Ltd. တွင် အောက်ပါရာထူးများအတွက် ဝန်ထမ်းများလိုအပ်လျက်ရှိပါသည်။ စိတ်ပါဝင်စားသူများ ဖော်ပြထားသောလိပ်စာအတိုင်း ၆ လအတွင်း ရိုက်ထားသော ဓါတ်ပုံ(၁)ပုံနှင့် ရုံးချိန်အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

**(၁) အလုပ်သင် Medical Representative (မ) (၅)ဦး**

- ဘွဲ့ရပြီးဖြစ်ရမည်။
- အသက် ၂၅ နှစ်အောက်
- သွက်လက်ဖျတ်လတ်ပြီး ဆက်ဆံရေးပြေပြစ်ရမည်။
- နယ်ခရီးသွားနိုင်ရမည်။

(အတွေ့အကြုံရှိရန် မလိုပါ။)

# Life

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3, 2012

“မျှော်လင့်သော တို့ရဲ့လက်တွေတွဲထား. . . မဆုံးသော ဒုက္ခမြစ်ရေစီးစမ်း. . . အားလုံးရဲ့မျက်ရည် ကိုယ်စီ ဆုတောင်းခြင်းများနဲ့ ငိုသံတွေ ဒီကမ္ဘာမှာ ကြားခဲ့သမျှ မိဘမဲ့ ကလေးများ အမေခေါ်တဲ့ အသံများလား. . . ဖြေနိုင်စရာ ရင်ခွင်တွေရှားပါးခဲ့ကြ. . . မျှော်လင့်ခြင်းနဲ့အသက်ရှင်တယ်. . လူတွေနှလုံးသားချင်းလက်ကမ်း . . နေရောင်အောက်က ခင်းမယ့်လမ်း. . . ”



# ပန်းပေါင်းစုံ အပြိုင်လှသည့်နေ့

**သင်းရီ**

IRON CROSS အဖွဲ့၏“နေရောင်အောက်က အသက်ရှုသံများ” သီချင်းကို သံပြိုင်သီဆိုလိုက်ကြသည့်တွံတေးမြို့မှ CFC (Care For Children) အဖွဲ့ လူငယ်မောင်မယ်များ အသံက ကျွန်တော့်နားထဲမှာ ချိုမြိန်နေသည်။ ၂၅-၃-၂၀၁၂နေ့နေ့လယ်ကဖြစ်လေ၏။ ထိုနေ့သည် သူတို့ဖွဲ့စည်းထားသော Care For Children အဖွဲ့လေး၏ ၅ နှစ်မြောက်မွေးနေ့ ဖြစ်သည်။ Care For Children ကို မြန်မာလိုပြောပါဟုဆိုလျှင်“ကလေးသူငယ်များကို ဂရုတစိုက် စောင့်ရှောက်ပြုစုရေး”ဟုဖြစ်လေမည်။

ကျွန်တော်က လူငယ်တွေကိုစိတ်ဝင်စားသည်။ အထူးသဖြင့် တိုးတက်သော အမြင်ရှိသည့် ပရဟိတစိတ်ရှိသော လူငယ်လေးတွေကို လေးစားချစ်ခင်စိတ်ဖြင့် စိတ်ဝင်စားသည်။ ထို့ကြောင့် CFC အဖွဲ့မှ လူငယ်လေးများနှင့် ခင်မင်ရင်းနှီးနေမိရသည်။ သူတို့အဖွဲ့လေးက ဦးစီးကျင်းပသည့် မြန်မာနိုင်ငံကလေးများနေ့၊ နိုင်ငံတကာ လူ့အခွင့်အရေးနေ့၊ စသည့်နေ့ရက်များအတွက် ဟောပြောရန်နှင့် စာဖတ်ဝိုင်းဆွေးနွေးပွဲများ၌ အတူတကွ ဝိုင်းဖွဲ့ဆွေးနွေးရန် အခြားစာရေးဆရာများနှင့်အတူ မကြာခဏဆိုသလိုပင် သူတို့လေးတွေထံသို့ကျွန်တော်က ရောက်ဖြစ်ရောက်ဖြစ်နေရသည်။ ပထမဆုံးအခေါက် ရောက်စဉ်ကပင် CFC အဖွဲ့လေး စတင်ပေါ်ပေါက်လာခဲ့ပုံကို စပ်စုမိ၏။

CFC၏ စတင်ပုံက ထူးထူးထွေထွေမဟုတ်။ သူတို့ တွံတေးမြို့အပိုင် ဘုရားကြီးကုန်းကျေးရွာတွင် မင်္ဂလာပရဟိတ လူငယ်ဖွံ့ဖြိုးရေး ဂေဟာရှိသည်။ ထိုဂေဟာ၏ ဦးစီးနာယက ဆရာတော်က ဂေဟာတွင် ရှိနေသော မူကြိုအဆင့်၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်ရှိမိဘမဲ့၊ အမိမဲ့၊ အဖမဲ့၊ ဆင်းရဲနွမ်းပါး ကလေးသူငယ်များ စုစုပေါင်း ၅၀၀ခန့်ကို နေ့စဉ်နှင့်အမျှ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စာရိတ္တရေးမှအစ အနာဂတ်ဘဝ အလုပ်အကိုင်ရနိုင်ရေးအထိ အဖြစ်နိုင်ဆုံး ထိရောက်အောင် တာဝန်ကြီးမားစွာ ဆောင်ရွက်ပေးနေရခြင်းများကို သတိပြုမိကြခြင်းမှစတင်သည်။ အလားတူပင် တွံတေးမြို့အဝင်ရွှေဆံတော်စေတီတော်ကြီး၏ခြေတော်ရင်းမှ“ဓမ္မလင်္ကာရ” ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ မိဘမဲ့၊ အမိမဲ့၊ မဖမဲ့၊ ဆင်းရဲနွမ်းပါး ကလေးငယ် ၃၀၀နီးပါးကို ဆရာတော်က တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ထားရသည်ကို သတိပြုမိလာခြင်းမှ စတင်သည်ဟုပြောလျှင်လည်း ရနိုင်လေ၏။

တကယ်တော့ မိမိတို့နိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ စာရင်းဝင် ဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း တွံတေးသား လူငယ်တို့ မသိကြသည်မဟုတ်။ သို့သော်လည်း ထိုမျှလောက် ဆင်းရဲဒုက္ခဖြင့်ရင်ဆိုင်နေကြရသည့် မိဘမဲ့၊ အမိမဲ့၊ အဖမဲ့၊ ဆင်းရဲနွမ်းပါးကလေးငယ်လေးများ ထိုမျှလောက်များပြားစွာရှိနေလေမည်ဟု မည်သည့်အခါကမျှ မတွေးမိဖူးခဲ့ကြ။ ထို့ပြင်လည်း ပရဟိတ လူငယ်ဖွံ့ဖြိုးရေးဂေဟာသို့ ရောက်ရှိနေကြသည့် ကလေးငယ်အများစုမှာ ဖွံ့ဖြိုးမှုအလွန်နည်းပါးသော နယ်စွန်နယ်ဖျား တိုင်းရင်းသားလူမျိုးစုများ၏ သားသမီးငယ်လေးများဖြစ်ကြလျက် နှစ် ၆၀ကျော် ကြာပြီဖြစ်သည့် ပြည်တွင်းစစ်၏ဒဏ်ကို ရင်စည်းခံနေကြရသော တိုင်းရင်းသားပြည်သူများ၏ ရင်သွေးငယ်လေးများဖြစ်ကြောင်းလည်း သတိမမူမိခဲ့ကြ။ ယခုသတိ ပြုမိလိုက်ကြရသည့်အခါတွင်မူ မည်သို့သော ခံစားမှုမျိုးပါဟု ခွဲခြားရန်ခက်သည့်ဝေဒနာတစ်ခုက တွံတေးမြို့လူငယ် လေးများ၏ ရင်ထဲသို့ ဝင်ရောက် အခြေချလာခဲ့တော့၏။

စာ(၃၀)သို့

## ဈေးဝယ်ထွက်မယ်

## ဘာယူယူ ၁၈၀၀ ကျပ် ဂျပန်ပစ္စည်းဆိုင်

**အိဖြူလွင်**


ဂျပန်နိုင်ငံထုတ် အိမ်သုံးပစ္စည်းတွေကို ဈေးနှုန်းတစ်မျိုးတည်းနဲ့ တစ်နေရာတည်းမှာပဲ အစုံအလင်ရနိုင်မယ့်ဆိုင်ကို ဒီတစ်ပတ်မှာ ဈေးဝယ်ထွက်ဖို့ လမ်းညွှန်ချင်ပါတယ်။

ဂျပန်မှာဆို ယန်း ၁၀၀၊ စင်ကာပူမှာဆို ၂ ဒေါ်လာနဲ့ဆိုင်ထဲက ကြိုက်တဲ့ပစ္စည်းအားလုံးကို ဝယ်လို့ရတဲ့ DAISO Store ဆိုင်ကို ရန်ကုန်မှာ ပထမဆုံးဖွင့်လှစ်တာဖြစ်ပြီး ဈေးနှုန်းကတော့ ပစ္စည်းတစ်မျိုးကို ၁၈၀၀ ကျပ်တည်းနဲ့ စိတ်ကြိုက်ဝယ်လို့ရတာပါ။

DAISO Store မှာရနိုင်တဲ့ ပစ္စည်းတွေကို အရွယ်စုံကြိုက်မှာဖြစ်သို အမျိုးသမီးတွေပို အကြိုက်တွေ့မှာ သေချာပါတယ်။









ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

အိမ်တိုင်းမှာ နေ့စဉ်သုံးလိုအပ်တဲ့ ပစ္စည်းတွေ၊ လူ့အသုံးအဆောင်ပစ္စည်းတွေ၊ မီးဖိုချောင်အသုံးအဆောင်ပစ္စည်းတွေ၊ အိမ်အလှဆင်၊ အခန်းအလှဆင်ပစ္စည်းတွေ၊ အလှအပနဲ့ ကျန်းမာရေးဆိုင်ရာ ပစ္စည်းတွေ၊ အမျိုးသားတွေအတွက် လိုအပ်တဲ့ hard-ware ပိုင်းပစ္စည်းတွေ စတဲ့ ပစ္စည်းစုံရနိုင်တယ်လို့ သိရပါတယ်။


ရုံးသုံး၊ ကျောင်းသုံးအတွက် လိုအပ်တဲ့ စာရေးကိရိယာပစ္စည်းတွေနဲ့ ကလေးတို့အကြိုက် အရုပ်တွေနဲ့ ပါတီပစ္စည်းတွေ၊ ချိန်ခါရာသီအလိုက်လက်ဆောင်ပစ္စည်းတွေနဲ့ ဂျပန်ရိုးရာ လက်မှုပစ္စည်းတွေကိုပါ ရနိုင်တဲ့တွက် ဈေးဝယ်ထွက်ချင်သူတွေ အကြိုက်တွေ့မှာ သေချာပါတယ်။

ဆိုင်ထဲဝင်တာနဲ့ အရောင်စုံတဲ့ဂျပန်နိုင်ငံထုတ် ပစ္စည်းတွေက ဝယ်ယူသူတွေကို ဆွဲဆောင်နေမှာ အသေအချာပါ။ ကြိုက်တဲ့ပစ္စည်းတိုင်းကို ဈေးနှုန်း ၁၈၀၀ ကျပ်နဲ့ ဝယ်ယူချင်တယ်ဆိုရင်တော့ကမာရွတ်မြို့နယ်ထဲကJunction Square ရဲ့ပထမထပ်မှာဖွင့်ထားတဲ့DAISO Store ကိုသွားကြည့်ဖို့ တိုက်တွန်းရင်း. . . .။

## ဒေါ်ပိုလေး ချက်ကြရအောင်

ဇိုက်ဇီ







ဒီတစ်ပတ်မှာအရွက်သုပ်ခပ်ဆန်းဆန်းတစ်မျိုးကိုစီစဉ်ထားပါတယ်။ သုပ်နေကျအသီးအရွက်တွေငြီးငွေ့နေသူတွေအတွက်ဇရစ်ရိုးနုကိုသုပ်ထားပါတယ်။

အဲဒီအတွက်လိုအပ်တာကတော့ဇရစ်ရိုးနုလေးတွေပဲဖြစ်ပါတယ်။ ဇရစ်ရိုးနုကိုနူးအောင်ပြုတ်ပြီးလက်နဲ့နွှင်ရမှာပါ။ အရင်းဘက်အရိုးရင့်တာတွေကိုဖယ်ပြီးလက်နဲ့ပဲနွှင်ရသလောက်နွှင်မှာဖြစ်ပါတယ်။ ဇရစ်ရိုးနွှင်ပြီးပြီဆိုရင်တော့ အသုပ်သုပ်ဖို့အတွက် ကြက်သွန်ဖြူဆီချက်ပြီး ဆီချက်မွှေးမွှေးလေးထည့်ပါ။ ပြီးရင် ငံပြာရည်အနည်းငယ်ထည့်၊ သံပရာတစ်စိတ်အရည်ညှစ် နယ်ဖတ်၊ အရသာမြည်းကြည့်ပြီးမှမွှေးနေတဲ့နှမ်းလှော်လေးထည့်လိုက်ရုံပါပဲ။ အရသာစိမ့်စိမ့်လေးနဲ့ သံပရာနဲ့ ကြက်သွန်ဖြူဆီချက်နံ့လေးသင်းနေတဲ့ ဇရစ်ရိုးသုပ်ကိုစားလို့ရပါပြီ။

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



# ပြန်လာခဲ့ပါမည် အမိတက္ကသိုလ် ရင်ခွင်ဆီ

ရှင်းသန့်လွင်

**အထက်တန်း ကျောင်းသူဘဝကပင် ရင်ခုန်၊ စိတ်ကူးယဉ်ခဲ့ရသော တက္ကသိုလ်။ မိုးအခါ မြက်ခင်းစိမ်းစိမ်းမှာ စိန်ပန်းတွေ ရဲရဲနီသတဲ့။ ဆောင်းအကုန်၊ နွေအကူးမှာတော့ ကံ့ကော်တွေ မွှေးမြပြီး ဥဩတွန်သံချိုသတဲ့။ အဓိပတိလမ်းအဆုံးမှာ မားမားရပ်နေတဲ့ ဘွဲ့နှင်းသဘင်က ခံ့ညားထည်ဝါပြီး သစ်ပုပ်ပင်၊ ဂျပ်ဆင်၊ ရေတမာပင်တန်းတွေနဲ့ သာယာစိမ်းစိုလွန်းလို့ မြကျွန်းညိုလို့ တင်စားတယ်ဆိုပဲ။ အင်းလျားကန်ပေါင်ပေါ်က အကြော်ဆိုင်လေးတွေမှာ ထိုင်ဖူးမှ တက္ကသိုလ်ကျောင်းသားပီသတယ်စတဲ့ အညွှန်းတွေကို ဖတ်ရ၊ ကြားရကတည်းက သွားချင်လှတဲ့ တက္ကသိုလ်။ ခေတ်တိုင်း၊ ခေတ်တိုင်းရဲ့ ရာဇဝင်သမိုင်းမှာ ပါဝင်ခဲ့တဲ့ ကျွန်မတို့ရဲ့အမိတက္ကသိုလ်။**

၂၀၀၂ ခုနှစ်ရောက်မှ ရန်ကုန်တက္ကသိုလ်မြေကို ခြေချခွင့်ရခဲ့ပါသည်။ ဘွဲ့နှင်းသဘင်၏ နောက်နားကပ်လျက်တွင် ဂျပ်ဆင်ရှိလိမ့်မည်ဟူသော ကျွန်မငယ်စဉ်က အတွေးကို သီးခြားစီရပ်တည်နေသော ဘွဲ့နှင်းသဘင်နှင့် ဂျပ်ဆင်တို့က ကန့်ကွက်ကြီးစွာဖြင့် ပြုံးနေကြပါလိမ့်မည်။ မန္တလေးဆောင် ဝင်ပေါက်မှ ဝင်သည်ဖြစ်စေ၊ အဓိပတိလမ်း မိန်းပေါက်မှ ဝင်ခဲ့သည်ဖြစ်စေ ကျောင်းဝင်းထဲသို့ ခြေတစ်လှမ်းချမိသည်နှင့် ပျော်ရွှင်တက်ကြွမိခဲ့ပါသည်။ မိမိကိုယ်ကို ဂုဏ်ယူစိတ်၊ ယုံကြည်စိတ်ချစိတ်များဖြင့် စာသင်ခန်းသို့ အရောက်သွားခဲ့ဖူးပါသည်။ သပ်ရပ်တင့်တယ်သော ဆရာ၊ ဆရာမများနှင့် တည်ငြိမ်၍ ကျက်သရေရှိသော ပါမောက္ခကြီးများကို အားကျစိတ်ဖြင့် ငေးမောခဲ့ရပါသည်။ တက္ကသိုလ်ဆရာမတစ်ဦးဖြစ်လိုသော စိတ်သည် ထိုအချိန်မှစ၍ ကျွန်မ၏ရင်တွင်းဝယ် အမြစ်တွယ်ခဲ့မိပါသည်။

ဘာသာရပ်အလိုက် ကျင်းပသော အားကစားပြိုင်ပွဲများတွင် ကိုယ်တိုင် မဆင်နွှဲနိုင်သော်လည်း မိခင်ဌာန၏ ပြိုင်ပွဲတိုင်း တက်တက်ကြွကြွ အားပေးခဲ့သည်။ တေးဂီတ ဖျော်ဖြေပွဲများအစ၊ တက္ကသိုလ်နှစ်ပတ်လည် ဈေးရောင်းပွဲများအလယ်၊ အာစရိယပူဇော်ပွဲများအဆုံး တစ်ခုမျှမလွတ်စေရအောင် ဆင်နွှဲခဲ့သည်။

**တစ်ဖက်သို့**



၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# ပြန်လာခဲ့ပါမည် အမိတက္ကသိုလ် ရင်ခွင်ဆီ မှ

ကျွန်မ၏ တက္ကသိုလ်ကျောင်းသူဘဝတွင် ထိုသို့သော ပျော်ရွှင်မှုများမှလွဲ၍ အခြားသောစိတ်အာရုံများ မထားနိုင်၊ မရှိနိုင်ခဲ့ပါ။ တက္ကသိုလ် ဆရာမဖြစ်ရန်ဟူသော ရည်မှန်းချက်က လမ်းမှန်အောင် ဆုံးမပေးခဲ့ပါသည်။

သင်ယူရမည့် ဘာသာရပ်များကိုသာ စူးစိုက်စွာ လေ့လာခဲ့ပါသည်။ ကိုယ်တိုင်ကျောင်းစရိတ်ရှာ၍ တက္ကသိုလ်တက်ရသူအတွက် အချိန်တိုင်း တန်ဖိုးရှိပါသည်။ လှပစွာဝတ်စားပြင်ဆင်လာကြသော သူငယ်ချင်းများကိုလည်း ကောင်းစွာသတိမထားမိခဲ့ပါ။ ထူးချွန်သော ပညာရှင်ဖြစ်လိုသော်လည်း ကိုယ်ပိုင်စာကြည့်ချိန်နည်းလှသောကြောင့် ဆရာ၊ ဆရာမများ စာသင်ကြားပို့ချနေချိန်တွင် အပြည့်အဝ၊ အာရုံစိုက်ထားရပါသည်။

စာမေးပွဲနီး၍ စာကျက်လျှင်ကား ကျွန်မနှင့် လောကကြီး အဆက်အသွယ်ပြတ်တော့သည်။ လေ့လာကျက်မှတ်ရမည့် စာအုပ်များနှင့် ကျွန်မ ချစ်ခင်၊ လေးစားသော စာရေးဆရာကြီးများ၏ စာအုပ်များ(စိတ်ဓာတ်မကျရန်၊ လက်မလျှော့ရန် တိုက်တွန်းသော စာအုပ်များ)မှလွဲပြီး ကျန်သော အရာများအားလုံးကို မေ့ထားလိုက်ပါသည်။ စာကျက်၍ ပင်ပန်းလျှင် ခွန်အားဖြစ်စေသော ဆရာကြီးများရေးသားသည့်စာတစ်ပိုဒ်ဖတ်လိုက်၊ ပြီး . . စာပြန်ကျက်လိုက်နှင့် မည်သည့်အချိန် မိုးလင်း၍ မည်သို့ မိုးချုပ်မှန်းပင် မသိပါ။ အိပ်စက်ပြန်လျှင်လည်း အိပ်မက်ထဲအထိ စာကျက်နေခဲ့ရသည်။

၂၀၀၀ပြည့်နှစ်မှသည် ၂၀၀၉ ခုနှစ်အထိ စာမေးပွဲအောင်စာရင်းထွက်ချိန်တွင် ဂုဏ်ထူးများစွာနှင့် အောင်မြင်တိုင်း ကျွန်မနှင့် အတူ အဓိပတိလမ်းကြီးက ဝမ်းသာကြည်နူးပေးသလို၊ ဝမ်းနည်းအားငယ်ရတိုင်း ကျွန်မ၏မျက်ရည်စက်များကို အဓိပတိလမ်းမကြီးက နှစ်သိမ့်၊ စာနာပေးခဲ့ပါသည်။ အဘယ်မျှ ပျော်ရွှင်ပါစေ၊ မည်မျှဝမ်းနည်းပါစေ ကျွန်မ၏ တစ်ခုတည်းသော ယုံကြည်ချက်ပန်းတိုင်သည်ကား တက္ကသိုလ် ဆရာမတစ်ဦးဖြစ်ရန်။

ကျွန်မတို့အပေါ် ထားရှိသော ဆရာ၊ ဆရာမများ၏ မေတ္တာတရား။ ဆရာ၊ ဆရာမတို့ အပေါ်လေးစား၊ ကိုင်းညွှတ်ရသော ကျွန်မတို့၏ ရိုသေမှုများ။ ကျောင်းသူ၊ ကျောင်းသားအချင်းချင်း အထက်နှင့်အောက်၊ အတန်းကြီးနှင့် အတန်းငယ် အပြန်အလှန် ကူညီဖေးမသော စေတနာများကို နားလည်၊ ခံစားမိသော ကျွန်မသည် တက္ကသိုလ်ဆရာမတစ်ဦးဖြစ်လိုသည်မှာ မထူးဆန်းပါ။ မြန်မာပြည် တစ်နံတစ်လျားတိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် သာယာလှပသော ရေမြေတောတောင် သဘာဝတို့ကို စူးစမ်းလေ့လာချင်သည့် ကျွန်မသည် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်မည့် တက္ကသိုလ်ဆရာမအဖြစ် ရည်ရွယ်သည်မှာ (ကိုယ့်သဘောနှင့် ကိုယ်) သင့်လျော်ညီညွတ်လှသည်။

ထိုကဲ့သို့သော အကြောင်းတရားများစွာဖြင့် တစ်စိုက်မတ်မတ် ပန်းတိုင်သို့ ဦးတည်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ အဆင့်မြင့်ပညာဦးစီးဌာနမှ နည်းပြ၊ သရုပ်ပြရာထူးများခေါ်သောအခါ ကျွန်မ စိတ်ဓာတ်ကျသွားရသည်။

"ပညာအရည်အချင်း-မဟာဘွဲ့ရသူ ဖြစ်ရမည်"ဆိုသည်မှာ မှန်ကန်သည်။ ကျွန်မ မတုန်လှုပ်။ ထိုအချိန်တွင် မဟာဘွဲ့နှင့် မဟာသုတေသနဘွဲ့ ရရှိပြီးရုံမျှမက ပါရဂူဘွဲ့အတွက် သုတေသနများပင် ပြုလုပ်နေပြီ။ "အသက် ကန့်သတ်ချက်-၃၀ နှစ်ထက်မကျော်ရ။ ဝန်ထမ်းဖြစ်ပါက (၃၅) နှစ်ထက်မကျော်ရ" ဆိုသည့် အချက်မှာ ကျွန်မအား တိုက်ရိုက် ထိခိုက်စေတော့သည်။ အခြေအနေအရပ်ရပ်ကြောင့် ကျောင်းများပိတ်ထားသဖြင့် ၁၉၉၄ ခုနှစ်တွင် အခြေခံပညာ အထက်တန်း အောင်မြင်ခဲ့သူ။ တက္ကသိုလ်တက်သည့်အချိန်တွင် တစ်နှစ်တစ်တန်း အောင်မြင်သော်လည်း ၂၀၀၃ ခုနှစ်တွင်မှ ၅ နှစ်တက်ရသော သိပ္ပံ (ဂုဏ်ထူး) ဘွဲ့ရရှိ၍ ၂၀၀၅ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့၊ ၂၀၀၆ ခုနှစ်တွင် မဟာသုတေသနဘွဲ့ ပိုင်ဆိုင်ကာ ၂၀၀၉ ခုနှစ်တွင် ပါရဂူကျမ်း ပြုစုနေသော ကျွန်မ၏အသက်သည် (၃၀)ကျော်ခဲ့ပြီ။

ငွေကြေး၊ အချိန်၊ စိတ်ခံစားမှုများစွာ အရင်းတည်၍ ရည်ရွယ်ချက်အတွက် ပညာရေးနယ်ပယ်တွင် မြှုပ်နှံထားခဲ့သော ဘဝသည် အချည်းနှီးဖြစ်ပေပြီ။ မဟာသိပ္ပံပြီးသည်နှင့် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်ဘဲ လုပ်ငန်းခွင်ဝင်နေသော ကျွန်မနှင့် အတန်းတူသူငယ်ချင်းအချို့ တရားဝင် ဝင်ခွင့်ဖြေဆိုနိုင်သည်။ "အို အသင်လောက၊ ဘာတွေဖြစ်ကုန်ပြီနည်း"ဟုသာ အော်ဟစ်လိုက်ချင်ပါတော့သည်။

တက္ကသိုလ်ဆရာ၊ ဆရာမဖြစ်ရန် ငယ်ရွယ်နုပျိုမှုသည် အရေးကြီးသလား။ မဟာဘွဲ့နှင့် အစိုးရဝန်ထမ်းဖြစ်ရန် အရေးကြီးသလား။ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်တွင် ထူးချွန်၊ ကျွမ်းကျင်ရန် အရေးကြီးလား။ ကျွန်မ မတွေးတတ်တော့ပါ။ ထိုကာလအတွင်း မြေပြင်တွင်ပြားပြားဝပ်နေသော စိတ်ဓာတ်အား ပြန်လည်ထူမတ်ရန် အတော်ပင်ကြိုးစားခဲ့ရပါသည်။

"ကံ"ဆိုသည်မှာ "အလုပ်"။ ကြိုးစားမှ ကံကောင်းမည်ဟု တစ်သက်တာလုံး ယုံကြည်စွဲမှတ်ထားသော၊ မူလတန်းအရွယ်မှစ၍ စာဖတ်အားကောင်းခဲ့သော၊ ဘာသာရပ် ပြဋ္ဌာန်းစာအုပ်များသာမက စာမျိုးစုံဖတ်သော ကျွန်မသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတည်းဟူသော စာမေးပွဲတွင် ရှေးကပြုခဲ့ဖူးသော ကုသိုလ်တို့ကိုသာ မျက်စိမှိတ် ယုံကြည်လိုက်ရ၍ ဆူးစူးတော့သည်။ မိမိကိုယ်ကို ရှက်ခြင်း၊ ဆရာသမားများနှင့် အသိုင်းအဝိုင်း တစ်ခုလုံးအား ရင်မဆိုင်လိုခြင်းများစွာနှင့်တက္ကသိုလ်ပတ်ဝန်းကျင်အား စွန့်ခွာရန်အထိ ဆုံးဖြတ်မိပါသည်။

နှစ်ရှည်လများ ကြိုးစား၊ တည်ဆောက်ထားသော ဘဝတစ်ခုဖြစ်၍သာ အလွယ်တကူ မပြိုပျက်ခြင်းဖြစ်သည်။ ကျွန်မ၏ စိတ်ဓာတ်ခိုင်မာမှုကို စမ်းသပ်သည်ဟုသာ သဘောထားလိုက်ရပါသည်။

မကြာမီ မဟာတန်းများမှ ပါရဂူတန်းများအထိ အင်္ဂလိပ်စာ အရည်အချင်းစစ် စာမေးပွဲအား ဖြေဆိုအောင်မြင်သောအခါတွင်မှသာ မိမိကိုယ်ကို ယုံကြည်မှုပြန်လည်တည်ဆောက်နိုင်ခဲ့ပါသည်။

နေ့စဉ်၊ နေ့တိုင်း မိမိဘာသာ မေးမိသည်။ "ပါရဂူဘွဲ့ရလျှင် ဘာလုပ်မည်နည်း"အဖြေမရှိပါ။ ထိုအချိန်တွင် ဝင်ငွေအသင့်အတင့် ရှိနေသော်လည်း ဘဝကို မကျေနပ်နိုင်သေးပါ။ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားဝင်ပညာတော်သင် သွားရခြင်းဖြင့်သာ နိုင်ငံတကာသို့ သွားလိုပါသည်။ နိုင်ငံခြားမှ ပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သည်အထိ ကြိုးစားကြည့်ချင်ပါသေးသည်။

ပန်းတိုင်ပျောက်နေချိန်တွင် ကျွန်မဖတ်ဘူးသော မဟာဇနက္ကဇာတ်တော်မှ စာသားအချို့ကို သတိရမိသည်။ ကမ်းမမြင်၊ လမ်းမမြင်သော မဟာသမုဒ္ဒရာတွင် ကူးခတ်နေသော ဇနက္ကမင်းသားအား မေခလာနတ်သမီးက အဘယ်ကြောင့် ယခုကဲ့သို့ အားထုတ်နေကြောင်း မေးသော် မင်းသားက "လုံ့လ၊ ဝီရိယအကျိုးကို ငါမြင်၍ ကူးခတ်သည်"ဆိုသည့် စကားအား မကြာခဏ တစ်ကိုယ်တည်း ရေရွတ်ရင်း အားတင်းထားရသည်။ ၂၀၁၁ ခုနှစ်တွင် ပါရဂူဘွဲ့ ရရှိသော်လည်း ဝန်ကြီးဌာနတစ်ခုတွင် သာမန်ဝန်ထမ်းအဖြစ် အလုပ်ဝင်ခဲ့သည်။ ကျွန်မရောက်ရှိသော နေရာတိုင်းတွင် လေ့လာသင်ယူရန် ဘာသာရပ်များစွာ ရှိနေပါသည်။ ကျယ်ပြန့်လှသော ဘာသာရပ်နယ်ပယ်များစွာကို ကျွန်မစိတ်ဝင်စားပါသည်။ ယခုအချိန်တွင် ကျွန်မပြုလုပ်လိုသော သုတေသနများကို ကူညီအားပေးသောဌာနတွင် ပျော်မွေ့နေသော်လည်း . . .

၂၀၁၂ ခုနှစ် မတ် ၃၀ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် နည်းပြ၊ သရုပ်ပြရာထူးများ၊ လျှောက်ထားရန် ဆိုသည်ကို ဖတ်မိသောအခါ အနာဖေးတက်၍ တည်ငြိမ်စပြုနေသော ဒဏ်ရာဟောင်းဖြစ်ပေါ်လာသည်။ ကြေညာချက်ကိုအားတင်း၍ ဖတ်ကြည့်သောအခါ "ပညာအရည်အချင်း-အနိမ့်ဆုံး မဟာဘွဲ့ရရှိပြီးသူ ဖြစ် ရမည်။ အသက်ကန့်သတ်-ချက် ၂၀၁၂ ခုနှစ်၊ မေ ၃ ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ပါက (၃၇)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက (၄၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်" ဝမ်းသာစိတ်များ လူတစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။ "ဖြေဆိုရမည့် ဘာသာရပ်-အင်္ဂလိပ်စာ၊ သက်ဆိုင်ရာ ဘာသာရပ်"ဤစာကြောင်းအရောက်တွင် ကျေနပ်စိတ်များဖြင့် မျက်ရည်များ ဝဲလာသည်။ ဟုတ်ပါသည်။ အနာဂတ်၏ မျိုးဆက်သစ်များကို လေ့ကျင့်၊ သင်ကြားပေးမည့်သူများအား ယခုကဲ့သို့ ရွေးချယ်သင့်ပါသည်။

ကြေညာချက် အဆုံးနားတွင် "ပါရဂူဘွဲ့ ရရှိပြီးသူများသည် လူတွေ့နှုတ်ဖြေကိုသာ ဖြေဆိုရမည်" တဲ့။ ဘုရား ဘုရား . . ကျွန်မ၏ မျက်စိအား မယုံနိုင်လောက်အောင်ပင်။ သေချာစေရန် ထပ်ခါ၊ ထပ်ခါ ဖတ်မိသည်။ ချက်ချင်းပင် ကျွန်မနှလုံးသားထဲမှ ကံ့ကော်ရနံ့ကို ရလိုက်မိသလို ခံစားရသည်။

ဒီဘဝ ဒီမျှသာဟု စိတ်လျှော့ထားသော အိပ်မက်ဟောင်း။ ယခုအချိန်တွင်တက္ကသိုလ်ဆရာမများဖြစ်နေသော ကျွန်မထက် အသက်ရော၊ အတန်းပါငယ်ရွယ်သည့် ညီမလေးများနှင့် ဆုံတွေ့တိုင်းဖြစ်မိသော သိမ်ငယ်စိတ်။ ရောက်ရှိသည့် နေရာဌာနတွင်သာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပါတော့မည်ဟု အားတင်းထားရသည့် စိတ်များ။

၃ နှစ်တာ ကာလအတွင်း ခံစားခဲ့ရသမျှကို မေ့လိုက်ပါတော့မည်။ နှလုံးသားထဲမှ ကံ့ကော်ရနံ့၏ ခေါ်ဆောင်ရာအတိုင်း အမိတက္ကသိုလ်ရင်ခွင့်သို့ ပြန်လာခဲ့ပါမည်။ ကျွန်မအား အမိတက္ကသိုလ်မှ ပြန်လည်လက်ကမ်းကြိုဆိုမည်ဆိုပါက ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်သည့်နေရာတွင် ကျွန်မတတ်စွမ်းသမျှ အုတ်လေးတစ်ချပ်၊ သဲပွင့်ငယ်တစ်မှုန်အဖြစ် ပါဝင်ပါမည်။ ကျွန်မ၏ ရင်တွင်းမှ ထွန်းလင်းနေသော ဆီမီးတိုင်လေး တစ်တိုင်အား အကြိမ်ကြိမ်၊ အဖန်ဖန် လက်ဆင့်ကမ်း ထွန်းညှိပေးခြင်းဖြင့် ပညာဟူသော အလင်းရောင်အဝန်းအဝိုင်းကျယ်ပြန့်စေပါမည်။ မမျှော်လင့်ရဲသော်လည်းမဝံ့မရဲဆုတောင်းမိပါသည်။ ကျွန်မတို့ပေးဆပ်၊ မြှုပ်နှံခဲ့ရသော အချိန်အတိုင်းအတာအရ သင့်လျော်သော နေရာတစ်ခုများ သတ်မှတ်ပေးခဲ့မည်ဆိုပါလျှင် အတိုင်းထက်အလွန် ပျော်ရွှင်မိပေမည်။

ကျွန်မတို့အပေါ် ကိုယ်ချင်းစာတရားဖြင့် စာနာ၊ နားလည်ပေးခဲ့သော တာဝန်ရှိသူအားလုံးကို လေးစားကျေးဇူးတင်စွာဖြင့် . . .။



## ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

## မြတ်သောအိပ်စက်ခြင်း ...

အိပ်လျှင် သတိနှင့်အိပ်ဆိုတာ ရှေးဦးစွာ ဘုရားကန်တော့၊ ငါးပါး၊ ရှစ်ပါး ကိုယ်နှစ်သက်တဲ့သီလကိုခံယူ၊ မိမိကိုယ်ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားနှင့် ဆရာတော်ဘုရားကြီးများအား လှူလိုက်၊ အမျှဝေ၊ သူတော်ကောင်း သူမြတ်လောင်းတွေ ပို့သတဲ့မေတ္တာ၊ ပေးဝေတဲ့ကုသိုလ်အတွက်လည်း သာဓုသုံးကြိမ်ခေါ်၍ခံယူပါ။ ပြီးလျှင် စိတ်ကို မိဋ္ဌာန်လိုက်၊ ငါအိပ်လည်း တရားနဲ့အိပ်မယ်၊ နိုးသည်နှင့်တစ်ပြိုင်တည်း ငါထ၍ တရားကိုဆက်လက်အားထုတ်မယ်ဟု စိတ်ကိုဓိဋ္ဌာန်ရမယ်။ ပြီးလျှင် လက်ယာနံတောင်း အောက်ကထား၊ လက်ဝဲနံတောင်းအပေါ်ကတင်၊ ဒူးနှစ်လုံးကို ဆင့်မထားဘဲ ယှဉ်ထားပြီး အိပ်ခြင်းမျိုးကို မြတ်သောအိပ်ခြင်းလို့လည်းခေါ်တယ်။ ဘုရားရဟန္တာတို့ အိပ်ခြင်း(ကျိန်းစက်ခြင်း)လို့လည်းခေါ်တယ်။ လက်ဝဲနံတောင်း အောက်ကထား၊ လက်ယာနံတောင်းအပေါ်ကထားပြီး အိပ်ခြင်းမျိုးက ကာမဘောဂီအိပ်ခြင်းဖြစ်တယ်။ ပက်လက်လှန်၍ အိပ်ခြင်းကို ပြိတ္တာအိပ်ခြင်းလို့ခေါ်တယ်။ မှောက်လျက်အိပ်ခြင်းဟာ တိရစ္ဆာန်တို့ရဲ့ အိပ်ခြင်းဖြစ်တယ်။

မြတ်သောအိပ်ခြင်းဖြင့် အိပ်စက်ဖို့ မျက်စိကိုမှိတ်၊ ပါးစပ်ကိုပိတ်ပြီး၊ ဝင်သက်က စရှူပြီးအိပ်၊ ဝင်သက်ထွက်သက်က နှာသီးဖျား၊ နှုတ်ခမ်းဖျားကိုတိုးထိတာကို သိလာမယ်။ အဲသည် ထိတာ၊ သိတာလေးကိုသာ သတိပြုပြီးအိပ်၊ ဘယ်အာရုံမျှ အဝင်မခံနှင့်။ သားရေး၊ သမီးရေး၊ စီးပွားရေးတွေ၊ ရပ်ရေးရွာရေး နိုင်ငံရေးတွေ အဝင်မခံနှင့်။ ထိကာမျှ၊ သိကာမျှကိုပဲ သတိထား၊ သတိပြုပြီးအိပ်။ အဲသည်လို အိပ်စက်တဲ့အခါ သတိလွတ်ကင်းပြီး၊ ထိနမိဒ္ဓဝင်ပြီး ဘဝင်ကျစွာ အိပ်ပျော်သွားပါလိမ့်မယ်။ မမေ့မလျော့ သတိနှင့်ပြည့်စုံခြင်းသည် နိဗ္ဗာန်ရောက်ခြင်းအကြောင်းလို့ မြတ်ဗုဒ္ဓဟောကြားတော်မူတယ်။



ရည်ညွှန်း-စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ သရဏီယကထာ

# သက်ကြီးရွယ်အို ညီလာခံ မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ-၂၅**

အာရှနှင့် ပစိဖိတ်သက်ကြီးရွယ်အိုဆိုင်ရာ ညီလာခံကို ယခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်ကပြောသည်။

ယင်းညီလာခံကိုလေးရက်အကြာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၇နိုင်ငံမှ အစိုးရအရာကြီးများနှင့် အကြံပေးပညာရှင်များတက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်သော ယင်းဆွေးနွေးပွဲ၌ သက်ကြီးရွယ်အိုနှင့် သက်ဆိုင်သော မူဝါဒများ၊ နိုင်ငံတကာသက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရမည့် နည်းစနစ်များ၊ စီမံကိန်းများကို သုံးသပ်ခြင်းနှင့် ရေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မေလ ၈ ရက်မှ ၁၁ရက်ထိ ဆီးဒိုနားဟိုတယ်တွင် ကျင်းပမည်ဖြစ်သော ဒေသတွင်းဆိုင်ရာ ယင်းညီလာခံကို မြန်မာနိုင်ငံနှင့် နိုင်ငံတကာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## မျက်နှာဖုံး - ကေအိုင်အိုနှင့် ငြိမ်းချမ်းရေးရရှိရန် လိုအပ်သမျှကူညီမည်ဟု ကုလအတွင်းရေးမှူးချုပ်ပြောကြား မှ

ကချင်ပြည်နယ်တွင်းဖြစ်ပွားနေသော တိုက်ပွဲများရပ်တန့်ရေးတွင် ကုလသမဂ္ဂအနေနှင့် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရန်ရှိပါသလဲဟု 7Day News ၏မေးမြန်းချက်ကို အတွင်းရေးမှူးချုပ်ကဖြေကြားရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့သည်။

"ကချင်မှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရဖို့မဖြစ်နိုင်စရာ အကြောင်းမရှိဘူးလို့ ကျွန်တော်ထင်ပါတယ်"ဟု အတွင်းရေးမှူးချုပ်က ကချင်ပြည်နယ်တွင်း အခြေအနေများနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားသွားခဲ့သည်။

"ကုလသမဂ္ဂအနေနဲ့ အဲဒါနဲ့ပတ်သက်ပြီး လိုအပ်သမျှ ဘာမဆိုလုပ်ပေးဖို့ အသင့်ပါပဲ။ အားလုံးပါဝင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလည်း ဖြစ်သင့်ပါတယ်။ အဲဒါအရမ်းအရေးကြီးပါတယ်" ဟုလည်း ပြောကြားသွားခဲ့သည်။

ကုလသမဂ္ဂအနေဖြင့် ကချင်ပြည်နယ်တွင်းမှ နေရပ်စွန့်ခွာထွက်ပြေးလာသူများကို လူသားချင်းစာနာမှုအထောက်အပံ့များထိရောက်စွာ ကူညီပေးနိုင်ရေးအတွက် ဆက်လက် တိုက်တွန်းသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအနေနှင့် ထိုဒေသတွင် အရေးပေါ်လိုအပ်နေသည့် လူများအတွက် အထောက်အပံ့များကို အချို့တစ်ဝက်ပေးနိုင်ခဲ့ပြီဖြစ်သော်လည်းအကန့်အသတ်မရှိ ထောက်ပံ့ပေးသွားနိုင်ရန် ဆန္ဒရှိကြောင်းလည်း ပြောကြားသွားခဲ့သည်။

ယူအန်အနေနှင့် စစ်ဘေးဒုက္ခသည်များထံ ထောက်ပံ့ရေးပစ္စည်းများဖြန့်ဝေရာတွင်ပြည်နယ်တွင်းသွားလာမှုများတွင်ကန့်သတ်မှုများ ရှိနေဆဲဖြစ်သည်။

ကချင်ပြည်နယ်တွင်းမြန်မာအစိုးရနှင့်ကေအိုင်အေတို့အကြားတိုက်ပွဲများ ဖြစ်ပွားခဲ့သည်မှာ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ရက်မှစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သောသကြ်န်ကာလမတိုင်မီမှ စတင်ကာ ကေအိုင်အေထိန်းချုပ်နယ်မြေများနှင့် ပြည်နယ်တွင်းနေရာအတော်များများတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့သဖြင့်နေရပ်စွန့်ခွာထွက်ပြေးရသူဦးရေ ထပ်မံတိုးပွားလာခဲ့သည်။

မကြာမီ မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်၍ စစ်ဘေး ဒုက္ခသည်များအတွက်အရေးပေါ် အကူအညီများလိုအပ်လျက်ရှိကြောင်း အကူအညီပေးနေသည့် အဖွဲ့အစည်းများထံမှသိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်သောကေအင်န်ယူကဲ့သို့အဖွဲ့များ၊ အခြားအဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ရရှိခဲ့သည်ကိုကြိုဆိုကြောင်းလည်း အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်။

## စာ-၅၊ အာမခံလုပ်ငန်းပုဂ္ဂလိက ကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပေး မှ

လျှောက်ထားသော ကုမ္ပဏီသည် လုပ်ငန်းလုပ်ကိုင်ခွင့်ကျလာပါက ငွေပမာဏ ပြသရမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်တွင် ငွေသွင်းရမည်ဖြစ်သည်။

လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကျလာသော ကုမ္ပဏီသည် တစ်နှစ်လုပ်ငန်းလည်ပတ်ပါက ဘဏ်တွင်ထည့်သွင်းထားရသော မတည်ရင်းနှီးငွေမှ ၆၀ ရာခိုင်နှုန်းကိုမြန်မာအာမခံလုပ်ငန်းမှ ထုတ်ပေးမည်ဖြစ်သည်။ ဘဏ်အကောင့်တွင် ကျန်ခဲ့သော ၄၀ ရာခိုင်နှုန်းရှိသည့် ငွေကြေးပမာဏသည် ဘဏ်အတိုးရမည် မဟုတ်ကြောင်း ငွေကြေးလိမ်လည်မှုရှိသော မသမာသည့် ပုဂ္ဂလိကအာမခံလုပ်ငန်းရှင်ကို စိစစ်တွေ့ရှိပါက ဘဏ်အကောင့်တွင် ကျန်ရှိသော ၄၀ ရာခိုင်နှုန်းကို ထုတ်ပေးမည်မဟုတ်ဘဲ အစိုးရပိုင်သိမ်းဆည်းမည်ဖြစ်ကြောင်း ကြီးကြပ်စစ်ဆေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်သိမ်းကပြောသည်။

ပုဂ္ဂလိကအာမခံလုပ်ငန်းလုပ်ငန်းရှင်များ သက်ဆိုင်ရာအာမခံလုပ်ငန်းလိုက်၍ ကောက်ခံမည့်နှုန်းထားနှင့် ပေးလျော်ရမည့်နှုန်းထားများကို မြန်မာအာမခံလုပ်ငန်းက ချမှတ်ပေးမည်ဖြစ်သည်။

မြန်မာ့အာမခံလုပ်ငန်းကို ၁၉၅၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ပုဂ္ဂလိကအာမခံလုပ်ငန်း၇၅ခုရှိခဲ့သည်။ ယင်းပုဂ္ဂလိကကုမ္ပဏီ ၇၅ခုအနက် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ ခုနစ်ခုရှိခဲ့သည်။

၁၉၆၂ ခုနှစ် တော်လှန်ကောင်စီအစိုးရတက်လာပြီးနောက်ပိုင်း ပုဂ္ဂလိကအာမခံလုပ်ငန်းများကို ပြည်သူပိုင်သိမ်းယူခဲ့သည်။ ယင်းနှစ်နောက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းတစ်ခုတည်းသာရှိသည်။

## မျက်နှာဖုံး-မေ ၂ ရက် ဒီချုပ် လွှတ်တော်တက်မည် မှ

အစကတည်းက ကျွန်မတို့ပါတီက ပါတီမှတ်ပုံတင်ဥပဒေနဲ့ ရွေးကောက်ပွဲဥပဒေတွေမှာ စာသားတွေပြင်ဖို့ပြောတုန်းက တစ်ချိန်တည်းမှာ ဒီဇယားထဲမှာပါတဲ့ ကျမ်းကျိန်စာသားတွေရဲ့ ကိစ္စကိုကိုင်တွယ်ဖို့ ကျွန်မအနေနဲ့ လစ်ဟင်းခဲ့ပါတယ်။ ဒါကို ကျွန်မ တာဝန်ယူတယ်။ ကျွန်မရဲ့ လစ်ဟင်းချက်တစ်ခုကြောင့်မို့လို့ ပြည်သူတွေရဲ့ဆန္ဒနဲ့ ကျွန်မတို့ရဲ့ မဟာမိတ်ဆန္ဒကိုထိပါးတယ်ဆိုတာ ကျွန်မလုံးဝမဖြစ်စေဘူး။ ဒါ့ကြောင့်မို့လို့ ကျွန်မအနေနဲ့ လိုက်လျောပြီးလက်ခံမှာဖြစ်တယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ရှင်းပြသည်။

ထိုကဲ့သို့ ဆုံးဖြတ်ခြင်းမှာ ပါတီအနေဖြင့် မူဝါဒပြောင်းခြင်းမဟုတ်ဘဲ ယာယီအားဖြင့်လက်ခံဖို့ဆုံးဖြတ်တာဖြစ်ကြောင်းဦးဉာဏ်ဝင်းကဆိုသည်။

ယခု ဆုံးဖြတ်ချက်သည် NLD မှ ဗဟိုအလုပ်အမှုဆောင်များ အစည်းအဝေးပြုလုပ်၍ လွှတ်တော်ကိုယ်စားလှယ်များထံမှ သဘောထားအားဖုန်းဖြင့်တောင်း ခံခဲ့ပြီး ဧပြီလ ၃၀ ရက်နေ့ နံနက်တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ကပြော သည်။

လွှတ်တော်တက်ရောက်မည့်အမျိုးသမီးကိုယ်စားလှယ်အများစုမှာ စည်ပင်ရိပ်သာတွင် တည်းခိုရန်အစီအစဉ်ရှိကြောင်း မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်ကပြောသည်။

ဩစတြေးလျနိုင်ငံသို့ သွားရောက်နေသော လွှတ်တော်ကိုယ်စားလှယ်သုံးဦးမှာ တရားဝင် ခွင့်ပန်သွားသဖြင့် ပြဿနာမရှိကြောင်းနှင့် ပြန်ရောက်မှ ကျမ်းသစ္စာဆိုပြီး လွှတ်တော်တက်၍ရကြောင်း ဦးဝင်းမြင့်ကရှင်းပြသည်။

## စာ-၃၊ ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကန့်ကွက်လွှာလေးခုရှိ မှ

အဆိုပါကန့်ကွက်မှုများကို စစ်ဆေးပြီး ရွေးကောက်ပွဲအငြင်းပွားမှုဆိုင်ရာခုံရုံးတွင် အမိန့်ချမှတ်သောအခါ မီဒီယာနှင့် စိတ်ပါဝင်စားသူများ လာရောက်လေ့လာသတင်းယူနိုင်ကြောင်းလည်း အဆိုပါခုံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲအပြီး ငါးရက်အကြာ ဧပြီ ၆ရက်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ်အချို့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးခုမှ တင်သွင်းလာသော ရွေးကောက်ပွဲဥပဒေစည်းကမ်းနှင့် မညီညွတ်ဟုဆိုသော ကန့်ကွက်လွှာ ၁၂၃စောင်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည်ဟု ပြောကြားခဲ့သည်။

လစ်လပ်မဲဆန္ဒနယ် ၄၅ နေရာအတွက် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များက ၄၃ နေရာအနိုင်ရရှိခဲ့သည်။ အနိုင်ရရှိခဲ့သော မဲဆန္ဒနယ်အများစုတွင် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဒီချုပ်မှာ ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောပါတီဖြစ်ပြီး၊ ၂၀၁၀ ရွေးကောက်ပွဲတွင်မူ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုခဲ့ပေ။ ပြည်ခိုင်ဖြိုးပါတီမှာ ၂၀၁၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သောပါတီဖြစ်သည်။

## မျက်နှာဖုံး-ဗဟိုဘဏ်က နိုင်ငံခြားငွေနှင့် သက်ဆိုင်သော လုပ်ထုံးလုပ်နည်းများ ဆက်တိုက်ဖြေလျှော့ပေး မှ

ထို့အပြင် ငွေလွှဲကောင်တာများနှင့် နိုင်ငံခြားငွေရောင်းဝယ်ခွင့်ရရှိထားသော ဘဏ်များမှာ အစိုးရဘဏ်များဖြစ်သော MFTB နှင့် MICB ဘဏ်များတွင် ငွေစာရင်း လွှဲပြောင်းအပ်နှံပါက ယခင် ၂ ရာခိုင်နှုန်းကို ဝင်ငွေခွန်ဖြင့် ကောက်ခံခြင်းကိုလည်း လာမည့်မေလ ၁ ရက်မှစတင်၍ကင်းလွတ်ခွင့်ပြုလိုက်သည်။

နိုင်ငံခြားငွေ ကိုင်ဆောင်လက်ခံနိုင်သော အစိုးရဘဏ်သုံးဘဏ်ရှိပြီး MFTB၊ MICB နှင့် MEB(မြန်မာ့စီးပွားရေးဘဏ်)တို့ဖြစ်သည်။

"နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားခွင့်ရတဲ့ ဘဏ်တွေက ဗဟိုဘဏ်မှာ ငွေစာရင်းရှိတယ်။ ငွေလဲလှယ်ရေးကောင်တာနဲ့နိုင်ငံခြားငွေရောင်းဝယ်ခွင့်ရထားတဲ့ဘဏ်တွေရဲ့ စာရင်းမှာရှိတဲ့ငွေတွေကို စာရင်းလွှဲပြောင်းခွင့်ပြုတယ်။ ရောင်းဝယ်ခွင့်ပြုတယ်။ ဘဏ်အချင်းချင်း ရောင်းပြီးတော့ လွှဲပြောင်းတဲ့ငွေတွေကို MFTB, MICB က ၂ ရာခိုင်နှုန်းမဖြတ်တော့တာပေါ့။ အရင်က အခွန် ၂ ရာခိုင်နှုန်းဖြတ်တယ်။ အဲဒါကို အခု မေ ၁ ရက်ကစပြီး ကင်းလွတ်ခွင့်ပြုလိုက်တယ်"ဟု ဗဟိုဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထိုသို့နိုင်ငံခြားငွေစာရင်းလွှဲပြောင်းခြင်းကို အကန့်အသတ်မရှိ လွှဲပြောင်းခွင့်ပြုခြင်းနှင့် ၂ရာခိုင်နှုန်း အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် နိုင်ငံခြားငွေလည်ပတ်မှုပိုမိုမြန်ဆန်ချောမွေ့လာပြီး၊ ပို့ကုန်ရငွေတန်ဖိုး ဈေးတက်ခြင်းကို ကာကွယ်နိုင်ကြောင်း ကမ္ဘောဇဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်ကပြောသည်။

အခြားဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးကလည်း ၂ ရာခိုင်နှုန်းကို ကင်းလွတ်ခွင့်ပြုလိုက်သည့်အတွက် ငွေလဲကောင်တာနှင့် ဘဏ်အချင်းချင်း ရောင်းဝယ်သော နိုင်ငံခြားငွေများမှာ ပို့ကုန်ရငွေများဖြစ်ပြီး ဈေးပိုလျော့နည်းလာနိုင်သည့်အတွက်ပြင်ပတွင်ပို့ကုန်ရငွေတန်ဖိုးတက်နေခြင်းကို ကာကွယ်နိုင်ကာ ဗဟိုဘဏ်က ဆောင်ရွက်နေသော နိုင်ငံခြားငွေတစ်ခုတည်းသောနှုန်း ပေါင်းစည်းရေးအတွက် အထောက်အကူဖြစ်နိုင်ကြောင်းဆက်လက်ပြောသည်။

ငွေလဲလှယ်ရေးကောင်တာများနှင့် နိုင်ငံခြားငွေ တရားဝင်ရောင်းဝယ်ရသော ပုဂ္ဂလိကဘဏ်များအချင်းချင်း ငွေစာရင်းလွှဲပြောင်းရောင်းဝယ်သောအခါ ဗဟိုဘဏ်က တရားဝင်သတ်မှတ်သော နိုင်ငံခြားငွေလဲနှုန်းထက် ၀ ဒသမ ၀၃ ရာခိုင်နှုန်းထက် ပို၍၊ လျော့၍ ရောင်းဝယ်ခွင့်မပြုဟုဆိုသည်။ သို့သော် ထိုသတ်မှတ်ချက်ကို ပုဂ္ဂလိကဘဏ်များမှ လိုက်နာမှု အားနည်းသည်ဟုလည်း ဆိုသည်။ အခြားဖြေလျှော့မှုမှာ အစိုးရ၏ နိုင်ငံခြားငွေလက်ခံသော ဘဏ်များတွင် နိုင်ငံခြားငွေစာရင်းလက်ကျန်ရှိသူများ၏ ငွေများကို သွင်းကုန်တရားဝင် တင်သွင်းခွင့်(Import Right)ပေးလိုက်ပြီး၊ ပိုင်ရှင်စိတ်ကြိုက် နိုင်ငံခြားငွေများကို သုံးစွဲခွင့်ကိုလည်း မေလ ၁ ရက်မှ စတင်၍ ခွင့်ပြုလိုက်သည်။

"အမှန်ကတော့ ရှင်းအောင်ဆိုပြီးတော့ စာထုတ်လိုက်တဲ့သဘောပါပဲ။ နိုင်ငံခြားငွေစာရင်းမှာရှိတဲ့ ငွေ အားလုံးကအမှန်ကတော့ Earningတွေပဲလေ။ နိုင်ငံခြားငွေစာရင်းရောက်ပြီ ဆိုကတည်းကတော့MFTBကသတ်မှတ်တဲ့ရာခိုင်နှုန်း ဖြတ်ပြီးသား။ ဒါကြောင့်မို့ Import Right ကရှိပြီးသား"ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

နိုင်ငံခြားငွေလဲလှယ်ရေးကောင်တာများတွင် ယခင် နိုင်ငံခြားငွေ ရောင်းဝယ်ယူသောအခါ ဝင်ငွေရလမ်းဖော်နိုင်မှ ဝယ်ယူသည့်အစား လာမည့် မေလ ၁ ရက်မှ စတင်၍ ဒေါ်လာတစ်သောင်းအောက်ဆိုပါက နိုင်ငံတကာတွင်ကဲ့သို့ ဝင်ငွေရလမ်းမဖော်ပြဘဲ ရောင်းဝယ်ခွင့်ရပြီဖြစ်ကြောင်းလည်း ငွေလဲလှယ်ရေး ကောင်တာများမှ တာဝန်ရှိသူအချို့ကပြောကြားသည်။

ထို့အပြင် ငွေလဲကောင်တာများနှင့် နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ခွင့်ရသောဘဏ်များကိုအခြေပြု၍ မကြာမီတွင် နိုင်ငံခြားငွေကြေးဈေးကွက်တစ်ခုတည်ထောင်ရန် အစီအစဉ်ရှိကြောင်းလည်းသတင်းရရှိသည်။

မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)တွင် ယခင်က သွင်းကုန်လုပ်ငန်းများအပါအဝင် လုပ်ငန်းမျိုးစုံမှရရှိသော နိုင်ငံခြားငွေများ ငွေစာရင်းဖွင့်ပါက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံသော ဝင်ခွန် ၂ရာခိုင်နှုန်းကို ဘဏ်ကကြားမှကောက်ခံပေးခဲ့သည်။ သို့သော် လာမည့် မေလ ၁ ရက်မှ စတင်၍ MFTB ဘဏ်က နိုင်ငံခြားငွေများ အပေါ် ဝင်ငွေခွန်ကောက်ခံပေးနေခြင်းကို မပြုလုပ်တော့ဘဲ၊ ပြည်တွင်းအခွန်ဦးစီးဌာန၏ အစီအစဉ်ဖြင့်သာ အခွန်စည်းကြပ်စေတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဧပြီလမှစတင်၍ မြန်မာနိုင်ငံသို့ လာရောက်သော နိုင်ငံခြားသားများကို ဒေါ်လာတစ်သောင်းအောက်ဆိုပါက ငွေစာရင်းကြေညာရန်မလိုဘဲ ယူဆောင်ခွင့်ပြုခဲ့သည်။ ယခင်က ဒေါ်လာနှစ်ထောင်ထက် ကျော်ပါက ငွေစာရင်းကြေညာရန် သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွန်ခဲ့သည့်တစ်နှစ်အတွင်း ဖြေလျှော့မှုများစွာပြုလုပ်ခဲ့သည်။ ခေတ်ကာလနှင့် လျော်ညီရန် ဘဏ်အတိုးနှုန်းများလျှော့ချခြင်း၊ ငွေလဲကောင်တာများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ပြုခြင်း၊ ပို့ကုန်လုပ်ငန်းများအပေါ် အခွန်ကောက်ခံခြင်းကိုလျှော့ပေးခြင်း စသည်တို့ဖြစ်သည်။

"တဖြည်းဖြည်းနဲ့ ကန့်သတ်ချက်တွေ လျှော့ပေးနေတာပေါ့။ ဒီလိုလုပ်သင့်တာ ကြာပါပြီ။ နောက်ပြီးတော့ ပြောချင်တာက ပြောမှ လုပ်တာထက် ကိုယ့်ဘာသာကိုယ်သိပြီး လုပ်တာမျိုး ပိုဖြစ်စေချင်တယ်"ဟု ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက အကြံပြုသည်။

# Health

7DAY NEWS JOURNAL

Vol.11, No.8 • MAY 3 , 2012


# ကလေးငယ်တွေ ပုခက်နဲ့သိပ်တဲ့အခါ

ဝတ်ရည်အောင်

**မွေးဖွားခါစ ကလေးငယ်များသည် နုနယ်လွန်းသည့်အတွက် အရာရာ သတိပြု ကျွေးမွေးစောင့်ရှောက်ကြရပြီး ထိုအရွယ်တွင် မတော်တဆ ထိခိုက်မှုသည်လည်း ကလေးငယ်၏ဘဝတစ်လျှောက်လုံး၌ သက်ရောက်စေမည်လည်းဖြစ်သည်။**

မိမိကလေးငယ်အား ထိခိုက်မှုမရှိစေရန် အတတ်နိုင်ဆုံး ဂရုပြုကြသော်လည်း တခါတရံမိဘများ သတိ မပြုလိုက်မိဘဲ ကလေးငယ်၏ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာများအား သက်ရောက်မှုရှိသည်လည်းရှိကြောင်း ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခဒေါ်ယုဇနစောမြင့်က ပြောသည်။

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှအတွင်းရှိမိသားစုများသည် မွေးဖွားခါစ ကလေးငယ် အိပ်ပျော်ရန်အတွက် ပုခက်ကို အသုံးပြုလေ့ရှိကြသည်။ ကျေးလက်ဒေသများတွင် ယခင်ကရောယခုအချိန်အထိပါတွင်ကျယ်စွာ အသုံးပြုနေဆဲ ကလေးအိပ်သည့်အရာတစ်ခုလည်း ဖြစ်သည်။

ပုခက်အားလုံး၏ သဘောသဘာဝသည် လွှဲခြင်းပင်ဖြစ်ပြီး ချိန်သီးကဲ့သို့လွှဲခံနေရသည့်ကလေးငယ်သည် မူးဝေပြီး အိပ်ပျော်သွားစေခြင်းဖြစ်သည်။ ပုခက်ဖြင့်သိပ်သည့် ကလေးငယ်များသည် ရိုးရိုးသိပ်သည့် ကလေးများထက် ကြာကြာအိပ်ခြင်း၊ ထိန်းသည့် လူကြီးသက်သာစေခြင်း၊ လွယ်ကူပြီး ငွေကြေးကုန်ကျမှု နည်းပါးခြင်းစသည်တို့ကြောင့် ပုခက်အား အသုံးပြုမှု များပြားနေခြင်းဖြစ်သည်။

ပုခက်ဖြင့် အိပ်သည့်အခါ လွှဲသည့်အရှိန်ကြောင့် မူးဝေပြီး အိပ်သည့်အတွက် သဘာဝအတိုင်းအိပ်ခြင်းထက်တော့ အနည်းငယ်ကွာခြားချက်ရှိသည်။ နုနယ်လွန်းသည့် အရွယ်ကလေးငယ်အား နေ့စဉ်နေ့တိုင်း လွှဲနေသည့်အခါ ကလေးငယ်၏ အာရုံကြောအစိတ်အပိုင်းများအား ရေရှည်တွင်ပြဿနာများ ဖြစ်ပေါ်စေနိုင်ကြောင်း ဒေါ်ယုဇနစောမြင့်က ပြောသည်။

"ကလေးက စကားမပြောတတ်လို့သာ မပြောပေမယ့် ပုခက်ထဲမှာ ချာချာလည်အောင် မူးပြီး



ဓာတ်ပုံ - ရျေမောင်မောင်(အမရပူရ)

အိပ်ပျော်သွားတာ။ သဘာဝအတိုင်းလည်း မဟုတ်တဲ့အတွက် ပုခက်နဲ့ မူးပြီး အိပ်ပျော်သွားတဲ့ကလေးက နိုးလာရင်လည်း လန်းဆန်းမှုအပိုင်းကိုလည်း ထိခိုက်တတ်တယ်" ဟု အဆိုပါ ဆရာဝန်က ပြောသည်။

လွှဲသည့်အခါ တစ်ကိုယ်လုံး၏ လှုပ်ရှားမှုအား ထိန်းချုပ်ပေးသည့်အာရုံကြောစနစ်များထိခိုက်မိသဖြင့် မတ်တတ်ရပ်သည့်အခါတွင်လည်း ကိုယ်ခန္ဓာ၏ တည်ငြိမ်မှုအား ထိန်းသိမ်းနိုင်သည့် အစွမ်းသတ္တိလျော့နည်းသွားခြင်း၊ အချို့တွင် တစ်ဖက်အား ရုတ်တရက် လှည့်သည့်အချိန်တွင် ခေါင်းမူးသွားခြင်းဖြစ်သည့် VERTIGO ကဲ့သို့ ရောဂါများလည်း အသက်ကြီးလာသည့်အချိန် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်ကြောင်း သိရသည်။

"အကုန်လုံးမှာဖြစ်တာတော့မဟုတ်ဘူးပေါ့။ ပုခက်နဲ့ဘယ်လောက်ကြာကြာထားလဲဆိုတဲ့အပေါ်မှာလည်း မူတည်တယ်။ တချို့တွေကတော့ ယာယီပဲထားတယ်။ တချို့တွေကတော့ ကလေးအသက်(၂)နှစ်၊ (၃) နှစ်လောက်အထိ ပုခက်နဲ့သိပ်ကြတယ်" ဟု ဒေါ်ယုဇနစောမြင့်က ပြောသည်။

မိရိုးဖလာတိုင်းလိုလို ပုခက်ဖြင့် ကြီးလာကြပြီး ထိုပုခက်ဖြင့် အိပ်ခဲ့သည့် ကလေးများထဲ၌ နိုင်ငံခေါင်းဆောင်များအထိ ဖြစ်သည့်သူများလည်းရှိသည်ဟု ပြောကြသော်လည်း ပုခက်၏ လွှဲအားသည် ဦးနှောက်ပျက်စီးသွားခြင်းမျိုးမဟုတ်ဘဲ အာရုံကြောထိခိုက်စေခြင်းဖြစ်သည့်အတွက် သတိမပြုမိသော်လည်း တစ်ခါတလေတွင် ဟန်ချက်ပျက်ယွင်းခြင်း၊ ရုတ်တရက် ခေါင်းမူးမူးသွားခြင်းသည် ငယ်ရွယ်သည့်အချိန်တွင်ပုခက်လွှဲအားပြင်းပြင်းကြောင့် ဟန်ချက်ညီအောင် ထိန်းသည့် အာရုံကြောများ ထိခိုက်မိခြင်း၏ နောက်ဆက်တွဲဖြစ်ကြောင်း ဒေါက်တာဒေါ်ယုဇနစောမြင့်က ပြောသည်။

"ဦးနှောက်ထိခိုက်ပြီး ရူးသွားနိုင်တယ်လို့ပြောတာ မဟုတ်ဘူး။ အာရုံကြောတွေတော့ အနည်းနဲ့အများ ထိခိုက်နိုင်တယ်" ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

ထိုအရာသည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်ပြီး ပုခက်နှင့်သိပ်သည့် ကလေးများတွင် ဖြစ်သည့် စိတ်ပိုင်းဆိုင်ရာစွဲလမ်းမှုမှာ ပုခက်မပါဘဲ မအိပ်နိုင်တော့ခြင်း ဖြစ်သည်။ ငယ်လွန်းသည့်အရွယ်တွင် စိတ်ပိုင်းဆိုင်ရာတွင် စွဲလမ်းမှုပါ ဖြစ်ပေါ်သွားစေခြင်း ဖြစ်သည်။

ဦးနှောက်ဖွံ့ဖြိုးမှုနှုန်း အရမ်းမြန်ဆန်နေပြီး လူကြီးတစ်ယောက် ဦးနှောက်၏ ၇၅ ရာခိုင်နှုန်းခန့်အထိ ဦးနှောက်ဖွံ့ဖြိုးမှုဖြစ်နေသည့်(၂)နှစ်သားအရွယ်အထိသည် ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု လုံးဝမရှိစေရန် အထူးဂရုပြုရမည့် အချိန်လည်း ဖြစ်သည်။

ပုခက်နဲ့ လွှဲခြင်းကဲ့သို့ အချို့မှာ လက်ပေါ်တွင် ကလေးအား လွှဲ၍ သိပ်ကြလေ့ရှိပြီး ထိုကဲ့သို့ လွှဲခြင်းသည်လည်း ပုခက်လွှဲသလိုပဲ ကလေးအားမူး၍ အိပ်ပျော်သွားစေခြင်း ဖြစ်သည်။ ပုခက်ပေါ်နေသည့်အချိန်ကြာမြင့်သည့် ကလေးများတွင် ပိုမိုဖြစ်နိုင်သည့် အခြေအနေများပြားသကဲ့သို့ ပုခက်ပေါ်မှပြုတ်ကျပြီး ထိခိုက်ဒဏ်ရာရနိုင်သည့် အန္တရာယ်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း သိရသည်။

စာ(၁၄)သို့

## ဖျားတိုင်း သွေးလွန်တုပ်ကွေးရောဂါမဟုတ်

ဝတ်ရည်အောင်

ရန်ကုန်၊ မေ- ၂၈



သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး လူထုအတွင်းစိုးရိမ်ပူပန်မှု များနေပြီး ဖျားတိုင်းသွေးလွန်တုပ်ကွေးရောဂါမဟုတ်ကြောင်း ကလေးအထူးကုဆရာဝန်များက ပြောကြားသည်။

"အခုဆို သွေးလွန်တုပ်ကွေးရာသီကလည်း စလာတော့မယ်ဆိုတော့ လာတဲ့မိဘတွေက ကလေးက ဝမ်းသွားပြီးပဲ ဖျားဖျား၊ အန်ပဲ ဖျားဖျား၊ အကုန်လုံးက သွေးလွန်တုပ်ကွေးထင်ပြီး အရမ်းကို စိုးရိမ်ကြီးနေကြတယ်" ဟု ကလေးအထူးကုဆရာဝန် တွဲဖက်ပါမောက္ခဒေါ်ယုဇနစောမြင့်ကပြောသည်။

သွေးလွန်တုပ်ကွေးဖြစ်သည့် ကလေးများကိုလည်း နီးစပ်ရာဆေးရုံများသို့ သွားရောက်ကုသနိုင်ပြီး ဆေးရုံတိုင်းတွင် ဆေးကုသနိုင်ရန် ဆေးဝါးများထားရှိထားကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်တစ်ဦးကပြောသည်။

"လူတွေက သွေးလွန်တုပ် ကွေးဆိုတာနဲ့ အရမ်းလန့်ကြတော့ ဖျားပြီဆိုတာနဲ့ ရောက်လာကြတယ်။ ပြီးတော့ ကလေးဆေးရုံ ကြီးကိုပဲ အားလုံးပြုံရောက်လာတဲ့အခါ ဒီမှာလည်း အခက်အခဲတွေ ဖြစ်သွားတာတွေရှိတယ်" ဟု အဆိုပါဆရာဝန်က ဆက်လက်ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည်ကလေးငယ်များအား အဓိကခြိမ်းခြောက်လေ့ရှိသည့်ရောဂါတစ်ခုလည်းဖြစ်ပြီး အသက်သေဆုံးမှုများလည်းရှိသဖြင့် မိဘများထိတ်လန့်သည့် ရောဂါတစ်ခုလည်းဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဖျားသည့်အချိန်တွင် အန်ခြင်း၊ ဝမ်းသွားခြင်းတို့ တူတွဲဖြစ်ပေါ်ခြင်း မရှိဘဲ အဖျားသီးသန့်ဖြစ်ပေါ်လေ့ရှိသည်။ အဖျားပြင်းထန်ပြီး အချို့မှာ ၃ရက်ခန့်တွင် ပျောက်ကင်းသွားသည်။ အချို့တွင် အရေပြား၌ အနီစက်များထွက်ခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ ကလေးမှာ ငြိမ်ကျသွားခြင်း၊ အရမ်းအန်ခြင်း၊ ရုတ်တရက်ဗိုက် အရမ်းနာလာခြင်းတို့သည် ရှောင်ခံရသည့် လက္ခဏာများဖြစ်ပြီး ထိုရောဂါလက္ခဏာများ ပြသပါက ဆေးရုံသို့ အမြန်ဆုံးလာရောက်ပြီး ဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်း ဒေါက်တာဒေါ်ယုဇနစောမြင့်ကပြောကြားသည်။

မိမိပတ်ဝန်းကျင်တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည့်သူများရှိပြီး မိမိအိမ်သာများ ဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါဟုတ်၊မဟုတ် သေချာစွာ စောင့်ကြည့်သင့်ကြောင်း သိရသည်။

သွေးလွန်ကွေးရောဂါသည် အချိန်တိုင်း၊ နေရာတိုင်းတွင် ဖြစ်နိုင်ပြီး မိုးရာသီတွင် ပိုမိုအဖြစ်များသဖြင့် ဂရုပြုသင့်ကြောင်း ကျွမ်းကျင်ဆရာဝန်များက အကြံပြုပြောကြားသည်။

## အဆီနည်းသော နို့ထွက်ပစ္စည်းများက လေဖြတ်ခြင်းကို လျော့နည်းစေ

စတော့ဟုမ်း၊ မေ - ၂၄

အသက် ၄၅ နှစ်နှင့် ၈၃နှစ်ကြား လူပေါင်း ၇၅,၀၀၀ ပါဝင်သော ဆွီဒင်နိုင်ငံတွင် ပြုလုပ်ခဲ့သည့် ကြီးမားသော လေ့လာချက်တစ်ရပ်အရ အဆီနည်းသော နို့ထွက်ပစ္စည်းစားသုံးသူများသည် လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေနည်းပါးကြောင်း တွေ့ရှိခဲ့သည်။

ကပ်ရောဂါလေ့လာရေးတွဲဖက်ပါမောက္ခဆူဆန်နာလာဆင်ဦးဆောင်သော လေ့လာမှုစာတမ်းအရ လေ့လာမှုတွင်ပါဝင်သူများ မှာအစ ပထမတွင် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် ကင်ဆာကဲ့သို့ ရောဂါများကင်းစင်ကြောင်း၊ ၎င်း တို့အားလုံးက အချက် ၉၆ ချက် ပါဝင်သော အစားအသောက် အလေ့အထဆိုင်ရာ မေးခွန်းများကိုဖြေကြားခဲ့ကြကြောင်း သိရသည်။

နောက်ဆက်တွဲ ဆယ်နှစ်တာကာလအတွင်း အမျိုးသား ၂၄၀၉ဦးနှင့် အမျိုးသမီး ၁၆၈၀ဦးမှာ လေဖြတ်ရောဂါခံစားခဲ့ရသည်။ လေဖြတ်ရောဂါလေ့လာခြင်းဂျာနယ်တွင်ဖော်ပြထားသော စာတမ်းအရ အဆီဓာတ်နည်းပါးသော နို့နှင့် နို့ထွက်ပစ္စည်း ဒိန်ချဉ်၊ ဒိန်ခဲများကို စားသုံးသူများသည် အဆီအနှစ်ပြည့်ဝသည့် နို့ထွက်ပစ္စည်းများကို စားသုံးသူများထက် လေဖြတ်ခြင်းဖြစ်နိုင်ခြေ ၁၂ရာခိုင်နှုန်း နည်းပါးသည်ဟု ရေးသားထားသည်။ ယင်းမှာ အဆီနည်းနို့ထွက်ပစ္စည်းများတွင် ပါဝင်သည့် ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီယမ်နှင့် ဗီတာမင်ဒီများက လူ၏ သွေးတိုးနှုန်းအပေါ် သက်ရောက်မှုရှိခြင်းကြောင့်ဖြစ်နိုင်သည်ဟု သုတေသီတွဲဖက် ပါမောက္ခက ပြောကြားသည်။

—Ref: UPI

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# အကောင်းမြင်ဝါဒနှင့် အပြုသဘော ခံစားချက်များသည် နှလုံးရောဂါကို ကာကွယ်ပေးနိုင်

**ဘော်စတွန်၊ မေ - ၂၂**

စိတ်ပိုင်းဆိုင်ရာ အပြုသဘော ခံစားချက်များသည် နှလုံးရောဂါဖြစ်ပွားခြင်းနှင့် နှလုံးရုတ်တရက်တိုက်ခိုက်ခြင်း အန္တရာယ်များကို လျော့ပါးစေကြောင်း အမေရိကန်သုတေသီများက ပြောကြားလိုက်ပြီး ယင်းမှာ လေဖြတ်ခြင်းမှလည်း ကင်းဝေးစေနိုင်ကြောင်း သိရသည်။

ဟားဗတ်ပြည်သူ့ကျန်းမာရေးကျောင်းမှ သုတေသီဂျူလီယာဘိုအမ်နှင့် လုပ်ဖော်ကိုင်ဖက်များသည် သိပ္ပံနည်းကျမှတ်တမ်းတင်ထားသော လေ့လာမှုပေါင်း ၂၀၀ ကျော်ကို လေ့လာရာမှ ယင်းအချက်အလက်များကို တွေ့ရှိလာခြင်းဖြစ်သည်။

အကောင်းမြင်ဝါဒနှင့် အပြုသဘောခံစားချက်များသည်နှလုံးရောဂါဖြစ်ပွားခြင်းမှကာကွယ်ပေးရုံသာမက ရောဂါအခြေအနေဆိုးရွားလာခြင်းကိုလည်း နှေးကွေးစေနိုင်ကြောင်း သိရသည်။

လူတစ်ယောက်၏အသက်၊ လူမှုစီးပွားရေးအခြေအနေနှင့် ဆေးလိပ်သောက်ခြင်း၊ မသောက်ခြင်း၊ ခန္ဓာကိုယ်အလေးချိန် အနည်း၊ အများ မည်သို့ပင် ရှိစေ အကောင်းမြင်တတ်သောသူများသည်အကောင်းမြင်မှုနှင့် အပြုသဘောစိတ်ထား နည်းပါးသူများထက်ကနဦးကတည်းကပင် နှလုံးရောဂါရရှိနိုင်ခြေ ၅၀ ရာခိုင်နှုန်း နည်းပါးသည်ဟု သုတေသီဘိုအမ်ကပြောကြားသည်။ Ref: UPI

# အပြင်ထွက်စားခြင်းထက် အိမ်မှာပင် ချက်ပြုတ်စားခြင်းမှာ ကျန်းမာရေးနှင့် ပိုမိုညီညွတ်ဟုဆို



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဆန်ဒီရေဂို၊ မေ - ၂၄**

ထုံးစံအားဖြင့် အမေရိကန်မိသားစုတစ်စု၏ အစားအသောက်အတွက် ဘတ်ဂျက်ငွေ၏ ၄၀ ရာခိုင်နှုန်းမှာပြင်ပထွက်၍ ဆိုင်တွင်ဝယ်စားသော ကုန်ကျစရိတ် ဖြစ်သည်။ သို့သော် မိသားစုအတူတကွအိမ်တွင် ချက်ပြုတ်စားသောက်ခြင်းမှာ ကျန်းမာရေးနှင့် ပိုမိုညီညွတ်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

နယူးဂျာဆီပြည်နယ် တက္ကသိုလ် Rutgers တက္ကသိုလ်မှ သုတေသီလေးဦး ပြုစုခဲ့သော စာတမ်းအရ အပြင်ထွက်စားခြင်းမှာ မိသားစုဘတ်ဂျက်ကို ထိခိုက်စေရုံသာမက ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များကို ရွေးချယ်မိခြင်းနှင့် ကျန်းမာရေးထိခိုက်ခြင်းများနှင့်လည်း ဆက်စပ်နေကြောင်း တွေ့ရှိခဲ့သည်။

ယခင်ကပြုစုထားသည့်သိပ္ပံနည်းကျ အစီရင်ခံစာ ၆၈ခုအား အကဲဖြတ်လေ့လာ၍ မိသားစုထမင်းဝိုင်းနှင့် ကလေးများ၏ ကျန်းမာရေးဆက်နွှယ်မှုကို ပါသုတေသီများက လေ့လာခဲ့သည်။ ယင်းသို့ ပြန်လှန်လေ့လာရာတွင် မကြာခဏ မိသားစုထမင်းဝိုင်းအတွက် ချက်ပြုတ်စားသောက်ခြင်းမှနေ၍ အသီးအနှံများ၊ သစ်သီးဝလံများ၊ ကယ်ဆီယမ်နှင့် ဗီတာမင်များ ပါဝင်သော အစားအစာများကို ပိုမိုစားသုံးဖြစ်ကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။ ထို့အပြင် ဆိုင်တွင် ဝယ်စားခြင်းထက် အိမ်မှာပင် ချက်ပြုတ်စားသော မိသားစုများမှာ အဝလွန်မှုပြဿနာနည်းပါးကြောင်း သုတေသီများက ပြောကြားသည်။

—Ref: UPI

# အာရှခြင်များ ရာသီဥတုကြောင့် ဥရောပသို့ ပျံ့နှံ့နိုင်

**ပါရီ၊ မေ - ၂၆**

ပိုမိုပူနွေးလာသော ရာသီဥတု အခြေအနေများကြောင့် ရောဂါပိုးများသယ်ဆောင်တတ်သော အာရှခြင်ကျားများ ဥရောပနှင့် ဘော်လ်ကန်ဒေသများသို့ ပျံ့နှံ့သွားရန် သင့်တော်သော အနေအထားဖြစ်ကြောင်း လီဗာပူးလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက သတိပေးပြောကြားသည်။ ယင်းဒေသနှစ်ခု၌ ဆောင်းရာသီတွင် ပိုမိုအအေးပေ့ါလာပြီး နွေရာသီကာလတွင်ပိုမိုပူနွေးလာကြောင်း သိပ္ပံပညာရှင်များက ပြောသည်။

ပူနွေးသော အခြေအနေများကြောင့် ၁၉၇၉ ခုနှစ်တွင် အယ်လ်ဘေးနီးယားနိုင်ငံတွင် စတင်ရောက်ရှိလာသော အာရှခြင်များသည် ယခုအခါဥရောပ တောင်ပိုင်းနိုင်ငံ ၁၅ နိုင်ငံတွင် ပျံ့နှံ့ရောက်ရှိနေပြီဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်ခုတွင် ပြောင်းလဲလာသော ရာသီဥတုအခြေအနေမှာ အာရှခြင်များဥရောပအနောက်မြောက်ပိုင်း ဂျာမနီနိုင်ငံ အနောက်ပိုင်းနှင့် ဘော်လ်ကန်ဒေသများသို့ ပျံ့နှံ့ ရန်သင့်တော်သော အနေအထားဖြစ်လာသည်ဟု သိပ္ပံပညာရှင်များကဆိုသည်။ အာရှခြင်ကျားသည်မုတ်သုံနှင့်မုတ်သုံဆန်သော အရှေ့တောင်အာရှနိုင်ငံများတွင်အဓိကပေါက်ဖွားပြီး အသည်းရောင်အသားဝါပိုး၊ ဆင်ခြေထောက်ရောဂါ၊ ငှက်ဖျားရောဂါစသော ပြင်းထန်သောဗိုင်းရပ်စ်ပိုးများ သယ်ဆောင်နိုင်ကြောင်း သိရသည်။

—Ref: Channel news aisa

## စာ-၁၃၊ ကလေးငယ်တွေ ပုခက်နဲ့သိပ်တဲ့အခါ မှ

မြို့ပြနေသူများအနေဖြင့် ယခုချိန်တွင် ကလေးငယ်နှင့် ပတ်သက်သည့် ပစ္စည်းများဈေးကွက်အတွင်း ပိုမိုများပြားလာပြီး အနောက်တိုင်းပုံစံ ကလေးပစ္စည်းများဖြင့် ကလေးငယ်များအား ထားရှိလာသည့်အခါ မြို့ပြတွင် ပုခက်အစား ကလေးခုတင်များ အသုံးပြုလာသူများလည်းရှိသည်။

တတ်ကျွမ်းနားလည်သည့် ဆရာဝန်များကလည်း ကလေးငယ်များအား လှုပ်ရှားမှုများခြင်းသည် ကလေးအတွက် မသင့်လျော်ကြောင်း ပညာပေးမှုများဖြင့် တတ်နိုင်သူများက ပုခက်အစား ကလေးခုတင်လေးများ၊ ပုခက်ကဲ့သို့ လွှဲအားမပြင်းသည့် သစ်သား ပုခက်များ အနည်းငယ်ပြောင်းလဲ အသုံးပြုလာကြသော်လည်း စောင်ဖြင့်အလွယ်တကူပြုလုပ်နိုင်ပြီး ကလေးကြာကြာ အိပ်လေ့ရှိသည့် ပုခက်ကိုမူ အသုံးပြုနေကြဆဲဖြစ်သည်။

"မိဘတွေအနေနဲ့လည်း အကျင့်တစ်ခုလိုဖြစ်သွားနိုင်တဲ့အတွက် ပုခက်ကတော့ အကျင့်မလုပ်တာ ကောင်းတယ်။ ထိန်းတဲ့သူအတွက် သက်သာပေမယ့် ကလေးအတွက်တော့ မကောင်းဘူး။ တကယ်လို့ မဖြစ်မနေ ပုခက်နဲ့ ထားသိပ်ရမယ်ဆိုလည်း ပုခက်ထဲမှာ အချိန်နည်းနိုင်သမျှ နည်းအောင်ထားပြီး လွှဲနေတာမျိုးကိုတော့ အတတ်နိုင်ဆုံး ဆင်ခြင်သင့်တယ်" ဟု ဒေါက်တာ ဒေါ်ယုဇနစောမြင့်က ပြောသည်။ နို့တိုက်သည့်အရွယ် အသက်(၂)နှစ်အောက် ကလေးများသည် မိခင်နှင့် သီးခြားအိပ်ခြင်းထက် မိခင်နှင့်အတူ အိပ်ခြင်းသည် ကလေးအတွက် နို့ဝစေသည့်အပြင် မိခင်နှင့်ကလေးအတွင်း ရင်းနှီးချစ်ကြည်မှုလည်း ပိုမိုရရှိစေနိုင်သည့်အတွက် ကလေးများအား ပုခက်နှင့် သီးခြားသိပ်ခြင်းထက် မိခင်နှင့်အတူ သိပ်ခြင်းသည် ပိုမိုသင့်လျော်ကြောင်း အဆိုပါ ဆရာဝန်က ဆက်လက်ပြောသည်။

**ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်**
တက္ကသိုလ်ရိပ်သာလမ်း (ဆိုင်ခွဲ) ကို
**စားသုံးသူများ ပိုမိုအဆင်ပြေစေရန်**
ပြည်လမ်း၊ (၅မိုင်ခွဲ)၊ မာလာဆောင်မှတ်တိုင် ကမ္ဘောဇဘဏ်ဘေး၊
သုခကမ္ဘာဆေးရုံ အဝင်လမ်း၊ ပြည်လမ်းမမှ တတိယခြံ၊
အမှတ် (၆၁၇/A)သို့ ပြောင်းရွှေ့ဖွင့်လှစ်ပါမည်။
– ကျယ်ဝန်းသောကားရပ်နားရန်နေရာ
– အဲယားကွန်းပါရှိသော သီးသန့်အခန်းများ
– ကျေးလက်သဘာဝသုံးဆောင်နိုင်ရန် နေရာများဖြင့် မကြာမီ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်နေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ပါရမီဆိုင်ခွဲ - အမှတ်(၄၂/က)၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ ပါရမီဂုံးကျော်တံတားကြီးအနီး။
ကုက္ကိုင်းဆိုင်ခွဲ - အမှတ်(၂၀/ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ကုက္ကိုင်းမီးပွိုင့်အနီး၊
ဖုန်း ၀၉-၅၁၅၉၀၈၄၊ ၀၉-၇၃၀၀၀၇၀၇၊ ၀၉-၇၃၀၀၆၄၂၂
ဂန္ဓမာဆိုင်ခွဲ - Gandamar Wholesale ၊ (တောင်ဥက္ကလာဂေါက်ကွင်းအနီး)။

**မွန်မြတ်ဆေးခန်း** မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း။ အမှန်ယုံကြည်ရ
**ဆေးခန်းသုံး တိုင်းရင်းဆေးများသာ**
**လိပ်ခေါင်းရောဂါကုသခြင်း**
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။
- ဆေးရုံတက်ရန်နှင့် ခွဲစိတ်ရန်မလိုသည့် နောက်ဆုံးပေါ်ဆေးကို အသုံးပြုကုသမှုဖြစ်ပါသည်။
**သွေးတိုးနှင့်ဆက်နွှယ်သောနှလုံးရောဂါ၊ သွေးထဲအဆီများသူများ ကုသခြင်း**
- (၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီတည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
- (၇)ရက်သောက်သုံးပါက ခေါင်းမူး၊ ခေါင်းကိုက်ခြင်း၊ နားအူခြင်း၊ နားလေထွက်ခြင်း၊ မူးမော်ခြင်း၊ စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
- (၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါ ပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။ 30% Discount
**ဆီးချို၊ သွေးချိုရောဂါကုသခြင်း**
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
( ဆေးခန်းဖွင့်ချိန် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ )
လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃

Regional
7 Day News Journal
Vol.11, No.8 • MAY 3 , 2012

# လျှပ်စစ်ဓာတ်အား အပြည့်အဝမရ၍ မန္တလေးစက်မှုမြို့သစ်လုပ်ငန်းများ အခက်အခဲဖြစ်

စိုင်းသာအောင်

မန္တလေး၊ ဧပြီ - ၂၇

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုမြို့သစ်ရှိစက်ရုံအလုပ်ရုံများသည် မဟာသင်္ကြန်ပွဲတော်အပြီး လျှပ်စစ်ဓာတ်အား သုံးစွဲချိန်ကန့်သတ်မှုများလာခြင်းနှင့်လောင်စာဆီဝယ်ယူအသုံးပြုရမှုများကြောင့် ကုန်ထုတ်လုပ်စရိတ်များ ကြီးမြင့်နေကြောင်း သံရည်ကျိုလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါသံရည်ကျိုလုပ်ငန်းရှင်က "ကျွန်တော်တို့စက်မှုဇုန်စက်ရုံအလုပ်ရုံတွေကို အများပြည်သူမီးသုံးစွဲမှု အများဆုံးအချိန်ဖြစ်တဲ့ညနေ ငါးနာရီမှ ဆယ့်တစ်နာရီအတွင်း ဓာတ်အားသုံးစွဲခွင့် မပြုဘူး။ နေ့ပိုင်း အချိန်တွေကျတော့လည်း ဓာတ်အားလုံလောက်မှုမရှိရင် မသုံးရဘူး" ဟု 7DayNews သို့ ပြောသည်။

စက်မှုမြို့သစ်ရှိ စက္ကူစက်လုပ်ငန်းရှင်တစ်ဦးက "နွေရာသီရောက်တိုင်း လျှပ်စစ်မီးက မလုံလောက်ဘူး။ နွေရာသီကာလတွင် ဓာတ်အားသုံးစွဲမှု ပိုမိုများပြားပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမျှတမှု မရှိသည့်အတွက် အများပြည်သူကို ဦးစားပေးဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် စက်ရုံအလုပ်ရုံတွေကို လျှပ်စစ်ဓာတ်အားပေးတာ ကန့်သတ်ပိတ်ပင်ရပါသည်တဲ့ဗျာ။ လျှပ်စစ်ဝန်ကြီးကတော့ လျှပ်စစ်ဓာတ်အားတွေပိုနေလို့ ဈေးကွက်စနစ်အရ အပြင်ထုတ်ရောင်းရပါသည်လို့ ဂျာနယ်တွေမှာဖတ်ရတယ်။ ဒီမှာက စက်ရုံ၊ အလုပ်ရုံတွေ လျှပ်စစ်ဓာတ်အား မလုံလောက်လို့ မလည်ရဘူး" ဟု သူ၏ အမြင်ကို ပြောကြားသည်။



မန္တလေးမြို့ တရုတ်တန်းဈေး ညမြင်ကွင်း

ဓာတ်ပုံ-အားမာန်

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားလုပ်ငန်းက စက်မှုလုပ်ငန်းရှင်များကို ကြေညာချက်ထုတ်ပြန် ထားပြီး ကြေညာချက်တွင် သတ်မှတ်နာရီအတိုင်း စက်ရုံအလုပ်ရုံတွေက မလိုက်နာဘဲ လည်ပတ်ပါက ပထမအကြိမ် ဓာတ်အား ဖြတ်တောက်၍ လျော်ကြေးငွေတွက်ချက်တောင်းခြင်း၊ ဒုတိယအကြိမ်ဖြစ်ပါက ဓာတ်အားဖြတ်တောက်၍ လျော်ကြေးငွေတောင်းခံခြင်းအပြင်ဓာတ်အား တစ်လဖြတ်တောက်ခြင်း၊တတိယအကြိမ်ဖြစ်ပါက ဓာတ်အားဖြတ်တောက်၍ လျော်ကြေးငွေတောင်းခံခြင်းအပြင် ဓာတ်အားသုံးလဖြတ်တောက်ခြင်း၊စတုတ္ထအကြိမ်ဖြစ်ပါက ရဲစခန်းတွင် အမှုဖွင့်တရားစွဲပြီး ရာသက်ပန်ဓာတ်အားဖြတ်တောက်မည်ဟု သတ်မှတ်ထားသည်။

## လိုင်စင်မဲ့ ပြိုင်ကားတစ်စီးကို မန္တလေးတွင် ဖမ်းဆီးအရေးယူ

စိုင်းသာအောင်

မန္တလေး၊ ဧပြီ - ၂၇

ဧပြီ ၂၄ ရက်က ချမ်းမြေ့သာစည်မြို့နယ်၊မြို့ပတ်လမ်းမကြီးပေါ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်နေစဉ် ၅၈/ ×××× နံပါတ်တပ်ဆင်ထားသော စီလီကာအမျိုးအစား အဖြူရောင် ပြိုင်ကားတစ်စီးအား စစ်ဆေးရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်ထားသော ကားမဟုတ်ဘဲ လိုင်စင်မဲ့ ကားအဖြစ် စစ်ဆေးတွေ့ရှိခဲ့သဖြင့် ကားကိုသိမ်းဆည်းပြီး ယာဉ်မောင်းသူ ဦး××× အား အမှတ် ၁၀ ရဲစခန်းမှ (ပ) ၁၅၃/ ၂၀၁၂၊သွင်းကုန်ထုတ်ကုန်ဥပဒေပုဒ်မ၅(၁)အရအမှုဖွင့်အရေးယူဆောင်ရွက်ထားသည်။

## မန္တလေးမြို့သစ် အဓိကလမ်းမကြီးများ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

စိုင်းသာအောင်

မန္တလေး၊ ဧပြီ - ၂၇

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်စက်မှုမြို့သစ်ရှိ အဓိကလမ်းမကြီးများကို စက်မှုလုပ်ငန်းရှင်များက ကိုယ့်အားကိုယ်ကိုးခင်းလျက်ရှိရာ အဓိကလမ်းမကြီး ၄ ခုရှိသည့်အနက် ၃ ခုကို အဆင့်မြင့်ကွန်ကရစ်လမ်းမကြီးများအဖြစ် ခင်းပြီးဖြစ်ကြောင်း လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးမြင့်သန်း (သံလွင်မြန်မာ) က 7Day News သို့ ပြောသည်။

စက်မှုလုပ်ငန်းရှင်တစ်ဦးက "လမ်းတွေကို ကျွန်တော်တို့စက်မှုလုပ်ငန်းရှင်တွေက ညှိနှိုင်းပြီး ငွေကောက်တယ်။ လမ်းဘေးမြေကွက်တစ်ဧက ကျပ် ၇၅ သိန်းနဲ့ ကျန်မြေကွက်တွေကို တစ်ဧကကျပ် သိန်း ၅၀ နဲ့ သိန်း ၅၀ အောက်ကောက်ခံပါတယ်။ လမ်းတွေကောင်းလို့ ဆိုင်ကယ်တွေ အရမ်းစီးကြတော့၊ ကနောင်မင်းသားကြီးလမ်းမကြီးတွေမှာ ဒီရက်ပိုင်းဆိုင်ကယ်တိုက်မှု ၁၂ မှုဖြစ်ပြီး လူ ၈ ဦးသေဆုံးခဲ့ပါတယ်" ဟု ပြောသည်။

## ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ဝင်ကြေးများ တိုးမြှင့်ကောက်ခံမည်

ညီညီဇော်

မန္တလေး၊ ဧပြီ-၂၆

မန္တလေးမြို့ရှိ ရတနာပုံတိရစ္ဆာန်ဥယျာဉ် ဝင်ကြေးများကို ဧပြီလ ၁ ရက်မှ စတင်ကာ တိုးမြှင့်ပြောင်းလဲကောက်ခံနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

လူကြီးတစ်ဦးလျှင် ကျပ်၅၀၀ မှ ကျပ်၁၀၀၀ သို့လည်းကောင်း၊ ကလေးတစ်ဦးလျှင်ကျပ် ၂၀၀ မှ ခုကျပ်၅၀၀ သို့လည်းကောင်း၊ တိုးမြှင့်ကောက်ခံနေပြီး သံဃာနှင့်သီလရှင်ကိုမူ ယခင်နှုန်းအတိုင်း ကျပ် ၂၀၀ နှုန်း ကောက်ခံနေသည်ဟု ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ကုမ္ပဏီလုပ်ကိုင်တဲ့ တစ်နှစ်အတွင်းမှာ ဝန်ထမ်းတွေကို လစာတိုးပေးရတာတွေရှိတယ်။ နောက်ပြီး ဥယျာဉ်တိုးတက်အောင်လုပ်ရတဲ့ အပိုင်းတွေရှိတယ်။ နောက်ထပ်လည်း တိရစ္ဆာန်ဥယျာဉ်အဆင့်မြှင့်တင်ဖို့လည်းရှိတော့ တိုးမြှင့်ကောက်ခံရခြင်းဖြစ်ပါတယ်"ဟု ဝင်ကြေးတိုးမြှင့်ရခြင်းနှင့်ပတ်သက်ပြီး ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ အုပ်ချုပ်ရေးမှူးက ပြန်လည်ဖြေကြားသည်။

ရတနာပုံတိရစ္ဆာန်ဥယျာဉ်အနီးတွင် ဈေးရောင်းချနေသူ အမျိုးသားတစ်ဦးက "ဝင်ကြေးတွေ တက်သွားတော့ ညှော့နည်းသွားတာပေါ့။ တချို့တောဘက်က လာတဲ့လူတွေကျတော့ လေးငါးဆယ်လောက် တစ်ပြုံကြီးလာကြတာဆိုတော့ တစ်ထောင်ဆိုတဲ့ ငွေက မနည်းတော့ မဝင်နိုင်ဘဲ ပြန်လှည့်သွားကြတယ်။ ကျွန်တော်တို့လည်း အရောင်းပါးတာပေါ့" ဟုဆိုသည်။ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကို ၂၀၁၁ ခုနှစ် ဧပြီလမှ စတင်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလက်အောက်မှ ထူးကုမ္ပဏီက လွှဲပြောင်းလုပ်ကိုင်ခဲ့ပြီး တစ်နှစ်ပြည့်မြောက်သည့် ယခုလမှစတင်၍ ဝင်ကြေးများတိုးမြှင့်ကောက်ခံခဲ့ခြင်းဖြစ်သည်။

## အရက်အမူးလွန်ပြီး မိမိကိုယ်ကို ဓားဖြင့်ထိုးကာ ရေတွင်းထဲခုန်ချ

မျိုးမင်းဦး

မုံရွာ၊ ဧပြီ - ၂၆

မုံရွာမြို့၊ ရန်ကင်းရပ်ကွက် နေထိုင်သူတစ်ဦးသည် အရက်အလွန်အကျွံသောက်သုံးခဲ့သည့်နောက်ပိုင်း မိမိကိုယ်မိမိ ဓားဖြင့်ထိုးကာ ရေတွင်းထဲ ခုန်ချခဲ့ပြီးဒဏ်ရာဖြင့်မုံရွာပြည်သူ့ဆေးရုံကြီးတွင် ဧပြီလ ၂၀ ရက် မွန်လွဲ ၁၂ နာရီခွဲအချိန်က ဆေးဝါးကုသမှုခံယူနေစဉ် ရရှိထားသော ဒဏ်ရာဖြင့် ည ၁၀ နာရီခွဲအချိန်တွင် သေဆုံးသွားကြောင်း သတင်းရရှိသည်။

အဆိုပါဖြစ်စဉ်မှာ မုံရွာမြို့၊ ရန်ကင်းရပ်ကွက်၊ ငြိမ်းချမ်းရေးနယ်မြေနေထိုင်သူ မောင်ကျော်သီဟ(ခ)ဖိုးသားကြီး(၃၀နှစ်)သည် အရက်အလွန်အကျွံသောက်သုံးခဲ့သဖြင့်အရက်ကြောင်ကြောင်ပြီး နေအိမ်မှ အရိုးအသွားရှစ်လက်မခန့်ရှိစတီးရိုးတပ်ကြက်သွန်လှီးဓားဖြင့် မိမိကိုယ်ကို ဓားဖြင့်ထိုးကာ အနီးရှိရေတွင်းထဲသို့ ခုန်ချခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မုံရွာမြို့နယ် အမှတ်(၂)ရဲတပ်ဖွဲ့စခန်းမှ ကျော်သီဟ(ခ) ဖိုးသားကြီးအား (ပ)အမှတ် ၁၈၅/ ၂၀၁၂ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၉ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ပုဂံအမြန် အစုန်ရထား လမ်းချော်

ငွေငွေမောင်

နွားထိုးကြီး၊ ဧပြီ-၂၃

မန္တလေးမှပုဂံသို့လာသော စက်ခေါင်းအမှတ် DD1214 ပုဂံအမြန် အစုန်ရထား ၁၂၀ သည် နွားထိုးကြီးနှင့် ဝက်လူးဘူတာကြားဒေါင်းဦးရွာအနီး မိုင်တိုင် ၄၀၀/ ၁၁ နှင့် ၁၂ကြားတွင် BDUE2 10846 တွဲအမှတ်တွဲ လူစီးရှစ်တွဲမှ ဒုတိယတွဲလမ်းချော်ကျမှု ယခုလ ၁၇ ရက်၊ နံနက် (၁၀)နာရီက ဖြစ်ပွားခဲ့သည်။

ထိခိုက်ဒဏ်ရာရမှု မရှိသော်လည်း နိုင်ငံခြားခရီးသည် (၂၆)ဦး ယင်းရထားပေါ်တွင် လိုက်ပါစီးနင်းခဲ့သည်ဟုဆိုသည်။ ရထားကို မြင်းခြံ-မန္တလေး- မြို့သာ-နွားထိုးကြီး ရထားလမ်းပြင်လုပ်သားများနှင့် ပြင်ဆင်နေသည်။

ပုဂံအမြန်လမ်း၌ ဇလီဖားတုံး၊ မီးရထားလမ်းသုံးကျောက်များ ထပ်ဖြည့်ပြင်ဆင်ချိန်တွင် ယခုကဲ့သို့ လမ်းချော်မှုပထမဦးဆုံးဖြစ်ပွားခြင်းဖြစ်သည်ဟု သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# မန္တလေးမြို့ ကားအရောင်းစင်တာများ ကားဝယ်သူများစိတ်ဝင်စား

**စိုင်းသာအောင်**

**မန္တလေး၊ မေ - ၂၇**

မန္တလေးမြို့နှင့် မြန်မာပြည်အထက်ပိုင်းမှ ကားဝယ်လိုသူများ၊ ဝန်ဆောင်မှုစရိတ်ကိုသာယူပြီး နိုင်ငံတကာမှကားများအားပစ္စည်းမှန်ဈေးမှန်ဖြင့် ဝယ်ယူနိုင်ရေးနှင့် ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုသူများအတွက်ဘဏ်ချေးငွေဖြင့်ဝယ်ယူရရှိနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း Themis Service Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းလင်းက ပြောသည်။



အဆိုပါ ကုမ္ပဏီအနေဖြင့် မန္တလေးမြို့ချမ်းမြေ့သာစည် မြို့သစ် (၂) ရပ်ကွက် သိပ္ပံလမ်းနှင့် ၆၉ လမ်းထောင့်တွင် အရောင်းစင်တာဖွင့်ထားပြီး မေပြီပထမပတ်မှသကြန်အကြိုနေ့ မေပြီ ၁၂ ရက်အထိ ကားအစီး (၁၅) စီးရောင်းပြီးကြောင်း၊ ကားရောင်းရာတွင် ကား၏ မန္တလေးရောက်တန်ဖိုးနှင့် ဝန်ဆောင်မှုစရိတ်ကိုပါ ကဒ်ပြားချိတ်၊ ဈေးနှုန်းဖော်ပြရောင်းချကြောင်း သိရသည်။

မန္တလေးနှင့် အထက်မြန်မာပြည်ဈေးကွက်တွင် ကားအဝယ်လိုက်လာမှုကြောင့် ကားအရောင်းစင်တာများ ဖွင့်လှစ်ရန် စိတ်ဝင်စားမှုများပြီး နေရာရွေးချယ်လျက်ရှိကြသည်။

ချယ်ရီဝက်ဂွန်းကားအတွင်းပြခန်းကိုလည်း မေလဒုတိယပတ်တွင် ဖွင့်လှစ်နိုင်ရေးတွက် ကုမ္ပဏီတစ်ခုမှ ချမ်းအေးသာစံမြို့နယ်အတွင်းနေရာရှာဖွေလျက်ရှိပြီး ချယ်ရီဝက်ဂွန်ကားတစ်စီးလျှင် အမေရိကန်ဒေါ်လာ ၅၈၀၀ ခန့် ပေါက်ဈေးရှိပြီး အကောက်ခွန်၊ ကညနအခွန်၊ ပြည်တွင်းအခွန်များပါ ပါဝင်ပါက ကားတစ်စီးကျပ်သိန်း ၁၀၀ ခန့်သာ ရှိသဖြင့် မန္တလေးမြို့လူထုက စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

# သူငယ်ချင်း ရန်ဖြစ်သည့်ကြား ဝင်ရောက်ဖျန်ဖြေရာမှ ဓားခုတ်ခံရ

**မျိုးမင်းဦး**

**မုံရွာ၊ မေပြီ - ၂၆**

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာတွင် သူငယ်ချင်းဖြစ်သူနှင့်အတူ လက်ဖက်ရည်ဆိုင်သို့သွားစဉ် လမ်းခုလတ် ဘိလိယက်ခုံမှ လူနှစ်ဦးက သူငယ်ချင်းဖြစ်သူအား ဝိုင်းဝန်းထိုးနှက်ခဲ့သဖြင့်ဝင်ရောက်ဖျန်ဖြေရာမှဓားခုတ်ခံရသည့်ဖြစ်စဉ် မေပြီ ၁၇ ရက် ည ၁၀ နာရီအချိန်တွင် ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဘုတလင်မြို့နယ်၊ မောင်းထောင်ကျေးရွာနေ မောင်မျိုးဝေ (၂၂နှစ်)သည် တစ်ရွာတည်းနေ သူငယ်ချင်းဖြစ်သူမောင်ဇော်ထွန်းနှင့်အတူ ကျေးရွာအနီးရှိ ×××× လက်ဖက်ရည်ဆိုင်သို့ ထွက်လာစဉ် ဦးရွှေဒွေး၏ ဘိလိယက်ခုံအတွင်းမှတစ်ရွာတည်းနေ မောင်သန့်စင်အောင်(၂၂နှစ်)နှင့် မောင်ခန့်မော်(၂၁နှစ်) တို့နှစ်ဦးထွက်လာပြီး မောင်ဇော်ထွန်းအားဝိုင်းဝန်းထိုးကြိတ်ခဲ့ရာမောင်မျိုးဝေက ဝင်ရောက်ဖျန်ဖြေခဲ့သဖြင့် မောင်သန့်စင်အောင်တို့နှစ်ဦးကျေးရွာသို့ ပြန်လာခဲ့ကြောင်း သိရသည်။

မောင်မျိုးဝေနှင့် မောင်ဇော်ထွန်းတို့နှစ်ဦး လမ်းဆက်လျှောက်ခဲ့ရာ ဆေးရုံရှေ့အရောက် မောင်သန့်စင်အောင်နှင့် မောင်ခန့်မော်တို့နှစ်ဦး ဆိုင်ကယ်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့ပြီး အသင့်ယူဆောင်လာသည့်တစ်တောင်ခန့်ရှိသည့် ဓားဖြင့် ခုတ်ရာ မောင်မျိုးဝေ၏ ဝဲဘက်နဖူးနှင့် မျက်ခုံးအနီး ပြတ်ရှဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ မေပြီ ၁၉ ရက်တွင် ဓားဖြင့် ခုတ်သော မောင်သန့်စင်အောင်နှင့် မောင်ခန့်မော်တို့ နှစ်ဦးအား ဘုတလင် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ(ပ)အမှတ် ၉၁/၂၀၁၂၊ ပြစ်မှုဥပဒေပုဒ်မ ၃၂၄/၃၁၃ အရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

# ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ၏ ဆက်ဆံရေးရုံးများကို ကျောက်တော်နှင့် ပလက်ဝမြို့များတွင် ဖွင့်လှစ်သွားမည်

**မောင်ကံ**

**ကျောက်တော်၊ မေပြီ-၂၄**

ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီ၏ ဆက်ဆံရေးရုံးများကို ကျောက်တော်နှင့်ပလက်ဝမြို့များတွင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဧပြီလ(၄)ရက်က ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ဝင်များနှင့်ရခိုင်ပြည်လွတ်မြောက်ရေးပါတီငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးရာတွင် သဘောတူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ်မှ အဖွဲ့ခေါင်းဆောင်အဖြစ်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်း ဦးဆောင်သော အဖွဲ့ဝင်(၃)ဦးနှင့် ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ(အေအယ်လ်ပီ) မှ အဖွဲ့ခေါင်းဆောင် တွဲဖက်အထွေထွေအတွင်းရေးမှူး(၂)ဦးခိုင်သုခနှင့် အဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲကို ဧပြီလ (၄) ရက်နှင့် (၅)ရက်တို့တွင် နှစ်ဦးနှစ်ဖက်သဘောတူညီမှုများအား ပြေလည်မှုရရှိသည်အထိ ညှိနှိုင်းခဲ့ကြပြီး အချက်(၅)ချက်ပါသဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။ နှစ်ဦးနှစ်ဖက်သဘောတူညီချက်များအရ တပ်မတော်နှင့် ရခိုင်ပြည်နယ် လွတ်မြောက်ရေးပါတီတို့မှာ ၂၀၁၂၊ ဧပြီလ (၆)ရက်မှစကာအပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကို ရပ်ဆိုင်းထားရန်၊ နှစ်ဦးနှစ်ဖက်အပြန်အလှန် ပြောဆိုဆက်ဆံဆွေးနွေးမှုများပြုလုပ်နိုင်ရန်အတွက် ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီ၏ ဆက်ဆံရေးရုံးများကို ကျောက်တော်နှင့် ပလက်ဝမြို့များတွင် ဖွင့်လှစ်ရန်၊ အပစ်အခတ် ရပ်ဆိုင်းထားစဉ်ကာလအတွင်း နှစ်ဦးနှစ်ဖက်သဘောတူညီထားသောနေရာများမှအပ နယ်မြေကျော်လွန်၍ လက်နက်ကိုင်ဆောင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်၊ အပစ်အခတ်ရပ်စဲသွားစဉ်ကာလအတွင်း ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီဝင်များအား လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ လွတ်လပ်စွာ ခရီးသွားလာခွင့်ပြုရန်၊ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် ရခိုင်ပြည်နယ်လွတ်မြောက်ရေးပါတီမှဖွဲ့စည်းသည့်ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့များသည် နှစ်ဦးနှစ်ဖက် သဘောတူညီသော နေရာ၊ သဘောတူညီသော အချိန်ကာလတွင် ရခိုင်ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးစသည့် ကိစ္စရပ်များ ဖော်ဆောင်နိုင်ရေးအတွက် ဆက်လက်တင်ပြညှိနှိုင်းဆွေးနွေးသွားကြရန် အချက်များကို သဘောတူခဲ့ကြကြောင်း သိရသည်။

# မောင်တောနယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ပထမအကြိမ် အစည်းအဝေးတွင် အခွန်ကိစ္စကို အများဆုံးတင်ပြ

**မောင်ကံ**

**မောင်တော၊ မေပြီ-၂၄**

၂၀၁၂-၁၃ ဘဏ္ဍာနှစ်စ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ဧပြီလ (၂၄)ရက်နေ့လယ် (၂)နာရီက မောင်တောနယ်စပ်ကုန်သည်များအသင်းရုံးရှိ ဒေဝါနဒီခန်းမတွင် ကျင်းပခဲ့ရာ ကုန်သွယ်သူများက ပို့ကုန်/သွင်းကုန်များအပေါ် ပေးဆောင်နေရသည့် အခွန်ကိစ္စကို အများဆုံးတင်ပြခဲ့ကြကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အများဆုံး သွင်းကုန်တစ်မျိုးဖြစ်သည့် ဓာတ်မြေဩဇာများတင်သွင်းရာတွင် ယခင်ကအခွန်ပေးဆောင်ရန် မလိုသော်လည်း ယခုအခါ သွင်းကုန်ပစ္စည်းအားလုံးအပေါ် အခွန်ငါးရာခိုင်နှုန်း ပေးဆောင်နေရသည့်အတွက် အခွန်ပေးဆောင်ရခြင်းနှင့်အတူ ကုန်ပစ္စည်း၏ ဈေးနှုန်းမှာလည်းမြင့်မားလာကြောင်း၊ ကုန်ပစ္စည်းဈေးနှုန်းမြင့်မားလာပါက တောင်သူများအတွက် သွင်းအားစုကုန်ကျစရိတ်မှာ ပိုမိုကုန်ကျလာသဖြင့် လယ်ယာသုံးပစ္စည်း၏ သွင်းကုန်ခွန်ကို ယခင်အတိုင်း လျှော့ပေါ့ပေးရန် လိုအပ်ကြောင်း တင်ပြခဲ့သည်။

မောင်တောနယ်စပ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့နေရသည့် သစ်တောထွက် ပစ္စည်း ဝါး၊ ဓနိ၊ ကြိမ်များမှာ ကုန်ကြမ်းအဖြစ်တင်ပို့ပါက ကုန်သွယ်ခွန်(၇)ရာခိုင်နှုန်းသာပေးဆောင်ရသော်လည်း သစ်တောခွန်(၁၀)ရာခိုင်နှုန်းပေးနေရသဖြင့် ကုန်သွယ်မှုလုပ်ငန်းမှာ အဖြစ်သဘောသာ လုပ်ကိုင်နေရကြောင်းဆိုသည်။

ဆက်လက်၍ မောင်တောနယ်စပ်စခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ သစ်တောထွက်ပစ္စည်းများကိုလိုင်စင်လျှောက်ထားရာတွင် ယခင်ခရိုင်ဦးစီးဌာနမှူးရုံးမှ တိုက်ရိုက်လျှောက်ထားနိုင်ခဲ့သော်လည်း ယခုအခါ မြို့နယ်ရုံးမှ တစ်ဆင့်လျှောက်ထားရသည့်အတွက် ပို့ကုန်များတင်ပို့ရာတွင် ကြန့်ကြာမှုများရှိနေကြောင်း ကုန်သွယ်သူတစ်ဦးက တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

# လမ်းဘေးလောင်စာဆီရောင်းသူများ ဝမ်းရေးအတွက် ဆက်လက်ရောင်းချနေ

**စိုင်းသာအောင်**

**မန္တလေး၊ မေပြီ - ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း လောင်စာဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ များအားခွင့်ပြုချက် မရရှိဘဲ လမ်းဘေးတွင် ရောင်းချခြင်းမပြုရန် တားမြစ်ထားသော်လည်း တရားမဝင်လောင်စာဆီရောင်းသော ဆိုင်များက တစ်ပြလျှင် အနည်းဆုံး နှစ်ဆိုင်မှ အများဆုံးရှစ်ဆိုင်အထိ ရောင်းချနေကြောင်း မြို့ခံများထံမှ သိရသည်။

မန္တလေးမြို့ပေါ်တွင် ဆိုင်ကယ်စီးရေများခြင်းက အဆိုပါလောင်စာဆီ (ဓာတ်ဆီ) ရောင်းချသောဆိုင်များ ပေါ်များစေပြီး မြို့တော်စည်ပင်က အရေးယူဖမ်းဆီးဒဏ်ရိုက်သော်လည်း အဆိုပါဆိုင်များမှာ လျော့နည်းသွားခြင်းမရှိကြောင်း မိသားစုဝမ်းရေးနှင့်လည်းသက်ဆိုင်နေကြောင်း လမ်းဘေးလောင်စာဆီရောင်းသူများထံမှ သိရသည်။

လမ်း ၈၀၊ ၁၆ လမ်းနှင့် ၁၇ လမ်းကြား လမ်းဘေးဓာတ်ဆီရောင်းသူတစ်ဦးက "မြို့တော်စည်ပင်က ညွှန်ကြားတာမှန်ပါတယ်။ အခြားအလုပ်ကလည်း လုပ်ရတာအဆင်မပြေတော့ မြို့တော်စည်ပင်က ဖမ်းရင်လည်း လိုက်သွားတယ်။ မြို့တော်စည်ပင် တရားရုံးမှာ ဒဏ်ငွေ ၁၀,၀၀၀ ပေးဆောင်ရတယ်။ ဒါပေမဲ့ ရုံးကဒဏ်ငွေဆောင်ပြီး ဓာတ်ဆီထပ်ရောင်းပါတယ်။ တစ်ရက်ဓာတ်ဆီ အနည်းဆုံး လေးဂါလန်မှ ဆယ်ဂါလန်အထိ လက်လီရောင်းရတော့ တစ်ရက်ဝင်ငွေ အနည်းဆုံး ၃,၀၀၀ မှ ၇,၀၀၀ ကျပ်အထိရတယ်။ ဝမ်းရေးမို့ဆက်လုပ်ရပါတယ်" ဟု ပြောကြားသည်။

# စမာရေလွှဲဆည်ရေထုတ်စီမံကိန်းကို ဒေသခံများ လေ့လာဆန်းစစ်စေလို

**ညီညီဇော်**

**မန္တလေး၊ မေ ၂၉**

မြစ်သားမြို့ဧရိယာအတွင်းရှိ ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော စမာရေလွှဲဆည်တွင်ကျပ်သိန်းပေါင်းထောင်ချီ အကုန်အကျခံကာ ထပ်မံတည်ဆောက်မည့် အရေးပေါ်သဲထုတ်ရေတံခါး စီမံကိန်းကို ဒေသခံ အများစုအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းနိုင်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်စေလိုကြောင်း ဒေသခံများက ပြောသည်။

အဆိုပါစီမံကိန်းကို သကြၤန်အပြီးကာလတွင် စတင်နေပြီဖြစ်ပြီးကျပ်သိန်းပေါင်း ၇,၀၀၀ ကျော် အကုန်အကျခံတည်ဆောက်ရန် စီစဉ်နေသည်ဟုကြားသိရကြောင်း မြစ်သားမြို့ ဒေသခံများက ပြောကြားသည်။

"အဲဒီစမာရေလွှဲဆည်က ဘယ်ဒေသကိုမှ အကျိုးမပြုပါဘူး။ ဒါကို အားလုံးလည်း သိပါတယ်။ အကျိုးမပြုတဲ့ ဆည်မှာ နောက်ထပ် စီမံကိန်းတစ်ခု ငွေကုန်ကြေးကျခံပြီး ဆက်လုပ်သင့် မသင့် သေချာစဉ်းစားစေလိုပါတယ်" ဟု မြစ်သားမြို့ ဒေသခံတစ်ဦးက ပြောသည်။ စီမံကိန်းလုပ်ငန်းများကို ဆက်လက်မလုပ်ကိုင်ဘဲ ရပ်နားထားပါက စမာရေလွှဲဆည်တွင် နှစ်စဉ်ရေကြီးမှု သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး ပန်းလောင်မြစ်ဘေးရှိ ကျေးရွာနှင့် စိုက်ခင်းများ ရေကြီးနစ်မြုပ်မှုများ ခံရနိုင်သည်ဟု ၎င်းစီမံကိန်းကို ဆောင်ရွက်နေသော ကျောက်ဆည်မြို့ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ဆိုသည်။

"သူတို့ပြောသလို ရေမကြီးအောင်လုပ်မယ်ဆိုရင် ပိုက်ဆံသိန်းထောင်ချီ ကုန်စရာမလိုပါဘူး။ အကျိုးမပြုတဲ့ ဆည်ကို ဖျက်စရာလည်းမလိုပါဘူး။ ရေမထိန်းတော့ဘဲ သူ့သဘာဝအတိုင်း ထားပေးလိုက်ရင် ရေလည်းကြီးစရာအကြောင်းမရှိဘူး။ ငွေမကုန်ဘဲ အကျိုးရှိသွားမှာပါ။ နိုင်ငံတော်ပိုင်ဘဏ္ဍာတွေကိုဒီထက်အကျိုးဖြစ်ထွန်းမယ့် နေရာမျိုးမှာ သုံးစေချင်တာပါ" ဟု ရေလွှဲဆည်အကြောင်း တတ်သိနားလည်သည့် မြစ်သားမြို့ခံတစ်ဦးက အကြံပြုပြောသည်။

# ကျောက်တော်နာရေးကူညီမှုဖောင်ဒေးရှင်းတွင် မီးသင်္ဂြိုဟ်စက်တပ်ဆင်ရန် စီစဉ်

**မာန်ယုကျော်**

**ကျောက်တော်၊ မေ ၂၃**

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့တွင် ဖွဲ့စည်းထားသည့် နာရေးကူညီမှုဖောင်ဒေးရှင်းတွင် မီးသင်္ဂြိုဟ်စက်တစ်လုံး တပ်ဆင်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ မီးသင်္ဂြိုဟ်တစ်လုံး တပ်ဆင်ရန်အတွက် မြောက်ဦးမြို့၊ ရတနာ့မာရ်အောင် ဆရာတော်က ငွေကျပ်သိန်း ၆၀ မတည်လှူဒါန်းမည်ဖြစ်ပြီး စုစုပေါင်းကုန်ကျမည့် ငွေပမာဏမှာ ငွေကျပ်သိန်း ၁၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။ ယင်းဖောင်ဒေးရှင်းကို ကျောက်တော်မြို့ပေါ်နှင့် မြို့နယ်အတွင်းရှိကျေးရွာများတွင် နာရေးကိစ္စများဖြစ်ပေါ်လာတိုင်း ကူညီဖြေရှင်းပေးရန် ရည်ရွယ်၍ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်တွင်ကျောက်တော်မြို့ပေါ်မှ စေတနာရှင်တစ်စုတို့ စုပေါင်း၍ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မြို့နယ်တွင်းနာရေးဖြစ်ပေါ်လာပါက အဆိုပါဖောင်ဒေးရှင်းမှ နိဗ္ဗာန်ယာဉ်တစ်စီးအပြင် နာရေးမိသားစုအတွက်လည်း ယာဉ်သီးသန့်တစ်စီးဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး အခမဲ့တွင်းတူးမြေမြှုပ်သင်္ဂြိုဟ်ပေးခြင်း၊ နာရေးမိသားစုအတွက် လိုအပ်သည့် မီးစက်၊ တာပေါ်လင်စ၊ ထိုင်ခုံ၊ အိုးခွက်၊ ပန်းကန်စသည့်ပစ္စည်းများကို အခမဲ့ငှားရမ်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ယင်းအပြင် မြို့နယ်အတွင်းတွင် ကုန်းလမ်းခရီးဖြင့်မသွားရောက်နိုင်သည့်ဒေသများသို့ ရေလမ်းခရီးဖြင့် သွားရောက်ပြီး နာရေးကိစ္စများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ ရခိုင်ပြည်နယ်အတွင်း စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့များတွင် နာရေးကူညီမှုဖောင်ဒေးရှင်းများ၊ အသင်းများ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်ပေးလျက်ရှိနေသည်။

# မောင်တောနယ်စပ် ကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပမာဏ ယခင်နှစ်ထက် ဒေါ်လာနှစ်သန်း ပိုများ

**မောင်ကံ**

**မောင်တော၊ မေ ၂၈**

၂၀၁၁-၁၂ဘဏ္ဍာနှစ်မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း၏ နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ကန်ဒေါ်လာ ၈ သန်းကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာနှစ်သန်းကျော်ပိုများခဲ့ကြောင်း မောင်တောနယ်စပ်ကုန်သွယ်စခန်း တာဝန်ခံ ဦးစိုးဝင်းမောင်က 7Day News ပြောကြားသည်။

၂၀၁၀-၁၂ ဘဏ္ဍာနှစ်တွင် ထိုစခန်း၏ ကုန်သွယ်မှုပမာဏမှာ ကန်ဒေါ်လာ၆ ဒသမ ၆၅၀ သန်းရှိပြီး ယခု ဘဏ္ဍာနှစ်တွင်ဒေါ်လာ ၈ ဒသမ ၅၂၂ သန်းရရှိကာ ယခင်နှစ်ထက်ဒေါ်လာ ၂ ဒသမ ၁၀၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ် နှစ်နိုင်ငံကုန်သွယ်မှုပမာဏအရ ပို့ကုန်တင်ပို့နိုင်မှုမှာ ဒေါ်လာ ၇ ဒသမ ၈၃၀ သန်းနှင့် သွင်းကုန်တင်သွင်းမှုမှာ ဒေါ်လာ ၀ ဒသမ ၆၉၂ သန်းဖြစ်သည့်အတွက် ပို့ကုန်တင်ပို့မှုအားကောင်းခဲ့ကြောင်း ဆိုသည်။ နယ်စပ်ကုန်သွယ်မှု ပမာဏများ ယခင်နှစ်ထက် ပိုမိုတိုးတက်လာခြင်းမှာ ရေထွက်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများအပေါ် အခွန်လျှော့ပေါ့ပေးခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကုန်သွယ်သူများ ပြောကြားသည်။



ဓာတ်ပုံ - မောင်ကံ

# ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေကို ပြန်လည်ထူထောင်ရန် အစီအစဉ်မရှိသေး

**မောင်ကံ**

**မောင်တော၊ မေ ၂၈**

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေကို ပြန်လည်ထူထောင်ရန် အစီအစဉ်မရှိသေးကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

နေပြည်တော်တွင် ကျင်းပလျက်ရှိသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး ၂၀ ရက်မြောက်နေ့တွင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေကို နိုင်ငံတော်က ပြန်လည်ထူထောင်ရန် အစီအစဉ်ရှိ၊ မရှိနှင့် သိမ်းယူထားသည့် အုန်းခြင်းများအား မူလပိုင်ရှင်များသို့ပြန်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိလိုကြောင်း မေးမြန်းချက်ကို ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဂွမြို့နယ် ကမ်းသာယာကမ်းခြေမှ ဦးပိုင်အမည်ပေါက် မြေဧရိယာ ၃၀၇ ဒသမ ၇၂ ဧကရှိတောင်သူ ၁၉၂ ဦးအတွက် နှစ်ရှည်သီးနှံ လျော်ကြေးငွေ ၇၃၆၂၄၇၀ ကျပ်၊ တောင်သူ ၁၉၇ ဦးအတွက် မြေလျော်ကြေးငွေ၇၀၀၄ကျပ်၊တောင်သူ ၃၉ ဦးအတွက် ယာယီတဲအိမ်နှင့် ပျဉ်းထောင်အိမ်ပြောင်းရွှေ့စရိတ်လျော်ကြေးငွေ ၂၆၃၈၃၅ ကျပ်၊ စုစုပေါင်း လျော်ကြေးငွေ ၇၉၃၃၃၀၉ ကျပ်အား ၁၉၉၈ ခုနှစ် မတ်နှင့် ဧပြီလအတွင်း ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့နောက် ကမ်းသာယာကမ်းခြေရှိမြေဧရိယာ ၄၂၇ ဒသမ ၄၁ ဧက အနက်မှ မြေ ၄၅ ဒသမ ၈၂ ဧက ပေါ်တွင် အဆောက်အအုံ ၂၀ ဖြင့်ကမ်းသာယာ အပန်းဖြေစခန်းအား ဆောက်လုပ်ခဲ့ရာ ၂၀၀၆ ခုနှစ်က တိုက်ခတ်ခဲ့သည့် မာလာ မုန်တိုင်းကြောင့် ကမ်းသာယာရှိဟိုတယ် ၁၄ လုံး ပြိုကျခဲ့ပြီး လက်ရှိအခြေအနေတွင် အဆောက်အအုံ ၂၀ ရှိသော်လည်း အဆင်ပြေတည်းခိုနိုင်သော အဆောက်အအုံ ၃ လုံးနှင့် အခန်း ၅ ခန်းသာရှိကြောင်း ဖြေကြားခဲ့သည်။

# တရားမဝင် ကျွဲ၊ နွားကုန်ကူး ရောင်းဝယ်မှုကို ဖမ်းဆီးနိုင်ခဲ့

**နိုင်ကြီး(ကသာ)**

**ကသာ၊ မေ ၂၃**

ဧပြီလ ၂၁ ရက် နံနက်(၇း၁၅) နာရီအချိန်တွင် နွား ၁၄ ကောင်ကို တရားမဝင်ရောင်းချရန် ခေါ်ဆောင်လာစဉ် ကသာမြို့နယ်၊ အောက်ဝဲကြီးကျေးရွာ၌ ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ တရားခံများဖြစ်ကြသည့် ၁။ ဇော်ဝင်းသိန်း (၂၉) နှစ်၊ ၂။ ကျော်ဇင်ဝင်း (၂၈)နှစ်၊ ၃။ ဇော်ထွေး (၃၂)နှစ်၊ ၄။ ဖိုးစီ (၃၄)နှစ်၊ ၅။ စန်းမောင်(၃၂)နှစ်၊ ၆။ စိန်ရွှေ(၃၂)နှစ်၊ ၇။ မင်းဇင်ဦး(၃၁)နှစ်တို့သည် နွားထီး(၁၃) ကောင်၊ နွားမ(၁)ကောင် စုစုပေါင်း နွား(၁၄)ကောင်တို့အားတစ်ကောင်ချင်းမောင်းနှင်လာသည့်စနစ်ဖြင့် တရုတ်နိုင်ငံနယ်စပ်မြို့သို့ ရောင်းချရန်အတွက် ခေါ်ဆောင်လာသည်ဟုဆိုသည်။ အဆိုပါနေ့တွင် ကသာမြို့နယ်၊ အောက်ဝဲကြီးကျေးရွာရှိဧရာဝတီမြစ်ဆိပ်ကမ်း၌ သက်သေခံပစ္စည်းများနှင့်အတူ တရားခံတို့ကို ဖမ်းဆီးနိုင်ခဲ့သည်။ သတင်းအရ ဖမ်းဆီးရေးအဖွဲ့သည် အောက်ဝဲကြီးကျေးရွာမြစ်ဆိပ်ကမ်းတွင် နွားထီး(၄)ကောင်၊ မြစ်ကမ်းအနောက်ဘက်လယ်ကွင်းတွင် နွားထီး(၉)ကောင်၊ နွားမ(၁)ကောင် တို့ဖြင့် စုစုပေါင်း နွား(၁၄)ကောင်ကိုတွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

၎င်းဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံခုနစ်ဦးအား အသေးစိတ်စစ်ဆေးခြင်း၊ သက်သေများအား စစ်ဆေးခြင်းနှင့် ထိုပြစ်မှုအား ဥပဒေနှင့်အညီ အမြန်ဆုံးတရားစွဲဆိုနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး (ပ) ၁၂၈/၂၀၁၂ အရ အရေးကြီး ကုန်ပစ္စည်းသယ်ဆောင်မှုပုဒ်မ ၈(၁)၊ ၈(၃)အရ ကသာရဲတပ်ဖွဲ့စခန်းမှ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**TRADEMARK CAUTION**

Fonterra TM Limited (formerly Fonterra Brands Limited), a Company incorporated in New Zealand, at 9 Princes Street, Auckland, New Zealand, Change to Fonterra TM Limited at 9 Princes Street, Auckland, New Zealand, is the Owner and Sole Proprietor of the following Trademark:-

Fonterra

IV/3368/2002
4/5856/2007

In respect of : "Int'l Class 29: Milk, milk products; edible oils and fats; margarine and food spreads; proteins and protein products; casein (for food); products used as ingredients in the production of foodstuffs; all included in this class".

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3.May.2012

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# ပဲခူးမြို့ ရေလွှမ်းမှုဘေးမှ ကာကွယ်ရန် ဆောင်ရွက်

**ဖိုးကျော်မြင့်**

**ပဲခူး၊ မေ-၂၃**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် နှစ်စဉ် အနိမ့်ပိုင်းဒေသများ ရေလွှမ်းမိုးမှု မကြုံတွေ့စေရန် အတွက် မြစ်ကြောင်းတစ်လျှောက်ရှိ သောင်ခုံ၁၁ခုကိုဖယ်ရှားရှင်းလင်း လျက်ရှိရာယခုအခါ၉၀ရာခိုင်နှုန်း ခန့်ပြီးစီးနေပြီဖြစ်ကြောင်း သတင်း ရရှိသည်။

ပဲခူးမြို့လယ်ကိုမြောက်ဘက် မှတောင်ဘက်သို့ စီးဆင်းလျက်ရှိ သော ပဲခူးမြစ်မှာ ပဲခူးမြို့အလယ် တံတားကြီးမှ တာဝရေတံခါးအထိ ပဲခူးမြစ်ကြောင်း တစ်လျှောက် သဲသောင်ခုံပေါင်း ၁၁ ခု ပေါ်ထွန်း လျက်ရှိရာ သဲသောင်ခံများ ဖယ်ရှားရှင်းလင်းရေးအတွက် မြေကျင်းပေါင်းနှစ်သိန်းကျော်တူးဖော် ရမည်ဖြစ်ကြောင်း အင်ဂျင်နီယာ များ၏ စစ်တမ်းအရ သိရသည်။



*ပဲခူးမြစ်စံချိန်တင်ရေကြီးခဲ့သော ၂၀၁၁ မိုးကာလ ပဲခူးမြို့တစ်နေရာ*

သဲသောင်များကို မိုးကာလ အမီပြီးစီးရေးအတွက် ဘက်ဟိုး ကားကြီး ၉ စီး၊ Damper ၇ စီး၊ မြေတူးစက်များစသည့် ယန္တရား ကြီးများဖြင့် ဆောင်ရွက်လျက်ရှိ သည်။

# စစ်တွေခရိုင် မြို့အချို့တွင် တရားဥပဒေဆိုင်ရာ အကြံဉာဏ်များ အခမဲ့တောင်းယူနိုင်

**မောင်မိုးသက်(စစ်တွေ)**

**စစ်တွေ၊ မေ-၂၄**

စစ်တွေခရိုင်တွင်းရှိမြို့အချို့ဖြစ် ကြသည့်စစ်တွေ၊ပေါက်တော၊မင်း ပြား၊ မြေပုံ၊ ပုဏ္ဏားကျွန်းနှင့် ရသေ့ တောင်မြို့များ၌ တရားဥပဒေရေး ရာနှင့် သက်ဆိုင်သော အကြံအ ဉာဏ်များကို အခမဲ့ပေးခြင်း၊ ပြည် သူများသို့ သိသင့်သိထိုက်သော ဥ ပဒေအခြေခံများကို သိရှိနားလည် သဘောပေါက်အောင်နှင့် ကလေး သူငယ်မှုခင်းကိစ္စရပ်များတွင် တရားရုံး၌ တရားစွဲဆိုခံရပါက "အခမဲ့"လိုက်ပါကူညီဆောင်ရွက် နိုင်ကြောင်း စေတနာ့ဝန်ထမ်း အ ထက်တန်းရှေ့နေများက ပြော ကြားသည်။

"အခုလို ကူညီမယ်ဆိုတာ ကိုယ်ကျိုးမပါဘူး။ စီးပွားရေးနဲ့ ကျော်ကြားမှုခံယူချင်လို့လည်းမ ဟုတ် ပါဘူး။ နိုင်ငံရေးပါတီ ဒါမှမ ဟုတ်အဖွဲ့အစည်းတစ်ခုခုနဲ့လည်း ဆက်နွှယ်တာမဟုတ်ပါဘူး။ ဥပ ဒေဆိုင်ရာဆက်နွှယ်တဲ့အပိုင်းတွေ ကို ပညာပေး၊အကြံပေးမှာပါ။ ဝါ သနာတူရှေ့နေတွေနဲ့တတ်နိုင်သ လောက် စေတနာ့ဝန်ထမ်းပေး မှာပါ" ဟု ဦးမျိုးမြတ်ဟိန်း (ခ) ငြိမ်းချမ်းအထက်တန်းရှေ့နေက ပြောကြားသည်။

ဒေသခံပြည်သူများအား တ ရားဥပဒေဆိုင်ရာ ကိစ္စရပ်များ အား အခမဲ့ပညာပေးဖြန့်ဝေပေး မည်ဖြစ်ပြီး လူတိုင်းတရားဥပဒေ စိုးမိုးရေးကို နားလည်သဘော ပေါက်လာစေရန် စေတနာ့ဝန် ထမ်းမည်ဖြစ်ကြောင်းသိရသည်။

"ဒေသတချို့မှာ မြို့နဲ့အလှမ်းဝေး တဲ့နေရာတွေမှာပေါ့ မဖြစ်သင့်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်လာတာ တွေကို ပိုရလာတယ်။ ရည်ရွယ် ချက်မရှိဘဲ တရားဥပဒေကို လက် တစ်လုံးခြားမလုပ်မိကြစေဖို့နဲ့ငြိမ်း ချမ်းသာယာတဲ့ လူ့အဖွဲ့အစည်း တစ်ရပ်ဖြစ်လာစေဖို့ မျှော်လင့်ပါ တယ်"ဟု ဦးကျော်အေးသန်း အ ထက်တန်းရှေ့နေက ပြောကြားခဲ့ သည်။ ဥပဒေရေးရာ ဝန်ဆောင် မှု အကြံဉာဏ်တောင်းခံလိုပါက ဖုန်း ၀၉၈၅၀၂၂၉၂၊ ၀၉၄၉၆၄၀ ၉၈၀ များအား ဆက်သွယ်စုံစမ်း နိုင်သည်။

# သက်တော် ၁၆ နှစ်အရွယ် ကိုရင်လေး ဦးဆောင်သော စာကြည့်တိုက် အရာတော်မြို့နယ်တွင် ဖွင့်လှစ်

**မျိုးမင်းဦး**

**မုံရွာ၊ မေ - ၂၆**

မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ပေါက်ပင်ကိုင်းကျေးရွာ (ရွှေပင် ကျေးရွာ) ဘုန်းတော်ကြီးကျောင်း အတွင်း သက်တော် ၁၆ နှစ် အရွယ် ရှင်သာမဏေငယ်တစ်ဦး ဦးဆောင်သော 'အလင်းတံခါး မဂ္ဂင်စာကြည့်တိုက်' အား မေလ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

"ကိုရင့် အနေနဲ့ စာကြည့် တိုက်ဖွင့်ဖို့ ကြိုးစားခဲ့တာ ကြာပါ ပြီ။ အသက် ၁၀ နှစ်အရွယ်မှာ ရှင်သာမဏေ ဝတ်ခဲ့ပြီး အခု အသက် ၁၆ နှစ်နဲ့ နှစ်လအရွယ် မှာ ဘဝရည်မှန်းချက်ထားတဲ့ စာ ကြည့်တိုက်ကလေး ဖွင့်လှစ်နိုင် ခဲ့ပါတယ်။ ကျေးရွာကလူတွေအား လုံးလောကမှာ လူဖြစ်ရ ကျိုးနပ် စေချင်တယ်။ သိသင့် သိထိုက် တာတွေ သိစေချင်တဲ့ ဆန္ဒပါ။ ကို ရင်ရဲ့ဆန္ဒကို မေတ္တာရှင် ရွှေပြည် သာ ဆရာတော်ကြီးက မတည် လှူဒါန်းပေးပါတယ်။ စာအုပ်က တော့ နည်းနေသေးတဲ့ အတွက် လောလောဆယ်ရှိတဲ့စာအုပ်လေး နဲ့ ဖွင့်ပေးထားတယ်"ဟု အလင်း တံခါး မဂ္ဂင်စာကြည့်တိုက် ဦး ဆောင်ဖွင့်လှစ်ခဲ့သော ရှင်သာမ ဏေ အရှင်သုနန္ဒက မိန့်ကြား သည်။

"ကိုရင်လေးကို ကြည်ညို လို့ စာပေဟောပြောပွဲကို ဘယ် လောက် ဝေးဝေး လိုက်လာခဲ့ တာပါ။ လမ်းတွေလည်း ကြမ်း တယ်။ ဘဝတွေလည်း ကြမ်းတဲ့ ကျေးရွာလေးမှာ ကိုရင်လေးက အသိပညာပေးတဲ့ စာကြည့်တိုက် လေး ဖွင့်ပေးတာကို ကြည်ညိုပါ တယ်"ဟု အလင်းတံခါးမဂ္ဂင်စာ ကြည့်တိုက်ဖွင့်ပွဲ စာပေဟောပြော ပွဲသို့ လာရောက်သော မန္တလေး မြို့မှ စာရေးဆရာဦးဘုန်း(ဓာတု) ကပြောသည်။

အရှင်သုနန္ဒသည် မန္တလေး မြို့၊ ဝိစိတ္တာရုံ ကျောင်းတိုက်တွင် ပညာသင် ယူလျက်ရှိသည်။ မွေး ရပ်မြေတွင် အဆိုပါစာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် မေတ္တာ ရှင်ဖောင်ဒေးရှင်းနာယက မေတ္တာ ရှင်(ရွှေပြည်သာ) ဆရာတော်အ ရှင် ဇဝနက မတည်လှူဒါန်းခဲ့ ကြောင်း သိရှိရသည်။ အဆိုပါစာ ကြည့်တိုက် အဆောက်အအုံအား ကျပ်သိန်းပေါင်း ၃၅ သိန်းကုန်ကျ ပြီး စာကြည့်တိုက် ပရိဘောဂ ကုန် ကျငွေ ကျပ်နှစ်သိန်း၊ စာအုပ်၊ စာ စောင်ကုန်ကျငွေကျပ်နှစ်သိန်းခန့် ရှိကြောင်း သိရသည်။

အလင်းတံခါးမဂ္ဂင်စာကြည့် တိုက် ဖွင့်ပွဲ အခမ်းအနားအဖြစ် မေ ၂၅ ရက်နေ့တွင် မန္တလေးမြို့မှ စာရေးဆရာများဖြစ်ကြသည့် ဦးဘုန်း (ဓာတု)၊ ဇော်ခိုင်ဦး (မန္တ လေး)၊ဒေါက်တာထွန်းရွှေ(ဒဿနိ က)တို့က စာပေဟောပြောခဲ့ကြ သည်။

မေ ၂၇ ရက် နံနက်ပိုင်းတွင် မေတ္တာရှင်ဖောင်ဒေးရှင်းနာယက မေတ္တာရှင်(ရွှေပြည်သာ) ဆရာ တော်အရှင်ဇဝနက စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး ညပိုင်းတွင် မေတ္တာ ရှင်ရွှေပြည်သာဆရာတော် အရှင် ဇဝန၏အထူးတရားပွဲအား ကျင်း ပမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

TRADEMARK CAUTION
RANBAXY LABORATORIES LIMITED a company incorporated in India at A-11, Sahibzada Ajit Singh Nagar-160 055, District Ropar (Punjab) india is the Owner and Sole Proprietor of the following Trademark:-

REVITAL

Reg : No.4/4297/1995
In respect of : Pharmaceutical and Medicinal Preparations for human and veterinary.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3.May.2012

ဝန်ထမ်းအမြန်အလိုရှိသည်။
၁။ Marketing Manager ကျား/မ (၂)ဦး
ဘွဲ့ရ၊ အသက်(၂၅)မှ(၄၅)အတွင်း၊
Marketing Manager အတွေ့အကြုံ(၃)နှစ်ရှိသူ၊
၂။ Marketing Executive ကျား/မ (၁၀)ဦး
အသက်(၂၀)မှ(၃၀)အတွင်း၊
ရုပ်ရည်သန့်ပြန့်၍ဆက်ဆံရေးကောင်းမွန်ရမည်။
ဘွဲ့ရရှိပြီးလုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။
၃။ Sale Promoter မ (၁၀)ဦး
အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ၊
ရုပ်ရည်သန့်ပြန့်ပြီးအသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
CV Form ၊ဓါတ်ပုံ(၁)ပုံ၊အလုပ်သမားမှတ်ပုံတင်မိတ္တူ၊
ပညာအရည်အချင်းထောက်ခံစာ၊မှတ်ပုံတင်မိတ္တူ၊
အိမ်ထောင်စုစာရင်းမိတ္တူ၊ရဲစခန်းထောက်ခံချက်များနှင့်
အတူကြော်ငြာပါသည့်ရက်မှ(၂)ပတ်အတွင်းအမှတ်–၂၅၊
အခန်း(၉၀၁–၉၀၂)၉လွှာ၊ယုဇနစီးပွားရေးတာဝါ၊မွန်ရေဘတီလမ်း၊
စမ်းချောင်းမြို့နယ်၊သို့လာရောက်လျှောက်ထားနိုင်ပါသည်။

PRIVATE ENGLISH CLASSES
(ILBC ဆရာဖြစ်သင်တန်း တက်ရောက်ပြီး)
အသက်(၅)နှစ်မှ (၁၈)နှစ် လူငယ်များအတွက်
Grammar, Reading, Writing, Speaking, Listening, Study Guide
အထူးသင်ကြားပေးသည်။
အချိန်ညှိပေးသည်။
ဖုန်း-၅၇၇၇၇၇၇၊ ၀၉၅၀ ၄၂၅၄၇၊ ၀၉ ၅၄၁ ၉၄၆၂

# ယာမြေအမှိုက်မီးရှို့ရာမှ ကွမ်းခြံတစ်ခြံပါ ကူးစက်လောင်ကျွမ်း



*မီးသင့်ထားသော ကွမ်းခြံကို တွေ့ရစဉ်* ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ မေ - ၂၆**

မုံရွာမြို့နယ်၊ မအူကြီးကျေးရွာ အရှေ့တောင်ဘက်တစ်မိုင်ခန့် အ ကွာ မအူစိုက်ကွင်းအတွင်း မေ ၂၅ ရက် နံနက် ၁၁ နာရီခန့်တွင် အပူချိန်မြင့်တက်ချိန် ယာမြေအတွင်း မြက်နှင့်ပေါင်းပင်များအား ရှင်းလင်းမီးရှို့ရာမှ အနီးပတ်ဝန်းကျင်ရှိကွမ်းခြံတစ်ခြံသို့ ကူးစက်မီး လောင်ခဲ့ရာ ကာလတန်ဖိုး ကျပ်သိန်းနှစ်ဆယ်ကျော်ဖိုးခန့် ဆုံးရှုံးခဲ့ ကြောင်း မအူကျေးရွာဒေသခံတောင်သူများက ပြောသည်။

"မအူစိုက်ကွင်းအတွင်းမှာ မေ ၂၅ ရက် မနက်ပိုင်းက တောင် သူ ကိုယဉ်အေးရဲ့ ယာမြေမှာ အမှိုက်မီးရှို့ပြီး ရွာထဲပြန် လာကြတယ်။ ကိုယဉ်အေးယာမြေရဲ့တောင်ဘက်ကပ်လျက် ဦးတင်ထွန်းရဲ့ ကွမ်းခြံကို အမှိုက်မီးက တစ်ဆင့်ကူးစက်လောင်ကျွမ်းသွားတယ်။ ကွမ်းအပင် ၂၅၀၀ စိုက်ခင်းမှာ မီးလောင်သွားတဲ့အတွက် ကွမ်းအပင် ၂၀၀ ဝန်းကျင်လောက်ပဲ ကျန်တော့တယ်။ ဒီနေ့ခေတ်ကာလတန်ဖိုးနဲ့တွက်ရင် ကျပ်သိန်းနှစ်ဆယ်နီးပါး ဆုံးရှုံးသွားတယ်"ဟု မအူကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။ မအူစိုက်ကွင်းအတွင်း ယာမြေအမှိုက်မီးရှို့ရာမှကွမ်းခြံမီးလောင်ဆုံးရှုံးမှုနှင့်ပတ်သက်၍ မအူကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် ဒေသဆိုင်ရာ ညောင်ဖြူပင်ကျေး ရွာ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားခဲ့ရာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# ဗိုလ်ချုပ်ဇာတ်ရုပ်အတွက် လူထပ်မံခေါ်ယူ

ကြူကြူဟန်

**ရန်ကုန်၊ မေ-၂၈**

ဗိုလ်ချုပ်ရုပ်ရှင်ဇာတ်ကား ရိုက်ကူးရန် ဗိုလ်ချုပ်အောင်ဆန်း၏ နေရာတွင် သရုပ်ဆောင်ရန် သရုပ်ဆောင်သစ် ထပ်မံခေါ်ယူနေကြောင်း သတင်းရရှိသည်။

"မူလ ၁၅၀ ကျော်ရှိတဲ့ အထဲက ၁၄ ဦးကို ရွေးချယ်ပါတယ်။ ၁၃ ဦးလာရောက်လူတွေ့ပါတယ်။ လူတွေ့တဲ့အထဲကသုံးဦးကို အနီးစပ်ဆုံး ရွေးချယ်ပါတယ်။ သုံးဦးနဲ့ ကျေနပ်မှု မရှိသေးတဲ့အတွက် နောက်ထပ် ဗိုလ်ချုပ်နဲ့ တူတဲ့သူတွေပိုပြီးနီးစပ်တဲ့သူရနိုင်ဦးမလားလို့ထပ်ကြိုးစားကြည့်တာပါ။ ထပ်ပြီးလျှောက်လွှာထပ်ခေါ်တာပါ။ ထပ်ခေါ်လို့ လျှောက်လွှာတင်လာရင် လူတွေ့ထပ်စစ်ဆေးဦးမှာပါ။ အများဆုံးကိုက်ညီနိုင်တဲ့သူကို ရွေးခေါ်ပါမယ်။ လက်ရှိသုံးဦးနဲ့ ပေါင်းပြီး နောက်တစ်ကြိမ်သူတို့ကို ထပ်ပြိုင်စေမှာပါ" ဟု သရုပ်ဆောင်ရွေးချယ်ရေး ဆပ်ကော်မတီဝင်ဦးဇင်ဝိုင်းကပြောသည်။

ဗိုလ်ချုပ်နေရာအတွက်နောက်ထပ်လျှောက်ထားရန် လျှောက်လွှာများကို မေ ၇ ရက် နောက်ဆုံး လျှောက်ထားရမည်ဖြစ်ပြီး ပြည်ပရောက် မြန်မာလူမျိုးများလည်း လျှောက်ထားနိုင်ကြောင်း သိရသည်။ "စိတ်ကျေနပ်မှု မရှိတာက ဦးတို့တင်မဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် သုံးဦး အပါအဝင် ဒီ ၁၄ ဦးကိုဘယ်လို စီစဉ်ကြမလဲဆိုတဲ့ မှတ်ချက်လေးတော့ ပေးပါတယ်" ဟု ဦးဇင်ဝိုင်းက ပြောသည်။

# အလုပ်သမားအဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်းပြီး

ပြည့်သိမ်း

**ရန်ကုန်၊ မေ-၂၈**

အခြေခံစည်းမျဉ်းနှင့် ပြည့်စုံသည့် အလုပ်သမားအဖွဲ့ရှစ်ခုကို မေ ၂၆ ရက်တွင် စတင်ဖွဲ့စည်းလိုက်ကြောင်း လှိုင်သာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ပြောကြားသည်။

ယခုဖွဲ့စည်းခဲ့သည့်အလုပ်သမားအဖွဲ့အစည်းများသည်လှိုင်သာယာစက်မှုဇုန်မှ ၃ ဖွဲ့၊ ရွှေပေါက်ကံစက်မှုဇုန်မှ ၃ ဖွဲ့၊ ရွှေပြည်သာစက်မှုဇုန်မှ ၁ ဖွဲ့နှင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အသင်း (MOSA)တို့ ဖြစ်သည်။

အလုပ်သမားအဖွဲ့အစည်းများဖွဲ့စည်းရာတွင် အခြေခံအချက်များမှာ အနည်းဆုံး စက်ရုံတစ်ရုံတွင် အလုပ်သမားဦးရေ ၃၀ နှင့်အထက်ရှိရမည်ဖြစ်ကာ ၎င်းတို့မှ ၁၀ ရာခိုင်နှုန်းနှင့်အထက်သဘောတူညီမှုရမှ ဖွဲ့စည်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

"လောလောဆယ် အလုပ်သမားအတော်များများက မဝံ့မရဲဖြစ်နေတော့ လျှောက်လွှာမတင်ကြဘူး။ နောက်ပိုင်းဆိုရင် အဖွဲ့အစည်းတွေက ပိုများလာမှာပါ" ဟု ဦးမြတ်သင်းအောင်က ဆိုသည်။ လက်ရှိဖွဲ့စည်းခဲ့သည့် လှိုင်သာယာမှ အခြေခံအလုပ်သမား အဖွဲ့ရှစ်ဖွဲ့တွင် အလုပ်သမားအင်အား ၁၈၀၀ ကျော်ရှိသည့် တိုင်ရီအခြေခံအလုပ်သမားအဖွဲ့၊ အိုပတ်အထည်ချုပ်အခြေခံအလုပ်သမားအဖွဲ့၊ ဘိုစမ်းပိုက်စက်ရုံအခြေခံအလုပ်သမားအဖွဲ့တို့ ဖြစ်သည်။

မြောက်ဥက္ကလာမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်တွင် ပဝါမင်းသမီးအထည်ချုပ်စက်ရုံအခြေခံအလုပ်သမားအဖွဲ့၊ ရွှေစင်အေးအထည်ချုပ်စက်ရုံ အခြေခံအလုပ်သမားအဖွဲ့၊ ပဥ္စသုန္ဒိအထည်ချုပ်စက်ရုံအခြေခံအလုပ်သမားအဖွဲ့တို့ဖြစ်သည်။

ရွှေပြည်သာစက်မှုဇုန်တွင် အောင်ရွှေမြေအလုပ်သမားအဖွဲ့၊ သင်္ဘောသားများနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း (MOSA)တို့ ပါဝင်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

1. Marketing Supervisor F/M (1) Post
2. Admin Assistant F/M (1) Post
3. Promoter F (1) Post

**ဖုန်း- ၀၉၇၃၀၆၆၀၅၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

City Mart Holing Co.,Ltd

၁။ အရောင်းဝန်ထမ်း ကျား/မ (၃၀) ဦး

၂။ ငွေကိုင် မ (၃၀) ဦး

Human Resources Department

အမှတ် (၁-၁၁)၊ ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

သူရိယဝင်းကုမ္ပဏီလီမိတက်

ယာဉ်မောင်း ကျား (၅) ဦး

အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

နိုင်ငံခြားဘာသာစကားသင်တန်းကျောင်းအတွက် ပြင်သစ်၊ ဂျာမန်၊ စပိန်နှင့် ထိုင်းဘာသာစကားသင်ကြားနိုင်သော ဆရာ/ဆရာမ (အသက် ၂၅ နှစ်မှ ၄၀ နှစ်အတွင်း) များကို ဖိတ်ခေါ်ပါသည်။

**ဖုန်း - ၂၂၉၆၀၁ (Ahlone)**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

မြို့တွင်း၊ မြို့ပြင် အချိန်ပိုင်း ယာဉ်မောင်းအလိုရှိပါက ဆက်သွယ်နိုင်ပါသည်။ **ဖုန်း - ၀၉၇၃၁၀၈၈၇၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

SPORTS WORLD Co.,Ltd

၁။ ယာဉ်မောင်း (ကျွမ်းကျင်) ကျား (၂) ဦး

၂။ အရောင်းဝန်ထမ်း မ (၁၀) ဦး

၃။ အထွေထွေလုပ်သားကျား(၁၀) ဦး။ အမှတ် ၃၁၅/၃၁၇/၃၁၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့။

**ဖုန်း - ၃၇၈၉၈၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ကျား သို့ မ (၁) ဦး

(ဘွဲ့ရ၊ ရုပ်ရည်ပြေပြစ်၊ သွက်လက်ချက်ချာ၍ ပေါင်းသင်းဆက်ဆံရေးပြေပြစ်သူ

**ဖုန်း - ၀၉၄၃၀၁၆၀၉၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Long Way Co.,Ltd

ရုပ်ရည်သန့်ပြန့်၍ အလုပ်လုပ်ချင်စိတ်ရှိသော

အရောင်းဝန်ထမ်း ကျား (၅) ဦး၊ မ (၅) ဦး။ B.4 (7) ရတနာလမ်း၊ မလိခအိမ်ယာ၊ ဘဝမြင့်ရပ်ကွက်၊ သဃ်န်းကျွန်း။

**ဖုန်း - ၅၇၂၂၀၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

New Deal Co.,Ltd

(1) Security Guard ကျား (၂၄) ဦး

အမှတ်(၇၃)၊ ၄လွှာ၊ ၁၆၆ လမ်းတို၊ တာမွေမြို့နယ်။

**ဖုန်း - ၀၉၇၃၀၆၄၂၉၈**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

၁။ Pipe Fitter (၅) ဦး

၂။ Welder (၅) ဦး

၃။ Mechanical technician (Engine) (၅) ဦး

၄။ Electrical technician (marine automation) (၅) ဦး

Email - aung@techways.com.sg **ဖုန်း - ၅၅၀၃၂၇**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

ရဲရင့်ကုမ္ပဏီ

အရောင်းဝန်ထမ်း ကျား (၃) ဦး

အမှတ် (၁၂၈)၊ ကနောင်မင်းသားကြီးလမ်း၊ အရှေ့ဒဂုံစက်မှုဇုန်။ **ဖုန်း - ၀၁-၅၈၅၃၄၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

မြောက်ဒဂုံရှိ Motel တွင်

၁။ မန်နေဂျာ ကျား/မ (၂) ဦး

၂။ စာရင်းကိုင် မ (၂) ဦး

၃။ Bell Boy ကျား (၁၀) ဦး

၄။ သန့်ရှင်းရေးဝန်ထမ်း မ (၂) ဦး

**Ph: 095407016, 0973019028**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Silver Conch Co.,Ltd

(1) Sales & Marketing Assistant M/F (2) Post

No 8, Parami Rd, Bet: Insein Rd and Baho Rd, 16 Ward.

**Ph: 654646, 73042374**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Myanmar Intergrated Cargo Sevices Co.,Ltd

1. Sales M/F (2) Post

No.87-A မြကန်သာလမ်းနှင့် ငြိမ်းချမ်းရေးလမ်းထောင့် (၁၀) မိုင်၊ အင်းစိန်မြို့နယ်။

**ဖုန်း - ၆၅၆၃၆၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

UCS ပြည်တွင်းအမြန်ချောစာပို့လုပ်ငန်းမှ

၁။ Courier - စာပို့ဝန်ထမ်း ကျား (၂) ဦး

၂။ Route Supervisor ကျား (၁) ဦး

No. 34, ZiWaKa Medical Shopping Complex Thapyaygone, Naypyitaw.

**Ph: 01 652522**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Merry Time Foods Myanmar Co.,Ltd တွင် Quality Control For Marine Products လုပ်ကိုင်နိုင်သူ ကျား/မ (၁) ဦး (Food Sanitation တက် ကျွမ်းသူ၊ နယ်ရှိစက်ရုံတွင် ၆လ အနည်းဆုံးသွားရောက်လုပ်ကိုင်နိုင် ရမည်)

အမှတ် ၇၉၀၊ ခနသီဟစင်တာ၊ အခန်း ၈၀၂၊ ၈လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။

**ဖုန်း- ၀၉၅၀၂၈၅၀၇၊ ၂၂၃၂၈၈ (လိုင်းခွဲ-၈၀၂)**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Tour Guide အလိုရှိသည်။ Guide Licence ရှိသော English, Japan, Spain, France, German, Russian, Thai, Chinese speaking Tour Guide နှင့် ရုံးဝန်ထမ်းအလိုရှိသည်။

**ဖုန်း- ၀၉-၇၃၂၄၃၉၈၉**

E-Mail: thuriyamm@gmail .com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

D& D Group Co.,Ltd (Design & Decoration)

Project Manager - M/F

QC Engineer - M/F

Site Engineer - M/F

Sit Supervisor - M/F

Architect - M/F

Auto CAD - M/F

Chif Accountant - M/F

Driver - M

အမှတ်(၂၀၃)၊ Central Tower၊ ၃၉ လမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၃၈၁၉၈၄၊ ၃၈၁၉၈၅**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Mynamar Blue Ocean Travels & Tours Co.,Ltd

(1) Sales and Marketing Manager (Outbound) M/F (2) Post

Email- snowwhitemay56@ gmail.com

Room No (611), La Pyayt Wun Plaza. No. 37, Alan Pya Pagoda Rd, Dagon T/S.

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Model နှင့် dancer ဝါသနာပါသောမျက်နှာသစ် Model မိန်းကလေးများ အလိုရှိသည်။

**ဖုန်း - ၀၉၂၂၂၈၃၈၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Chinese-Myanmar Translator ကျား (၁၀) ဦး

2. Accountant (တရုတ်စကားပြောတတ်သူ) ကျား/မ (၁၀) ဦး

3. Driver ကျား (၁၀) ဦး

4. Security ကျား (၁၀) ဦး

5. ရေမော်တာ/လျှပ်စစ်ကျွမ်းကျင် ကျား (၁၀) ဦး

(အမှတ်စဉ်အားလုံး နေ၊ စားပေးမည်) **ဖုန်း - ၀၉-၄၃၀၆၃၅၀၆**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

7 Store Computer

အရောင်းဝန်ထမ်း မ (၂) ဦး

Service ကျား (၂) ဦး

Accounting မ (၂) ဦး

အမှတ် (၁၆၅/၁၆၇)၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Dream Paradise Travels & Tours

1. Language Guides M/F
2. Operation Staff M (1) Post

No (84), R (13), Anawratha Road, Conner of (39) St, Kyauktada Tsp, Yangon, Myanmar.

**Ph: 951374370**

dreamparadise.sale@gmail.com

-------------------------

**ဝန်ထမ်းအလိုရှိသည်**

Lily Service Int'L Co.,Ltd

Office Staff မ (၂) ဦး

**ဖုန်း- ၀၉၇၃၁၇၀၈၀၀**

-------------------------

**ဝန်ထမ်းအလိုရှိသည်**

စားသောက်ဆိုင်အတွက်

၁။ ရှမ်းအစားအစာ ကျွမ်းကျင်သူ ၁ ဦး၊ ၂။ တရုတ်အစားအစာ ကျွမ်းကျင်သူ (၁) ဦး၊ ၃။ အင်တာနက်-အကူ (၂) ဦး၊ ၄။ စားပွဲထိုး (၄) ဦး

အမှတ် ၁၈၉၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်။

**ဖုန်း - ၂၉၂၃၀၀**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

Ovaltine

# မတ်လ၏ အရောင်းကိုယ်စားလှယ် ကံထူးရှင်များစာရင်း

## 42" LCD TV (၁၀)လုံး



| | ကူပွန်နံပါတ် | ဆိုင်အမည် | မြို့ |
|---|---|---|---|
| ၁။ | ၀၁၇၅၂၄ | ဦးသိန်းငွေ | ပြည် |
| ၂။ | ၀၁၇၅၉၂ | မမွှေးမွှေး | ပြည် |
| ၃။ | ၀၄၀၉၀၄ | သရဖီ | ကမာရွတ် |
| ၄။ | ၀၆၃၄၅၀ | မစီအေး | ကလေး |
| ၅။ | ၀၇၂၂၇၃ | မခင်စိန် | ဖားကန့် |
| ၆။ | ၀၇၂၃၂၀ | ဆုံဆည်းရာ(ကလပ်) | ဖားကန့် |
| ၇။ | ၀၈၈၅၅၆ | ဦးကျင်ခွေး | ပန်းတနော် |
| ၈။ | ၀၈၈၅၉၁ | အမေ့အိမ် | မအူပင် |
| ၉။ | ၁၀၀၁၂၈ | Super Star | ကလော |
| ၁၀။ | ၁၀၂၈၃၇ | ဟိန်းထက်ဦး | ရမည်းသင်း |

## ရွှေဆွဲပြား(၁)မတ်သား (၃၀)ပြား



| | ကူပွန်နံပါတ် | ဆိုင်အမည် | မြို့ |
|---|---|---|---|
| ၁။ | ၀၁၇၇၁၂ | ဂျပန်မယ် | ပြည် |
| ၂။ | ၀၄၁၁၂၃ | ရွှေဗဟို | ရွှေပြည်သာ |
| ၃။ | ၀၄၁၈၆၅ | ရွှေပင်လယ် | လှိုင်သာယာ |
| ၄။ | ၀၄၁၉၅၆ | Mini Fair | စမ်းချောင်း |
| ၅။ | ၀၄၂၅၉၁ | Mary Myint | KMDE |
| ၆။ | ၀၄၂၈၂၈ | ဦးတင်စိုး | သယ်န်းကျွန်း |
| ၇။ | ၀၄၃၇၄၉ | ဦးကျော်တင့် | တောင်ဥက္ကလာ |
| ၈။ | ၀၄၇၀၃၈ | ဆင်ဖြူနှစ်ကောင် | ပဲခူး |
| ၉။ | ၀၄၈၃၃၅ | ဦးတင်မြင့် | ကြို့ပင်ကောက် |
| ၁၀။ | ၀၅၄၀၀၇ | သိန်းသန်းအောင် | ပုသိမ် |
| ၁၁။ | ၀၅၆၈၀၂ | ရွှေပြည်ညွန့် | သန်လျင် |
| ၁၂။ | ၀၅၆၈၅၂ | ဩဇာချို | ကျောက်တန်း |
| ၁၃။ | ၀၆၈၁၄၁ | ဆွေမင်း | စလင်း |
| ၁၄။ | ၀၇၀၂၈၉ | နဂါးမောင်(TZ) | သာစည် |
| ၁၅။ | ၀၇၁၈၇၆ | မိတ်ကောင်း | ပခုက္ကူ |
| ၁၆။ | ၀၇၂၃၄၈ | ဟိန်းဇာ | ဖားကန့် |
| ၁၇။ | ၀၇၂၄၅၈ | မညိုမီ | ဖားကန့် |
| ၁၈။ | ၀၇၂၄၇၀ | ဟိန်းဇာ | ဖားကန့် |
| ၁၉။ | ၀၇၃၅၆၅ | အလင်းသစ် | မြင်ဦးလွင် |
| ၂၀။ | ၀၈၆၉၄၀ | မော်တင်ရာနာ | လက်ပံတန်း |
| ၂၁။ | ၀၈၈၁၆၃ | မငွေး | MLM |
| ၂၂။ | ၀၉၅၀၀၃ | တော်ဝင် | တွံတေး |
| ၂၃။ | ၀၉၇၈၂၅ | လှသိင်္ဂီ | MDY |
| ၂၄။ | ၀၉၉၁၈၁ | အာရုဏ်ဦး | မြစ်ကြီးနား |
| ၂၅။ | ၁၀၁၇၁၃ | ပြည့်သုခ | မိုးကုတ် |
| ၂၆။ | ၁၀၁၇၅၀ | ဦးအောင်သင်း | မိုးမိတ် |
| ၂၇။ | ၁၀၂၀၇၂ | ရွှေဟသာ် | မူဆယ် |
| ၂၈။ | ၁၀၂၂၂၆ | ဝင်းစတိုး | မတ္တရာ |
| ၂၉။ | ၁၀၂၇၁၄ | မသက် | ရမည်းသင်း |
| ၃၀။ | ၁၀၂၈၃၀ | အောင်စည် | ပျော်ဘွယ် |

## တိုင်ကပ်နာရီ အလုံး(၂၀၀)



| | ကူပွန်နံပါတ် |
|---|---|
| ၁။ | ၀၀၉၇၉၂ |
| ၂။ | ၀၁၁၄၉၅ |
| ၃။ | ၀၁၂၉၉၀ |
| ၄။ | ၀၁၅၄၀၆ |
| ၅။ | ၀၁၆၆၈၃ |
| ၆။ | ၀၁၇၅၂၀ |
| ၇။ | ၀၂၄၉၇၉ |
| ၈။ | ၀၂၇၆၁၇ |
| ၉။ | ၀၂၇၆၁၈ |
| ၁၀။ | ၀၂၇၆၈၅ |
| ၁၁။ | ၀၂၄၉၇၄ |
| ၁၂။ | ၀၂၇၆၂၇ |
| ၁၃။ | ၀၃၀၉၀၂ |
| ၁၄။ | ၀၃၀၉၀၄ |
| ၁၅။ | ၀၃၀၉၀၅ |
| ၁၆။ | ၀၃၀၉၀၆ |
| ၁၇။ | ၀၃၂၁၁၁ |
| ၁၈။ | ၀၃၈၁၈၁ |
| ၁၉။ | ၀၄၀၄၆၃ |
| ၂၀။ | ၀၄၀၅၁၄ |
| ၂၁။ | ၀၄၀၅၁၅ |
| ၂၂။ | ၀၄၀၅၉၈ |
| ၂၃။ | ၀၄၀၆၄၉ |
| ၂၄။ | ၀၄၀၆၉၃ |
| ၂၅။ | ၀၄၀၇၅၆ |
| ၂၆။ | ၀၄၀၇၇၈ |
| ၂၇။ | ၀၄၀၉၄၉ |
| ၂၈။ | ၀၄၁၀၆၆ |
| ၂၉။ | ၀၄၁၁၄၅ |
| ၃၀။ | ၀၄၁၄၃၉ |
| ၃၁။ | ၀၄၁၈၀၆ |
| ၃၂။ | ၀၄၂၄၀၄ |
| ၃၃။ | ၀၄၂၄၁၆ |
| ၃၄။ | ၀၄၂၆၁၄ |
| ၃၅။ | ၀၄၂၆၈၅ |
| ၃၆။ | ၀၄၂၈၄၈ |
| ၃၇။ | ၀၄၄၃၆၃ |
| ၃၈။ | ၀၄၄၃၆၅ |
| ၃၉။ | ၀၄၄၆၆၀ |
| ၄၀။ | ၀၄၄၇၆၀ |
| ၄၁။ | ၀၄၄၈၀၅ |
| ၄၂။ | ၀၄၄၈၃၁ |
| ၄၃။ | ၀၄၄၈၉၇ |
| ၄၄။ | ၀၄၄၉၀၄ |
| ၄၅။ | ၀၄၄၉၆၄ |
| ၄၆။ | ၀၄၅၀၈၃ |
| ၄၇။ | ၀၄၅၀၈၇ |
| ၄၈။ | ၀၄၆၉၅၃ |
| ၄၉။ | ၀၄၆၉၈၆ |
| ၅၀။ | ၀၄၇၀၁၃ |
| ၅၁။ | ၀၄၇၈၇၀ |
| ၅၂။ | ၀၄၈၃၀၆ |
| ၅၃။ | ၀၄၈၃၂၅ |
| ၅၄။ | ၀၄၈၃၂၇ |
| ၅၅။ | ၀၅၀၁၀၁ |
| ၅၆။ | ၀၅၀၁၀၂ |
| ၅၇။ | ၀၅၀၁၂၁ |
| ၅၈။ | ၀၅၀၁၃၈ |
| ၅၉။ | ၀၅၀၁၃၉ |
| ၆၀။ | ၀၅၀၁၆၂ |
| ၆၁။ | ၀၅၀၁၆၃ |
| ၆၂။ | ၀၅၀၁၆၄ |
| ၆၃။ | ၀၅၀၁၆၅ |
| ၆၄။ | ၀၅၀၁၆၆ |
| ၆၅။ | ၀၅၀၁၆၇ |
| ၆၆။ | ၀၅၀၁၈၄ |
| ၆၇။ | ၀၅၀၁၈၅ |
| ၆၈။ | ၀၅၂၀၅၅ |
| ၆၉။ | ၀၅၂၀၅၆ |
| ၇၀။ | ၀၅၂၀၈၉ |
| ၇၁။ | ၀၅၂၁၈၉ |
| ၇၂။ | ၀၅၂၂၁၂ |
| ၇၃။ | ၀၅၃၀၇၆ |
| ၇၄။ | ၀၅၅၇၆၄ |
| ၇၅။ | ၀၅၅၇၉၄ |
| ၇၆။ | ၀၅၅၈၀၈ |
| ၇၇။ | ၀၅၆၂၅၃ |
| ၇၈။ | ၀၅၆၆၈၉ |
| ၇၉။ | ၀၅၆၇၃၀ |
| ၈၀။ | ၀၅၈၅၂၃ |
| ၈၁။ | ၀၅၈၉၈၄ |
| ၈၂။ | ၀၆၀၉၇၉ |
| ၈၃။ | ၀၆၀၉၈၀ |
| ၈၄။ | ၀၆၄၅၆၂ |
| ၈၅။ | ၀၆၅၀၉၂ |
| ၈၆။ | ၀၆၅၀၉၃ |
| ၈၇။ | ၀၆၅၀၉၄ |
| ၈၈။ | ၀၆၅၆၀၁ |
| ၈၉။ | ၀၆၅၆၀၂ |
| ၉၀။ | ၀၆၅၆၀၃ |
| ၉၁။ | ၀၆၅၆၀၄ |
| ၉၂။ | ၀၆၅၆၀၅ |
| ၉၃။ | ၀၆၅၆၀၆ |
| ၉၄။ | ၀၆၅၆၀၇ |
| ၉၅။ | ၀၆၅၆၀၈ |
| ၉၆။ | ၀၆၅၆၁၀ |
| ၉၇။ | ၀၆၆၀၅၃ |
| ၉၈။ | ၀၆၆၀၉၂ |
| ၉၉။ | ၀၆၆၁၆၁ |
| ၁၀၀။ | ၀၆၆၁၆၈ |
| ၁၀၁။ | ၀၆၆၁၈၅ |
| ၁၀၂။ | ၀၆၇၁၆၀ |
| ၁၀၃။ | ၀၆၈၁၂၂ |
| ၁၀၄။ | ၀၆၈၁၃၉ |
| ၁၀၅။ | ၀၇၀၂၄၉ |
| ၁၀၆။ | ၀၇၀၂၅၁ |
| ၁၀၇။ | ၀၇၀၂၅၂ |
| ၁၀၈။ | ၀၇၀၂၈၁ |
| ၁၀၉။ | ၀၇၀၂၉၀ |
| ၁၁၀။ | ၀၇၀၂၉၁ |
| ၁၁၁။ | ၀၇၀၂၉၉ |
| ၁၁၂။ | ၀၇၀၃၆၂ |
| ၁၁၃။ | ၀၇၁၈၁၉ |
| ၁၁၄။ | ၀၇၁၉၃၈ |
| ၁၁၅။ | ၀၇၁၉၆၉ |
| ၁၁၆။ | ၀၇၂၀၀၂ |
| ၁၁၇။ | ၀၇၂၀၀၃ |
| ၁၁၈။ | ၀၇၂၀၈၅ |
| ၁၁၉။ | ၀၇၂၃၉၅ |
| ၁၂၀။ | ၀၇၂၃၉၆ |
| ၁၂၁။ | ၀၇၂၄၇၃ |
| ၁၂၂။ | ၀၈၅၆၀၅ |
| ၁၂၃။ | ၀၈၅၆၁၄ |
| ၁၂၄။ | ၀၈၅၆၄၀ |
| ၁၂၅။ | ၀၈၅၆၄၁ |
| ၁၂၆။ | ၀၈၅၇၁၂ |
| ၁၂၇။ | ၀၈၅၈၈၇ |
| ၁၂၈။ | ၀၈၆၈၈၃ |
| ၁၂၉။ | ၀၈၆၈၈၄ |
| ၁၃၀။ | ၀၈၆၈၈၅ |
| ၁၃၁။ | ၀၈၇၀၉၇ |
| ၁၃၂။ | ၀၈၈၆၇၃ |
| ၁၃၃။ | ၀၉၉၆၅၃ |
| ၁၃၄။ | ၀၉၉၆၆၁ |
| ၁၃၅။ | ၀၉၉၈၃၁ |
| ၁၃၆။ | ၀၉၉၈၄၂ |
| ၁၃၇။ | ၀၉၉၈၅၅ |
| ၁၃၈။ | ၀၉၉၈၇၁ |
| ၁၃၉။ | ၀၉၀၀၂၅ |
| ၁၄၀။ | ၀၉၁၀၁၈ |
| ၁၄၁။ | ၀၉၃၄၅၅ |
| ၁၄၂။ | ၀၉၄၇၃၁ |
| ၁၄၃။ | ၀၉၄၇၄၁ |
| ၁၄၄။ | ၀၉၄၈၀၅ |
| ၁၄၅။ | ၀၉၄၈၉၆ |
| ၁၄၆။ | ၀၉၄၉၄၉ |
| ၁၄၇။ | ၀၉၅၀၀၁ |
| ၁၄၈။ | ၀၉၅၀၉၉ |
| ၁၄၉။ | ၀၉၅၁၂၉ |
| ၁၅၀။ | ၀၉၅၇၁၅ |
| ၁၅၁။ | ၀၉၅၇၂၉ |
| ၁၅၂။ | ၀၉၇၆၀၈ |
| ၁၅၃။ | ၀၉၇၉၇၇ |
| ၁၅၄။ | ၀၉၉၁၁၂ |
| ၁၅၅။ | ၀၉၉၁၃၉ |
| ၁၅၆။ | ၀၉၉၁၄၀ |
| ၁၅၇။ | ၀၉၉၁၄၁ |
| ၁၅၈။ | ၀၉၉၁၆၁ |
| ၁၅၉။ | ၀၉၉၁၇၉ |
| ၁၆၀။ | ၁၀၀၉၆၁ |
| ၁၆၁။ | ၁၀၀၉၆၂ |
| ၁၆၂။ | ၁၀၁၀၄၂ |
| ၁၆၃။ | ၁၀၁၆၁၇ |
| ၁၆၄။ | ၁၀၁၆၉၅ |
| ၁၆၅။ | ၁၀၁၇၃၅ |
| ၁၆၆။ | ၁၀၁၇၄၄ |
| ၁၆၇။ | ၁၀၁၇၄၈ |
| ၁၆၈။ | ၁၀၁၇၄၉ |
| ၁၆၉။ | ၁၀၁၈၁၁ |
| ၁၇၀။ | ၁၀၁၈၁၂ |
| ၁၇၁။ | ၁၀၂၀၂၃ |
| ၁၇၂။ | ၁၀၂၀၇၃ |
| ၁၇၃။ | ၁၀၂၆၃၇ |
| ၁၇၄။ | ၁၀၂၈၃၉ |
| ၁၇၅။ | ၁၀၂၉၄၅ |
| ၁၇၆။ | ၁၀၂၉၄၉ |
| ၁၇၇။ | ၁၀၂၉၆၃ |
| ၁၇၈။ | ၁၀၂၉၆၄ |
| ၁၇၉။ | ၁၀၄၂၃၆ |
| ၁၈၀။ | ၁၀၆၂၆၅ |
| ၁၈၁။ | ၁၀၆၂၈၂ |
| ၁၈၂။ | ၁၀၆၂၈၃ |
| ၁၈၃။ | ၁၀၆၂၈၇ |
| ၁၈၄။ | ၁၀၆၂၈၈ |
| ၁၈၅။ | ၁၀၆၂၈၉ |
| ၁၈၆။ | ၁၀၆၂၉၀ |
| ၁၈၇။ | ၁၀၆၂၉၁ |
| ၁၈၈။ | ၁၀၆၂၉၂ |
| ၁၈၉။ | ၁၀၆၂၉၃ |
| ၁၉၀။ | ၁၀၆၂၉၄ |
| ၁၉၁။ | ၁၀၇၄၀၅ |
| ၁၉၂။ | ၁၀၇၄၀၆ |
| ၁၉၃။ | ၁၀၇၄၀၇ |
| ၁၉၄။ | ၁၀၇၄၁၂ |
| ၁၉၅။ | ၁၀၇၄၂၂ |
| ၁၉၆။ | ၁၀၇၆၄၆ |
| ၁၉၇။ | ၁၀၈၁၆၉ |
| ၁၉၈။ | ၁၀၈၁၇၀ |
| ၁၉၉။ | ၁၀၈၈၈၇ |
| ၂၀၀။ | ၁၀၈၈၈၈ |

Ovaltine မှ အရောင်းကိုယ်စားလှယ်တော်ကြီးများအတွက် ကံထူးရှင်ရွေးချယ်ပွဲကို ဇန်နဝါရီလမှ မတ်လအထိ လစဉ် ရွေးချယ်ချီးမြှင့်ပေးနေပါပြီ။

**အရောင်းကိုယ်စားလှယ်တော်ကြီးများ ပါဝင်ဆင်နွှဲကြပါနို့!**

# Education

7DAY NEWS JOURNAL

Vol.11, No.8 • MAY 3 , 2012





ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အခွင့်အလမ်းများအတွက် အဆင်သင့်ဖြစ်ရေး

နေလင်းထွန်း

လာမည့်နှစ်မှစတင်၍ နိုင်ငံတော်က အခြေခံနှင့်အဆင့်မြင့်ပညာအတွက် ပညာသင်ဆုများ ပေးအပ်မည်ဖြစ်သလို ပြည်ပနိုင်ငံများကလည်းပညာသင်ဆုများတိုးမြှင့်ပေးအပ်ရန် စီစဉ်နေကြသည်။ မြန်မာကျောင်းသား များအနေဖြင့် ပညာသင် အခွင့်အလမ်းများအတွက် ပညာသင်ဆုလျှောက်ထားခြင်းနှင့်ပတ်သက်သော ဗဟုသုတများကို လေ့လာသိရှိထားရမည် ဖြစ်သည်။

ပညာရည် ထူးချွန်သော်လည်း အဆင့်မြင့်ပညာ ဆက်လက်ဆည်းပူးရန် ခက်ခဲနေသောကျောင်းသားများအနေဖြင့် နိုင်ငံရပ်ခြားနှင့် ပြည်တွင်းပညာတော်သင်ဆုလျှောက်ထားရာတွင် မိမိကိုယ်ရေးအကျဉ်းကို ရေးသားဖော်ပြကြရန် လိုအပ်သည်။ ပညာသင်ဆုအတွက် မိမိဘဝအကြောင်း ရေးသားရာတွင် ပညာသင်ဆုထောက်ပံ့ပေးမည့်အဖွဲ့အစည်းက စိတ်ဝင်စားဖတ်ရှုရန် အဓိက အရေးကြီးပါသည်။

ပညာသင်ဆုအတွက် မိမိဘဝဖြစ်စဉ် အကြောင်းအရာများကိုတစ်မျက်နှာ(သို့မဟုတ်)နှစ်မျက်နှာခန့် အကျဉ်းချုံး၍ ကိုယ်ရေးအကျဉ်းရေးသား ဖော်ပြနိုင်သည်။ ကိုယ်ရေးအကျဉ်းသည်ပညာသင်ဆုရရှိရန် အဓိက အစိတ်အပိုင်းတစ်ခုဖြစ်နေသောကြောင့် အချိန်ယူ၍ အသေအချာရေးသားရမည်ဖြစ်ပြီး သက်ဆိုင်ရာသတင်းအချက်များအားလုံး ပါဝင်နေရမည်ဖြစ်သည်။ မိမိကိုယ်ရေးအကျဉ်းကိုအခြားတစ်ယောက်က ရေးသားပေးခြင်းကို ခွင့်မပြုသော်လည်းကျွမ်းကျင်သူအား ဖတ်ရှုစေပြီး အကြံဉာဏ်တောင်းခံနိုင်သည်။

ပညာသင်ဆုပေးအပ်မည့် အဖွဲ့အစည်းက သိရှိလိုသော အချက်များနှင့် မိမိကသိစေလိုသော အကြောင်းအရာများကိုကိုယ်ရေးအကျဉ်း ရေးသားချိန်၌ တိကျရှင်းလင်းစွာ ဖော်ပြနိုင်ရမည်။ မိမိဘဝအကြောင်း တစ်စိတ်တစ်ပိုင်းကို ရေးသားရာတွင် ပညာသင်ဆုသည်မိမိနှင့်ထိုက်တန်မှုရှိကြောင်း အခိုင်အမာပြသနိုင်ရမည်။

ကိုယ်ရေးအကျဉ်းကို အချိန်ကာလ အစီအစဉ်တကျ ကျစ်ကျစ်လျစ်လျစ်ရေးသားရန် အရေးကြီးပြီး မိမိဘဝ အစောပိုင်းမှ စတင်ရေးသားခြင်းသည် အကောင်းဆုံးနည်းလမ်း ဖြစ်ပါလိမ့်မည်။ အထူးသတိထားရမည်မှာ လိုရင်းတိုရှင်းဖော်ပြရန်ဖြစ်သည်။ စကားလုံးများ ဖောင်းပွနေခြင်း၊ ရှုပ်ထွေးနေခြင်းသည် စာဖတ်သူကို ဆုံးဖြတ်ချက်ချရန် အချိန်ယူစေမည်ဖြစ်ပြီး မိမိဆိုလိုရင်းကို နားလည်ရခက်ခဲစေမည် ဖြစ်သည်။ မိမိအရေးအသားသည် မြန်မာဘာသာ(သို့မဟုတ်)အင်္ဂလိပ်ဘာသာကျွမ်းကျင်ပိုင်နိုင်မှုကို သိသာပေါ်လွင်စေလိမ့်မည် ဖြစ်သည်။

ကိုယ်ရေးအချက်အလက်များကို ကျစ်လစ်၊ တိကျ၊ ရှင်းလင်းစွာ ဖော်ပြနိုင်ရန် ကိုယ်ရေးအကျဉ်းတွင် ထည့်သွင်းမည့် အကြောင်းအရာများကို ရွေးချယ်မှတ်သားထားရမည်။ မိမိနာမည်၊ မွေးနေ့၊ မွေးရပ်မြေနှင့် လက်ရှိနေရာ၊ မိဘအကြောင်း တစ်စေ့တစ်စောင်း၊ လက်ရှိအလုပ်အကိုင်၊ ပညာရေး၊ ဘဝ၏ အထူးခြားဆုံး အဖြစ်အပျက်၊ မိမိရရှိဖူးသော အောင်မြင်မှု၊ ဆုတံဆိပ်၊ မိမိရည်မှန်းချက်ပန်းတိုင်၊ မိမိစိတ်ဝင်စားမှု၊ ဝါသနာ၊ အားလပ်ချိန် အသုံးပြုမှု၊ မိမိကြုံတွေ့ခဲ့ဖူးသော အခက်အခဲ၊ပြဿနာ၊ မိမိဘဝအခြေအနေ၊ အနာဂတ်တွင် မိမိလေ့လာလိုသော ပညာရပ်နှင့် သင်ယူလိုသော အကြောင်းရင်း၊ အနာဂတ်အလုပ်အကိုင်ရည်ရွယ်ချက်နှင့် မိမိပညာကို မည်သို့ပြန်လည်အသုံးချမည်စသည့်အကြောင်းအရာများကို ကိုယ်ရေးအကျဉ်းတွင် စနစ်တကျရေးသားနိုင်သည်။

မိမိအိမ်အကြောင်း၊ မိမိနေထိုင်ခဲ့သော ရွာအကြောင်း၊ မိမိနိုင်ငံအကြောင်း၊ မိသားစုဝင်များအကြောင်းကိုအသေးစိတ်မရေးသားမိစေရန် သတိထားသင့်ပြီး မိမိကိုယ်ရေး အကျဉ်းဖြစ်ခြင်းကြောင့် မိမိအနာဂတ်ရည်မှန်းချက်နှင့် မိမိဘဝနောက်ကြောင်းကို လိုတိုရှင်းရေးသားရမည်ဖြစ်သည်။

ပြည်တွင်း၊ပြည်ပပညာသင်ဆု အစီအစဉ်များသည် သက်ဆိုင်ရာ လိုအပ်ချက်အရ ကိုယ်ရေးအကျဉ်းရေးသားရန် တောင်းဆိုသလို အချို့သည် အခြားခေါင်းစဉ်ဖြင့် စာစီစာကုံး(အက်စ်ဆေး)ရေးသားရန် တောင်းဆိုလေ့ရှိသည်။ မိမိရေးသားမည့် အကြောင်းအရာသည်ပညာသင်ဆုအစီအစဉ်၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် သတိပြုရမည်ဖြစ်သည်။

အချို့တက္ကသိုလ်နှင့် ပညာသင်ဆုအစီအစဉ်များသည် မိမိလေ့လာသင်ယူလိုသော ဘာသာရပ်၊ သင်ယူရခြင်း၏ ရည်ရွယ်ချက်၊ အနာဂတ်အလုပ်အကိုင်ရည်မှန်းချက်များကို သီးခြားခေါင်းစဉ်ဖြင့် စာစီစာကုံးရေးသားရန် တောင်းဆိုလေ့ရှိသည်။ အရေးကြီးဆုံးမှာ မိမိရွေးချယ်ထားသောဘာသာရပ်ကို အမှန်တကယ် လေ့လာသင်ယူလိုခြင်းနှင့် ယင်းဘာသာရပ် အကြောင်းအရာများကိုသိရှိနားလည်ကြောင်း၊ မိမိအနာဂတ်တွင် မည်သို့ မည်ပုံအသုံးပြုမည့်အကြောင်းကို ထင်ရှားပေါ်လွင်စွာ ဖော်ပြနိုင်ရန်ဖြစ်သည်။

စာ(၂၂)သို့

## ပညာရေးသတင်းတိုများ

### ပညာသင်ဆုအခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန်၊ မေ- ၂၈**

နိုင်ငံခြားပညာသင်ဆု အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲကို မေလ ၅ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲထိ ရွှေဂုံတိုင် မီးပွိုင့်အနီးရှိ ယုဇနတာဝါ၊ အမှတ် ၂၀၇တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။

ပညာသင်ဆုပေးအပ်နေသော အဖွဲ့အစည်းများအကြောင်းနှင့် ပညာသင်ဆုလျှောက်ရာတွင် သိထားသင့်သောအကြောင်း အရာများကို ရှင်းလင်းပြောကြားမည်ဖြစ်ပြီး စိတ်ဝင်စားသောကျောင်းသားလူငယ်များတက်ရောက်လေ့လာနိုင်သည်။

### ယူကေကျောင်းဝင်ခွင့်ဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ မေ- ၂၈**

ယူကေကျောင်းဝင်ခွင့်ဆိုင်ရာ ဟောပြောပွဲကို မေလ ၉ ရက် ညနေ ၅ နာရီမှ ၇နာရီထိ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။ ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ဝင်ခွင့်လိုအပ်ချက်များအကြောင်း ရှင်းလင်းပြောကြားမည်ဖြစ်ပြီး မည်သူမဆိုတက်ရောက်လေ့လာ ဆွေးနွေးနိုင်ကြောင်း Crown ပညာရေး ဝန်ဆောင်မှုလုပ်ငန်းမှ သိရသည်။

### အက်ဆေးပြိုင်ပွဲကျင်းပမည်

**ရန်ကုန်၊ မေ- ၂၈**

"What are the advantages of studying with Native Speakers?" အမည်ဖြင့် အက်ဆေးပြိုင်ပွဲကိုကျင်းပ၍ အကောင်းဆုံး ရေးသားနိုင်သူများကိုမေလတွင်ဖွင့်လှစ်မည့်အင်္ဂလိပ်ဘာသာစကားသင်တန်းများတက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ဂျွန်းရှင်းစကွဲ၌ ဖွင့်လှစ်လိုက်သည့် EduLink သင်တန်းကျောင်းမှသိရသည်။

ပြိုင်ပွဲဝင်လိုသော ကျောင်းသားများအနေဖြင့် အီးမေးလ်လိပ်စာ info@edulinkaustralia.com သို့ရေးသားပေးပို့နိုင်ပြီး အသေးစိတ်ကို ဖုန်း-၅၀၀၄၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

### ဗြိတိန်ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ မေ- ၂၈**

ဗြိတိန်နိုင်ငံရှိ ဆွမ်စီးတက္ကသိုလ်တွင် ဘွဲ့လွန်ပညာသင်ယူရန်အတွက်ဇွန်လ ၄ ရက်နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်ထားနိုင်ကြောင်းသိရသည်။ ပညာသင်ဆုအတွက် ကျောင်းဝင်ခွင့်အရည်အချင်းပြည့်မီရမည်ဖြစ်သလို ထူးချွန်ထက်မြက်၍ ကျောင်း စရိတ်မတတ်နိုင်သူများကို ပေးအပ်မည်ဖြစ်ပြီး www.swansea.ac.uk/ scholarships/international/scholarshipsandbursaries/whoiseligible,42961,en.php ၌ ဝင်ရောက် ကြည့်ရှုလေ့လာ လျှောက်ထားနိုင်သည်။

# ဆရာ၊ ကျောင်းသားအချိုးနှင့် ကျောင်းသားစာသင်ခန်းအချိုး သင့်တင့်ရေး ဆောင်ရွက်နေဟုဆို

**သီဟ**

**နေပြည်တော်**

**မေ- ၂၅**

အခြေခံပညာကျောင်းများတွင် ဆရာ၊ကျောင်းသားအချိုးနှင့် ကျောင်းသားစာသင်ခန်းအချိုး အရ သင့်တင့်မျှတစွာ ခန့်ထားပေးနိုင်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိသည်ဟုပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအေးကြူက ပြောသည်။

လက်ရှိတစ်နိုင်ငံလုံး အတိုင်း အတာအရ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများတွင် အခြေခံပညာကျောင်းစုစုပေါင်း၏ ၈၉ ရာခိုင်နှုန်းဖွင့်လှစ်ထားရှိပြီး၊ အဆိုပါဒေသများတွင် ခန့်ထားသည့် ဆရာ၊ ဆရာမဦးရေမှာလည်း ၆၉ ရာခိုင်နှုန်းကျော်ရှိပြီး ကျောင်းသားဦးရေမှာ ၆၇ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထို့ကြောင့် ကျောင်းသားနှင့် ဆရာအချိုးမှာ အထက်တန်းအဆင့်တွင် ၁း၃၃၊ အလယ်တန်းအဆင့်တွင် ၁း၃၇ ဖြစ်ကာ မူလတန်းအဆင့်တွင် ၁း၂၆ ရှိကြောင်း ဦးအေးကြူက ပြောသည်။

ဒုတိယဝန်ကြီးက ယနေ့ကျင်းပပြုလုပ်သည့်ပထမအကြိမ် ပြည်သူ့လွှတ်တော်တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက် နေ့တွင် ဘိုကလေးမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးမြသိန်း၏ ကျေးလက်ဒေသ ပညာရေးစနစ်အား အလေးထားဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ကျေးလက်ဒေသရှိကျောင်းများ၌ ဆရာ၊ ဆရာမများ လုံလောက်မှုမရှိခြင်း၊ တာဝန်ကျဆရာ၊ ဆရာမများမှာလည်း အကြောင်းပြကာ လာရောက်မှုမရှိခြင်း၊ ဆရာ၊ ကျောင်းသားအချိုး မမျှတခြင်း၊ မြို့ပြပညာရေးနှင့် နှိုင်းယှဉ်ပါက ကျေးလက်ပညာရေးမှာ နိမ့်ကျနေခြင်း စသည့်အချက်များအား ထောက်ပြကာ အထက်ပါမေးခွန်းများကို မေးမြန်းသွားခြင်းဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# အခြေခံပညာအဆင့်တွင် သမိုင်းဘာသာရပ်ဆရာ ရှားပါးနေ

**နေလင်းထွန်း**

**ရန်ကုန်၊ မေ–၂၄**

အခြေခံပညာအဆင့်တွင် သမိုင်းဘာသာရပ်ကို ကျင်လည်စွာ သင်ကြားနိုင်သော ဆရာဦးရေ ရှားပါးလျက်ရှိကြောင်း ပညာရေးလုပ်ငန်း လုပ်ကိုင်နေသူများက ပြောကြားသည်။

အထက်တန်းအဆင့်တွင် သမိုင်းဘာသာရပ်ပါဝင်သောဘာသာတွဲကို လေ့လာသင်ယူသော ကျောင်းသားမရှိသလောက် ဖြစ်နေသကဲ့သို့ သမိုင်းဘာသာရပ်သင်ကြားမည့် ဆရာလည်း နည်းပါးလာခြင်း ဖြစ်သည်။

"ဝိဇ္ဇာတွဲသင်တဲ့ ဆရာတွေ ရှားနေတာပါ။ အထူးသဖြင့် သမိုင်းသင်တဲ့ ဆရာက တော်တော်ရှားနေတယ်။ ရှိတဲ့ဆရာတွေကလည်း ဖတ်စာအုပ်ထဲက သမိုင်းလောက်ပဲ သင်တတ်တယ်။ ကျွန်တော်တို့ လိုချင်တာ ဖတ်စာအုပ်ထဲက သမိုင်းထက် ပိုသင်တတ်တဲ့ ဆရာကို လိုချင်တာပါ"ဟု ကျောင်းသားတစ်ထောင်နီးပါးကို လေ့ကျင့်သင်ကြားနေပြီး ကိုယ်ပိုင်ကျောင်းတည် ထောင်ရန် ပြင်ဆင်နေသူ တစ်ဦးကပြောသည်။

အထက်တန်းအဆင့်ကျောင်းသားများအား ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှစတင်၍ ဘာသာတွဲရှစ်ခုမှ နှစ်သက်ရာ ဘာသာတွဲတစ်ခုအား ရွေးချယ်သင်ယူစေခဲ့ရာ ကျောင်းသားများက သိပ္ပံဘာသာရပ်များပါဝင်သည့် ဘာသာတွဲများကိုသာ ရွေးချယ်သင်ယူနေခြင်းကြောင့် သမိုင်းနှင့် ပထဝီဘာသာရပ် သင်ကြားသော ဆရာများ နည်းပါးလာသည်။

"ဆရာမတို့ ကျောင်းမှာတော့ ဒီနှစ်တော့ ဝိဇ္ဇာတွဲသီးသန့်ယူတဲ့ ကျောင်းသားမရှိဘူး။ ဝိဇ္ဇာတွဲသင်တဲ့ ဆရာမတွေကတော့ တခြားလိုအပ်တဲ့ ဘာသာရပ်တွေ



ပြောင်းသင်ကြရတာပေါ့"ဟု ရန်ကုန်မြို့ရှိအထက်တန်းကျောင်း တစ်ကျောင်းမှ အတန်းပိုင်ဆရာမ တစ်ဦးကပြောသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်၊ အထက်တန်းအဆင့် နဝမတန်းနှင့်ဒသမတန်းကျောင်းသား၊ ကျောင်းသူများ၏ ဘာသာတွဲအလိုက် ရွေးချယ်သင်ယူမှုကို စိစစ်လေ့လာရာတွင် သမိုင်းနှင့် ပထဝီဘာသာရပ်ပါဝင်သော ဘာသာတွဲအမှတ်(၄)နှင့် (၆)တို့ကို ရွေးချယ်သင်ယူသူမရှိကြောင်းနှင့် ဘာသာတွဲအမှတ် (၅)နှင့် (၈)တို့တွင် သင်ယူသူ အလွန်နည်းပါးကြောင်း အခြေခံပညာကဏ္ဍ နှစ်ပတ်လည် အစီရင်ခံစာမှ သိရသည်။

# နော်ဝေနှင့် ဆွီဒင်ပညာသင်ဆုအတွက် မြန်မာကျောင်းသား ၇၀၀ ကျော်လျှောက်

**နေလင်းထွန်း**

**ရန်ကုန်၊မေ–၂၅**

နော်ဝေနှင့် ဆွီဒင်အစိုးရတို့က ပေးအပ်သော ပထမအကြိမ် ပညာသင်ဆုအတွက် မြန်မာကျောင်းသား ၇၀၀ကျော် လျှောက်ထားခဲ့ကြောင်း ပြည်တွင်းရှိ ပညာသင်ဆုစိစစ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုင်းနိုင်ငံရှိ အာရှနည်းပညာ တက္ကသိုလ်(AIT)တွင် မဟာဘွဲ့သင်တန်းများ တက်ရောက်ရန် မြန်မာကျောင်းသား ၆၀ဦးခန့်ကို ရွေးချယ်ချီးမြှင့်မည့် ပညာသင်ဆုအတွက် လျှောက်ထားသူ ၇၂၉ ဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါတက္ကသိုလ်ရှိ School of Enviroment, Resources and Development (SERD) တွင် ပညာသင်ရန် လျှောက်ထားသူ ၂၇၆ ဦး၊ School of Engineering and Technology(SET) တွင် ပညာသင်ရန်လျှောက်ထားသူ ၂၈၄ဦးနှင့် School of Management (SOM)တွင် ပညာသင်ယူရန် လျှောက်ထားသူ ၁၆၉ ဦးရှိခဲ့ကြောင်း သိရသည်။

"လူလတ်ပိုင်းနဲ့ လူငယ်တွေ လျှောက်ကြတာများတယ်။ ကျောင်းပြီးပြီးချင်း လျှောက်တဲ့သူတွေလည်းရှိတယ်။ နည်းပညာတက္ကသိုလ်တွေကလည်း လာလျှောက်ကြတယ်။ ပဏာမ အရွေးခံရတဲ့သူတွေကမေလကုန်လောက်သိရမှာပါ"ဟုအထက်ပါရုံးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

သုံးနှစ်ဆက်တိုက် ပေးအပ်ချီးမြှင့်မည်ဖြစ်သော ယင်းပညာသင်ဆုအစီအစဉ်ကို ယခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မိမိလျှောက်ထားမည့်ဘာသာရပ်နှင့် ဆက်စပ်သော ဒီဂရီဘွဲ့ရရှိထားသူများနှင့် လုပ်ငန်းအတွေ့အကြုံရှိထားသူများ လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုသင်တန်း ပုံမှန်ဖွင့်လှစ်နေ

**ညီညီဇော်**

**မန္တလေး၊ မေ – ၂၆**

စစ်ကိုင်းမြို့ ဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)တွင် ဗုဒ္ဓနည်းကျစီမံခန့်ခွဲမှုသင်တန်းကို နှစ်စဉ်နှစ်တိုင်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ သံဃာတော်၊ သီလရှင်များနှင့် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများပြုလုပ်လျက်ရှိသော လူမှုအဖွဲ့အစည်းများမှ ဘွဲ့ရအဆင့် လူလတ်ပိုင်းအရွယ် လူငယ်များ၊ ပရဟိတကျောင်းများမှ လူငယ်ဆရာများလည်း ဆရာတော်၏ ဖိတ်ကြားချက်အရ လာရောက်သင်ယူလေ့လာနေကြကြောင်း IBEC မှ ဆရာတော်တစ်ပါးကမိန့်သည်။

သင်တန်းကို ဧပြီလ ၂၃ ရက်မှ မေလ ၅ ရက်အထိ ပို့ချမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ ကျွမ်းကျင်တတ်မြောက်သော ပညာရှင်များဖြင့် ၂၀၁၀ ခုနှစ်မှ စတင်ကာ တစ်နှစ်လျှင် တစ်ကြိမ် နှစ်ပတ်ကြာ သင်ကြားပို့ချပေးလေ့ရှိသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိဘုန်းတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ ဆရာဆရာမများ၊ လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ဦးစီးဦးဆောင်ပြုနေသူများကို ဖိတ်ကြားကာ တစ်ကြိမ်လျှင် ၄၀ ဦးနှင့် ပြင်ပလေ့လာသူ ၃၀ ဦးတို့အား သင်ကြားနေခြင်းဖြစ်သည်။

ယခုနှစ်တွင် သင်တန်းဆရာများအဖြစ် ဓမ္မဒူတအရှင်ဆေကိန္ဒ (အပြည်ပြည်ဆိုင်ရာထေရဝါဒတက္က သိုလ်)၊ ဒေါက်တာဓမ္မပီယ (အပြည်ပြည်ဆိုင်ရာ ထေရဝါဒတက္ကသိုလ်)၊ ဒေါက်တာကိတ္တိဗလ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဒေါက်တာကန္တာစရိယ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ အရှင်ဒေဝိန္ဒာဘိဝံသ(သဒ္ဓမ္မဝေဒဂူကျောင်းဆရာတော်)၊ အရှင်သောဘိတ (IBEC ပဓာနနာယက ကျောင်းအုပ်ဆရာတော်)၊ အရှင်ပဏ္ဍိတ (IBEC နာယကဆရာတော်)၊ အရှင်ကောဝိဒ(IBEC နာယကဆရာတော်)၊ ဒေါက်တာမြတ်သူ၊ ဒေါက်တာဇော်ဦး၊ စာရေးဆရာဦးကျော်ရင်မြင့်၊ စာရေးဆရာဦးဘုန်း(ဓာတု)၊ ဒေါ်ငြိမ်းအိစံ၊ ဒေါ်နန်းကြည်ဖြူအောင်ချိုတို့က ပို့ချပေးခြင်းဖြစ်သည်။

အဆိုပါဗုဒ္ဓနည်းကျ စီမံခန့်ခွဲမှုသင်တန်းကို မုံရွာမြို့မှ လာရောက်သင်ယူနေသူ အသက်၆၇ နှစ်အရွယ် အငြိမ်းစားကျောင်းအုပ်ဆရာမကြီးတစ်ဦးက "စိတ်ဝင်စားလို့ကို လာတက်တာပါ။ မသေခင်လေး ကိုယ့်ရပ်ရွာကောင်းကျိုးလုပ်ပေးချင်တယ်လေ"ဟုဆိုသည်။

နိုင်ငံရေးပါတီများထဲမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ အဖွဲ့ဝင်အချို့လည်းလာရောက်သင်ယူနေသည်ဟု ပဓာနနာယက ဆရာတော်အရှင်သောဘိတက မိန့်ကြားသည်။ ယခုနှစ်တွင် သင်တန်းသားဦးရေ ၄၀ ဦး၊ ပြင်ပမှ လာရောက်လေ့လာသူ ၁၁ ဦးရှိသည်။




## စာ–၂၁၊ အခွင့်အလမ်းများအတွက် အဆင်သင့်ဖြစ်ရေး မှ

မိမိလျှောက်ထားမည့် ဘာသာရပ်၊ တက္ကသိုလ်နှင့် ပညာသင်ဆုအစီအစဉ်အကြောင်း ရှာဖွေလေ့လာထားပြီး ပညာသင်ဆုလျှောက်ထားရသည့်အကြောင်းရင်း၊ ဘာသာရပ်အပေါ် စိတ်ဝင်စားမှုအကြောင်းကို ရှင်းလင်းစွာရေးသားနိုင်သည်။ မိမိဘဝနောက်ကြောင်းမှစ၍ ယခုပညာသင်ဆုအစီအစဉ်လျှောက်ထားရန် ဖြစ်ပေါ်လာပုံနှင့် မိမိဘဝ အတွေ့အကြုံကြောင့် မိမိလျှောက်ထားမည့် ဘာသာရပ်အပေါ် စိတ်ဝင်စားမှုဖြစ်တည်လာပုံကို စာစီစာကုံးတွင် ထည့်သွင်းရှင်းပြနိုင်သည်။

မိမိလိုချင်သော အနာဂတ်အတွက် ရှင်းလင်းပြတ်သားသည့် ပန်းတိုင်ရှိထားရမည်ဖြစ်၍ ဖြစ်နိုင်ခြေအလားအလာ၊ တိကျသော အစီအစဉ်နှင့် မိမိလေ့လာသင်ယူမည့် ဘာသာရပ်နှင့် ဆက်နွယ်နေမှုတို့ကိုရေးသားနိုင်ပါကပညာသင်ဆုရွေးချယ်ရေးအဖွဲ့၏ အာရုံကို ဖမ်းစားနိုင်မည်ဖြစ်သည်။

ယေဘုယျကျသော အရေးအသားများထက် တိကျပြတ်သားသည့် အရေးအသားများက မိမိယုံကြည်ချက်ခိုင်မာမှုကို ပြသနိုင်မည်ဖြစ်ပြီး ပညာသင်ဆု အစီအစဉ်သည် မိမိနှင့် ကိုက်ညီမှုရှိ၊ မရှိကို အဆုံးအဖြတ် ပေးသွားလိမ့်မည် ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် ပိုမိုများပြားလာဖွယ်ရှိသော ပြည်တွင်း၊ ပြည်ပ ပညာတော်သင်အခွင့်အလမ်းများသည် ဘာသာစကားကျွမ်းကျင်မှု၊ ပညာရေးနောက်ခံ(သို့မဟုတ်)လုပ်ငန်းအတွေ့အကြုံကောင်းများ ရရှိထားမှုနှင့် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုနိုင်မှုတို့ကို အခြေခံရွေးချယ်ပေးအပ်နေခြင်း ဖြစ်သည်။

Ref:A Self-study guide for Myanmar students seeking university education abroad

# Technology

7DAY NEWS JOURNAL

Vol.11, No.8 • MAY 3 , 2012


## နိုကီယာကို ကျော်ဖြတ်၍ ကမ္ဘာ့ထိပ်တန်း စမတ်ဖုန်းထုတ်လုပ်သူ ဆမ်ဆောင်းဖြစ်လာ

**ဆိုးလ်၊ မေ - ၂၈**

ကိုရီးယား၏ ထိပ်တန်း အီလက်ထရွန်နစ်ကုမ္ပဏီကြီး ဆမ်ဆောင်းသည်ယခုနှစ်ပထမသုံးလပတ်အတွင်း စမတ်ဖုန်းရောင်းချရမှုများ မြင့်မားခဲ့၍ ဝင်ငွေစံချိန်တင်ကာ နိုကီယာကို ကျော်ဖြတ်၍ ကမ္ဘာ့ထိပ်တန်း ဆဲလ်ဖုန်းထုတ်လုပ်သည့် ကုမ္ပဏီဖြစ်လာဖွယ်ရှိကြောင်းသိရသည်။ မှတ်ဉာဏ်ချစ်ပ်ပြားများတင်ပို့ရာတွင် ကမ္ဘာ့အကြီးဆုံးကုမ္ပဏီဖြစ်သည့် ဆမ်ဆောင်းသည် ယခုနှစ်ပထမသုံးလပတ်အတွင်း အသားတင်အမြတ်ငွေ ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံနီးပါးအထိ စံချိန်တင်ရခဲ့ရာ ဝင်ငွေအများစုမှာ မိုဘိုင်းဖုန်းထုတ်လုပ်ရေးကဏ္ဍမှ ဖြစ်သည်။

ဆမ်ဆောင်းသည် ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ၎င်း၏ပြိုင်ဘက်မည်သည့်ကုမ္ပဏီထက်မဆို မိုဘိုင်းဖုန်းရောင်းချမှုများပြားခဲ့သည်ဟု သိရသည်။ စာရင်းများအရ နိုကီယာမှာ ပထမသုံးလပတ်အတွင်းဖုန်းဟန်းဆက်လုံးရေ ၈၃ သန်းရောင်းချခဲ့ရပြီး ဆမ်ဆောင်းမှာ လုံးရေ ၉၃ ဒသမ ၅ သန်းရောင်းချခဲ့ရသည်ဟုဆိုသည်။

ထို့ပြင် Strategy Analytics အဖွဲ့၏ အဆိုအရ ဆမ်ဆောင်းသည်စမတ်ဖုန်းရောင်းချရမှု လုံးရေ ၄၄ ဒသမ ၅ သန်းရောင်းချခဲ့ရပြီး နာမည်ကျော် Apple ကုမ္ပဏီမှာမူ အိုင်ဖုန်းလုံးရေ ၃၅ သန်းရောင်းချခဲ့သည်ဟု သိရသည်။

*—Ref: AP*




## ဖိုက်ဘာဆက်ကြောင်း ကွန်ရက်များ ထပ်ချဲ့မည်

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၂၂**

ပြည်တွင်းရှိ တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်မြန်နှုန်းများကောင်းမွန်လာစေရန် အတွက် စင်ကာပူအခြေစိုက် ITHL ကုမ္ပဏီနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့ ပူးပေါင်း၍ Fiber Cable ကွန်ရက်များ ထပ်မံတိုးချဲ့ရန် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသတင်းရရှိသည်။

အဆိုပါစီမံကိန်းအတွက် ဧပြီလ ၉ ရက်က ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် International Telecommunication Holdings Limited (ITHL)တို့ နေပြည်တော်တွင် သဘောတူစာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်သည်။

စင်ကာပူအခြေစိုက် International Telecommunication Holdings Limited (ITHL) ကုမ္ပဏီသည် တရုတ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ဖိုက်ဘာကွန်ရက်ဆက်သွယ်မှုလုပ်ငန်းတွင် အတွေ့အကြုံရှိ ကုမ္ပဏီဖြစ်ကြောင်းသိရသည်။

## 3G WCDMA လိုင်း ခုနစ်သိန်းကျော်ချထားပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊မေ- ၂၁**

ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများနှင့် ဂျီအက်စ်အမ်အမျိုးအစား 3G Network ဖြစ်သည့် WCDMA ဖုန်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း လိုင်းအရေအတွက်စုစုပေါင်း ခုနစ်သိန်းကျော်ချထားပေးသွားမည်ဖြစ်ကြောင်း ပုဂ္ဂလိကမိုဘိုင်းကုမ္ပဏီကြီးတစ်ခုဖြစ်သည့် E-Lite Tech Maufacturing မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးစိုင်းခင်မောင်အေးကပြောကြားသည်။

ယင်းသို့ အဆိုပါဖုန်းအမျိုးအစားနှစ်မျိုးကိုမြန်မာ့ဆက်သွယ်ရေး၏ ပထမနှစ်စီမံကိန်းကာလအတွင်း GSM ဖုန်းများကို အလုံးရေငါးသိန်းကျော်နှင့် WCDMA ဖုန်းများကို အလုံးရေနှစ်သိန်းကျော်ချထားပေးသွားမည်ဖြစ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ၎င်းတို့၏တန်ဖိုးနည်းဂျီအက်စ်အမ် ဖုန်းစီမံကိန်းအားငါးနှစ်အတွင်းအလုံးရေသန်းသုံးဆယ်ချထားပေးမည်ဖြစ်ပြီး ပထမနှစ်စီမံကိန်းတွင်တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် အလုံးရေလေးသန်းချထားပေးမည်ဟု ပြီးခဲ့သည့်နှစ်အတွင်းက ပြည်တွင်းမီဒီယာများသို့ အသိပေးပြောကြားခဲ့ကြသည်။

ထို့ကြောင့် ပထမနှစ်တွင် အဓိကမြို့ကြီးဖြစ်သော လူဦးရေခြောက်သန်းဝန်းကျင်ရှိ ရန်ကုန်မြို့အတွက် ဖုန်းအလုံးရေခြောက်သိန်းကျော်ချထားပေးခြင်းမှာ နည်းပါးနေသေးကြောင်း ရန်ကုန်မြို့အခြေစိုက် မိုဘိုင်းကုမ္ပဏီအချို့ကသုံးသပ်ပြောဆိုကြသည်။

ယခုလက်ရှိတွင် မေ ၉ ရက်မှစတင်ကာရန်ကုန်မြို့တွင် စတင်ရောင်းချခဲ့သည့်ကျပ်နှစ်သိန်းတန်ဂျီအက်စ်အမ်ဖုန်းများမှာ အလုံးရေ တစ်သိန်းရောင်းချပြီးဖြစ်သည်။

စတင်ရောင်းချသည့်ရက်မှ ရက်အနည်းငယ်အတွင်းဝယ်ယူသူများများပြားလွန်းသည့်အတွက် ဆင်းကတ်နည်းပါးသည့်အရေအတွက်ပြဿနာကြောင့်အစိုးရရုံးပိတ်ရက်များအတွင်း ခေတ္တရောင်းချမှုရပ်နားခဲ့ရသော ယင်းဂျီအက်စ်အမ်ဖုန်းများနှင့် ကျပ်နှစ်သိန်းငါးသောင်းတန် WCDMA ဖုန်းများကို မေ ၂၃ ရက်မှစတင်ကာ ပြန်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## အမျိုးသားအဆင့် အိုင်စီတီဖိုရမ် ဇွန်လတွင် ကျင်းပမည်

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ မေ - ၂၃**

မြန်မာနိုင်ငံ၏ အင်တာနက်စနစ်ပိုမိုကောင်းမွန်ရန် ရည်ရွယ်၍ အမျိုးသားအဆင့် အိုင်စီတီဖိုရမ်တစ်ခုကို လာမည့်ဇွန်လတွင် ပြုလုပ်ကျင်းပသွားရန်ရှိကြောင်း ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က ပြောကြားသည်။

အင်တာနက်လိုင်းများ မြန်ဆန်စေရန်အတွက် ပြည်ပမှ ပညာရှင်များကို ဖိတ်ခေါ်၍ လေ့လာစိစစ်လျက်ရှိပြီး National ICT Forum (အမျိုးသားအဆင့်အိုင်စီတီဖိုရမ်)ကို ဇွန်လတွင် ကျင်းပသွားမည်ဖြစ်ကာ အင်တာနက်စနစ်ပိုမိုကောင်းမွန်ရန် ဆောင်ရွက်သွားမည်ဟု


**စာ(၂၄)သို့**



MELIOR™ International College

ERF Registration No. 200408579D
Validity: 07/07/2010 - 06/07/2014

edutrust SINGAPORE PROVISIONAL

Cert No. : EDU-3-3059
Validity : 20/09/2011 - 19/09/2012

In partnership with

CQUniversity AUSTRALIA

အခမဲ့ပညာရေးဆွေးနွေးပွဲ

အနာဂတ်အတွက် ကောင်းမွန်သော ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို စင်ကာပူနှင့် ဩစတြေးလျတွင် ရှာကြည့်ကြပါစို့၊ အစည်းအဝေးသို့ တက်ရောက်လိုသူများအနေဖြင့် သိရှိလိုသော မေးခွန်းများကို ဆွေးနွေးပွဲအပြီးတွင် တစ်ဦးချင်း မေးမြန်းနိုင်ပါသည်။

**Study in Singapore with CQUniversity Australia**

- Why a Business Degree is So Important In Today's Economy?
- A Bright Future Ahead with Medical Science Degree
- Career Prospects with Tourism and Hospitality

Date: 5 May 2012 (Saturday), 6 May 2012 (Sunday)
Time: 10:30 AM (Morning Session), 3:00 PM (Afternoon Session)
Venue: Robinson Services Co., Ltd.
Hotel Lobby Room (01), Asia Plaza Hotel, No. 277 Corner of Bogyoke Aung San Road & 38 Street, Kyauk Tada Township, Yangon

One to one consultation available (RSVP only)

လူကိုယ်တိုင်ရောက်ရှိသတ်ထားပါသဖြင့် အမြန်စာရင်းပေးသွင်းနိုင်ပါသည်။

Tel: 09 4319 6211, 09 420053536 / Email: mic.yangon@gmail.com

**About CQUniversity Australia**

CQUniversity Australia is a fully accredited and highly rated university. CQUniversity has consistently received 5-star ratings from The Good Universities Guide, Australia's only degree and university ratings published by Hobsons.

**About Melior International College**

Melior International College is the exclusive partner of CQUniversity Australia. Through this partnership, our students are given the opportunity to attain a truly international degree via a unique learning experience.

**Robinson Services Co., Ltd.**
Hotel Lobby Room (01), Asia Plaza Hotel,
No. 277 Corner of Bogyoke Aung San Road
& 38 Street, Kyauk Tada Township, Yangon
Tel. 09-420053536, 09-5126968, 09-43196211



အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်




အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-557638, 09-73085653**

# အင်တာနက်ဆိုင်ရာအဖွဲ့အစည်းတစ်ခု ဖွဲ့စည်းမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ- ၂၈**

အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံများတွင် အခြေစိုက်ဖွင့်လှစ်ထားသော Internet Society အဖွဲ့၏ ကူညီထောက်ပံ့မှုများဖြင့် Internet Society Myanmar Chapter ဟူသော အဖွဲ့အစည်းတစ်ခုကို လာမည့်မေလအတွင်း ဖွဲ့စည်းတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အင်တာနက်သည် လူတိုင်းအတွက်ဖြစ်သည် ဟူသော ရည်ရွယ်ချက်ဖြင့် ၁၉၉၂ ခုမှစတင်၍ ထားခဲ့သည့် နိုင်ငံတကာ အဖွဲ့အစည်းဖြစ်သည့် Internet Society နှင့် ချိတ်ဆက်ကာ ပြည်တွင်း၏ အင်တာနက်ဆက်သွယ်မှုကဏ္ဍကို လက်ရှိထက်ပိုမိုတိုးတက်လာစေရန်အတွက် ယခုဖွဲ့စည်းတော့မည့် Internet Society Myanmar Chapter က ဆောင်ရွက်မှုများကို အဆင့်လိုက် ပြုလုပ်သွားမည်ဟု သိရသည်။

Internet Society Myanmar Chapter အနေဖြင့် ပြည်တွင်း၌ အင်တာနက်အသုံးပြုသူ အရေအတွက် မြင့်တက်လာစေရန်၊ မြန်မာပြည်၏ အင်တာနက်ဆက်သွယ်မှုကဏ္ဍနှင့်ပတ်သက်ပြီးတိကျမှန်ကန်သည့်သတင်းရင်းမြစ်တစ်ခုအဖြစ်ရပ်တည်ရန်နှင့် ပြည်တွင်းပြည်ပမီဒီယာများတွင် မြန်မာပြည်အင်တာနက်နှင့်ပတ်သက်သည့် ဆောင်းပါးများ၊ သုံးသပ်ချက်များနှင့် သုတေသနစာတမ်းများအတွက် ပံ့ပိုးကူညီပေးရန် အစရှိသည့် အကြောင်းအရာများအတွက် အဓိကဆောင်ရွက်သွားမည်ဟု ယင်းအဖွဲ့အစည်း၏ တာဝန်ရှိသူတစ်ဦးဖြစ်သော ကိုဇော်ဇော်မျိုးလွင်ကဆိုသည်။

ယခုကဲ့သို့ Internet Society Myanmar Chapter တည် ထောင်လိုက်ခြင်းအားဖြင့် Internet Society မှ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဆောင်ရွက်ပေးနေသော နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို ပြုလုပ်ပေးနေသည့်အစီအစဉ်များတွင်ပါဝင်နိုင်သည့် အကျိုးကျေးဇူးများကို ရယူနိုင်မည်ဖြစ်သည်။

"အဓိက ရည်ရွယ်ချက်က ပြည်တွင်းအင်တာနက်နဲ့ပတ်သက်ပြီး သိချင်လာရင် Internet Society ကိုမေးလိုက်ရင် သိလိုက်ရတယ်ဆိုတာမျိုးဖြစ်လာအောင်ဆောင်ရွက်ဖို့ပါ" ဟု ယင်းအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

မကြာမီစတင် တည်ထောင်မည့် Internet Society Myanmar Chapter အနေဖြင့် Internet Society မှ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာနှစ်ထောင်ထက်မပိုသည့် ထောက်ပံ့မှုကို ရရှိနိုင်မည်ဖြစ်သည်ဟုသိရသည်။








## ကိုရီးယားဘာသာစကား အွန်လိုင်းအခမဲ့သင်ခန်းစာ စတင်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ- ၂၅**

ကိုရီးယား ဘာသာစကားနှင့် ယဉ်ကျေးမှုလေ့လာလိုသူများအတွက် အခမဲ့အွန်လိုင်းသင်ခန်းစာအစီအစဉ်ကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုရီးယားသံရုံးမှ သတင်းထုတ်ပြန်ထားသည်။

ကိုရီးယားဘာသာစကားကို အခြေခံမှအဆင့်မြင့်အထိ အွန်လိုင်းပညာရေးဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ကိုရီးယားဘာသာစကားနှင့် ယဉ်ကျေးမှုကိုစိတ်ဝင်စားသူတိုင်း လေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကိုရီးယားနိုင်ငံသို့ အလည်အပတ် သွားရောက်လိုသူများနှင့် ကိုရီးယားစကားပြောလိုသူများအနေဖြင့် Arirang အွန်လိုင်းအစီအစဉ်ဖြစ်သော www. arirang. co.kr/Member/SignUP_ Main.asp?sys_ lang=Eng တွင် ဝင်ရောက်စာရင်းပေးသွင်းလေ့လာနိုင်မည်ဖြစ်သည်။

ကိုရီးယားဘာသာ အရေး၊ အပြော၊ အကြား၊ သဒ္ဒါနှင့် အခြားလေ့လာမှုများအတွက် King Sejong Institute www.idp. sejonghakdang.org/join/nuri/sjc/ member/SJC_ JoinMemberW တွင် ဝင်ရောက် စာရင်းပေးသွင်းလေ့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများကို ကြိုက်နှစ်သက်သော ပရိသတ်များပြားလာခဲ့ရာ ကိုရီးယားဘာသာစကားလေ့လာသင်ယူသော လူငယ်ဦးရေလည်း မြင့်တက်လျက်ရှိသည်။

## စာ(၂၃) - အမျိုးသားအဆင့် အိုင်စီတီဖိုရမ် ဇွန်လတွင် ကျင်းပမည် မှ

ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ အခမ်းအနားတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်တာနက်လိုင်း ကနဦးတပ်ဆင်နှုန်းများ ကြီးမြင့်နေခြင်းနှင့်ပတ်သက်၍လည်း ယင်းကရှင်းလင်းပြောကြားခဲ့ရာတွင် အင်တာနက်ကွန်ရက်အခြေခံဆောက်လုပ်မှုစရိတ်များကြီးမြင့်၍ ကနဦးတပ်ဆင်ခနှုန်းများ မြင့်မားရခြင်းဖြစ်ကြောင်း၊ အင်တာနက်သုံးစွဲခနှုန်းတွင်မူမြင့်မားသည်ဟုမဆိုနိုင်ဘဲ အချို့နိုင်ငံများထက်ပင် နည်းနေသေးကြောင်း ၎င်း၏ပြောကြားချက်အရသိရှိရသည်။

မြန်မာနိုင်ငံတွင် အင်တာနက်လိုင်းချိတ်ဆက်ထားမှုအရေအတွက် ငါးသောင်းကျော်ရှိပြီး အင်တာနက်သုံးစွဲသူဦးရေ ငါးသိန်းခန့်ရှိကြောင်းလည်း ၎င်းကပင် ဆက်လက်ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲမှုစရိတ်ကြီးမြင့်နေခြင်းကို သက်သာအောင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိနှင့် အင်တာနက်ဆက်သွယ်မှုလိုင်းများ မြန်ဆန်စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ပေးမည့်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ညဏစိုးက ဆွေးနွေးမေးမြန်းခဲ့ခြင်းဖြစ်သည်။



# အတိတ်သို့ သမင်လည်ပြန် (သို့မဟုတ်) နာဂစ်ပြောတဲ့ လူ့မနော

■ မင်းသန်းထိုက်(ဒေးဒရဲ)

**၂၀၁၂ခု မေ ၂ရက်သည် မြစ်ဝကျွန်းပေါ် ဒေသရှိ ကျွန်တော်တို့မြို့ကလေးသို့ နာဂစ်ဆိုသည့်ဧည့်သည်ဆိုးကြီး မခေါ်ဘဲ အလည်ရောက်ခဲ့သည့်(၄) နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သည်။ ကမ္ဘာကြီး၏ လည်ပတ်နှုန်းမြန်လာသလား ထင်ရလောက်အောင် အချိန်တွေက အကုန်မြန်လွန်းပါဘိ။ ပြန်စဉ်းစားမိတော့အဖြစ်အပျက်တွေကမနေ့တစ်နေ့ကလိုပဲထင်ရသည်။ စိတ်ဒဏ်ရာတွေက အကင်းမသေချင်သေး။ အပေါ် ထပ်ကစာအုပ်ပုံကြီးက ဝေဒနာတွေကို လှုပ်နှိုးနေဆဲ။ လွှင့်လည်း မပစ်ရက်၊ ဖတ်လို့လည်း မရ၊ နာဂစ်ပေးသော လက်ဆောင်များအဖြစ် သားစဉ်မြေဆက်ချန်ထားရစ်ခဲ့ရမည့်အမှတ်တရများ။**

မစဉ်းစားဘဲ အလိုလိုသတိရနေသည်။ မတွေးဘဲနှင့် တရေးရေးပေါ်လာသည်။ နာဂစ်သည် ပတ်ဝန်းကျင်တစ်ခုလုံးကို သာခြေမွှဖျက်ဆီးခဲ့သည် မဟုတ်။ လူတွေ၏ အတွင်းအဇ္ဈတ္တစိတ်သန္တာန်ကိုပါ လှစ်ဟပြသွားခဲ့လေသည်။

ထိုနေ့ ၂၀၀၈ ခု မေ ၂ ရက် သောကြာနေ့က ကျွန်တော် အိပ်တန်းပြန်ချိန် နောက်ကျသည်။ ည ၈ နာရီထိုးခါနီးမှ အိမ်သို့ ပြန်ရောက်၏။ မုန်တိုင်းရှိသည်လို့တော့ ဟိုလူပြော သည်လူပြောကြားခဲ့ရသည်။ ထုံးစံအတိုင်း မီးပျက်နေသဖြင့် တီဗီလည်း ဖွင့်မကြည့်မိ။ ည ၈ နာရီ ၁၅ မိနစ် ဘီဘီစီသတင်းလာချိန်ရောက်လို့ ဖွင့်လိုက်တော့ မုန်တိုင်းသတင်းကြေညာသံကြားရသည်။ "ရန်ကုန်မြို့မှ အနောက်စူးစူး မိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပါတယ်။ လေတိုက်နှုန်း တစ်နာရီကို မိုင် ၁၂၀ အထိ ရှိနိုင်ပါတယ်။ ရွေ့လျားနှုန်း တစ်နာရီကို ၁၂မိုင်နှုန်းနဲ့ ရွေ့လျားနေပါတယ်။

အမှန်အတိုင်း ဝန်ခံရလျှင် ဒီ သတင်းကို နားထောင်ပြီး ကျွန်တော့်စိတ်ထဲမှာ နည်းနည်းမှ မတုန်လှုပ်မိခဲ့ပါ။ တချို့အိမ်ကလေးများ အမိုးလန်ရုံ၊ တချို့အပင်ကလေးများ အကိုင်းကျိုးရုံလောက်ပဲ ရှိလိမ့်မည်ဟု ထင်ခဲ့ပါသည်။ မုန်တိုင်းနှင့်ပတ်သက်သည့် အတွေ့အကြုံဗဟုသုတကလည်းနည်းခဲ့ပေသကိုး။ ဒါကြောင့်ပင် ရေဒီယိုနားထောင်ရင်း "ရန်ကုန်မြို့မှ အနောက်စူးစူးဆိုတော့ ငါတို့ဘက်ပေ့ါဟ။ မုန်တိုင်း ဘယ်နားရောက်နေပြီလဲ မသိဘူး" ဟု ကျွန်တော့် အိမ်သားများကိုပင် ပြောပြနေမိသည်။ အိမ်သားများကလည်း စိုးရိမ်ထိတ်လန့်ပူပန်သည့်ဟန် လုံးဝမပြကြပါ။ သည်လိုနှင့်ည၉နာရီသာသာတွင် လေကလေးတဖြူးဖြူး စတင်တိုက်ခတ်စပြုလာသည်။

အိမ်ပြတင်းတံခါးများကို အပေါ်အောက် နှစ်ဂျက်စလုံးထိုး၍ ပိတ်လိုက်ကြသည်။ တံခါးမကြီးကိုတော့ မပိတ်ရသေး။ ၉ နာရီခွဲကျော်ကျော် ၁၀ နာရီမတင်းလောက်တွင် အိမ်ရှေ့မှ အုန်းလက်ကြွေသံကြားရသည်။ အိမ်ရှေ့မှန်တံခါးမှတစ်ဆင့် ဓာတ်မီးဖြင့် ထိုးကြည့်တော့ အုန်းလက်ကဆားဗစ်ကြိုးပေါ်တွဲလောင်းကြီး ချိတ်နေသည်။ ဓာတ်ကြိုးပြတ်မည်ဆိုး၍ အိမ်အပြင်ထွက်ကာ အုန်းလက်ကိုဆွဲချတော့မှ အပြင်မှာ လေတော်တော်ကြမ်းနေမှန်း သိလိုက်ရသည်။ အိမ်ထဲကိုကမန်းကတန်း ပြန်ဝင်၊ တံခါးမကြီးကိုပါ အပေါ်အောက်ဂျက်တွေ အပြည့်ထိုးပြီး ပိတ်၊ ရသမျှ ပရိတ်တွေ ပဋ္ဌာန်းတွေ အခေါက်ခေါက်အခါခါ ရွတ်နေမိတော့သည်။ နားထဲတွင်တော့ လေယာဉ်အစင်းပေါင်းထောင်နှင့် ချီ၍ ပျံနေသည့် အသံမျိုးလို တဝေါဝေါအသံကြီးမှလွဲ၍ ဘာသံမျှ မကြားရတော့။ ကျွန်တော်တို့ တစ်တွေ ယခုမှပင် ထိတ်လန့် ရကောင်းမှန်း သိကြတော့သည်။ သိသည့်အချိန်တွင် ဘာမှကြိုတင်ပြင်ဆင်ကာကွယ်ထားတာမရှိ။ ယခုမှတော့ မုန်တိုင်းပြုသမျှ လည်စင်းခံကြရရုံသာ။

တဖြည်းဖြည်း ညဥ့်နက်လာလေ လေက ပိုပိုကြမ်းလာလေ။ တံခါးမကြီး၏ တဝုန်းဝုန်း တုန်ခါနေပုံမှာ အချပ်လိုက်ပြုတ်ထွက်မလားထင်ရသည်။ အိမ်ခေါ်ပေါ်က ဂျိန်းခနဲ အသံကြီးကြားရသည်။ ခေါင်မိုးသွပ်တွေ လန်ထွက်သည့်အသံ ဖြစ်မည်ထင်သည်။ အပေါ်ထပ်ကိုလည်း ဘယ်သူမှ မတက်ရဲကြတော့။ မိသားစုတွေ အိမ်အလယ်ခေါင်မှာ သည်အတိုင်းစုပြုံထိုင်နေကြသည်။ ပတ်ဝန်းကျင်နဲ့လည်း အဆက်အသွယ်ပြတ်သွားသည်။ ညသန်းခေါင်ကျော်စတွင် အိမ်ထဲကိုရေတွေဝင်လာသည်။ သည်တစ်ညတော့ ရင်ကော့ခံရုံပဲဟု စိတ်ကိုတင်းလိုက်မိ၏။ ထိုစဉ် "ဆရာ၊ ဆရာမ။ တံခါးဖွင့်ပါဦး၊ ကျွန်မတို့အိမ်တွေပြိုကုန်ပြီ"

လမ်းထဲက အိမ်နီးနားချင်းတွေရဲ့ အသံတွေ။ လေတိုးနေတော့တံခါးမကြီးကို မနည်းကြိုးစားပြီး ဖွင့်ရသည်။ တဝုန်းဝုန်းရိုက်မှာစိုးလို့ လူသုံးယောက် ဝိုင်းကိုင်ထားရသည်။ မိသားစုနှစ်စု လူခုနစ်ယောက် အိမ်ထဲရောက်လာသည်။ ကျွန်တော်တို့ အိမ်လည်း ခေါင်မိုးတွေ ရှိတော့ပုံမပေါ်။ မိုးရေတွေက အပေါ်ထပ်ကြမ်းပြင်ကို ဖောက်ကာနေရာအနှံ့ စီးကျနေသည်။ "ကျန်တဲ့ မိသားစုတွေကော" လို့ ကျွန်တော်မေးမိတော့

"တချို့လည်း လမ်းထိပ်ကတိုက်ကြီးဆီပြေးကြတယ်။ တချို့လည်း ဘုရားဘက်ပြေးကြတယ်။ လမ်းထဲမှာ ဆရာတို့ တစ်အိမ်ပဲကျန်တယ်။ ကျန်တာတွေ အကုန်ပြိုကုန်ပြီ။ လူငယ်တွေက အဘိုးကြီး၊ အဘွားကြီးတွေကို ကျောပိုးပြီး ဘုရားကိုပို့ပေးနေတယ်။ လမ်းကြိုလမ်းကြားတွေထဲ လိုက်ပြီး ကယ်ဆယ်ရေးလုပ်နေကြတယ်။ အေဝမ်းဘက်မှာတော့ လမ်းပေါ်မှာ ရေတွေက ရင်ဆို့လောက်ရောက်နေပြီတဲ့"

ကြားရတဲ့ သတင်းတွေက မကောင်း။ သို့သော် မကောင်းတဲ့ သတင်းတွေထဲကောင်းတဲ့သတင်းလေးတစ်ခုကို ပီတိဖြစ်စရာ ကြားရသည်။ ညကြီးမင်းကြီး မှောင်ကြီးမည်းမည်း လေထဲရေထဲ မိုးထဲမှာ လူငယ်တွေက တစ်ရပ်ကွက်လုံးအနှံ့ကယ်ဆယ်ရေးတွေလုပ်နေကြသတဲ့။ အဘိုးတွေ၊ အဘွားတွေ၊မသွားမလာနိုင်တဲ့သူတွေကို ကျောပိုးပြီးမုန်တိုင်းဒဏ်ခံနိုင်မယ့် နေရာ ဘုရားကြီးဆီကို ပို့ပေးနေကြသတဲ့။ အရေးကြုံလာရင် လူငယ်တွေပဲ ကိုယ်ကျိုးစွန့်ကြတာပါလားလို့ ကျွန်တော့်စိတ်ထဲက တွေးနေမိသည်။ ခဏနေတော့ထိုလူငယ်အုပ်စုတွေ ကျွန်တော်တို့ အိမ်ဘက်ရောက်လာသည်။

"ဆရာကြီး၊ အဆင်ပြေရဲ့လား။ ကျွန်တော်တို့ ဘာကူညီရမလဲ" အိမ်တံခါးဝက အကျယ်ကြီးအော်ပြောသံကို ၁၀ ပေအကွာလောက် အိမ်ထဲက တိုးတိုးလေးပဲကြားရသည်။ တစ်လောကလုံး မိုးသံ၊ လေသံကလွှဲလို့ ဘာသံမျှ မကြားရ။ အိမ်တွေ အပုံလိုက်ပြိုကျတာ၊ အုန်းပင်ကြီးတွေခါးလယ်က ပြတ်ကျတာ၊ ယောက်ျားကြီးသုံးဖက်စာလောက်ရှိတဲ့ ကုက္ကိုပင်၊ မန်ကျည်းပင်တွေ ဖင်ထောင်လဲနေတာတွေကို မနက်ခင်းကျမှသာ အံ့သြစွာ တွေ့ရခြင်းဖြစ်သည်။ တစ်ညလုံးမှာတော့ ကိုယ့်တစ်အိမ်တည်းခံနေရသလားအောက်မေ့ရသည်။ လူငယ်အုပ်စုတွေရောက်လာတော့မှသာတစ်ရပ်ကွက်လုံးနီးပါး ဘုရားဝင်းကြီးထဲက တန်ဆောင်းတွေ ဇရပ်တွေထဲရောက်နေမှန်း သိရတော့၏။

"ဆရာတို့အဆင်ပြေပါတယ်ကွာ။ မင်းတို့ကိုယ့်အန္တရာယ်လည်း ကိုယ်သတိထားကြဦး"

"ဟုတ်ကဲ့"

လူငယ်အုပ်စုတွေ မှောင်နှင့်မည်းမည်း မုန်တိုင်းထဲကို တိုးဝင် ပျောက်ကွယ်သွားကြသည်။ ကျွန်တော့်မှာ မိုးဒဏ်၊ လေဒဏ်နှင့် ခိုက်ခိုက်တုန်အောင် ချမ်းနေသည့်ကြားကပင် ထိုလူငယ်လေးတွေ၏ ပရဟိတစိတ်ဓာတ်ကို လေးစားသည့်စိတ်ဖြင့် ပီတိလှိုင်းကလေးတွေ တလိပ်လိပ်ကြွကာ ရင်ထဲမှာ နွေးလျက်ရှိတော့သည်။

သည်လိုနှင့်ည ၂နာရီကျော်ကျော်တွင် လေလမ်းကြောင်းပြောင်းသွားသည်။ အရှေ့ဘက်မှ တိုက်နေရာမှ အနောက်ဘက်မှ ပြောင်းတိုက်သည်။ ပို၍လည်း ကြမ်းလာသည်။ သို့သော် အိမ်မကြီးပေါ် သို့ဒူးဆစ်လောက်ရောက်အောင် တက်လာသော ရေသည် ကျရိပ်ပြလာသည်။ လေပိုကြမ်းလာတာက ပြဿနာမရှိ။ ပြိုစရာတွေကကုန်သလောက်ဖြစ်နေပြီ။ ရေတွေ ဒလဟော တက်လာလျှင်သာရှောင်ရ တိမ်းရခက်သွားလိမ့်မည်။ ခုရေကျသွားပြီဆိုတော့စိတ်တစ်ပိုင်းအေးရလေပြီ။ သည်ညကျမှ မိုးကလည်း လင်းခဲလိုက်တာ။ အိပ်မပျော်သူအတွက် ညတာပိုရှည်သလို ဖြစ်နေလေပြီ။

တိုင်ကပ်နာရီကြီးကတော့ သူ့တာဝန်သူကျေပွန်စွာ။ တစ်နာရီပြီး တစ်နာရီမှန်မှန်ရွေ့လျားနေ၏။ နံနက်၅ နာရီလောက်တွင် ပတ်ဝန်းကျင်ကိုရေးရေးမြင်ရလေပြီ။ လေလည်း အနည်းငယ်အားပျော့စပြုလာပြီ။ အလင်းရောင်ကို မြင်ရတော့ အနည်းငယ် အားရှိလာသလိုပင်။ အိမ်ရှေ့တံခါးမကြီးကို ဖွင့်ကာ လမ်းမပေါ် သို့ လှမ်းကြည့်မိတော့။ လူနှစ်ယောက်။ မိန်းမတစ်ယောက်၊ ယောကျ်ား တစ်ယောက်။ ယောကျ်ားက လမ်းဘေးမြောင်းထဲဆင်းကာ သွပ်ပြားတွေ ဆွဲတင်လိုက်၊ မိန်းမက ကြုံသလို ချိုးခေါက်၊ သားရေဖိနပ်ရှည်ဝတ်ထားတဲ့ ခြေထောက်နဲ့ တက်နင်း၊ ပြီးတော့ အသင့်ပါလာတဲ့မြေဩရေခွံအိတ်တွေထဲ ထိုးသိပ်ထည့်။ အနားမှာလည်း သွပ်တွေထည့်ထားတဲ့ အိတ်တွေကလေး၊ ငါးအိတ်အထပ်လိုက်။ အော် သူများတွေ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ သောကပရိဒေဝတွေ တောက်နေချိန်မှာ သူတို့ကတော့ ပိုင်ရှင်မဲ့ မဟုတ်တဲ့ ပစ္စည်းတွေကို အေးအေးဆေးဆေးပဲ ကောက်ယူနေကြလေရဲ့။


ခဏကြာတော့ ယောကျ်ားသုံး၊ လေးယောက် သစ်ချောင်းတွေ ထမ်းကာ မိုးထဲ၊ လေထဲ၊ ရေထဲမှပင် ခပ်သုတ်သုတ်သွားတာ မြင်လိုက်ရသည်။ အရဏ်ကျင်းစ မြင်လိုက်ရသည့် မြင်ကွင်းများက မုန်တိုင်းကဲ့သို့ပင် စက်ဆုပ်ဖွယ်ကောင်းလေစွ။ ညက တွေ့ခဲ့ရသည့် လူငယ်တစ်စုနှင့်စိတ်ဓာတ်ချင်း ခြားနားလေစွ။

သည်လိုနှင့် မနက်လင်း၍ လေအတော် ပျော့သွားတော့ မြို့ထဲထွက်ကာ သတင်းဝရင်းနာထောင်ရင်း အပျက်အစီးတွေ လျှောက်ကြည့်မိသည်။ တစ်မြို့လုံး အပျက်အစီးတွေက မြင်မကောင်း၊ ရှုမကောင်း။ မီးလောင်ပြင်ကြီးလို ဖြစ်နေသည်။ မြို့ပေါ်မှ အသေအပျောက် သတင်းမကြားရ။ ရွာတွေမှာ ရေက ၁၅ ပေလောက်တက်သည်။ အိမ်တွေရော လူတွေပါ ရေထဲမျောကုန်ကြသတဲ့။ ကြားရတဲ့ သတင်းတွေက စိတ်ချမ်းသာစရာ တစ်ခုမျှမရှိ။ သည်အတိုင်းဆို သွပ်တွေ၊ သစ်တွေ ဈေးတက်ဦးမည်။ ကျွန်တော့်အိမ်ကလည်း မပြိုပေမယ့် ဒိုင်းတွေ၊ မြားတွေပါ အကုန်ပါသွားတာဆိုတော့ ဈေးကလေး ဘာလေး စုံစမ်းဦးမှ မြန်မာပြည်မှာ ကိုယ်ဖြစ်ကိုယ်ခံပဲ။ ဘယ်သူ့အကူအညီမှ မျှော်နေလို့ မရဘူး။ သည်လိုတွေးရင်း သစ်ဆိုင်၊ သွပ်ဆိုင်တွေဘက် ထွက်လာခဲ့သည်။

တစ်နေရာမှာ ထော်လာဂျီပေါ်ကို သွပ်တွေ တင်နေတာတွေတော့ ဈေးစနည်းနာကြည့်သည်။ တစ်ပေကို တစ်ထောင့်နှစ်ရာတဲ့။ ခုနစ်ပေ သွပ်တစ်ချက်ကို ၈၄၀၀။ ဆယ်ချပ်ဆိုတော့ ရှစ်သောင်းလေးထောင်။ ငါ့အိမ်က အချပ်ခြောက်ဆယ်လောက် မိုးရမှာဆိုတော့ သွပ်ဖိုးချည်းငါးသိန်းကျော်။ သွပ်သံက တစ်ပိဿာကို သုံးသောင်းခွဲတဲ့။ သစ်ဖိုးကလည်း သွပ်ဖိုးမက ရှိလိမ့်မည်။ သည်အတိုင်းဆို သည်မိုးတွင်း လုံလုံခြုံခြုံနေနိုင်ဖို့အနည်းဆုံးငွေဆယ်သိန်းရှာရမည်။ မိုးရေထဲ လျှောက်သွားရင်း ကျွန်တော်ခွေးတွေ ပြန်လာသည်။ နဂိုထဲက ဂိုဒေါင်ထဲရှိပြီးသား သစ်တွေ၊ သွပ်တွေက လေကလေတိုက်လိုက်တာနဲ့ ပဇာကြောင့်များ ခုန်ပျံကျော်လွှားဈေးတွေ တက်သွားရပါသနည်း။ အရဏ်ကျင်းစက မြင်ခဲ့ရသည့် သွပ်အစုတ်ကောက်သူ၊ သစ်အကျိုးထမ်းသူတို့ထက်ပင် ပို၍ စက်ဆုပ်ဖွယ်ကောင်းလေစွ။

သည်လိုနှင့် ကျွန်တော်တို့တစ်တွေမှာ ကိုယ်ထူပြီး ကိုယ်ထလိုက်၊ ကိုယ့်အားတွေကိုယ်ပြန်ကိုးလိုက်၊ ပြိုသွားတဲ့ ယောက္ခမအိမ်က သွပ်တွေကို နှစ်ထပ်၊ သုံးထပ် ထပ်မိုး၊ သွပ်သံ မတတ်နိုင်လို့ ရိုးရိုးသံကို (တစ်ပိဿာလေးထောင်ပေးရသည်) သွပ်ပြားသေးသေးကလေးတွေ ခံပြီ စာ(၄၇)သို့
မိုးရသည်။

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



# တရားဥပဒေနှင့် ညီညွတ်သော အခွန်ကောက်ခံခြင်း

ကိုကိုထွေး(တော်ဝင်)

အခွန်ကောက်ခံသည့်စနစ်နှင့်ပတ်သက်၍ အခွန်ဥပဒေပြဋ္ဌာန်းပြီးလျှင် ထိုအခွန်ဥပဒေအတိုင်း ပြည်တွင်းအခွန်ဦးစီးဌာနက အခွန်ကောက်ခံရမည်ဖြစ်ရာ အခွန်ထမ်း ပြည်သူများအနေဖြင့်လည်း အခွန်ဥပဒေအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ ဤသို့ဆိုရာတွင် ပြည်တွင်းအခွန်ဦးစီးဌာနမှ ဝန်ထမ်းများသည် သတ်မှတ်ထားသည့် အခွန်ဥပဒေအတိုင်း ဥပဒေနှင့်အညီ ကောက်ခံရမည်ဖြစ်ရာ အခွန်ထမ်းပြည်သူများက ဥပဒေအတိုင်း အခွန်ပေးဆောင်ခြင်းရှိ၊ မရှိ မှန်၊ မမှန်ကို သက်သေသက္ကာရ အထောက်အထားခိုင်လုံစွာဖြင့် စစ်ဆေးရတော့မည်ဖြစ်ပါသည်။

ယခင်အခါက အခွန်ကောက်ခံရာတွင် အခွန်ထမ်းပြည်သူများသည် အခွန်ဆောင်ရန်အတွက် သီးသန့်စာရင်းများပြုလုပ်၍ အခွန်ကြေညာလွှာများ တင်ပြကြပါသည်။ မိမိလုပ်ငန်း၏ ဆောင်ရွက်မှုကို မှတ်တမ်းပြုသောအထောက်အထား ခိုင်မာစွာပါရှိသည့်စာရင်းများကို ပြုစုတင်ပြလေ့မရှိပါ။ အခွန်မှူးများကလည်း အထောက်အထား မည်သို့ပင်တင်ပြစေကာမူ ၎င်းတို့၏ ဆုံးဖြတ်ချက်အတိုင်းသာ အခွန်ထမ်းဆောင်စေခဲ့ပါသည်။ ထိုကဲ့သို့ အခွန်ကောက်ခံမှုသည် အခွန်ထမ်းများကလည်း မိမိတို့ ထမ်းဆောင်ရမည့်အခွန်ကို အပြည့်အဝ ထမ်းဆောင်လိုစိတ်မရှိခြင်း၊ မိမိက အမှန်အတိုင်း ကြေညာလိုက်ပါကလည်း အခွန်ဝန်ထမ်းက တိုးချဲ့သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်ကို စိုးရိမ်သောကြောင့် အခွန်ကြေညာလွှာကို မည်သူတစ်ဦးတစ်ယောက်မျှ အမှန်အတိုင်းမကြေညာခဲ့ကြပေ။ ထိုသို့ လိမ်ညာမှုကို အကြောင်းပြု၍ အခွန်ဝန်ထမ်းများသည် အခွန်ထမ်းများထံမှ လာဘ်လာဘ မြောက်မြားစွာယူ၍ အခွန်ပမာဏကို လျှော့ချသတ်မှတ်ပေးကြသည်။

ထိုကဲ့သို့စည်းစနစ်မရှိသော အခွန်စည်းကြပ်မှုကြောင့် တိုင်းပြည်၏ အခွန်ဘဏ္ဍာငွေများ လျော့နည်းရရှိခဲ့သည်။ ထို့အပြင် ဝင်ငွေခွန်ကောက်ခံရာ၌ အခွန်ထမ်းဆောင်သင့်သောဝင်ငွေရှိသူအားလုံးအပေါ် ဥပဒေအရအညီအမျှ ကောက်ခံခြင်း၊ တစ်ပြေးညီ သတ်မှတ်ခြင်းမျိုးမဟုတ်ဘဲ ဝင်ငွေအမြောက်အမြားရှိသော်လည်း အခွန်ကောက်ခံမှု ကင်းလွတ်နေသူများ၊ ပေးဆောင်သင့်သည်ထက် များစွာလျော့နည်း၍ ပေးဆောင်နေသူများ၊ တစ်ချိန်က အခွန်စည်းကြပ်မှုကြောင့် လုပ်ငန်းပြုတ်၊ အရင်းပြုတ်သွားသူများ တွေ့ရှိခဲ့ကြရပြီး ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ နှစ်စဉ် တိုးကောက်သည့်စနစ်ကြောင့် အခွန်ထမ်းပြည်သူအများစုမှာ အခွန်ပေးဆောင်ခြင်းကိစ္စကို ကြောက်ရွံ့နေခြင်း၊ လာဘ်ပေးလာဘ်ယူဖြင့် အခွန်လျှော့၍ရနေသဖြင့် လာဘ်ထိုး၍ အခွန်ရှောင်ခြင်း၊ လျှော့ပေါ့၍ အခွန်ဆောင်ခြင်း စသည်တို့မှာ အခွန်ကောက်ခံမှုစနစ်ကြောင့်ဖြစ်နေရပါသည်။

ယခုနှစ် ကျွန်တော် စင်ကာပူသို့သွားရောက်စဉ် ကျွန်တော့်လုပ်ငန်းအတွက် ကိုယ်စားလှယ်နှင့် လုပ်ငန်းဆွေးနွေးသည့်အခါ ၎င်းရရှိမည့်လခကိုသာ ဝင်ငွေအဖြစ်ဖော်ပြ၍ ကော်မရှင်ခမှာ စင်ကာပူနိုင်ငံပေါ်တွင် ဆောင်ရွက်သည့်လုပ်ငန်းမဟုတ်သဖြင့် ဝင်ငွေစာရင်းတွင် မဖော်ပြရန် ပြောသောအခါ ထိုသူက စင်ကာပူနိုင်ငံသားတိုင်း မိမိတို့၏ ဝင်ငွေအားလုံးကို ဖော်ပြရန်တာဝန်ရှိကြောင်း၊ မည်သည့်ဝင်ငွေကိုမဆို ဖော်ပြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ပြခြင်းမှာ နိုင်ငံသား၏ တာဝန်ဖြစ်ကြောင်း ထိမ်ချန်မှုမပြုလိုကြောင်း ကျွန်တော့်ကိုပြန်လည်ပြောကြားခဲ့ပါသည်။

ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် နိုင်ငံသားတိုင်းမှာ မိမိရရှိသည့်ဝင်ငွေအားလုံးကို ကြေညာရမည့် တာဝန်ရှိသည်ဟု လူတိုင်းလူတိုင်း၏ ခံယူချက်တွင် အသိတရားကိန်းအောင်းနေစေရန်အတွက် အလေးပေးဆောင်ရွက်ရမည်မှာပေါ်လွင်နေပါသည်။ ထိုသို့ဆောင်ရွက်သည့်နေရာတွင်လည်း အရေးကြီးသည့်လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါဆောင်ရွက်ချက်တွင် အခွန်ထမ်းပြည်သူအားလုံး တရားမျှတမှန်ကန်သော အခွန်ဥပဒေဖြင့် မည်သို့မည်ပုံ ကောက်ခံနေကြောင်း ရှင်းလင်းလွယ်ကူစွာ သိရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ နိုင်ငံတော်မှ အခွန်ထမ်းပြည်သူများ ပေးဆောင်ထားသည့် အခွန်ဘဏ္ဍာငွေကို အခွန်ထမ်းပြည်သူများအပါအဝင် တိုင်းသူပြည်သားအားလုံး၏အကျိုးအတွက်အပြည့်အဝဆောင်ရွက်ကြောင်း လွှတ်တော်မှတစ်ဆင့် အခွန်ထမ်းပြည်သူများအား ပြန်လည်တင်ပြရန် လိုအပ်ပါသည်။

ထိုကဲ့သို့ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့ရရှိသည့်ဝင်ငွေအပေါ် သင့်တင့်လျောက်ပတ်သောအချိုးအစားဖြင့်ထမ်းဆောင်လိုက်သော ဝင်ငွေခွန်သည် မိမိတို့ မစွမ်းနိုင်သော လိုအပ်သောကိစ္စရပ်များကိုမိမိတို့အတွက်ပြန်လည်လုပ်ဆောင်ပေးနေပါကလားဟု ယုံကြည်မှုရှိသော အချိန်တွင် အများစုမှာ လိုလိုလားလား ထမ်းဆောင်လာကြမည်ဖြစ်ပါသည်။

အခွန်ကောက်ယူသည့် ဝန်ထမ်းများကလည်း မိမိတာဝန်ကျထမ်းဆောင်နယ်မြေအတွင်း အိမ်ပေါက်စေ့၊ လူအားလုံး မည်သည့်အလုပ်ကိုလုပ်သည်၊ မည်သည့်လုပ်ငန်းကိုလုပ်သည်၊ မည်သို့ဝင်ငွေရရှိနေသည် စသဖြင့် အိမ်ပေါက်စေ့သိရှိနေရမည်ဖြစ်ပါသည်။

ထင်သာမြင်သာရှိသည့် လုပ်ငန်းများ၌သာ ကောက်ခံရခြင်းမဟုတ်ဘဲ လမ်းတိုင်းလမ်းတိုင်းရှိအိမ်တိုင်း၏ အနေအထားကို စနစ်တကျပြုစု၍ ကောက်ခံသင့်သူများကို ကောက်ခံခြင်းပြုမှသာလျှင် အခွန်ထမ်းစုံလင်စွာ ရရှိမည့်အပြင် မျှတသော အခွန်ကောက်ခံမှုမျိုးလည်းဖြစ်ပေါ်လာမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းအမျိုးအစားအလိုက် ထားရှိရမည့်စာရင်းဇယားနှင့် အထောက်အထားများကို ဥပဒေပြုသတ်မှတ်၍ ထားရှိသောစာရင်းဇယားများအတိုင်း လုပ်ငန်းတိုင်းတွင် စနစ်တကျ ပြုစုထားရှိမှသာ လုပ်ငန်းတိုင်း၏ ဝင်ငွေအမှန်ကိုတိကျစွာသိရှိနိုင်မည်ဖြစ်ပြီး ကောက်ခံသင့်သည့်အခွန်ကိုလည်း မှန်မှန်ကန်ကန် တိတိကျကျကောက်ခံနိုင်မည်ဖြစ်ပါသည်။ တရားဥပဒေအရအခွန်ကောက်ခံခြင်းမှာ ဥပဒေနှင့်အညီ ပြဋ္ဌာန်းထားသော စာရင်းဇယားအရသာ အခွန်ကောက်ခံခွင့်ရှိမည်ဖြစ်ပါသည်။ စာရင်းဇယားပြုစုနိုင်ခြင်းမရှိသောလုပ်ငန်းမှအပ ကျန်လုပ်ငန်းအားလုံးကိုပြဋ္ဌာန်းချက်ပါစာရင်းဇယားအတိုင်း ပြုစုဆောင်ရွက်၍ဝင်ငွေခွန်ကြေညာပြီး ထိုကြေညာသည့်စာရင်းအပေါ်မှသာ ဥပဒေပါ အချိုးအစားရာခိုင်နှုန်းအတိုင်း အခွန်စည်းကြပ်ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဆောင်ရွက်ဘဲ အခွန်ထမ်းက စာရင်းလိမ်လည်ဖော်ပြခဲ့သည်ရှိသော် ယင်းအခွန်ထမ်းသည် ထိုအချိန်၌ ဥပဒေချိုးဖောက်သူဖြစ်သွားပြီး၊ ဥပဒေအရ အရေးယူနိုင်မည်ဖြစ်ပါသည်။ ထိုအခါ စာရင်းလိမ်တင်ပြသူအခွန်ထမ်းများ များစွာလျော့နည်းသွားမည်ဖြစ်ပါသည်။ အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေပါအတိုင်း အခွန်ကြေညာလွှာကို မှန်မှန်ကန်ကန်တင်ပြပြီးဖြစ်သည့်အတွက် လာဘ်ထိုးရန်မလိုခြင်း၊ အခွန်မှူး၏ စိတ်ဆန္ဒအရ အခွန်စည်းကြပ်မခံရခြင်းတို့ကြောင့် အခွန်ပေးဆောင်နေခြင်းကို ကြောက်ရွံ့မှုကင်းဝေးမည့်အပြင် လာဘ်ပေးလာဘ်ယူမှုများလည်း ပပျောက်သွားနိုင်ပြီး Clean Government ကိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ပါသည်။

အခွန်ထမ်းပြည်သူများအပေါ် မျှတစွာ ကောက်ခံသည့် အခွန်ဥပဒေများပေါ်ထွန်းရေးမှာ အရေးကြီးလှပါသည်။ ယခု အခွန်ဥပဒေတွင် ကိုယ်ပိုင်လုပ်ငန်းဆောင်ရွက်သူသည် တစ်နှစ်ဝင်ငွေ ငါးသိန်းတစ်သောင်းရရှိလျှင် အခွန်စဆောင်ရမည်ဖြစ်သည်။ သို့သော်လခစားဝန်ထမ်းများမှာမူ တစ်နှစ်ဝင်ငွေ ဆယ့်လေးသိန်းလေးသောင်းကျော်မှသာ အခွန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

ပြည်တွင်းလုပ်ငန်းရှင်များမှာ ယခုခေတ်ကာလအရ အားလုံးနီးပါး၏ တစ်နှစ်ဝင်ငွေမှာ သိန်း ၃၀၀ ကျော်သူများသာဖြစ်နိုင်ပါသည်။ ဧကများစွာလုပ်သည့် သီးထပ်သီးညှပ်စိုက်သည့်တောင်သူလယ်သမားပင်လျှင် တစ်နှစ်ဝင်ငွေသိန်း ၃၀၀ ကျော်နိုင်ပါသည်။ ၎င်းအတွက် အခွန်ကို ၃၀ ရာခိုင်နှုန်း အခွန်ဆောင်ရမည်ဖြစ်သည်။ သို့သော် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်သည့်အခါ အဆိုပါရင်းနှီးမြှုပ်နှံသူများသည် ပြည်တွင်းလုပ်ငန်းရှင်များကဲ့သို့ ဘဏ်တိုး ၁၃ ကျပ်တိုးဖြင့် မပေးရဘဲ ၃ကျပ်တိုးဖြင့် ရရှိသူများဖြစ်ပါသည်။ နည်းပညာ၊ နည်းစနစ်များလည်း ပိုမိုကောင်းမွန်သူများဖြစ်ကြပါသည်။ ထိုသူများမှာ အခွန် ၅နှစ်မဆောင်ရဘဲ ပြည်တွင်းလုပ်ငန်းရှင်များမှာ ၃၀ ရာခိုင်နှုန်း ဆောင်ရမည်ဆိုပါက အင်အားကြီးမားသော နိုင်ငံခြားကုမ္ပဏီများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းမရှိတော့သကဲ့သို့ ဖြစ်နေပြီး တိုင်းရင်းသားလုပ်ငန်းရှင်များပျောက်ကွယ်သွားနိုင်ပါသည်။ ထိုကဲ့သို့ နမူနာကိုကြည့်၍ တရားမျှတသည့် သင့်တင့်မျှတသည့် အခွန်ဥပဒေများပြဋ္ဌာန်းသင့်ပါသည်။

အခွန်ထမ်းပြည်သူများ တာဝန်သိသိ အခွန်ထမ်းလာစေနိုင်စေရန်အတွက် အခွန်ဥပဒေကို လူတိုင်း စွဲကိုင်နိုင်ရန် ဆောင်ရွက်ခြင်း၊ နားလည်ရှင်းလင်း၍ အခွန်ထမ်းဆောင်ချင်အောင် စည်းရုံးခြင်းများကို တိုင်းပြည်နှင့်အဝန်းကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သင့်ပါသည်။ အခွန်ဥပဒေကို မည်သည့် လုပ်ငန်း၌ မည်သည့် စာရင်းမျိုးထားရှိရမည်ကို ဥပဒေပြဋ္ဌာန်း၍ နိုင်ငံတော်အနေဖြင့် စာရင်းကိုင်၊ စာရင်းစစ်များ သင်တန်းပေးခြင်း၊ စာရင်းအထောက်အထားများဖြစ်စေသည့် ဘောက်ချာများကို သတ်မှတ်ပေးခြင်း၊ ရေးသွင်းခြင်းစနစ်သတ်မှတ်ခြင်း၊ စာရင်းကိုင်၊ စာရင်းစစ်များ လိုအပ်နေမှုကို နိုင်ငံတော်မှ ဖြည့်တင်းပေးခြင်း၊ စာရင်းကိုင်၊ စာရင်းစစ်ကျွမ်းကျင်သည့် အခွန်ဝန်ထမ်းများ ခန့်ထားခြင်း စသည်တို့ကိုလည်း ဆောင်ရွက်သင့်ပါသည်။ အထက်ပါကိစ္စများကိုနိုင်ငံတော်မှစနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် အခွန်ထမ်းများကို နိုင်ငံတော်က အားသွန်ခွန်စိုက်စည်းရုံးဆောင်ရွက်သင့်ကြောင်း တင်ပြလိုက်ရပါသည်။ ။

7 DAY NEWS JOURNAL

# Current Affairs

Vol.11, No.8 • MAY 3 , 2012

## ရန်ကုန်ကို လျှပ်စစ်မီးအပြည့်အဝပေးနိုင်ရန် အမေရိကန်ကုမ္ပဏီတစ်ခုထံမှ မိုဘိုင်းမီးစက်လေးလုံး ငှားရမ်းထားဟုဆို

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ - ၃၀**

ရန်ကုန်မြို့တော်ကို လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးနိုင်ရန် အမေရိကန် ကုမ္ပဏီတစ်ခုဖြစ်သော ဂျီအီးကုမ္ပဏီမှ မိုဘိုင်းမီးစက်လေးလုံးငှားရမ်းထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC)ဥက္ကဋ္ဌ ဦးစိုးသိန်းက သတင်းထောက်များနှင့်တွေ့ဆုံပွဲတွင်ပြောကြားသည်။

“ရန်ကုန်တစ်မြို့လုံးကိုသမ္မတကြီး က မီးမှန်စေချင်တယ်။ ဒါကြောင့် နည်းလမ်းရှာကြည့်တဲ့အခါ သာကေတတာဘိုင်ကို ဂျီအီးကုမ္ပဏီကပြင်ပေးတယ်။ နောက် သူတို့ကုမ္ပဏီက မိုဘိုင်းမီးစက်လေးလုံးကိုငှားဖို့သဘောတူထားတယ်”ဟု ဦးစိုးသိန်းကရှင်းပြသည်။

အဆိုပါမီးစက်များသည် တစ်လုံးလျှင် မဂ္ဂါဝပ် ၂၅ရှိကြောင်းကိုလည်း သိရသည်။ အမေရိကန် အခြေစိုက် ဂျီအီးကုမ္ပဏီ ဒုဥက္ကဋ္ဌသည် မကြာသေးခင်က မြန်မာနိုင်ငံသို့လာရောက်ပြီး နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်နေသော်လည်း လျှပ်စစ်မီးအခက်အခဲကြောင့် တွေ့ဆုံဆွေးနွေးမှုများသာရှိပြီး အကောင်အထည်ဖော်မှု အားနည်းနေသည်။ ယင်းကိုဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်သမ္မတကြီး ဂျပန်နိုင်ငံသို့ သွားရောက်စဉ်က မဂ္ဂါဝပ် ၆၀ ကျော်မီးသွေးစက်ရုံနှစ်ရုံတည်ဆောက်ရန် သဘောတူညီထားသော်လည်း အဆိုပါစက်ရုံနှစ်ရုံ တည်ဆောက်ပြီးစီးရန် အချိန် တစ်နှစ်ခွဲလိုအပ်ကြောင်းဦးစိုးသိန်းကရှင်းပြသည်။



လက်ရှိ ပြည်ပသို့ သဘာဝဓာတ်ငွေ့ရောင်းချမှုများမှာလည်း ၂၀၁၆ ခုနှစ်မှ ပြည်တွင်းသို့ ပြန်ပေးနိုင်မည်ဟု စက်မှုဝန်ကြီးက ဆိုသည်။ လက်ရှိ ရွှေလီမှတစ်ဆင့်ဝယ်ယူရန်ကိုလည်း ဆွေးနွေးမှုများရှိကြောင်း ရန်ကုန်မြို့ လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ဖူးသည်။

“စက်မှုဇုန်တွေမှာ လျှပ်စစ်က အသက်ပဲ။ ထုတ်ကုန်လုပ်ငန်းတွေမှာ လျှပ်စစ်က မရှိမဖြစ်လိုတယ်”ဟု လှိုင်သာယာစက်မှုဇုန်မှ ထုတ်ကုန်လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတွင် လျှပ်စစ်မီးကို တစ်ရက်လျှင် ငါးနာရီဝန်းကျင်သာရသည်။ ယင်းကြောင့် မီးစက်များကို အသုံးပြုနေရသဖြင့် တစ်ယူနစ်လျှင် ကျပ် ၃၀၀ ဝန်းကျင် ကုန်ကျသည့်အပြင် ဈေးကွက်၌ ယှဉ်ပြိုင်မှုလည်း လျော့နည်းစေကြောင်း အထက်ပါပုဂ္ဂိုလ်ကရှင်းပြသည်။

ရန်ကုန်မြို့မှ လျှပ်စစ်ဓာတ်အားလိုအပ်မှုသည် မဂ္ဂါဝပ် ၆၂၂ ဝန်းကျင်ရှိပြီး လက်ရှိ သုံးစွဲမှုမှာ ၄၈၅ ဒသမ ၃၀ မဂ္ဂါဝပ်သုံးစွဲနေသည်။ ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များ၌ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ၈၀ ဒသမ ၇၅ မဂ္ဂါဝပ်ရှိပြီး ပျမ်းမျှ ၂၇ မဂ္ဂါဝပ်သုံးစွဲနေကြောင်း ရန်ကုန်တိုင်းလျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သိရသည်။

## ဂျီအက်စ်အမ်နှင့် သရီးဂျီဒဗလျူစီဒီအမ်အေဖုန်းများ တစ်နိုင်ငံလုံး လိုင်းဖွင့်ပေးတော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ - ၃၀**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ပြီးခဲ့သည့် မတ်လအတွင်းစတင်ရောင်းချပေးခဲ့သော ဂျီအက်စ်အမ်နှင့် သရီးဂျီနက်ဝ့ါခ်စနစ် ဒဗလျူစီဒီအမ်အေ ဖုန်းများသည် ၂၀၁၂ မေလ ၃ ရက်မှ စတင်ကာ တစ်နိုင်ငံလုံးအနှံ့သယ်ဆောင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်းမှ သတင်းရရှိသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ်ဖုန်းများနှင့် ကျပ်နှစ်သိန်းငါးသောင်းတန် ဒဗလျူစီဒီအမ်အေ ဖုန်းများကို တစ်နိုင်ငံလုံး အနှံ့ သယ်ဆောင်အသုံးပြုနိုင်မည်ဆိုရာတွင် GSM/UMTS တာဝါတိုင်များ စိုက်ထူထားသည့်နေရာများနှင့်အနီးတစ်ဝိုက်နေရာများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

မတ်လ ၁၄ ရက်က စတင်ချထားပေးခဲ့သည့် ယင်းဖုန်းများသည် ကနဦး ရောင်းချသည့်အချိန်တွင် ဝယ်ယူသည့်မြို့နယ် (သို့မဟုတ်) တိုင်းဒေသကြီးကို ကျော်လွန်သယ်ဆောင်အသုံးပြုနိုင်ခြင်း မရှိခဲ့ပေ။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၎င်းတို့၏ တန်ဖိုးနည်းမိုဘိုင်းဖုန်းစီမံကိန်းအတွက် တစ်နိုင်ငံလုံးအနှံ့အပြား တာဝါတိုင်ပေါင်းမြောက်မြားစွာ စိုက်ထူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုလက်ရှိ အချိန်တွင်မူ ဂျီအက်စ်အမ် ဖုန်းလိုင်းများတွင် လိုင်းကျပ်ခြင်း၊ ရေီယာပြင်ပရောက်ခြင်းစသည့်လိုင်းအခက်အခဲအချို့ဖြစ်ပေါ်နေသည်ဟု ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ် ဖုန်းသုံးစွဲသူများထံမှသိရသည်။

## မြန်မာပြည်သူများကို ထောက်ပံ့ရန် ဂျာမနီက အသင့်ရှိနေပြီဟုဆို

**အိဖြူလွင်**

**ရန်ကုန်၊မေ-၂၉**

ဂျာမနီနိုင်ငံက မြန်မာနိုင်ငံ ပြည်သူများကို ကူညီထောက်ပံ့မှုများ ပြုလုပ်ရန် အသင့် ရှိနေပြီဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး Mr. Guido Westerwelle က ယနေ့ သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ဂျာမနီနိုင်ငံက မြန်မာနိုင်ငံ ပြည်သူများနှင့် ဒီမိုကရေစီ၊ လွတ်လပ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့အတွက် ရေရှည်ထိန်းသိမ်းနိုင်သော နည်းလမ်းများအတွက် ကူညီထောက်ပံ့မှုများကို ပြုလုပ်လိုသည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။

အထူးသဖြင့် ပြည်သူများ၏ ပညာရေး၊ ရေ၊ လျှပ်စစ်၊ အခြေခံအဆောက်အအုံများ၊ ကျန်းမာရေးကုသမှုတို့ကို ကူညီမှုများပြုလုပ်ရန်ကိစ္စများကိုလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂျာမနီနိုင်ငံအနေဖြင့် နိုင်ငံရေး အပြောင်းအလဲများ၊ ပြုပြင်ပြောင်းလဲမှုများကိုလည်း ကူညီသွားမည်ဟု နိုင်ငံခြားရေးဝန်ကြီးကပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံကို ကူညီသော နိုင်ငံများအနက် ဂျပန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးကူညီထောက်ပံ့သောနိုင်ငံဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန၏ ဖော်ပြချက်အရသိရသည်။

ဂျာမနီနိုင်ငံခြားရေးဝန်ကြီးသည် မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်နှင့်လည်း နေပြည်တော်တွင် တွေ့ဆုံခဲ့ပြီး နိုင်ငံ၏ သမိုင်းဝင်သော ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်ပိုမိုပြုလုပ်ရန် တိုက်တွန်းခဲ့သည်။

## ထားဝယ်ရေနက်ဆိပ်ကမ်း ရပ်ဆိုင်းခြင်းသတင်း မမှန်

**အောင်သူရ**

**နေပြည်တော်၊ မေ - ၂၉**

အီတာလျံ-ထိုင်းကုမ္ပဏီက ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအား ရပ်ဆိုင်းလိုက်ပြီဆိုသောသတင်းမှာ မမှန်ကန်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးကပြောသည်။

“အဲဒီသတင်းကို ဖတ်ရလို့ ဖုန်းဆက်မေးပြီးပြီ။ ဒါရိုက်တာအဖွဲ့အစည်းအဝေးလုပ်ပြီး သတင်းထုတ်ပြန်တဲ့အခါမှာ Finance Close လို့ပါတာကို ဘာသာပြန်တဲ့လူက လွဲတာ။ ဒီစကားလုံးက စာရင်းပိတ်တာပါ။ ရပ်လိုက်တာမဟုတ်ပါဘူး”ဟု ဦးအောင်နိုင်ဦးကပြောသည်။

မကြာသေးမီရက်များက ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအား အီတာလျံ-ထိုင်းကုမ္ပဏီက ရပ်ဆိုင်းလိုက်သည့်သတင်းကို နိုင်ငံတကာမီဒီယာအချို့နှင့် မြန်မာဘာသာဖြင့် ရေးသားသော သတင်းဌာနအချို့က ရေးသားခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့် မဲခေါင်ဒေသများအစည်းအဝေးတွင် ထားဝယ်ရေနက်ဆိပ်ကမ်းအား အာဆီယံနိုင်ငံများအပြင် အခြားနိုင်ငံများက စိတ်ဝင်စားကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းကပြောသည်။

ထို့အပြင် ဂျပန်နိုင်ငံက ထားဝယ်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေါင်းစဉ်တစ်ခုဖြင့် မြန်မာနိုင်ငံအား ODA (Official Development Assistant) ပေးပို့လျာထားကြောင်း ဦးစိုးသိန်းကပြောသည်။

ဗီယက်နမ်နိုင်ငံက ရင်းနှီးမြှုပ်နှံရန် ပြုလုပ်ထားသော ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ စက်မှု(၁)အဆောက်အအုံကိုလည်း ဆက်လက် လုပ်ကိုင်မည်ဖြစ်ပြီး Proposal တင်ရန် ပြုလုပ်နေပြီဖြစ်ကြောင်း ဦးအောင်နိုင်ဦးကပြောသည်။

## မြစ်ကြီးနား ဆေးရုံအနီးတွင် ဗုံးပေါက်ကွဲ၍ သုံးဦးဒဏ်ရာရ

**အေးမြကျော်**

**ရန်ကုန်၊ မေ - ၂၅**

မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးအနီး လမ်းထောင့်တစ်နေရာတွင် မေ ၂၅ရက်ကဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့်အနီးတွင်ရှိသောလူသုံးဦး ဒဏ်ရာရခဲ့ကြောင်း မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းနှင့် မြို့ခံများက ပြောသည်။

မေ ၂၅ရက် နံနက် ၈နာရီ ၁၅မိနစ်အချိန်က မြစ်ကြီးနားဆေးရုံ ညာဘက်ထောင့်ရှိ ယာဉ်ထိန်းရဲကင်းအနီးတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ပြီး အနီးရှိလူနှစ်ဦးနှင့် ဆိုင်ကယ်ဖြင့်ဖြတ်သန်းသွားသူတစ်ဦး၊ စုစုပေါင်းသုံးဦး ဒဏ်ရာရရှိကာ မြစ်ကြီးနားဆေးရုံကြီး၌ ဆေးကုသမှုခံယူနေကြောင်း မြစ်ကြီးနားမြို့ အမှတ်(၁)ရဲစခန်းမှသိရသည်။ အဆိုပါဗုံးပေါက်ကွဲမှုကို (ပ)အမှတ်၉၀ ဖြင့် အမှုဖွင့်အရေးယူထားပြီး ဗုံးဖောက်ခွဲသည့် တရားခံကို စုံစမ်းဖော်ထုတ်နေသည်။ မေ ၁၄ ရက်ကလည်း မြစ်ကြီးနားမြို့ ရထားလမ်းအနီးတစ်နေရာတွင် ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။

မေ ၂၈ရက် နံနက်အစောပိုင်းကလည်း ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကေအိုင်အေလက်နက်ကိုင်အဖွဲ့က ဝင်ရောက်စီးနင်းပြီး သေနတ်ဖြင့်ပစ်သဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဝန်ထမ်းလေးဦးသေဆုံးပြီး၊ သုံးဦးပျောက်ဆုံးနေကြောင်း မေ ၂၉ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများက ဆိုထားသည်။

7 DAY NEWS JOURNAL
Vol.11, No.8 ▪ MAY 3 , 2012

# အပူရှိန်ခံစားရမှုတွေ ရန်ကုန်မြို့မှာ ရုတ်တရက် မြင့်တက်လာပါတယ်

မောင်ထွန်းလွင်(မိုးလေဝသ)

**"အပြင်မှာပူလိုက်တာ အဖေရယ်"လို့အပြင်ကသားကို ကျောင်းကြိုလာတဲ့ သမီးဖြစ်သူက ကျွန်တော်ထိုင်နေတဲ့ ညှော်ခန်းထဲ ဝင်လာလာချင်းပြောလိုက်ပါတယ်။ ကျွန်တော် ညှော်ခန်းနံရံက နံရံကပ်နာရီကိုကြည့်လိုက်တော့ နံနက် ၁၁ နာရီ ၄၅ မိနစ်ပဲ ရှိပါသေးတယ်။ စောစောလေးကပဲ ဂျာနယ်တစ်စောင်က အယ်ဒီတာချုပ်တစ်ယောက်က ဖုန်းဆက်ပြီး မေးသွားသေးတယ်။ "အပြင်မှာ ပူလွန်းလို့ ဘာတွေများ ထူးခြားနေပါသလဲဆရာ"တဲ့လေ။ နေ့က ၂၉-၄-၂၀၁၂ ရက်နေ့ပေါ့။ ဒီနေ့ရဲ့ ထူးခြားမှုကတော့ မနက်ကတည်းက တိမ်တွေတက်လာနေပြီး မိုးတွေအုံ့နေတာပါပဲ။**

မနက်အစောကြီး ရှိသေးတယ်။ နှစ်ယောက်ရှိပြီ ပြောလာကြတော့ ကျွန်တော့်စိတ်ထဲအတွေးတွေဝင်လာတယ်။ ဒီကနေ့မိုးတွေလည်း အုံ့နေတယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ၂၇ ရက်နေ့နောက်ပိုင်း မိုးတွေတက်လာပြီး အပူချိန်တွေကျသွားနိုင်တယ်လို့ ခန့်မှန်းပေးထားခဲ့တယ်။ အခု မိုးတွေလည်း အုံ့ အပူချိန်လည်း မမြင့်ပါဘဲနဲ့ လူတွေက ပူလိုက်တာဆိုပါလား။ ဒါနဲ့ နှစ်ပေါင်း၃၀ကျော်လောက်ကကျောင်းမှာ သင်လာခဲ့ဖူးတဲ့ အပူနဲ့ပတ်သက်တဲ့ အပူအညွှန်းကိန်း ဆိုတာလေးကိုသတိရလာမိပါတယ်။

အပူအညွှန်းကိန်း (Heat Index)ဆိုတာ လေထုရဲ့ အမှန်ရှိနေတဲ့ အပူချိန်ထဲမှာ ရေငွေ့ပါဝင်မှုရဲ့ အကျိုးသက်ရောက်မှုကိုပါ ထည့်သွင်းလိုက်ပါက ဘယ်လောက်အထိ အပူရှိန်ကို ခံစားရလာနိုင်တယ်ဆိုတာကိုပြတဲ့ အပူရှိန်ခံစားရမှုအညွှန်းကိန်းဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ လေအပူချိန်နဲ့ လေထုထဲ ရေငွေ့ပါဝင်မှုတို့နှစ်ခု ပေါင်းစပ်လိုက်တဲ့အခါမှာ လူတွေ အမှန်ခံစားလာရတဲ့အပူချိန်("felt air temperature")ဒါမှမဟုတ် "apparent temperature" ဖြစ်ပါတယ်။ ခြောက်သွေ့နေတဲ့အချိန်မှာ အပူချိန် ၉၀ ဒီဂရီဖာရင်ဟိုက် (၃၂ ဒီဂရီဆဲလ်စီးရတ်) သာရှိတဲ့ လေဟာ ရေငွေ့တွေနဲ့ စွတ်စိုလာလိုက်တာနဲ့ အပူချိန် ၁၀၅ဒီဂရီ ဖာရင်ဟိုက် (၄၁ဒီဂရီဆဲလ်စီးရတ်) လောက်ရှိလာသလို အပူရှိန်ကို ခံစားလာရစေပါတယ်တဲ့။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သာမန်အားဖြင့် လူရဲ့ ခန္ဓာကိုယ်ဟာ ကိုယ်တွင်းအပူမြင့်တက်နေမှုတွေကို perspiration လို့ခေါ်တဲ့ ချွေးထွက်(sweating)စေတဲ့နည်းနဲ့ ခန္ဓာကိုယ်တွင်းက အပူတွေကို အပြင်ကို စွန့်ထုတ်ပေးပါတယ်။ အကြောင်းကတော့ လူ့ခန္ဓာကိုယ်ဟာ ချွေးထွက်လာတိုင်း အဲဒီချွေးတွေ အငွေ့ပျံ (evaporation) စေတဲ့အခါ အပူလိုပါတယ်။ ချွေးနဲ့ အပူနဲ့ ပေါင်းမှ အငွေ့ဖြစ်စေပါတယ်။ လိုတဲ့ အပူကို လူ့ခန္ဓာကိုယ်ကပေးရပါတယ်။ အဲဒါကြောင့် ထွက်လာတဲ့ချွေးတွေ အငွေ့ပျံထွက်တိုင်း ခန္ဓာကိုယ်က အပူရှုံး(heat loss)ရပါတယ်။ ဒီအခါ ခန္ဓာကိုယ်အနေနဲ့ အအေးဓာတ် (cooling effect)ကိုရစေပါတယ်။ ဒီလို ချွေးတွေကို အငွေ့ပျံမှုဟာ အပြင်လေက ခြောက်သွေ့လေ အငွေ့ပျံနှုန်းကောင်းလေဖြစ်ပါတယ်။ အပြင်လေမှာ ရေငွေ့တွေ များလာရင်တော့ ချွေးတွေရဲ့ အငွေ့ပျံနှုန်းက လျော့ကျလာပါတယ်။ ဒီအခါမှာ လူ့ခန္ဓာကိုယ်ဟာ အပူစွန့်ထုတ်မှုတွေ ကောင်းကောင်း မလုပ်နိုင်တော့တဲ့အတွက် အပူဓာတ်တွေ ပိုမိုစုဆောင်းလာတဲ့အတွက် အပူရှိန်မြင့်တက်မှုကို ခံစားကြရတော့တာပါပဲ။ ဒါကြောင့် အပူရှိန်ကို ခြောက်သွေ့တဲ့လေထက် စိုစွတ်တဲ့လေမှာ ပိုမိုခံစားကြရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ချွေးထွက်လို့ အိုက်နေရင်(ကိုယ်တွင်းမှာ အပူရှိန်မြင့်နေရင်) ယပ်ခတ်လိုက်တဲ့အခါ၊ ပန်ကာလေခံလိုက်တဲ့အခါ လေရဲ့လှုပ်ရှားမှုအရွေ့ စွမ်းအင်ကြောင့် ခန္ဓာကိုယ်ပေါ်က ချွေးတွေ အငွေ့ပျံသွားစေပါတယ်။ ချွေးတွေ အငွေ့ပျံထွက်တိုင်း လိုတဲ့အပူတွေကို ခန္ဓာကိုယ်က ပေးလိုက်ရတော့ ခန္ဓာကိုယ်ဟာ အပူဆုံးရှုံးရတဲ့အတွက် အအေးဓာတ်ကို ရလာစေတာဖြစ်ပါတယ်။

အထူးအရေးကြီးတဲ့အချက်ကတော့ အပူအညွှန်းကိန်းများကို တွက်ချက်ရာမှာ အရိပ်အာဝါသရှိတဲ့နေရာ၊ သာမန် လေပြည်လေးများ တိုက်ခတ်နေတဲ့အချိန် စတဲ့ အခြေအနေများအပေါ်မှာ အခြေပြုတွက်ချက်ထားတဲ့အတွက်၊ နေရောင်ခြည်ကို အကာအကွယ်မဲ့ နေထိုင်ခြင်းပြုပါက အပူအညွှန်းကိန်း တန်ဖိုးဟာ နောက်ထပ် ၁၅ ဒီဂရီဖာရင်ဟိုက်လောက်အထိ ထပ်ဆောင်း တိုးမြင့်လာနိုင်ပါတယ်။ အထူးသဖြင့် အလွန်ပူပြင်းခြောက်သွေ့တဲ့လေတွေတိုက်နေပါက လူသားများအတွက် ဘေးဖြစ်လောက်အောင် အလွန်အန္တရာယ်ကြီးစေနိုင်ပါတယ်။ စာ(၂၉)သို့

U.S. Department of State
Bureau of Educational and Cultural Affairs

The Hubert H. Humphrey Fellowship Program
A Program for Mid-Career Professionals Sponsored by the U.S. Department of State

## The U.S. Embassy Announces Recruitment for the 2013-2014 Hubert H. Humphrey Fellowship to Study in the United States

The U.S. Embassy Yangon is pleased to announce the annual competition for the 2013-2014 Hubert H. Humphrey Fellowship Program, a one-year program that sends accomplished professionals to the United States for a year of graduate-level academic coursework and related professional experiences. Fellows are selected based on their potential for national leadership and commitment to public service in either the public or private sector.

The Humphrey Fellowship covers: international/domestic travel costs, tuition and university fees, accident/health insurance, monthly stipend, and funding for educational materials and professional activities. The Humphrey Program does NOT provide financial support for accompanying dependents.

**The Humphrey Program is NOT a degree program and grants are NOT renewable.**

**To be eligible for a Humphrey Fellowship, Myanmar citizenship applicants:**

- must be university Graduates;
- must have at least <u>five years</u> of substantial professional experience in Myanmar;
- must have demonstrated leadership qualities and a record of public service;
- must have written permission from their employers to participate in the program, should they be selected;
- must have English level equivalent to 525 TOEFL score;
- should have little or no previous experience studying or working in the U.S.

**Important:** All grantees are expected to return to their home countries for at least two years at the conclusion of their grant in compliance with the J-visa requirements.

***The deadline for applications is June 8, 2012***

The application form for the Humphrey Program is available at: http://burma.usembassy.gov/scholarships.html or contact the Cultural Affairs Unit, Public Affairs Section, American Embassy, 110 University Avenue, Kamayut Township, Yangon, Ph: 536509/ 534173 Ext: 4369, email: RangoonUSECA@state.gov.

**Humphrey Informational Session in Yangon:**

***Dates:*** **Thursday, May 24, 2012**
***Time:*** **5:00 p.m.**
***Place:*** **The American Center, 14 Tawwin Street, Dagon Township**

FULBRIGHT
U.S. Department of State
Bureau of Educational and Cultural Affairs
International Educational Exchange Program

## 2013 Application Season for Fulbright Foreign Student Scholarships Opens

The U.S. Embassy Yangon is pleased to announce the opportunity to compete for the Fulbright Foreign Student Scholarship Program for the academic year 2013-2014. The program gives full scholarship funding to Myanmar students seeking a **Master's Degree** at a university in the United States of America.

**To be eligible, applicants:**

- must be Myanmar citizens; individuals of other nationalities are not eligible to apply in Myanmar;
- must hold a Bachelor's degree on or before May 31, 2011;
- must have a strong academic background and a record of excellence in previous studies;
- must be proficient in English, with a minimum TOEFL score of 575 or an IELTS score of 6.5;
- should have relevant degrees or professional experience in their proposed field of study;
- should have little or no previous experience traveling or living in the United States;
- should not have a degree from a U.S. university or be enrolled in a U.S. degree program;

**Important:** All grantees are expected to return to their home countries for at least two years at the conclusion of their grant in compliance with the J-visa requirements.

***The deadline for applications is June 18, 2012***

The application and detailed instructions are available at: http://burma.usembassy.gov/scholarships.html or the Cultural Affairs Unit, Public Affairs Section, American Embassy, 110 University Avenue, Kamayut Township, Yangon, Ph: 536509/ 534173 Ext: 4369, email: RangoonUSECA@state.gov.

**Fulbright Informational Session in Yangon:**

***Dates:*** **Friday, May 25, 2012**
***Time:*** **5:00 p.m.**
***Place:*** **The American Center, 14 Tawwin Street, Dagon Township**

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

စာ(၂၈)မှအဆက်...

ဒါနဲ့ ကပျာကယာ ရန်ကုန်မြို့ရဲ့ အပူအညွှန်းကိန်းတွေကို ပိုတွက်ကြည့်လိုက်ပါတယ်။ ‘လားလား’။ တွက်ကြည့်လိုက်တော့ ကျွန်တော် မျက်လုံးပြူးသွားပါတယ်။ ဘာပြုလို့လဲဆိုတော့ ၂၉-၄-၂၀၁၂ ရက်နေ့မှာ အပူအညွှန်းကိန်းရဲ့တန်ဖိုးဟာ ၁၃၂ ဒီဂရီဖာရင်ဟိုက် (၅၆ ဒီဂရီဆဲလ်စီးရတ်)လို့ ကျွန်တော်တွေ့လိုက်ရလို့ဖြစ်ပါတယ်။

၂၉-၄-၂၀၁၂ ရက်နေ့မှာ အမြင့်ဆုံးအပူချိန်ဟာ ၁၀၀ ဒီဂရီဖာရင်ဟိုက် (၃၈ ဒီဂရီဆဲလ်စီးရတ်ဖြစ်ပါတယ်။ အပူချိန်ဟာ ထူးထူးခြားခြားမမြင့်ပါဘူး။ ဒါပေမဲ့ လေထုရဲ့ စိုထိုင်းဆကတော့ ၆၁ ရာခိုင်နှုန်းဖြစ်လာပါတယ်။ ဒါကြောင့် တိမ်တွေလည်း တက်လာတာဖြစ်ပါတယ်။ မိုးတွေ အုံ့လာတာဖြစ်ပါတယ်။ အပူချိန်အနေနဲ့တော့ အပူသက်သာဖို့ သာရှိပါတယ်။ တစ်နည်း ပြောရရင်တော့ UV Index အနေနဲ့တော့ ကျလာမှာသေချာပါတယ်။ ဒါပေမဲ့ heat index ကို တွက်လိုက်တော့ ၁၃၂ ဒီဂရီဖာရင်ဟိုက် (၅၆ ဒီဂရီဆဲလ်စီးရတ်) ရှိနေပါတယ်။ အဓိပ္ပာယ်ကတော့ အပြင်လေထုရဲ့ အပူချိန်ဟာ ၁၀၀ ဒီဂရီဖာရင်ဟိုက် (၃၈ ဒီဂရီဆဲလ်စီးရတ်) သာရှိပေမယ့် လေထုထဲ ရေငွေ့တွေ တိုးလာတဲ့အတွက် လူတွေ ခံစားနေရတဲ့အပူချိန်ကတော့ ၁၃၂ ဒီဂရီဖာရင်ဟိုက် (၅၆ ဒီဂရီဆဲလ်စီးရတ်) အပူရှိန်မျိုးဖြစ်နေပါတယ်။

အမေရိကန်ပြည်ထောင်စု အမျိုးသားအဏ္ဏဝါရေထုနဲ့ လေထုအုပ်ချုပ်ရေးအဖွဲ့ (National Oceanic and Atmospheric Administration-NOAA) ရဲ့ heat index များရဲ့ အန္တရာယ်ရှိမှုအဆင့်သတ်မှတ်ချက် rank တွေအရ ကြည့်လိုက်တော့ မြန်မာနိုင်ငံ ရန်ကုန်မြို့ရဲ့ ၂၉-၄-၂၀၁၂ ရက်နေ့မှာ ဖြစ်ပေါ်နေတဲ့ အပူရှိန်ရဲ့ အန္တရာယ်ရှိမှုအဆင့်ဟာ E.D.(external Danger) အဆင့်ဖြစ်ပါတယ်။

အဲဒီတော့ ၂၉-၄-၂၀၁၂ ရက်နေ့က ရန်ကုန်မြို့ရဲ့ အပူအညွှန်းကိန်းတန်ဖိုးဟာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၉ ရက်အထိကာလအတွင်း အမြင့်မားဆုံးဖြစ်နေတာကို တွေ့ရတဲ့အပြင်၊ ရှေ့တစ်နေ့ဖြစ်တဲ့ ၂၈-၄-၂၀၁၂ ရက်နေ့ကထက် အပူ အညွှန်းကိန်းတန်ဖိုး ၂၀ ဒီဂရီဖာရင်ဟိုက် (၅ ဒီဂရီဆဲလ်စီးရတ်) ပိုမိုမြင့်တက်လာခဲ့ပါတယ်။ အပူရှိန်အဆင့်ကတော့ အန္တရာယ်အလွန်ကြီးပြီး လူတွေကို လေသင်တုန်းဖြတ်ခြင်း (heat stroke) အလွယ်တကူ ကြုံတွေ့နိုင်တဲ့အဆင့် ဖြစ်နေကြောင်းပါဗျာ။။

ဒါကြောင့် အကြံပြုလိုတာကတော့ (၁) နေပူထဲ မထွက်ပါနဲ့၊ မဖြစ်မနေထွက်ရမယ်ဆိုရင်လည်း (၂) အပူဆုံးအချိန်ကိုရှောင်ပါ။ (၃) အကြာကြီးမနေပါနဲ့။ (၄) အကာအကွယ်များဖြစ်တဲ့ နေကာမှန်၊ နေကာမျက်မှန်၊ ဦးထုပ်၊ အဝတ်အစား ပြည့်စုံအောင် ဝတ်ပြီးမှာသာသွားလာပါလို့ အကြံပြုလိုပါတယ်။ အထူးသဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနတွေက ထုတ်ပြန်ထားတဲ့ သတိပေးချက်တွေကို လိုက်နာကြပါလို့ ပြောလိုပါတယ်။ ဒီအခြေအနေကပြီး ထွက်ပေါက်ကတော့ မိုးရွာဖို့ပဲလိုပါတယ်။ မိုးရွာလိုက်တာနဲ့ အပူရှိန်ခံစားရမှုတွေ ကျဆင်းလျော့နည်းသွားပါလိမ့်မယ်လို့သာ ပြောပါရစေတော့။

၂၉-၄-၂၀၁၂ ရက်နေ့မှာ ရန်ကုန်မြို့ရဲ့ အပူရှိန်ခံစားရမှုဟာ အမြင့်ဆုံးအဆင့်ကို ရောက်လာပြီး အန္တရာယ်ရှိတဲ့ အဆင့်ကို ရောက်နေပါတယ်။(၃၀-၄-၂၀၁၂ ရက်နေ့ နံနက် ဝ၆း၄၅ နာရီ)

# တင်သွင်းကားစီးရေ နှစ်သောင်းကျော် မူသေနံပါတ်ထုတ်ပေးပြီး

**အေးမြတ်သူ**

**ရန်ကုန်၊ မေ-၂၈**

ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်း ရေးအစီအစဉ်နှင့် နိုင်ငံခြားငွေရှိ သူများ ကားသွင်းခွင့်ပြုသည့် အစီအစဉ်အရ ဧပြီလ ၂၇ ရက်ထိ မှတ်ပုံတင်(မူသေ)နံပါတ်အစီးရေ နှစ်သောင်းကျော် ထုတ်ပြီးဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် မြန်မာတစ်နိုင်ငံလုံးရှိ ယာဉ်အို၊ ယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်အရ မေ ၂၇ ရက်ထိ လာရောက်အပ်နှံသည့် ကားအစီးရေ ၄၈၀၃၀ စီးဖြစ်ပြီး သွင်းကုန်ပါမစ်ထုတ်ပေးခဲ့သော အစီးရေ ၄၁၉၉၃ စီးရှိကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှသိရသည်။

အထက်ပါအစီအစဉ်အရ ကားသွင်းခွင့်လိုင်စင်ယူပြီး ကားအစီးရေ ၂၇၈၇၄ စီးရှိသည့်အနက် လူစီးယာဉ် ၂၇၁၃၆ စီး၊ ကုန်တင်ယာဉ် ၅၃၇စီးနှင့် ခရီးသည်ယာဉ် ၂၀၂စီးရှိသည်။

ယခုအခါ ၃/ဃ အက္ခရာဖြင့် ဧပြီလ ၂၇ရက်ထိ ထုတ်ပေး ပြီး ကားအစီးရေ ၄၅၀၀ ခန့်ရှိပြီး ယာဉ်အို၊ယာဉ်ဟောင်းလက်ခံမှု၌ “ခ” အက္ခရာ ကား ၅၈၄၈စီးရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။









# Current Affairs

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## စာ-၉၊ ပန်းပေါင်းစုံ အပြိုင်လှသည့်နေ့ မှ

ထိုဝေဒနာ စေတသိက်၏ စေ့ဆော်မှုနှင့်ပင် ကလေးငယ်များကို နွေးထွေးမှုပေးနိုင်မည့် အဖွဲ့လေးတစ်ဖွဲ့ဖွဲ့ရန် တိုင်ပင်ဆွေးနွေးမိကြသည့်အခါ C F C ဟု အမည်ပေးထားသည့် လူငယ်ပရဟိတအဖွဲ့လေးကို ၂၅-၃-၂၀၀၈ တွင် အောင်မြင်စွာ စတင်ဖွဲ့စည်း ဖြစ်လိုက်ကြတော့သည်။

ဖွဲ့စည်းပြီးသည်နှင့်ပင် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ တစ်လလျှင် ၂ ကြိမ်၊ ၃ ကြိမ်ထက်မနည်း ရောက်အောင်သွားလျက် ကလေးတွေနှင့် လက်ပွန်းတတီး ရင်းနှီးစွာနေထိုင်ရင်းဖြင့် စိတ်ဓာတ်ရေးရာ မြှင့်တင်အားပေးခြင်း၊ မုန့်ပဲသရေစာ ဝေငှခြင်း၊ အလယ်တန်းနှင့် အထက်တန်းကလေးများအတွက် စာရေးဆရာများကို ဖိတ်ကြားကာ စာရိတ္တရေးနှင့် စိတ်အာဟာရဖြစ်ရေးအတွက် ဟောပြောပွဲငယ်များ ကျင်းပပေးခြင်းတို့ကို ဆက်တိုက်ဆိုသလို ဆောင်ရွက်ဖြစ်လာခဲ့သည်။

တစ်ချိန်တည်းမှာပင် မိမိတို့အဖွဲ့ဝင်လူငယ်များ၏ အသိအမြင် အပြောအဆို တိုးတက်ရေးကို ရည်ရွယ်ကာ စာဖတ်ဝိုင်းဆွေးနွေးပွဲများကိုလည်း ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ်ကျ ကျင်းပနိုင်ခဲ့သည်။

ယခုမူ ၂၅-၃-၁၀၁၂ တွင် ကျရောက်သည့် C F C ၏ ၅ နှစ်မြောက်မွေးနေ့ကို တွံတေးမြို့နယ်ဘုရာကြီးကုန်းရွာ "မင်္ဂလာလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ" တွင်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်၏။

ယင်း မွေးနေ့ပွဲသို့ C F C ၏မိတ်ဆွေ လူငယ် လူမှုအဖွဲ့အစည်း(၉)ဖွဲ့ကလည်း အင်နှင့်အားနှင့်တက်ရောက်ကာ မိမိတို့အဖွဲ့ကိုယ်စီ၏ ဆောင်ရွက်နေမှုများကို အားတက်သရော ဆွေးနွေးတင်ပြခဲ့ကြ၏။

(၁) ၂၂-၆-၂၀၁၁ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် " ကြယ်စင်ပျိုးခင်း" အဖွဲ့။ သည်လူငယ်အဖွဲ့လေးက ကလေးသူငယ်များကို နွေးထွေးစောင့်ရှောက်ရေးအပြင် လူမှုဝန်းကျင် ငြိမ်းချမ်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်လည်း ရည်ရွယ်ဆောင်ရွက်နေသည့်အဖွဲ့ဖြစ်၏။

(၂) ၂၂-၄-၂၀၁၀ တွင်စတင် ဖွဲ့စည်းခဲ့သည့် " YOUTH DEVELOPING TRAINING "\ ''EDU BRIDGE '' အဖွဲ့။ သည်လူငယ်အဖွဲ့လေးက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ လှည့်လည်သွားရောက်ကာ အင်္ဂလိပ်စာသင်ကြားပို့ချပေးနေသည့် ပညာဒါနအဖွဲ့လေး ဖြစ်သည်။

(၃) ၄-၅-၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းသော ''HEART OF YOUTH'' လူငယ်အဖွဲ့လေးကမူ ဂီတအနုပညာပါ ပေါင်းစပ်ထားလျက် AIDS ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားခဲ့သော မိဘများ၏ HIV ရောဂါပိုး ကူးစက်ခံထားရသည့် ကလေးငယ်များကိုစောင့်ရှောက်မှုပေးထားသောဂေဟာများနှင့် ပရဟိတကျောင်းများသို့ ပုံမှန်သွားရောက်ကာ ကလေးငယ်များနှင့် တရင်းတနှီးစုပေါင်း သီဆိုရင်း စိတ်ဓာတ်ရေးရာ အားပေးဆွေးနွေးမြှင့်တင်ပေးသည့် လူငယ်အဖွဲ့လေး ဖြစ်၏။

(၄) ၉-၃-၂၀၁၂ တွင် ပူပူနွေးနွေး ဖွဲ့စည်းခဲ့သည့် ''TRI-ANGLE WOMEM SUPPORT GROUP '' ကမူ အမျိုးသမီးများ၏ အရည်အသွေးမြှင့်တင်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးကိစ္စများကို ပညာပေး ဟောပြောဆွေးနွေးမှုများ ပြုလုပ်နေသည့် အဖွဲ့လေးဖြစ်၏။

(၅)၂၀၁၀ ခုနှစ် ဇွန်တွင် ဖွဲ့စည်းသည့် ''COMMUNITY GROUP '' ကမူလူငယ်များကဦးဆောင်သော်လည်း လူမျိုးမရွေး ဘာသာမရွေး လူကြီးလူငယ်မရွေး ပါဝင်ဆောင်ရွက်နိုင်သည့် HIV-AIDS လူနာများကို နှစ်သိမ့်ဆွေးနွေးကူညီမှုပေးနေသော အဖွဲ့ဖြစ်၏။ သည်အဖွဲ့တွင်ခရစ်ယာန်သီလရှင်များ၊ ဗုဒ္ဓဘာသာ သီလရှင်များလည်း အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည်။

(၆) ၂၀၀၅ ခုနှစ်ကတည်းကပင် စတင်ဖွဲ့စည်းကာ HIV-AIDS ရောဂါဝေဒနာရှင်များကို နွေးထွေးစွာ ဆက်ဆံလျက် အကြံပြုဆွေးနွေးနှစ်သိမ့်မှုပေးနေသည့် (ဖီးနစ်)အဖွဲ့ဖြစ်သည်။ ဤအဖွဲ့၏ ထူးခြားချက်မှာ အဖွဲ့ကို ဦးစီးဦးဆောင်ပြုနေသည့် ကိုသီဟကြိုင်ကိုယ်တိုင်ကပင် HIV ဝေဒနာကို ကိုယ်တိုင်ကိုယ်ကျ ခံစားနေရသူဖြစ်သည့်တိုင် ဘဝတူ ဝေဒနာရှင်များအပေါ် ကိုယ်ချင်းစာနာစိတ်ဖြင့် စိတ်ဓာတ်ရေးရာအရ ကူညီနေသူဖြစ်သည်။(ဖီးနစ်)အဖွဲ့သည် HIV ဝေဒနာရှင်များအတွက်သာမက ၂၀၀၈ နာဂစ်မုန်တိုင်းကြီး၏ သဘာဝဘေးဒဏ်ခံ ရေဝတီတိုင်းဒေသကြီးသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကူညီ စောင့်ရှောက်ခဲ့သည့် လူငယ်အဖွဲ့လည်းဖြစ်သည်။

(၇) ၂၀၁၂နှစ်ဆန်းပိုင်းတွင် စတင်ဖွဲ့စည်းသည့် MYANMAR YOUTH UNION လူငယ်အဖွဲ့ကမူ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသော နေရာတွင် ရှိနေသဖြင့် ယနေ့လူငယ်များ၏ အသိအမြင် အတွေးအခေါ်များ တိုးတက်ရေး ဦးစားပေး ဆွေးနွေးဆောင်ရွက်နေသော လူငယ်အဖွဲ့လေး ဖြစ်၏။

(၈) MYANMAR STORY TELLER အဖွဲ့ကမူ ၂၀၀၉ ခုနှစ်စက်တင်ဘာလက စတင်ဖွဲ့စည်းခဲ့သော လူငယ်အဖွဲ့လေးဖြစ်လျက် မြန်မာ့ရိုးရာပုံပြင်များကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးဂေဟာများသို့ သွားရောက်ကာ ပုံပြင်ထဲမှဇာတ်ကောင်များအတိုင်း ကလေးများစိတ်ဝင်စားမှုရှိစေရန် ဟန်ပန်အမူအရာဖြင့် သရုပ်ဆောင်ပြောပြသော အစီအစဉ်လေးများကို လုပ်ဆောင်သည့်အဖွဲ့လေးဖြစ်၏။ သူတို့ရွေးချယ်ထားသောပုံပြင်များက ကလေးတွေ လိုက်မီနိုင်သည့် အတွေးအခေါ်လေးတွေပါသည်။ ထိုနေ့အခမ်းအနားတွင် သူတို့အဖွဲ့လေးက တင်ဆက်သည့် ပုံပြင်လေး၏နိဂုံးချုပ် ကောက်ချက်ဆွဲပုံက ခွေးကဲ့သို့သော တိရစ္ဆာန်သည်ပင် မည်သို့သောအစားကောင်း အသောက်ကောင်းများကို ကျွေးထားပါစေ လည်ပင်းကြိုးတန်းလန်း အချည်ခံထားရသော အနှောင်အဖွဲ့ခံ၊ထားရာနေစေရာ သွားဘဝမျိုးကို မကြိုက်၊ လွတ်လပ်မှုကိုသာနှစ်ချိုက် သည့်အကြောင်းဖြစ်၏။ ထိုပုံပြင်လေးကို ယခုတိုင်တွေးမိတိုင်း နှစ်ချိုက်စွဲလမ်းနေမိပါသေးသည်။

(၉) ၉-၉-၂၀၀၉ ခုနှစ်ကတည်ထောင်ခဲ့သည့် မြစ်ကြီးနားအခြေစိုက် ကချင်အမျိုးသမီးများထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ကို ကိုယ်စားပြုသည့် ကချင်အမျိုးသမီးလေး"အားခွန်"လည်း CFC ၏(၅)နှစ်မြောက်မွေးနေ့ပွဲသို့ အားတက်သရော တက်ရောက်လာသည်။ သူ့စကားလေးကလည်း ကျွန်တော့်နားထဲတွင် စွဲကျန်နေပါသေးသည်။

"အရင်တုန်းကတော့ကောင်းမွန်တဲ့အမှုကိစ္စကိုလုပ်တာတောင် ခိုးကြောင်ခိုးဝှက် လုပ်ခဲ့ကြရတယ်။ အခုတော့ပွင့်ပွင့်လင်းလင်း လုပ်နိုင်လာကြပြီဖြစ်လို့ ဗမာ၊ မွန်၊ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်၊ ကရင်၊ ကယားရယ်လို့ ပြည်နယ်ပြည်မမခွဲတမ်း ချိတ်ဆက်ပြီး ဆောင်ရွက်နိုင်ကြရင် သိပ်ကောင်းမယ်။ နိုင်ငံထဲကအတော်များများ နေရာတွေမှာ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်နေကြတာတွေ ရှိတယ်။ အဲ့ဒီနေရာတွေမှာ အမျိုးသမီးတွေ အခမ္မကျင့်ခံနေကြ ရတာတွေရှိတယ်။ အဲ့ဒါတွေကို ကာကွယ်ဖို့အတွက် အားလုံးချိတ်ဆက်ပြီး ဆောင်ရွက်ချင်ပါတယ်။ ပြီးတော့ ကျွန်မတို့နိုင်ငံသူ အမျိုးသမီးလေးတွေ လူကုန်ကူးခံနေရတာတွေကိုလည်း ကျွန်မတို့ ကာကွယ်ဖို့လိုပါတယ် အဲ့ဒီကိစ္စတွေကို ကျွန်မတို့ ဆောင်ရွက်နေပါတယ်"

"အားခွန်"ကလူမှုရေးတွေကို ဆောင်ရွက်နေကြသည့် လူငယ်အဖွဲ့လေးတွေကို တစ်နိုင်ငံလုံးအတိုင်းအတာအရ ချိတ်ဆက်ဆောင်ရွက်ချင်သည်တဲ့။ ကောင်းလိုက်မွန်လိုက်သည့် စေတနာရည်ရွယ်ချက်ပါလားဟု တွေးမိသည်။ တစ်ဦး တစ်ဖွဲ့အားနှင့် ယူ၍မရနိုင်သည့် အကြောင်းကိစ္စကို အများအားဖြင့်ယူသော် ရနိုင်ပါလေ၏ မဟုတ်လား။

သူ့စကားလေး နားထောင်နေရင်းမှပင် ပရဟိတဂေဟာများသို့ အပတ်စဉ်လှည့်လည်သွားရောက်ကာ ကျန်းမာရေးအတွက် ဆေးဝါးကုသမှုပေးနေသည့် လူငယ်အဖွဲ့လေး တစ်ဖွဲ့ကိုသတိရသည်။ သူတို့အဖွဲ့လေးကို နာမည်ပေးထား မထားမမေးမိ။ သို့သော် သူတို့အဖွဲ့လေးကို လွန်ခဲ့သည့် ၂ နှစ်ကျော်ခန့်မှစ၍ ရွှေပြည်သာမြို့ရှိ'မြိုင်'သီလရှင်သင်ပညာရေး ပရဟိတကျောင်းတွင်စတင်တွေ့ရှိခဲ့ခြင်းဖြစ်လျက် သူတို့အဖွဲ့လေးကို လှည်းကူးမြို့နယ် စာဘူးတောင်း ကျေးရွာရှိ "မြန်မာစိမ်းလန်းမြေပရဟိတဂေဟာ" တွင်လည်း တွေ့ခဲ့ရသဖြင့် မှတ်မိနေသည်။ သူတို့အဖွဲ့လေးက Post-ing မကျသေးသည့်ဘွဲ့ရပြီး ဆရာဝန်လေးတွေပါသလိုဆေးကျောင်းတက်နေသည့် အတန်းကြီးပိုင်း ကျောင်းသား ကျောင်းသူလေးတွေလည်းပါသည်။ သူနာပြုတက္ကသိုလ်မှ ဘွဲ့ရပြီးစ သူနာပြုဆရာမလေး တွေလည်းပါသည်။ သူတို့အဖွဲ့လေးက ပရဟိတဂေဟာများသို့ ကိုယ့်စရိတ်နှင့်ကိုယ် အလှည့်ကျသွားရောက်ကုသမှုပေးနေသည့် အဖွဲ့လေးဖြစ်၏။ သူတို့အဖွဲ့လေး ပါ C F C ၏ မွေးနေ့သို့ တက်ရောက်နိုင်ခဲ့လျှင် ပွင့်ချပ်ပွင့်လွှာ စုံသွားသော ပန်းလေးတစ်ပွင့်လို ပြည့်စုံသွားလေမည်လားတွေးမိတော့ ပြည်မြို့နည်းပညာတက္ကသိုလ်မှလူငယ်ပရဟိတအဖွဲ့လေး ကို C F C ပွဲသို့ တက်ရောက်နိုင်ဖို့ သတင်းမပို့မိလိုက်ခြင်းအတွက် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရပြန်သည်။ တကယ်တော့လူငယ်အဖွဲ့ချင်းတွေ အချင်းချင်းချိတ်ဆက်ဆောင်ရွက်လိုပါသည်ဟုပြောသော ကချင်အမျိုးသမီးလေး အားခွန်၏စကားကြားမှ ထိုအဖွဲ့လေးတွေကို သတိရမိလိုက်ခြင်းဖြစ်၏။ ညံ့လိုက်သည့် ကျွန်တော်ပါပေ။

ပြည်မြို့နည်းပညာတက္ကသိုလ်ကျောင်းသူကျောင်းသားလေးများ၏ "ပန်းတစ်ပွင့်မှ ဥယျာဉ်ကြီး ဆီသို့ တိုများအားနှင့်တက်လှမ်းကြပါစို့" ဆိုသည့်ပေါင်းစည်းညီညွတ်ခြင်း ဆောင်ပုဒ်နှင့်အတူ ၁၅-၁-၂၀၁၂နေ့ကဖွဲ့စည်းအထမြောက်ခဲ့သော "စိမ်းလန်းဥယျာဉ်" ပရဟိတအဖွဲ့လေးကလည်း အဖွဲ့ဝင်အင်အား ၁၀၀ ကျော်ဖြင့် အားကောင်းမောင်းသန် ခရီးနှင်နေသည့်အဖွဲ့လေးတစ်ဖွဲ့ဖြစ်၏။

သူတို့အဖွဲ့တွေထဲ၌ နောင်တော် အဖွဲ့တစ်ဖွဲ့ဟုပြောရမည့် သက်တမ်း(၅)နှစ်ရှိပြီဖြစ်သည့် C F C အဖွဲ့ကိုဦးဆောင်နေသော ကိုသစ္စာညီညီကမူ သူ၏ နှုတ်ခွန်းဆက်စကားတွင် . . .

"တချို့က လူမှုရေးနဲ့ နိုင်ငံရေး မရောထွေးစေနဲ့လို့ကျွန်တော့်ကိုပြောကြတယ်။ ကျွန်တော်ကတော့ နိုင်ငံရေးဆိုတာဟာ လူမှုရေး လုပ်ငန်းအကြီးကြီးတစ်ခုပါပဲလို့ဒီလိုပဲနားလည်ထားပါတယ်" တဲ့။

ကျွန်တော်ကကိုညီညီ့စကားကိုအပြည့်အဝထောက်ခံသဘောတူလိုက်မိသည်။ ဤကိစ္စနှင့်ပတ်သက်၍ **"နိုင်ငံရေး"**ဆိုသည်ကို ကြောက်စရာ သီးသန့်ကိစ္စကြီးတစ်ခုလို လူ့လောက ပြင်ပသို့ ရောက်စေသည်။ တကယ်တော့ လူမှန်လျှင် နိုင်ငံရေးနှင့် မည်သို့မျှကင်းကွာ၍မရ။ ပြည်သူများ၏ စားဝတ်နေရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးကိစ္စအားလုံး အဆင်ပြေအောင် ဆောင်ရွက်ခြင်းကို နိုင်ငံရေးဟုခေါ်သောကြောင့်ဖြစ်၏။ ထို့ကြောင့် လူမှုရေးနှင့် နိုင်ငံရေးကို မည်သို့မျှခွဲထုတ်ချင်၍ မရဟု ကျွန်တော်က အခိုင်အမာဆိုချင်သည်။

C F C မွေးနေ့ပွဲသို့ လေ့လာအားပေးသူများအဖြစ်တက်ရောက်လာကြသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များထဲမှ ကိုကိုကြီး က အားပေးစကားပြောကြားရာ၌မူ . . .

"လူပြောမသန်၊လူသန်မပြောလို့ ဆိုပါတယ်၊ အခု ကျွန်တော်တို့ရဲ့ရှေ့မှာရှိနေကြတဲ့လူငယ်တွေ အားလုံးဟာ တကယ်အလုပ်လုပ်နေကြသူတွေဖြစ်တဲ့အတွက် ကျွန်တော်က စကားတွေအများကြီး ပြောနေရင် မသန်မစွမ်းလူဖြစ်သွားမှာစိုးလို့ များများမပြောပါရစေနဲ့တော့၊ ရည်ရွယ်ချက်များအတိုင်း ဆထက်ထမ်းပိုးဆောင်ရွက်နိုင်ကြပါစေလို့ပဲ ကျွန်တော်ဆန္ဒပြုပါတယ်"ဟု ဆိုသည်။ ကိုမင်းကိုနိုင်ကတော့ သူကိုယ်တိုင်ရေးလာခဲ့သည့် စိတ်ဓာတ်အင်အားဖြစ်ဖွယ် သီချင်းတစ်ပုဒ်ကို ဂစ်တာတီးမည့် ကိုမြအေးနှင့် လက်ပူတိုက်နွေးကာ ကိုကျော်ကိုကိုတို့အပါအဝင်မျိုးဆက်သစ်များနှင့် အတူ သီဆိုရင်း C F Cကို အားပါးတရ ဂုဏ်ပြုလေသည်။

ကျွန်တော့်အနေနှင့်မူ ထိုနေ့လေးသည် ပန်းပေါင်းစုံ အပြိုင်လှသည့်နေ့ဟုသာ . . . . ။

**TRADEMARK CAUTION**

Fonterra TM Limited, a Company incorporated in New Zealand, at 9 Princes Street, Auckland, New Zealand, is the Owner and Sole Proprietor of the following Trademark:-

Fonterra
Dairy for life


Reg.No.4/2513/2007

In respect of : "Int'l Class 5: Food ingredients in this class; foodstuffs and beverages in this class; dietetic substances and dietetic foods adapted for medical use; dietetic beverages adapted for medical use; nutraceutical preparations and substances in this class; pharmaceutical and veterinary preparations and substances in the narure of foodstuffs and food ingredients for humans or animals; biological food preparations; food for babies, infants and invalids including milk powder for babies and infants; additives for food for human consumption; nutritional additives for medical purposes; mineral supplements for foodstuffs; nutritional supplements in this class; vitamin preparations; vaccines; all included in this class.

In respect of : " Int'l Class 29: Dairy products in this class; dairy based beverages and powders; milk; UHT milk; milk products; condensed milk; milk powder and dried milk (skimmed off or not); milk substitutes in this class; milk beverages including flavoured and fortified milk beverages (milk predominating); cream (dairy products); butter; edible oils and fats; margarine and food spreads including blends of margarine; butter and other edible oils; products included in this class consisting wholly or principally of edible oils or of edible fats for use in creaming coffee and like drinks; food and dietary supplements for human consumption (other than medicated, or predominantly of vitamins, minerals or trace elements); proteins and protein products for human consumption; cheese including cottage cheese, cream cheese, soft and hard cheeses; cultured dairy products including sour cream and cream fraiche; yoghurt; yoghurt for drinking; dessert products in this class (milk and dairy products predominating); flavour- ed dairy desserts; whey casein; food spreads consisting principally of dairy products; food preserves in this class.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3.May.2012



# တစ်ဖက်ပိတ်လမ်းအန္တရာယ်

## ( ဘေး မှ ရပ် ကြည့် သူ တစ် ဦး ၏ ထင် မြင် ချက် များ )

ကျော်ဝင်း

**နှစ်ကူးမှ နှစ်ဦး**

မြန်မာ့နိုင်ငံရေးမှာ 'တစ်နေ့ရွှေ၊ တစ်နေ့ငွေ' ဆိုရမည်လားမသိ။ ကြည့်လေ. . .၊ သင်္ကြန်မတိုင်မီ နှစ်ကူးရက်များကပင် အားတက်မျှော်လင့်ဖွယ်ရာ အပြည့်။ ဟော. . သင်္ကြန်အပြီး နှစ်ဦးလည်းရောက်ရော၊ သို့လော. . သို့လောဖြစ်ရပြန်သည်။

အားလုံးသိကြသည့်အတိုင်း ဧပြီ ၁ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပဖြစ်သည်။ ဤရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်နေရာ အားလုံး၏ ၇ ရာခိုင် နှုန်းနီးပါးမျှသာကိုယ်စားပြုသော်လည်းအရေးကြီးသော တိုးတက်မှုခြေလှမ်းတစ်ရပ်ဟု ပြည်တွင်း၊ ပြည်ပ လေ့လာစောင့်ကြည့်သူများက အလေးထားကြသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်ယှဉ်ပြိုင်သည်ဖြစ်၍ မြန်မာ့နိုင်ငံရေးအင်အားစုအားလုံး အကျုံးဝင်သော ရွေးကောက်ပွဲဖြစ်သွားသည်။ ပို၍အားတက်ဖို့ ကောင်းသည်မှာ 'လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ'ဆိုသည့်ပြည်တွင်းပြည်ပ အကဲဖြတ်ချက်များပင်ဖြစ်သည်။ ဤအတိုင်းဆိုလျှင် သင်္ကြန်အပြီးဆက်လက်ကျင်းပမည့်လွှတ်တော် အစည်းအဝေးများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါဝင်ပေတော့မည်။ လွှတ်တော်တွေမှာ မြန်မာ့နိုင်ငံရေးအင်အားစုများ ငြင်းကြ၊ ခုံကြ၊ ညှိကြ၊ နှိုင်းကြ၊ ဆွေးနွေးကြရာ၊ ဒီမိုကရက်တစ်ဖိုရမ်ကြီး ဖြစ်သွားပေတော့မည်။ အားတက်စရာအပြည့်၊မျှော်လင့်စရာအပြည့်။

သို့တစေ သင်္ကြန်ပြီးသည်နှင့် လွှတ်တော်ကိုယ်စားလှယ်များကတိသစ္စာပြုချက်သို့မဟုတ်ကျမ်းသစ္စာဆိုချက်ပုံစံ (ဇယား-၄) ပါစကားလုံးအသုံးအနှုန်းနှင့် ပတ်သက်ပြီး အငြင်းပွားစရာပေါ်လာသည်။

ထိုမှတစ်ဆင့် NLD မှ အနိုင်ရကိုယ်စားလှယ်များ လွှတ်တော်မတက်တော့ဖြစ်လာသည်။ စာရေးသူလို ဘေးမှ ရပ်ကြည့်အားတက်နေရသူများအတွက် နှစ်ကူးက မျှော်လင့်ချက်တွေမှာ နှစ်ဦးအရောက်မှာပင် 'တံခူးလေနှင့် လျှောတော့သည်' ဖြစ်ရလေတော့သည်။

**တစ်ဖက်ပိတ်လမ်း**

နိုင်ငံရေး၊ အထူးသဖြင့် ဥပဒေတွင်း နိုင်ငံရေးတွင် ဆုံးဖြတ်ချက်တစ်ခုမချမီ အထပ်ထပ်အခါခါ ဘက်ပေါင်းစုံမှ လှည့်ပတ်စဉ်းစားကြရသည့် အမှားခံလို့မဖြစ်သောကိစ္စမျိုးတွေ မကြာခဏဆိုသလို ကြုံရတတ်ပါသည်။ Dead End ဟုခေါ်သည်။ 'တစ်ဖက်ပိတ်လမ်း'ဆိုပါစို့။ မိမိဆုံးဖြတ်ချက်ကြောင့် မိမိကိုယ်ကို ချောင်ပိတ်မိစေသော အဆင်မသင့်လျှင် မိမိ 'လှုပ်ရှားခွင့်'(Space)ကိုပင် စတေးရဖွယ်ရှိသောကိစ္စမျိုးကိုဆိုလိုသည်။ အမြော်အမြင်ရှိသော ခေါင်းဆောင်မှုအနေဖြင့် ဤသို့သော ပေါ်လစီမျိုးကိုတတ်နိုင်သလောက်ရှောင်သည်။ အခြားရွေးစရာဘာ တစ်ခုမျှမရှိတော့မှ 'နောက်ဆုံးအားထားရာ' (Last Resort) အဖြစ် မလွှဲမရှောင်သာ ရွေးလေ့ရှိသည်။

ပြောရလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၂၀၁၀ ရွေးကောက်ပွဲကိုသပိတ်မှောက်စဉ်က စာရေးသူ ဘဝင်မကျခဲ့သည်မှာ တစ်ဖက်ပိတ်လမ်းထဲမရောက်စေလို၍ဖြစ်သည်။ Dead End နှင့် တိုးမှာစိုးသောကြောင့်ဖြစ်သည်။ တကယ့်လက်တွေ့တွင်လည်းတစ်ဖက်မှ မျှော်လင့်သည်ထက် ပို၍ သဘောထား ပျော့ပျောင်းသောကြောင့်သာ စာရေးသူ စိုးရိမ်သလို မဖြစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲအကြိုကာလအထိ ဤမျှအခြေအနေကောင်းလာလိမ့်မည်ဟု ဘယ်သူမှ မျှော်လင့်ခဲ့ကြသည်မဟုတ်။

ယခုကိစ္စ (လွှတ်တော်တက်ရေး၊မတက်ရေး) မှာလည်း တစ်ဖက်ပိတ်လမ်းအန္တရာယ်ရှိသည်ဟုမြင်သည်။ ယခုကိစ္စမှာ(၂၀၁၀ ရွေးကောက်ပွဲကိစ္စ)မှာလို ခေါင်းဆောင်တစ်ဦး၊ နှစ်ဦး၏ သဘောထားပျော့ပျောင်းမှုမျှလောက်နှင့်လည်း ပြေလည်နိုင်ဖွယ်ရာမရှိ။ ပုဒ်မ-၁၂၅ နှင့် ဇယား-၄ တို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များဖြစ်သည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ဥပဒေလိုအလွယ်တကူ ပြင်လို့မရ။ လွှတ်တော်အတွင်းက ပြင်မှရပါလိမ့်မည်။ သို့အတွက် ပထမဆုံး လွှတ်တော်ထဲရောက်ဖို့လိုသည်။ ဒါတောင် USDP လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်စားလှယ်များ၏ ထောက်ခံမှုလိုလိမ့်ဦးမည်။ ရှင်းရှင်းပြောရလျှင် ယခု လောလောဆယ် လွယ်မည်မထင်သေးပါ။

ဤသို့ဆိုလျှင်NLD ဘာလုပ်မည်နည်း။ တစ်ဖက်ပိတ်လမ်းအန္တရာယ်ကို ထည့်သွင်းစဉ်းစားပေးကြပါဟု မေတ္တာရပ်ခံလိုပါသည်။

**စကားလုံးတစ္ဆေ**

မြန်မာ့နိုင်ငံရေးတွင် 'နှုန်းစံအခြေပြုစဉ်းစားနည်း'(Normative Thinking)များ လွှမ်းမိုးတွင်ကျယ်နေသလား၊ မကြာခဏဆိုသလို စဉ်းစားမိသည်။ ဝိပဿနာတွင် 'စာခံ' နေလျှင် ဉာဏ်စဉ်တက်ဖို့ခက်တတ်သည်ဟုကြားဖူးသည်။

နိုင်ငံရေးတွင်လည်း 'စံခံ' နေလျှင် လိုရာခရီးရောက်ရေးအတွက် အဟန့်အတားဖြစ်လိမ့်မည်ထင်သည်။ အဆိုပါ 'နှုန်းစံအခြေပြုစဉ်းစားနည်း'နှင့် ကျွဲကူးရေပါဖြစ်လေ့ရှိသည်မှာ စကားလုံးတွေကို အသေကိုင်ပြီး ကိုယ့်ဘာသာပြန်လန့်နေတတ်ခြင်းဖြစ်သည်။ ယခုပြဿနာကိုပဲကြည့်။ 'နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်' ဆိုသောစကားလုံးများအပေါ် ဇဟိုပြုနေသည်ကိုတွေ့ရသည်။

အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဘယ်လိုရှိသည်သိချင်၍ လွယ်လွယ်ရှိသော Encarta တွင်ရှာကြည့်မိသည်။ လွှတ်တော်အမတ်များ ကတိသစ္စာပြုချက်ကိုတော့ မတွေ့။ အမေရိကန်သမ္မတများ ကျမ်းသစ္စာကျိန်ဆိုကြသည့် စာသားတွေကို တွေ့သည်။ သူတို့တွင်လည်း 'Preserve, protect and defend the constitution of United States' ဆိုသောစကားရပ် ပါသည်သာဖြစ်သည်။ (Preserve, protect and defend ဆိုသော အဓိပ္ပာယ် မနီးယိုးစွဲ စကားလုံး သုံးလုံးကြီးများတောင် သုံးထားသည်။) သို့တစေပြင်သင့်ပြင်ထိုက် ပြင်စရာရှိလျှင်မူ ပြင်ခဲ့ကြသည်သာဖြစ်ပါသည်။ ဤသို့ ပြင်ဆင်ရင်းဖြင့်သာ အမေရိက၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြည့်စုံကောင်းမွန်လာခြင်းဖြစ်ပါသည်။ ပြောရလျှင် စိတ်ကောင်းစေတနာနှင့်ပြင်ကြသည်မှာ အခြေခံဥပဒေကို ဖျက်ဆီးသည်မဟုတ်။ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာရောက်သည်မဟုတ်ပါလော. . ။ ဒီမိုကရက်တစ်နည်းကျ ပြင်ဆင်နိုင်ကြဖို့ပဲလိုမည်ထင်ပါသည်။

စာရေးသူအနေနှင့် မြန်မာ့နိုင်ငံရေးအကျပ်အတည်းတွေကြုံတိုင်း 'ဗိုလ်ချုပ်အောင်ဆန်း ဘာတွေလုပ်ခဲ့သည်'ကိုပြန်ကြည့်လေ့ရှိသည်။ လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအဆင့်တွင် ဗိုလ်ချုပ်ကိုယ်တိုင် ဘုရင်ခံအမှုဆောင်ကောင်စီတွင်ပါခဲ့သည်။ ဘုရင်ခံကဥက္ကဋ္ဌ၊ ဗိုလ်ချုပ်က ဒုတိယဥက္ကဋ္ဌ၊ ဘုရင်ခံမှာ ဗိုလ်ချုပ် အထက်ကလူ။ ဘုရင်ခံ သစ္စာခံထားသည်က ဗြိတိသျှဘုရင့် အစိုးရ။ နှုန်းတွေ၊ စံတွေ၊ စကားလုံးတွေနှင့်ကြည့်လျှင် အဓိပ္ပာယ်တစ်မျိုး။ သို့သော်ဗိုလ်ချုပ်ကဒါတွေကိုအသေမကိုင်။ 'လက်တွေ့အလုပ်လုပ်လို့ရမရ' ရှုထောင့်ကကြည့်သည်။ 'လက်တွေ့အခြေပြုစဉ်းစားနည်း' (Pragmatic Thinking) သူတို့မျိုးဆက်ထဲတွင် ဗိုလ်ချုပ်က သူများထက် ခေါင်းတစ်လုံး မြင့်သည်မှာ လက်တွေ့ကျကျစဉ်းစားဆုံးဖြတ်တတ်သောကြောင့်ဖြစ်လိမ့်မည်ဟု စာရေးသူကနားလည်ထားသည်။ သူက 'စံ' တွေကို အသေမကိုင်၊ စကားလုံးတစ္ဆေ မကြောက်။

**မေတ္တာရပ်ခံချက်**

ဝန်ခံရလျှင် စာရေးသူအနေနှင့် ယခုစာစုကို မဝံ့မရဲရေးရခြင်းဖြစ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်များလည်းဖြစ်၊ ဥပဒေပညာရှင်များလည်းဖြစ်ကြသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ရှိသူများအနေနှင့် စာရေးသူလို အနုံညာတတစ်ယောက်ထက် ပိုသိ၊ ပိုတတ်၊ ပိုစဉ်းစားနိုင်ကြမည်မှာ သေချာပါသည်။ သို့နှင့်အမျှ 'မိကျောင်းမင်း ရေခင်းပြ' သလိုဖြစ်မှာကိုလည်း အမှန်ပင်စိုးရိမ်ပါသည်။ အမှန်စင်စစ် 'နိုင်ငံရေးအကျပ်အတည်းတစ်ခုများကြုံလေဦးမလား'ဆိုသော စိုးရိမ်သောကကြောင့် ရေးမိရေးရာ ရေးလိုက်မိသော ဘေးမှ ရပ်ကြည့်သူတစ်ဦး၏ အတွေးစများသာဖြစ်ပါသည်။

တစ်ဆက်တည်း နှစ်ဖက်ခေါင်းဆောင်အားလုံးကိုလည်း မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၁။ ဗိုလ်ချုပ်အောင်ဆန်း၏ အစဉ်အလာ၊ မဲဆန္ဒရှင်များ၏ မျက်နှာကိုထောက်ရှု၍ ဒုတိယအကြိမ် ပြန်လည်စဉ်းစားပေးပါဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များကိုလေးစားစွာတောင်းပန်အပ်ပါသည်။

၂။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များကိုလည်း နောက်ထပ် နိုင်ငံရေးအကျပ်အတည်းတစ်ခု မကြုံရလေအောင် အတတ်နိုင်ဆုံး ညှိနှိုင်းဆောင်ရွက်ပေးပါဟု အားကိုးမျှော်လင့်စွာ တောင်းပန်အပ်ပါသည်။ ။

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



# ရွာအပြန် မဝေး

■ ရွှေဖြိုးမောင်

ရွာမှ မြို့သို့ရောက်နေသူများသည်တစ်ချိန်ချိန်တွင်မြို့မှ ရွာသို့ပြန်ကြရပါသည်။ အချို့က နေ့ချင်းပြန်ကြသည်။ အချို့ကတစ်ပတ်တစ်ခါ ပြန်ကြသည်။ အချို့က တစ်လတစ်ခါ ပြန်ကြသည်။ အချို့က တစ်နှစ်တစ်ခါ ပြန်ကြသည်။ နှစ်ပေါင်းများစွာကြာမှပြန်သူများလည်းရှိသည်။ ကျောင်းတက်၊ ရုံးတက်ရုံသက်သက် မြို့သို့လာသူများရှိသည်။ ဈေးရောင်းဈေးဝယ်ရန် လာသူများရှိသည်။ စားဝတ်နေရေးအတွက် မြို့တက်အလုပ်လုပ်သူများရှိသည်။ ရွာမှ မြို့သို့နည်းလမ်းအမျိုးမျိုး၊ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လာရောက်ကြသော်လည်း မြို့မှ ရွာသို့ပြန်ကြရပါသည်မှာ အတူတူပင်ဖြစ်ပါသည်။ အချို့ရွာများက မြို့နှင့်ကပ်လျက်။ အချို့ရွာများက မြို့နှင့်မလှမ်းမကမ်း။ အချို့ရွာများက မြို့နှင့်အတော်လေးဝေးသည်။ အချို့ရွာများမှာမူ မြို့နှင့်မိုင်ပေါင်းရာချီ၍ဝေးသည်။ ရွာသို့ လမ်းလျှောက်ပြန်သူများရှိသည်။ စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် ပြန်သူများရှိသည်။ နွားလှည်း၊ မြင်းလှည်းများဖြင့် ပြန်သူများရှိသည်။ လှေ၊ မော်တော်များဖြင့် ပြန်သူများရှိသည်။ ထော်လာဂျီ၊ ကားများဖြင့် ပြန်သူများရှိသည်။ ကိုယ်ပိုင်ကား၊ လေယာဉ်တို့ဖြင့် ပြန်သူများလည်းရှိသည်။

ရွာမှ မြို့သို့ လာရောက်ကြသူများထဲတွင် နေ့ချင်းပြန်ကြသူများက အများဆုံးဖြစ်မည်ထင်ပါသည်။ ကျောင်းတက်၊ ရုံးတက်ရန်နှင့် နေ့စဉ်စားဝတ်နေရေးအတွက် အလုပ်လုပ်ကိုင်ရန် လာရောက်ကြသူများပင်ဖြစ်သည်။ မြို့အားလုံး၏ ထွက်ပေါက်လမ်းမအသီးသီးတွင် ညနေသုံးနာရီခန့်မှစ၍ နေဝင်မိုးချုပ်အချိန်အထိ ရွာသို့ အလျှိုအလျှိုပြန်ကြသူများကို မဆုံးနိုင်အောင် နေ့စဉ်တွေ့မြင်နိုင်ပါသည်။ သူတို့အားလုံးမှာ ထမင်းချိုင့်များ၊ ဆွဲခြင်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ အထုပ်အပိုးများကို လက်ထဲတွင်ကိုင်၍လည်းကောင်း၊ ပခုံးတွင် ချိတ်ဆွဲကျောပိုး၍လည်းကောင်း၊ ခေါင်းပေါ်တွင်ရွက်၍လည်းကောင်း မိမိတို့ရွာရှိရာဆီသို့ခြေလှမ်းသွက်သွက်၊ စိတ်သွက်သွက်ဖြင့် ချီတက်လျက်ရှိကြပေသည်။ သူတို့လုပ်ခဲ့ရသည့် အလုပ်အပေါ် နှစ်နှစ်သက်သက်၊ ကျေကျေနပ်နပ်ဖြင့် ပြုံးပျော်စွာ ရွာပြန်လာသူများရှိသလို ပင်ပင်ပန်းပန်း၊ နွမ်းနွမ်းနယ်နယ်ဖြင့် မကျေမချမ်းဒေါသထွက်ကာ ပြန်လာရသူများလည်း ရှိပါသည်။

အားလုံးကို လေ့လာကြည့်ပါက မလွှဲသာ၊ မရှောင်သာ၊ မတတ်သာ၍ စိတ်မပျော်စွာလုပ်နေရသူများက ပိုများပါလိမ့်မည်။ သူတို့လုပ်ကိုင်ကြုံတွေ့ခံစားရသည့် အလုပ်၊ လုပ်ငန်းရှင်၊ လုပ်အားခနှင့် အလုပ်ဆင်းရက်၊ နားရက်များအပေါ် အလိုမကျခြင်းများပင်ဖြစ်ပါသည်။ ရွာမှမြို့သို့နေ့စဉ် အလုပ်ဆင်းရန် လာရောက်ကြသူအများစုသည် လစာလုပ်အားခ ရရှိမှုမှာလည်း နည်းပါကြသည်။ ပြန်တမ်းဝင်ပိတ်ရက်များတွင်လည်း အပြည့်အဝနားခွင့်မရကြသူများဖြစ်ကြပါသည်။ အလုပ်ချိန်အားဖြင့်လည်း တစ်ရက်လျှင် (၈)နာရီထက်ပို၍ လုပ်ငန်းခွင်ဝင်ကြရသူများဖြစ်ကြပါသည်။ လုပ်ငန်းခွင်တွင်လည်း အလုပ်ရှင်လိုသလို ခိုင်းသော အောက်ခြေသိမ်းအလုပ်မျိုးစုံကို မညည်းမညူလုပ်ပေးကြရပါသည်။ လုပ်ငန်းရှင်အများစုမှာ အလုပ်သမားများအတွက် ခွင့်ရက်နှင့် အခြားခံစားခွင့်များ သတ်မှတ်ပေးထားခြင်း အားနည်းတတ်ကြပါသည်။ အလုပ်သမားအများစုမှာ သူတို့ပေးဆပ်ခဲ့ရသော အလုပ်ချိန်နှစ်ကာလများနှင့်ထိုက်တန်သည့်ရပိုင်ခွင့်များ၊ အာမခံချက်များကို သိရှိနားလည်ပိုင်ဆိုင်ထားခြင်းမရှိပေ။

“ကျောင်းပြီးကတည်းက မြို့ကစတိုးဆိုင်မှာ အရောင်းစာရေးလုပ်ပါတယ်။ ရွာကနေ ထမင်းချိုင့်ယူပြီး နေ့စဉ် အလုပ်ဆင်းရပါတယ်။ နားရက်မရှိပါဘူး။ မနက် (၈)နာရီအရောက်သွားရတယ်။ တစ်လကိုကျပ်၆၀,၀၀၀ရပါတယ်။ အလုပ်ပျက်ရင် တစ်ရက် ၂,၀၀၀ ကျပ် ဖြတ်ပါတယ်။ သင်္ကြန်တွင်း ငါးရက်နားရတယ်။ မုန့်ဖိုး ၅,၀၀၀ ကျပ်ရတယ်။ အခြားဘာခံစားခွင့်မှ မရှိပါဘူး” ဟု မြို့နှင့် (၂)မိုင်ခန့်ဝေးသော ရွာမှ အသက် နှစ်ဆယ်အရွယ် မိန်းကလေးတစ်ဦးကပြောပြပါသည်။ “ကျွန်တော်က စက်သုံးဆီဖြန့်ချိရေးဆိုင်မှာ လုပ်ပါတယ်။ တစ်နှစ်ပတ်လုံး ဥပုသ်ရက်တွေမှာပဲ ပိတ်ပါတယ်။ အခြားပိတ်ရက်ဆိုလို့ သင်္ကြန်တွင်းတစ်ပတ်ပိတ်တာပဲရှိတယ်။ သင်္ကြန်တွင်းဆယ်ရက်လုံးအပြည့် မနားရဘူး။ အဲဒီရက်တွေအတွက် လုပ်အားခနှစ်ဆမရဘူး။ ပုံမှန်ပဲပေးတယ်။ လခ ၈၀,၀၀၀ ရတယ်။ သင်္ကြန်မုန့်ဖိုး ၁၀,၀၀၀ ရတယ်။ လုပ်ရတာကတော့ အလုပ်ကြမ်းအထမ်းသမားသာသာပဲ။ မြို့ထဲကိုသွားဖို့ခိုင်းရင်လည်း ကိုယ့်ဆိုင်ကယ်နဲ့ကိုယ် သွားရတယ်။ အလုပ်ချိန်က မနက်ဆို (၉) နာရီအရောက်။ ညနေပြန်ချိန်က (၅)နာရီခွဲသတ်မှတ်ထားပေမယ့် အဲဒီအချိန်ထက်နောက်ကျပြီးမှ ပြန်ရတာကပိုများတယ်။ တစ်ခါတလေ ည(၇)နာရီအထိ နေရတယ်။ အချိန်ပိုကြေးမရှိဘူး”ဟု မြို့နှင့် (၃)မိုင်ခန့်ဝေးသောရွာမှ စီးပွားရေးတက္ကသိုလ်တွဲ့ရလူငယ်တစ်ဦးက ပြောပြပါသည်။

“အခုလက်ရှိမှာဖြစ်နေတာက လုပ်ငန်းရှင်အများစုက အလုပ်သမားအတွက် ပိတ်ရက်နည်းတယ်။ လုပ်အားခနည်းတယ်။ ခံစားခွင့်နည်းတယ်။ လုပ်ငန်းရှင်တွေအတွက် အလုပ်ပြီးစီးမှုနဲ့အလုပ်ချိန်တွေကိုတော့ များနိုင်သမျှ များများရအောင်ယူကြတယ်။ နေ့ကြီးရက်ကြီးပိတ်ရက်တွေကို မသိကျိုးကျွန်ပြုနေကြတယ်။ အချိန်ပိုကြေးပေးဖို့ဝန်လေးကြတယ်။ လုပ်အားခအဖြတ်ခံပြီး ခွင့်ယူတာတောင် မကျေနပ်ကြဘူး။ အလုပ်ရှာနေတဲ့သူက များနေတော့ တစ်ခုခုဆို ဖြုတ်ဖို့ပဲစဉ်းစားကြတယ်။ အလုပ်သမားတွေ အိမ်ပြန်ရမယ့် ခရီးအကွာအဝေး၊ ပြန်ရမယ့် အချိန်နဲ့အလုပ်သမားတွေရဲ့ လိုအပ်ချက်တွေကို ထည့်မစဉ်းစားကြဘူး။ လစာတိုးပေးဖို့ကိုလည်း အချိန်ဆွဲတတ်ကြတယ်” ဟု ပုဂ္ဂလိကလုပ်ငန်းတစ်ခုတွင် အလုပ်လုပ်သည့် စာရင်းကိုင်အမျိုးသမီးတစ်ဦးက ရှင်းပြပါသည်။

“ကျွန်တော်တို့ဆိုင်မှာအလုပ်သမားတစ်ရာကျော်ရှိပါတယ်။ အားလုံးကို သူ့အဆင့်နဲ့သူ၊ သူ့ကျွမ်းကျင်မှုနဲ့သူ သတ်မှတ်ထားပါတယ်။ အချိန်ဆိုင်းနဲ့အလုပ်ဆင်းရပြီး နားချိန် အပြည့်အဝ ပေးတယ်။ အပန်းဖြေဖို့နေရာတွေ စီစဉ်ပေးတယ်။ လစာနှုန်းအပေါ်လည်း ကျေနပ်ကြတယ်။ သင်္ကြန်ကာလမှာတော့ ရက်နှစ်ဆယ်လောက်ဆိုင်ပိတ်ပေးတယ်။ ဘုရားဖူး၊ အပန်းဖြေခရီးတွေကို နှစ်တိုင်းပို့ပေးတယ်။ အလုပ်လုပ်တဲ့သူအားလုံးအတွက် အဆင်ပြေအောင် စောင့်ရှောက်မှုတွေ ရှိတော့အလုပ်ချိန်မှာဆို အားလုံးက တက်တက်ကြွကြွပါပဲ”ဟု မြို့ကြီးတစ်မြို့မှ လက်ဖက်ရည်ဆိုင်စားပွဲထိုးတစ်ဦးက ပြောပြပါသည်။

“ကုမ္ပဏီတွေ၊ ဘဏ်တွေ၊ အစိုးရနဲ့ပတ်သက်တဲ့အဖွဲ့အစည်းတွေမှာ အလုပ်လုပ်တဲ့သူတွေကတော့ ပြန်တမ်းဝင်ပိတ်ရက်ခံစားခွင့်တွေ၊ အချိန်ပိုကြေးတွေ၊ ပိတ်ရက်မှာ အလုပ်ဆင်းရင် လုပ်အားခနှစ်ဆရတာတွေ၊ နစ်နာကြေးစတဲ့ ရပိုင်ခွင့်တွေကို အပြည့်အဝရကြတယ်။ ကျွန်တော်တို့လို အိမ်ဆိုင်တွေ၊ ပုဂ္ဂလိကလုပ်ငန်းတွေမှာ လုပ်တဲ့သူတွေကြတော့ ဘာခံစားခွင့်၊ ရပိုင်ခွင့်မှ မရှိကြဘူး။ စေတနာစိတ်ထားကောင်းတဲ့ အလုပ်ရှင်ဆီမှာ လုပ်ရတဲ့အလုပ်သမားတွေကတော့ ကံကောင်းကြတယ်။ ဒါပေမဲ့ သေသေချာချာလိုက်စုံစမ်းကြည့်မယ်ဆိုရင် အဲဒီလိုအလုပ်ရှင်မျိုးက တော်တော်လေးနည်းပါသေးတယ်။ အလုပ်သမားတွေဆီက လုပ်အားနဲ့အချိန်ကို အတင်းအဓမ္မရယူချင်တဲ့ အလုပ်ရှင်တွေပဲများပါတယ်။

စာ(၄၀) သို့

## JOKE

### လူသစ်ရှာနေလို့

ခရီးသည်အပြည့်နှင့် ပျံတက်ရန် အသင့်ဖြစ်နေသော လေယာဉ်မှာပြေးလမ်းပေါ် ရောက်မှ ပြန်ကွေ့လာပြီး မူလနေရာတွင် ပြန်ရပ်နေသည်။ တစ်နာရီခန့်ကြာပြီးနောက်မှသာ လေယာဉ်က မူလအစီအစဉ်အတိုင်း ထွက်ခွာလာရာ စိတ်ပူတတ်သော ခရီးသည်တစ်ဦးက “လေယာဉ်က ဘာဖြစ်လို့နောက်ကျသွားတာလဲ” ဟုမေးမြန်းရာ လေယာဉ်မယ်တစ်ဦးက “ဘာမှမဖြစ်ပါဘူးရှင်။ ပထမတစ်ကြိမ်က လေယာဉ်မှူးက အင်ဂျင်သံကို မကြိုက်ဘူးလို့ ပြောတာနဲ့ နောက်လေယာဉ်မှူးတစ်ဦး လိုက်ရှာနေရတာ နည်းနည်းကြာသွားတယ်” ဟု ပြောလိုက်ပါတော့သည်။

### ကဲ ဘယ်လိုလုပ်မလဲ

အလွန်ကိုစိတ်အားထက်သန်သော အရောင်းသမားတစ်ဦးသည် နယ်မြေသစ်တစ်ခုကိုဝင်ရောက်ရင်း အိမ်တစ်အိမ်ကိုတံခါးခေါက်လိုက်သည်။ အိမ်ရှင်အဒေါ်ကြီးက တံခါးဖွင့်ပေးလိုက်သောအခါ ဘာမပြော၊ ညာမပြောနှင့် အိမ်ထဲဝင်သွားပြီး ဧည့်ခန်းတွင်ခင်းထားသော ကောဇောပေါ် သို့နွားချေးအစိုများပစ်ချလိုက်ပြီး “အန်တီဒီဖုန်စုပ်သန့်ရှင်းရေးစက်ဟာ ဒီအညစ်အကြေးတွေကို သန့်စင်အောင် မလုပ်ပေးနိုင်ဘူးဆိုရင် ဒါတွေအကုန်လုံး တစ်စိမကျန် ကျွန်တော်စားပစ်လိုက်မယ်” ဟု ပြောလိုက်သည်။

အမျိုးသမီးကြီးကလည်း အံ့အားသင့်နေရာမှ ခပ်ရွှဲ့ရွှဲ့ပင် “မင်း ဒီ အချဉ်ရည်ယူဦးမလား” ဟုပြောရင်း “ငါတို့က ဒီနေ့မှ အိမ်စပြောင်း လာတာကွဲ့။ အိမ်ကို လျှပ်စစ်မီးမသွယ်ရသေးဘူး” ဟု ပြောလိုက်ရာ . . ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ၊ ကိုကိုကြီး။ **အငယ်တန်းသတင်းထောက် -** အေးမြတ်သူ၊ ကြူကြူဟန်။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၂၃၉၁၁~၁၈၊ ၀၉ ၇၃၂၂၄၅၄၁ ၊ Website : www.7daynewsjournal.com , E-mail : editor@7daynewsjournal.com
7DAY NEWS Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.11, No.8 • MAY 3 , 2012

# မော်တော်ယာဉ်ဆိုင်ရာ 'အော်တိုပေါ်လစီ'မရှိခြင်းကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်နိုင်ခြင်းမရှိသေး

**ကိုကိုကြီး**

**ရန်ကုန်၊ မေ - ၂၀**

ပြည်တွင်းမော်တော်ယာဉ် လုပ်ငန်းနယ်ပယ်တွင် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒ(Auto Policy) မရှိခြင်းကြောင့် ပြည်ပနိုင်ငံများမှ ကားလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများဝင်ရောက်ရင်းနှီးမြှုပ်နှံခြင်းမရှိသေးကြောင်း စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအောက်တွင်ရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်ထုတ်လုပ်မှုဖွံ့ဖြိုးရေးဆပ်ကော်မတီမှအဖွဲ့ဝင်ဦးသန့်ဇင်က ပြောသည်။



ဆိပ်ကမ်းသို့ရောက်ရှိလာသော တင်သွင်းကားသစ်များ
ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

စက်မှုဝန်ကြီးဌာနနှင့်မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က တစ်နှစ်တာကာလအတွင်းပြည်ပကားကုမ္ပဏီများ လာရောက်လုပ်ကိုင်ရန် ဖိတ်ခေါ်မှုများရှိသော်လည်း Auto Policy မရှိခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်ခြင်းမရှိသေး ကြောင်းသိရသည်။

မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာမူဝါဒနှင့်စက်မှု လုပ်ငန်းဥပဒေများရှိသည့် အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဂျပန်ကား ထုတ်လုပ်သည့် ကုမ္ပဏီက တစ်နှစ်လျှင် ၁ ဒသမ ၄၅သန်း ထုတ်လုပ်လျက်ရှိပြီး ထိုင်းနိုင်ငံတွင် ရောင်းချသည့် မော်တော်ယာဉ်ရှစ်သိန်းရှိကာ ကျန်အစီးရေ ခြောက်သိန်းကျော်ကို ပြည်ပသို့ တင်ပို့နိုင်ပြီး ကမ္ဘာ့ကားတင်ပို့သည့် ဈေးကွက်တွင် နံပါတ်-၁၁ နေရာ၌ ရပ်တည်လျက်ရှိသည်။

"နိုင်ငံခြားကုမ္ပဏီတွေ ဝင်လာမှ လိုအပ်တဲ့နည်းပညာ အကူအညီတွေရနိုင်မှာဖြစ်တယ်။ ဒါမှ အရင်က လမ်းဟောင်းအတိုင်း သွားနေတဲ့ စက်မှုဇုန်က အချို့သူတွေက without တွေသွင်းကြတယ်။ ကားတွေ ခိုးသွင်းပြီး ဖြတ်ဆက်တွေလုပ်ကြတယ်။ မှတ်ပုံတင်ဌာနတွေကလည်း ဒီဟာတွေပေါ်မှာ အခွင့်အရေးယူပြီးတော့ အဂတိလိုက်စားမှုတွေရှိတယ်။ ဒါတွေကို ကျော်လွှားနိုင်ပြီး တကယ်အောင်မြင်တဲ့ Auto Policy ပေါ်ထွန်းလာဖို့ဆိုတာ Auto Policy ရှိဖို့လိုတယ်"ဟု ပြောသည်။

မော်တော်ယာဉ်လုပ်ငန်းကဏ္ဍနယ်ပယ်တွင် Auto Industry သည် မော်တော်ယာဉ် အပိုပစ္စည်းထုတ်လုပ်ရောင်းချသူများ၊ မော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ရောင်းချသူများ၊ မော်တော်ယာဉ်ပြုပြင်ရေးလုပ်ငန်းလုပ်ကိုင်သူများပါဝင်ကြောင်း သိရသည်။

"ဒီ Auto Industry တစ်ခုလုံး ဖြစ်မြောက်လာဖို့ဆိုတာ Auto Policy ရှိဖို့လိုတယ်။ အစိုးရအနေနဲ့ ချမှတ်ပေးဖို့ လိုပါတယ်။ ထိုင်းနိုင်ငံမှာ ဒါမျိုး လုပ်ထားလို့ ဒီမှာလည်း ဒီလိုလုပ်ရမယ်မဟုတ်ပါဘူး။ ပြည်တွင်းအနေအထားနဲ့ သင့်တော်တဲ့ ပေါ်လစီချရမှာဖြစ်တယ်"ဟုပြောသည်။

လက်ရှိတွင် ပြည်တွင်းကားလုပ်ငန်းနယ်ပယ်၌ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ပြည်ပမှထုတ်လုပ်ပြီး တပ်ဆင်ခြင်းမပြုရသေးသည့် မော်တော်ယာဉ်များကို တင်သွင်းလာပြီး (CKD-Complete Knot Down)အဖြစ်ယင်းမော်တော်ယာဉ်များကို လိုအပ်သည့် တွဲဆက်မှုများပြုလုပ်ခြင်းနှင့် နောက်ဆုံးအဆင့်တွင် ပြည်တွင်းမှထုတ်လုပ်သည့်ပစ္စည်းတို့ဖြင့် ပေါင်းစပ်ထုတ်လုပ်သည့်စနစ်ကို ကျင့်သုံးလျက်ရှိကြောင်း သိရသည်။

"ဂျပန်ကုမ္ပဏီအနေနဲ့ ဒီမှာလာရောက် ရင်းနှီးမြှုပ်နှံရင် လက်ရှိပေါ်လစီနဲ့မဖြစ်ပါဘူးဆိုပြီး အတိအကျပြောင်းထားပါတယ်" ဟု ၎င်းကပြောသည်။

"Auto Policy ပြောတဲ့အခါမှာ တစ်နှစ်တာအတွင်း တိုင်းပြည်တစ်ပြည်မှာ လူစီးမော်တော်ယာဉ် ဘယ်လောက် လိုအပ်ချက်ရှိလဲ၊ ပစ်ကပ်ကား ဘယ်လောက်လိုအပ်ချက်ရှိလဲ၊ ပစ္စည်းတင်ယာဉ် ဘယ်လောက်လိုအပ်လဲ၊ လုပ်ငန်းသုံးယာဉ် ဘယ်လောက်လိုအပ်လဲ၊ ပြည်တွင်း မော်တော်ယာဉ်ကဏ္ဍမှာ ဘယ်လောက်ထိ ပါဝင်ပတ်သက်မှုရှိလဲ၊ ပြည်ပကို ဘယ်လောက် အတိုင်းအတာထိ တင်ပို့မှုရှိလဲဆိုတာသိဖို့လိုတယ်"ဟု ပြောသည်။

ထို့အပြင် Auto Policy သက်ဝင်လှုပ်ရှားမှုရှိစေရန် ကျားကန်မှုဖြစ်စေသည့် စက်မှုလုပ်ငန်းဆိုင်ရာဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အလုပ်သမားဆိုင်ရာ ဥပဒေ၊ မူပိုင်ခွင့်ဥပဒေတို့ လိုအပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် မလေးရှားနိုင်ငံမှ ဒုတိယအကြီးဆုံးကား ထုတ်လုပ်သည့်ကုမ္ပဏီကလည်း ပြည်တွင်းရင်းနှီးမြှုပ်နှံများ လာရောက်လုပ်ကိုင်ရန်ရှိသော်လည်း Auto Policy မရှိခြင်းကြောင့် လာရောက်လုပ်ကိုင်နိုင်ခြင်းမရှိသေးကြောင်းသိရသည်။

**စာ(၃၄)သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၅ | ၈၂၉ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၄၇ | ၆၅၇ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၇၀ | ၁၀၈၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၆. ၂၅ | ၂၆. ၃၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၃ | ၁၂၆ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၄၀ | ၈၄၅ | ကျပ် |

၂၀၁၂ မေ ၂၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၄၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၅၄၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၂၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၀၉၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၂. ၄၅ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၀. ၆၇ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၁၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၇၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၁၈၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၂၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၉၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၅၄၇ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၅၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၉၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၃၀၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၆၄. ၈၀၀ |
| ရေနံစိမ်း | စည် | ၁၁၉. ၈၃၀ |
| ငွေ | ၁ အောင်စ | ၃၁. ၄၁၁ |
| ကြေးနီ | ပေါင် | ၃၈၂. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၁၈၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၂ မေ ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

စာ(၃၃) - မော်တော်ယာဉ်ဆိုင်ရာ "အော်တိုပေါ်လစီ" မရှိခြင်းကြောင့် မှ

"ဂျပန်ကုမ္ပဏီတွေက စစချင်းမှာ SKD (Semi-Knot Down) တစ်စိတ်တစ်ပိုင်း၊ ဒါမှမဟုတ် CKD နဲ့ စလို့မရပါဘူးလို့ အခိုင်အမာ ပြောထားပါတယ်။ စစချင်း အသစ်နီးပါး ပြည့်စုံတဲ့ CBU (Complete Based Unit) နဲ့ စရပါမယ်လို့ ပြောထားတယ်" ဟု ၎င်းကပြောသည်။

ဂျပန်နိုင်ငံမှ ကားကုမ္ပဏီများဖြစ်သည့် တိုယိုတာ၊ နစ်ဆန်းကုမ္ပဏီများက ၎င်းတို့ကုမ္ပဏီက ထုတ်လုပ်သည့် ပစ္စည်းများကို တင်သွင်း ရောင်းချသည့်စနစ်ကို ကနဦး ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ရောင်းချပြီးသည့်နောက်တွင် တစ်နှစ်အတွင်း ပြည်တွင်းကား ဈေးကွက်တွင် Light Truck ကုန်တင်ယာဉ် အစရှိသည့် ရောင်းချရသည့် ကားအမျိုးအစားများကို ဈေးကွက်လေ့လာချက်ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

ထိုလေ့လာချက်မှ တွေ့ရှိသည့် ဈေးကွက်အချက်အလက်များပေါ် မူတည်ပြီး ဂျပန်ကားကုမ္ပဏီများက ပြည်တွင်းဈေးကွက်တွင် ထုတ်လုပ်မည့် ကားအမျိုးအစားနှင့် ကားအစီးရေတို့ကို ထုတ်လုပ်ရောင်းချသွားမည့်စနစ်ကို ဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြသည်။

"သာမန်အနေနဲ့ကြည့်မယ်ဆိုရင်တော့ သူတို့က CBU မော်တော်ယာဉ်စက်ရုံတည်ပြီး ပစ္စည်းရောင်းဖို့လာတယ်လို့ ပြောကြတာရှိမယ်။ ဘာပဲပြောပြော အဆင့်မြင့်နည်းပညာတွေကို ယူလာနိုင်တာက သူတို့ဖြစ်နေလို့ပါ"ဟု ၎င်းကပြောသည်။



ဓာတ်ပုံ - စောအောင်

# တောင်သူများကြိုက်ရာ သီးနှံစိုက်ခွင့်ရှိဟုဆို

**သီဟ**

**နေပြည်တော်၊ မေ - ၂၅**

လက်ရှိနိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မိမိတို့စိုက်ပျိုးလိုသည့် သီးနှံကို စိုက်ပျိုးခွင့်မပြုသည့် စနစ်မျိုးမရှိတော့ကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

ဥပဒေနှင့်အညီ ခွင့်ပြုခြင်း၊ တားမြစ်ခြင်းမှတစ်ပါး မိမိတို့စိုက်ပျိုးလိုသည့် သီးနှံကို စိုက်ပျိုးခွင့်မပေးပါက တာဝန်ပေးစေခိုင်းသူအားတိုင်ကြားနိုင်ကြောင်း ပြောကြားသွားသည်။

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယနေ့ကျင်းပ ပြုလုပ်သည့်ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်တွင် စမ်းချောင်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်း၏ အဓမ္မစေခိုင်းခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၅၉ ပါပြဋ္ဌာန်းချက်အား ဝန်ကြီးဌာနအသီးသီးမှ မည်ကဲ့သို့ လိုက်နာဆောင်ရွက်မည်ဆိုသည်နှင့် စပ်လျဉ်းသည့် မေးခွန်းအားဖြည့်စွက်ဖြေကြားရာတွင်ပြောကြားသွားခြင်းဖြစ်သည်။

မေးခွန်းရှင်က အဓမ္မစေခိုင်းခြင်း ကိစ္စရပ်များတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင်လည်း မိမိတို့စိုက်ပျိုးလိုသည့် သီးနှံအားစိုက်ပျိုးခွင့်မရဘဲ အခြားသီးနှံတစ်မျိုးမျိုးအား စိုက်ပျိုးစေခြင်းသည်လည်း အဓမ္မစေခိုင်းခြင်းပင်ဖြစ်သည်ဟု မေးခွန်းတွင် ထည့်သွင်းမေးမြန်းခဲ့သည်။

# ရာဘာစိုက်ခင်းများ ပို့ဆောင်ဆက်သွယ်ရေး အခက်အခဲကြောင့်အကောင်အထည်ဖော်ရာတွင် အခက်တွေ့

**ပြည်သိမ်း**

**မန္တလေး၊ မေ - ၂၈**

ရာဘာစိုက်ခင်းများ အကောင်အထည်ဖော်ရာတွင် ပို့ဆောင်ဆက်သွယ်ရေးအခက်အခဲများကြောင့် နှောင့်နှေးနေရကြောင်း မြန်မာနိုင်ငံ ရာဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောကြားသည်။

ပြည်တွင်း၌ ရာဘာစိုက်ပျိုးရန်မြေလွတ်မြေရိုင်းများ ရှိသော်လည်း လမ်းမများနှင့် အလှမ်းဝေးသည့် အတွင်းပိုင်းကျသော မြေလွတ်များတွင် စိုက်ပျိုးအကောင်အထည်ဖော်မှု အားနည်းကြောင်း ဦးခိုင်မြင့်က ရှင်းပြသည်။ စီးပွားရေးလုပ်ငန်းရှင်များသည် ရာဘာစိုက်ပျိုးရန် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုကြသော်လည်း နေရာအခက်အခဲကြောင့် အပြည့်အဝအကောင်အထည်မဖော်နိုင်ကြောင်း ရာဘာစိုက်ပျိုးထုတ်လုပ်လိုသည့် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

"ကုန်ထုတ်လမ်းမကောင်းတော့ခာတ်မြေဩဇာတို့ ပိုးသတ်ဆေးတို့ပို့ရတာ ခက်တာပေ့ါ။ ရာဘာအစေးခြစ်ပြီးရင် စက်ရုံကိုသယ်ဖို့ကလည်း အခက်အခဲရှိတယ်" ဟုအထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ပြည်တွင်း၌ ရာဘာစိုက်ကေသည် ၂၀၁၂-၁၃ ဘဏ္ဍာရေး နှစ်တွင် ဧကသုံးသောင်းမှ ငါးသောင်းကြား တိုးချဲ့နိုင်ရန်ရည်မှန်းထားသည်။ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်း၌ ရာဘာစိုက်ဧက ၁၂ သိန်းကျော်စိုက်ပျိုးနိုင်ခဲ့သည်။

ပြည်ပသို့ ရာဘာတင်ပို့မှုမှာလည်း ၂၀၁၂-၁၃ ဘဏ္ဍာနှစ်တွင်တန်ချိန်တစ်သန်း တစ်သိန်းတင်ပို့ရန် လျာထားသည်။ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်ကမူ တန်ချိန်တစ်သိန်းနီးပါး တင်ပို့နိုင်ခဲ့သည်။

လက်ရှိပြည်ပဈေးကွက်တွင် ရာဘာဈေးနှုန်းသည် တစ်တန်လျှင်ကန်ဒေါ်လာ ၂၅၀ ဝန်းကျင် ဈေးကျလာသည်။ သင်္ကြန်မတိုင်မီက တစ်တန်ကို ကန်ဒေါ်လာ ၃၇၀၀ ကျော်ရှိသည်။ ရာဘာမှာ ယခု ရက်ပိုင်းတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၅၀၀ ဝန်းကျင်သာ ဈေးရှိသည်။ ယင်းကြောင့် ပြည်တွင်းဈေးကွက်မှာလည်း ရာဘာတစ်ပေါင်လျှင် RSS5 အမျိုးအစား ကျပ် ၁၃၀၀ မှ ကျပ် ၁၁၅၀ သို့ ဈေးကျလာသည်။

SCG Sharing the Dream

Scholarship Program 2012 "မျှဝေခံစားတို့အိပ်မက်များ ပညာသင်ဆု"

SCG Sharing the Dream Scholarship Program 2012 "မျှဝေခံစားတို့အိပ်မက်များ" ပညာသင်ဆုများကို (၂၀၁၂-၂၀၁၃) ပညာသင်နှစ်တွင် ရန်ကုန်မြို့ နှင့် မော်လမြိုင်မြို့တို့၌ တက္ကသိုလ်ဝင်တန်းကျောင်းသား/သူ(၁၀၀)ဦးအား ချီးမြှင့်ပေးမည်။

SCG သည် ရေရှည်ယှဉ်ပြိုင်ရပ်တည်နိုင်စွမ်းရှိသော အာဆီယံ လူ့ဘောင်အဖွဲ့အစည်းတည်ဆောက်မှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး SCG Sharing the Dream Scholarship Program 2012 အစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ SCG Sharing the Dream Scholarship Program 2012 သည် SCG Corporate Social Responsible Program (CSR) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး CSR တွင် -

(၁) ပညာရေးကဏ္ဍ
(၂) လူမှုအကျိုးကဏ္ဍ
(၃) ကျန်းမာရေး နှင့် အသက်မွေးဝမ်းကြောင်းကဏ္ဍတို့ ပါဝင်သည်။

SCG သည် (၂၀၁၀-၂၀၁၁) ပညာသင်နှစ်အတွင်း Vietnam, Philippines, West Java, East Java တို့တွင် Scholarship ကျောင်းသား/သူများ ရွေးချယ်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် SCG Sharing the Dream Scholarship Program 2012 အစီအစဉ်ဖြင့် ရန်ကုန်မြို့ နှင့် မော်လမြိုင်မြို့တို့ မှ (၂၀၁၂-၂၀၁၃) ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းကျောင်းသား/သူပေါင်း (၁၀၀) ဦး အားပညာသင် ဆုချီးမြှင့် ပေးသွားမည်ဖြစ်ပါသည်။ SCG ၏ပညာသင်ဆု များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

(၁)ရွှေပေါက်ကံမြို့နယ်၊ (၄)ရွှေပြည်သာ မြို့နယ်၊ (၇)ဒဂုံဆိပ်ကမ်းမြို့နယ်၊
(၂)သန်လျင်မြို့နယ်၊ (၅)မှော်ဘီမြို့နယ်၊ (၆)မင်္ဂလာဒုံမြို့နယ်၊
(၃)တောင်ဒဂုံမြို့နယ်၊ (၆)မြောက်ဒဂုံမြို့နယ်၊ (၉)လှိုင်သာယာမြို့နယ် များ နှင့် မော်လမြိုင်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း ရှိ ကျောင်းများ အတွက် ပေးအပ်သွားမည့် စုစုပေါင်းတန်ဖိုးမှာ ၁၈,၀၅၀,၀၀၀ ကျပ် ဖြစ်ပြီး တစ်ဦးချင်းစီအတွက် ၁၈၀,၅၀၀ ကျပ် အသီးသီး ချီးမြှင့် ပေးသွားမည်ဖြစ်ပါသည်။

ရန်ကုန်မြို့ နှင့် မော်လမြိုင်မြို့ ရှိကျောင်းသား / သူ များသာ လျှောက်ထားနိုင်ပြီး ပညာသင်ထောက်ပံ့စရိတ် လျှောက်ထားလိုသည့် ကျောင်းသား / သူများသည် -

(၁) ကိုယ်ရေးအချက်အလက်အပြည့်အစုံ
(၂) နဝမတန်းတွင်ထူးချွန်စွာအောင်မြင်ကြောင်းသက်ဆိုင်ရာဆရာမဆီမှထောက်ခံစာ
(၃) မိမိ ဓာတ်ပုံ (၂)ပုံနှင့်မိသားစုဓာတ်ပုံ(၁)ပုံ
(၄) မှတ်ပုံတင် မိတ္တူ
(၅) မြန်မာဘာသာဖြင့်ရေးသားထားသော "ကျွန်ုပ်၏အနာဂတ်အိပ်မက်" ခေါင်းစဉ်ဖြင့် A4 နှစ်မျက်နှာစာ စာစီစာကုံး စသည်တို့ကို ၂၀၁၂၊ မေလ၊ (၁၃)ရက်နေ့ နောက်ဆုံး ထားပြီး စာတိုက်သေတ္တာအမှတ် (၁၄၀၂) သို့ပေးပို့လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံသော ကျောင်းသား / သူများကို Educational Board မှ လူတွေ့စစ်ဆေးခြင်း ပဏာမပြုလုပ်မည်ဖြစ် ပြီး၊ လျှောက်ထားသူ၏ အတန်းအလိုက် ပညာအရည်အချင်း၊ စာစီစာကုံးအရေးအသား၊ လူတွေ့စစ်ဆေးခြင်းနှင့် လူမှုရေး လုပ်ငန်း များတွင် ပါဝင်ဆောင်ရွက်မှုများကို သုံးသပ်ကာ အပြီးသတ်ရွေးချယ်မည် ဖြစ်သည်၊ အပြီးသတ်ရွေးချယ်ခံရပါက အခမ်းအနားနှင့် တကွ ပညာသင်ဆု၊ ကျောင်း သုံးပလာစာအုပ်များကို ချီးမြှင့် သွားမည်ဖြစ်ကြောင်း သိရပါသည်။

SCG ကုမ္ပဏီအကျဉ်း


SCG (Siam Cement Group) ကို ၁၉၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ထိုင်းနိုင်ငံမှ ထင်ရှားသော စက်မှုလုပ်ငန်းဦးဆောင်သူများတွင်အပါအဝင်ဖြစ်ကာ SCG ၏ အဓိက စီးပွားရေး မျူဟာမြောက်စုအဖြစ် ရေနံထွက်ဓာတုပစ္စည်းများ၊ စက္ကူ၊ ဘိလပ်မြေ ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ဖြန့်ဖြူးရေး နှင့် ရင်းနှီးမြှုပ်နှံရေး တို့ကို လုပ်ဆောင်လျက် ရှိပြီး အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများသို့ ဖြန့်ချိလျက်ရှိပါသည်။ SCG အုပ်စုတွင် ကုမ္ပဏီပေါင်း ၂၀၀ ကျော်ပါဝင်ပြီး ဝန်ထမ်းပေါင်း ၃၈၀၀၀ ခန့် တာဝန်ထမ်းဆောင်နေပါသည်။ SCG သည် မြန်မာနိုင်ငံ အတွက် ကမ္ဘာ့နိုင်ငံပေါင်း (၄၀)ကျော် အသိအမှတ်ပြု ဆင်တံဆိပ် Portland မီးခိုးရောင် ဘိလပ်မြေ၊ ဆင်ဖြူ တံဆိပ် အဖြူရောင်ဘိလပ်မြေ၊ Mortar (သရွတ်) နှင့် CPAC တံဆိပ်ဖြင့် တင်သွင်းသော အသင့်ဖျော်ဘိလပ် မြေများ ရရှိနိုင်ပါသည်။ SCG သည် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကုမ္ပဏီ၏ အကျိုးအမြတ်အတွက်သာမက စီးပွားဖက်နိုင်ငံများတွင် Corporate Social Responsible Program(CSR) ကို အကောင်အထည် ဖော်ခြင်းဖြင့် ဒေသခံများနှင့် ရင်းနီးကျွမ်းဝင်မှု ရရှိစေပြီး လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်လျက်ရှိပါသည်။

www.facebook.com/scgsharingthedream

SCG

# 7DAY BOOK REVIEW

## သီတဂူဆရာတော်ဒေါက်တာအရှင် ဉာဏိဿရ၏ဘဝဖြစ်စဉ်(မင်းယုဝေ)



"ဘုန်းကြီးကိုယ်တိုင် ဒီလို ပျက်စီးခြင်းမျိုးတို့ကို မထိတွေ့၊ မခံစားရစေကာမူ မိမိတို့နိုင်ငံသူ၊ နိုင်ငံသား ရဟန်းရှင်လူများအများတို့ ဤမျှ စပ်ခါးစူးရှသော ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ခံစားရတဲ့ အဖြစ်ကို သိရှိမြင်တွေ့ရတဲ့အခါ မိမိနှလုံးသားမှာလည်း ထိုဒုက္ခသည်များနှင့်မခြား အပ်သွားတစ်ရာဖြင့် ထိုးဆွခံရသည့် အလား ပြင်းစွာသော ဝေဒနာကို စူးစူးရှရှ ခံစားရပါတယ်။ ပြင်းစွာသော နှလုံးသားရဲ့ တုန်လှုပ်ခြင်းကို မည်သို့ တိုင်းတာရမည် မသိဖြစ်ရပါတယ်။ ဒါကြောင့် ထိုဒုက္ခသည်တို့၏ ဒုက္ခကို ငါသည် မည်မျှလောက် မည်သည့်နည်းဖြင့် စောင့်ရှောက်ကူညီရပါအံ့နည်းလို့ အလေးအနက် စဉ်းစားမိခဲ့ပါတယ်ဟူ၍ မိန့်တော်မူပြီးနောက် နာဂစ်မုန်တိုင်းကျရောက်ခံခဲ့ရသည့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသို့ အလျင်အမြန်သွားရောက်ကာ မုန်တိုင်းသင့်ပြည်သူများကို စွမ်းစွမ်းတမံ ကိုယ်ဖိရင်ဖိ စောင့်ရှောက်ကူညီပေးခဲ့သည့် သီတဂူ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ ဘဝဖြစ်စဉ်တော် အတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ ယခုစာအုပ်ကိုပြုစုသူမှာ အသက် (၈၂)နှစ်ရှိပြီဖြစ်သော ဆရာကြီးမင်းယုဝေဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ သီတဂူသာသနာပြုအဖွဲ့က စီစဉ်ထုတ်ဝေခြင်းဖြစ်သည်။

မြန်မာသိ ကမ္ဘာသိ သီတဂူဆရာတော်ကြီးသည် တစ်ခေတ်တစ်ယောက်ဟု ဆိုလောက်သော သာသနာ့အာဇာနည်အရှင်သူမြတ်ပီပီ ၎င်း၏ အတ္ထုပ္ပတ္တိစာအုပ်၌ လူတိုင်းလုပ်ရန် ခက်ခဲသော၊ ပုဂ္ဂိုလ်ထူးတိုင်းပင်ဆောင်ရွက်ရန် ခက်ခဲသော လုပ်ဆောင်ချက်များကို ဖတ်ရှုရမည်ဖြစ်ပြီး အချို့သော လုပ်ဆောင်ချက်များမှာ စာအုပ်ကို ဖတ်နေရင်းကပင် ကြည်ညိုသဒ္ဒါပွားနိုင်မည့် ကုသိုလ်အကျိုးထူးရရှိစေမည့် စာအုပ်မျိုးဖြစ်သည်။ စာအုပ်တွင် သီတဂူဆရာတော်ဖွားမြင်သည်မှစ၍ စာပေသင်ကြားပုံ၊ဓမ္မာစရိယအောင်မြင်ခြင်း၊သပိတ်အိုင်တောရ၌တောရဆောက်တည်ခြင်း၊ စစ်ကိုင်းတောင်တန်း၌ ရေအခက်အခဲဖြေရှင်းခြင်း၊ အာယုဒါနဆေးရုံတည်ထောင်ခြင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တည်ထောင်ခြင်း၊ပြည်တွင်းပြည်ပသာသနာပြုခရီးစဉ်များ၊ ၎င်း၏တရားတော်များ၊ နာဂစ်မုန်တိုင်းသင့်ပြည်သူများကိုကာကွယ်စောင့်ရှောက်ခြင်း၊ မေတ္တာအခါတော်နေ့တွင် အင်းစိန်ထောင်မှ အကျဉ်းသားများအား ကျွေးမွေးလှူဒါန်းခြင်းနှင့် တရားဓမ္မဟောကြားခြင်း၊ သာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးများနှင့် သီတဂူဆရာတော်၊ ဖွံ့ဖြိုးမှု အားနည်းသော ဒေသများတွင် သီတဂူဆေးရုံတော်များ ကြိုးစားဖွင့်လှစ်ခြင်း စသဖြင့် လူမျိုး၊ ဘာသာ မခွဲခြားဘဲ လူသားတို့၏ ကောင်းကျိုးအတွက် မပြတ်တမ်းလုပ်ဆောင်ခဲ့သော သီတဂူဆရာတော်ကြီး၏ မနားမနေလုပ်ကိုင် ဆောင်ရွက်မှုများကိုသိရှိရပါမည်။ အထူးသဖြင့် ၂၀၀၈ မေ ၂-၃ ရက်များတွင် ကျရောက်ခဲ့သော အဖျက်စွမ်းအားကြီးမားသည့် နာဂစ်မုန်တိုင်းကြီးအလွန် မည်သည့် အဖွဲ့အစည်းကမှ အကူအညီ ထိထိရောက်ရောက်မလုပ်ဆောင်နိုင်သေးသည့် အချိန်ကပင် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသသို့ အများထက်ဦးစွာ အလျင်အမြန် သွားရောက်ခဲ့ပြီး မုန်တိုင်းသင့် ပြည်သူများအား တက်သုတ်ရိုက်၍ ကူညီစောင့်ရှောက်ခဲ့သည့် လုပ်ဆောင်ချက်များကို အံ့သြဘနန်း ဖတ်ရှုရပါမည်။

ထိုစဉ်က သီတဂူဆရာတော်ကြီးနှင့် ၎င်း၏အဖွဲ့သည် ငွေကျပ်သိန်းပေါင်းခုနစ်သောင်းနှစ်ထောင့်ခုနစ်ရာ့ ခုနစ်ဆယ့် နှစ်သိန်း (အမေရိကန်ဒေါ်လာသန်းပေါင်း၈၀) ဖိုးမျှ ကူညီလှူဒါန်းနိုင်ခဲ့ကြောင်း စာအုပ်တွင် ရေးသားထားပါသည်။

စာအုပ်ကို ဓာတ်ပုံများ ဝေဝေဆာဆာ အပြင်အဆင် သေသပ်စွာဖြင့် ပုံနှိပ်ထုတ်ဝေထားပြီး တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကြက်သွန်ဖြူတွေကို ဘယ်အချိန်ကတည်းက သုံးစွဲခဲ့ကြသလဲ

ကြက်သွန်ဖြူနှင့်ပတ်သက်၍ပြောရမည်ဆိုလျှင် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀ ကျော်ကာလသို့နောက်ပြန်ဆွဲရမည်ဖြစ်သည်။ အာရှအလယ်ပိုင်း ဒေသသည် ကြက်သွန်ဖြူမျိုးရင်းတည်ရာအရပ်ဖြစ်ကာ အာရှ၊ အာဖရိကနှင့် ဥရောပတစ်လွှား၌ တွင်ကျယ်စွာ အသုံးပြုကြသည့်အရာတစ်ခုဖြစ်သည်။ ကြက်သွန်ဖြူကိုရှေးနှစ်ပေါင်းထောင်များစွာကတည်းက ရှေးဟောင်းမြို့ပြနိုင်ငံများဖြစ်သည့် ဂရိ၊ ရောမ၊ အီဂျစ်နိုင်ငံတို့တွင် အစားအစာအဖြစ်သာမက ဆေးဝါးအဖြစ်ပါအသုံးပြုခဲ့ကြသည်ဟုဆိုသည်။

ကြက်သွန်ဖြူတွင် ဘက်တီးရီးယားပိုးများကို သေစေနိုင်သည့် အာနိသင်ရှိသဖြင့် ရှေးအချိန်က စစ်တပ်များတွင် ထိခိုက်ဒဏ်ရာရပါကကြက်သွန်ဖြူကိုထောင်းကာဒဏ်ရာတွင်အုပ်ကာ ကုသမှုများပြုလုပ်သည်ဟု သိရသည်။ ၎င်းအပြင် ကြက်သွန်ဖြူသည် မကောင်းဆိုးဝါးများ၊ သမန်းဝံပုလွေများ၊ သွေးစုပ်ဖုတ်ကောင်များကို ကာကွယ်နှိမ်နင်းနိုင်သည်ဟူ၍ ယုံကြည်ကြပြီး နေအိမ်များတွင် ချိတ်ဆွဲထားလေ့ရှိကြသည်ဟုသိရသည်။

—Source: wikipedia.com

# တစ်ပတ်တာကံကြမ္မာ

မေ ၂ ရက် မှ ၈ ရက် အထိ

စံဇာဏီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အငြင်းပွားရခြင်း၊ ရင်းနှီးသူများနှင့် စကားများရခြင်းကြုံမည်။ အခက်အခဲအနှောင့်အယှက်အားလုံးကိုကျော်လွှား၍ ဘဝတိုးတက်မည်။ လွဲချော်ဆုံးရှုံးထားသည်များ လက်တွေ့ပြန်ရမည်။ နိုင်ငံရပ်ခြားနှင့်ပတ်သက်သော ဆောင်ရွက်မှု အဆင်ပြေမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း ခရီးသွားရခြင်းကြုံမည်။ ဆုံးဖြတ်ပြီးကိစ္စအပေါ် ရှေ့တိုးဆောင်ရွက်ရန်သင့်သည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာချောမွေ့စွာ ဆောင်ရွက်နိုင်ခြင်းရှိမည်။ ဆန္ဒရည်မှန်းချက်များကို တိုးတက်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ ပေါ်လာသမျှအခြေအနေအရပ်ရပ်ကို အသုံးချပြီး အဆင့်ဆင့်အောင်မြင်မည်။ အမျိုးသမီးများအဖို့ အဖြေပေးခါနီး ထပ်မံစဉ်းစားရန် တစ်ဦးတစ်ယောက်ပေါ် ထွန်းမည်။ လုပ်ငန်းစီးပွားသစ်များချဲ့ထွင်ရန် ကောင်းသည်။ အရွယ်နှင့်မမျှ လုပ်ငန်းတာဝန်ကြီးများ လက်ခံရမည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဝေဖန်တိုက်ခိုက်သူများနှင့် ထိပ်တိုက်တွေ့မည်။ ငွေကုန်ကျစရာများ တစ်မျိုးပြီးတစ်မျိုး ဖြစ်ပေါ်မည်။ လက်ဝယ်ငွေပြတ်သွားသည်အထိ အသုံးစရိတ်ကြီးမည်။ တစ်ဦးတည်းစွန့်စွန့်စားစား လုပ်ထားသည်များမှ အကျိုးဆက်ကောင်းများ ရရှိမည်။ ဉာဏ်ကွန့်၍ ဆောင်ရွက်ခြင်းမှန်သမျှမှ အကျိုးရှိမည်။ မိသားစုတွင် အလောတကြီး ငွေမြှုပ်နှံခြင်း၊ ပစ္စည်းဝယ်ယူခြင်းများကြောင့် အရှုံးပေါ်တတ်သည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

သူတစ်ပါးနှင့်ယှဉ်ပြီး လုပ်ရသည့် ကိစ္စမှန်သမျှတွင် အသာစီးရရှိမည်။ ရှိရင်းစွဲလုပ်လက်စအပေါ် ချဲ့ထွင်ဆောင်ရွက်ခြင်းက ပို၍အကျိုးပေးမည်။ မိဘအကြီးအကဲ ကျန်းမာရေးအတွက် သတိရှိရမည်။ အလုပ်အပြောင်းအလဲပြုရန်မသင့်။ အပျော်အပါးဘက်သို့ ဆွဲဆောင်မည့် အပေါင်းအသင်းများကြောင့် ငွေကုန်ကာ ဘဝအခြေအနေဆိုးတစ်ခုသို့ ဦးတည်သွားနိုင်သည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

လှူဒါန်းမှုကိစ္စတစ်ခုအပြီး ရက်ပိုင်းအတွင်း ရပ်ဝေးမှထူးခြားသည့် အဆက်အသွယ်ကောင်းရရှိခြင်း၊ ငွေဝင်ခြင်းကြုံမည်။ မိသားစုတွင် အလုပ်အကိုင်နှင့် စီးပွားရေးရာ အဖြာဖြာတိုးတက်မှုရရှိမည်။ မျက်နှာပွင့်မည်။ ကူညီသူပေါ်မည်။ ပညာရှိသူများ ထူးခြားစွာအောင်မြင်မည်။ လုပ်ငန်းခွင်မှသူများလည်း ပညာသင်တန်း တက်ရောက်ခွင့်ကြုံမည်။ အလုပ်တိုးတက်မည်။ မူလစီစဉ်ထားသည့်အတိုင်း ဆောင်ရွက်၍မရ။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အစပိုင်း လုံးဝအဆင်ပြေပြီးနောက် အဆုံးသတ်ခါနီးမှ ဆန့်ကျင်ဘက်ပြုသူများနှင့်ကြုံမည်။ နေအိမ်၊ လုပ်ငန်းနေရာတွင် ကောင်းသောအပြောင်းအလဲများရှိမည်။ ဘုရားစင်ရှိအဖိုးတန်ပစ္စည်း အခိုးခံရတတ်သည်။ ကာလအတန်ကြာ စိတ်ရှုပ်နေသောကိစ္စများမှ ကင်းဝေးလွတ်မြောက်မည်။ သွားနာ၊ သွားကိုက်ဖြစ်တတ်သည်။ အစာအိမ်၊ ဝမ်းဗိုက်ဒုက္ခပေးမည်။ ကျန်းမာရေးချူချာဆဲ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အညံ့အဆိုးကင်းစင်သွားပြီး တိုးတက်မှုများဆက်တိုက်ဖြစ်ပေါ်မည်။ အတွေ့အကြုံသစ်များရမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အမျိုးသမီးမိတ်ဆွေထံမှ အထောက်အကူရမည်။ အလှူမင်္ဂလာကိစ္စရှိမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ ရှေ့တိုးဆောင်ရွက်ခြင်းဖြင့် တစ်ပါးသူထက်ခြေတစ်လှမ်းသာခြင်းရှိမည်။ နေရာအပြောင်းအလဲရှိမည်။ ပတ်ဝန်းကျင်သစ်နှင့် ဆက်ဆံရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဘဝအဆင့် တိုးတက်မှုများ ရရှိမည်။ စနစ်တကျလုပ်ကိုင်ထားသည့်အရာများမှ ကောင်းသောအကျိုးဆက်များရမည်။ ယုံကြည်မှုအပြည့်နှင့် အလုံးစုံရှေ့တိုးဆောင်ရွက်ပါ။ တစ်ပါးသူကိစ္စများ ကြားဝင်ခြင်း မပြုပါနှင့်။ အောင်မြင်ကြီးပွားရန် အရာရာဖန်တီးနိုင်သော အနေအထားရှိသည်။ အခွင့်ကောင်းအလုံးစုံကို ကိုယ့်အတွက် အဓိကသုံးစွဲပါ။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လုပ်ငန်းခွင်တွင်လည်းကောင်း၊ ပြင်ပလောကရှိသူများတွင်လည်းကောင်း လုပ်သမျှ ထင်ပေါ်တိုးတက်မည်။ အိမ်တွင်ငွေကြေးဖြုန်းတီးသူများရှိနေမည်။ ပစ္စည်းအပျောက်အရှများတတ်သည်။ စက်ပစ္စည်းများအပျက်အယွင်းများမည်။ ပြင်ပလောကတွင် စိတ်ချမ်းမြေ့ရသလောက် အိမ်တွင်စိတ်ရှုပ်ရမည်။ စိတ်အနှောင့်အယှက်ဖြစ်မည်။ အများသူငါမှ မိမိအပေါ် လိုလို လားလား၊ လေးလေးစားစားဆက်ဆံမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

တစ်ကြိမ်တစ်ခါမှ မျှော်လင့်မထားသော လမ်းကြောင်းဖြင့် ငွေဝင်မည်။ ခက်ခက်ခဲခဲ လုပ်ကိုင်ရမည့်ကိစ္စများ ချောချောမောမော အဆင်ပြေသွားမည်။ အတတ်ပညာ အခြေတည်၍ လုပ်ငန်းလုပ်ကိုင်သူများအဖို့ အောင်မြင်မှုရရှိမည်။ ကုန်ပစ္စည်းသစ်များ ဈေးကွက်တွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်မည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ လုပ်ငန်းမရှိသူလုပ်ငန်းရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အမည်အတွင်း (အ၊ ဥ၊ သ၊ ဟ) ပါသူများကြောင့် အလုပ်အကြံအစည်များ နှောင့်နှေးကြန့်ကြာနိုင်သည်။ သံယောဇဉ်ရှိသူများနှင့် ခေတ္တယာယီခွဲခွာရကိန်းရှိသည်။ အခွင့်အလမ်းကောင်းများ ဖန်တီးနိုင်မည်။ ကိုယ်လုပ်သောလုပ်ငန်းနှင့် ဆက်စပ်နေသူတစ်ဦးက လုပ်ငန်းလုယူခြင်းကြုံမည်။ လက်ငင်းချက်ချင်းဆောင်ရွက်၍ တိုးတက်မှုရရှိမည်။ မထင်မှတ်ထားသော ရပ်ဝေးသူတစ်ဦးထံမှ အကူအညီကောင်းရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အသွားအလာအနေအထိုင် ဆင်ခြင်ဂရုစိုက်ရန်ကာလဖြစ်သည်။ ဒဏ်ရာရခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်းကြုံတတ်သည်။ သူတစ်ပါးအတွက်လိုက်လံဖြေရှင်းပေးရမည်။ မိသားစုရှေ့ရေးအတွက် စီစဉ်ထားသည်များ အဆင်ပြေမည်။ ရန်လိုသူများနှင့် တွေ့ရမည်။ သူတစ်ပါး ခိုက်ရန်ဖြစ်ခြင်းများကို ဝင်ရောက်ဖြန်ဖြေခြင်း မပြုပါနှင့်။ သဘောသဘာဝချင်း မတူသူများနှင့် ပူးပေါင်းရခြင်းကြုံမည်။

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



Photo - Reuters

# ပြင်သစ်မှာ သမ္မတသစ် မြင်ရတော့မည်လား

**ကြည်နေဝင်းမင်း**

ဧပြီလ ၂၂ ရက် ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့ မဲခွဲဆုံးဖြတ်မှုတွင် မစ္စတာဖရန်စစ် ဟော်လန်ဒီက မဲအရေအတွက် ၂၈ ဒသမ ၆ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးနေရာ ရောက်ရှိနေခဲ့ရာ ပါရီမြို့ရှိ ဆိုရှယ်လစ်ပါတီဗဟိုဌာနချုပ်တွင် ဝမ်းသာအယ်လဲအောင်ပွဲခံခဲ့ကြသည်။ ညဦးနက်လာချိန်တွင်လက်ရှိသမ္မတ နီကိုလပ်ဆာကိုဇီအပေါ် မစ္စတာဟော်လန်ဒီ၏ အသာစီးရမှု ကျဉ်းမြောင်းခဲ့သော်လည်း နောက်ဆုံး တရားဝင်ထုတ်ပြန်သောရလဒ်များအရမူ မစ္စတာဆာကိုဇီမှာ မဲအရေအတွက် ၂၇ ဒသမ ၁ ရာခိုင်နှုန်းသာရရှိကြောင်း အတည်ပြုထားသည်။ ယင်းပြိုင်ဘက်နှစ်ဦးမှာ မေလ ၆ ရက်တွင် ဒုတိယအကျော့ ထိပ်တိုက်မဲခွဲဆုံးဖြတ်မှု ရင်ဆိုင်ရမည်ဖြစ်သည်။

အချို့သော လေ့လာဆန်းစစ်သူများကလည်း မစ္စတာဟော်လန်ဒီ၏ အသာစီးရမှုကျဉ်းမြောင်းနေခြင်းက ဒုတိယအကျော့တွင် မည်သူမဆိုအနိုင်ရရှိသေးသောပြိုင်ပွဲဖြစ်နေသေးသည်ဟု ဆိုကြပါသည်။ အင်တိုက်အားတိုက်မဲဆွယ်စည်းရုံးတက်သော မစ္စတာဆာကိုဇီကို လျှော့တွက်လျှင် မှားလိမ့်မည်ဆိုသည်မှာလည်း အမှန်ပင်ဖြစ်သည်။ သို့သော် ဤမျှလောက်အချိန်နှောင်းနေချိန်တွင် မစ္စတာဆာကိုဇီတစ်ယောက် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်မည့် အလားအလာ အလွန်နည်းပါသည်။

မစ္စတာဆာကိုဇီ ပြန်လည်အသာစီးရရှိနိုင်သည်ဟူသော ငြင်းခုံဆွေးနွေးမှုများမှာ ကွန်မြူနစ်ပါတီကထောက်ခံသော သမ္မတလောင်း ဂျင်လက်မယ်လင်ကွန်၏ စိတ်ပျက်စရာ မဲရရှိမှုအပေါ် အခြေခံထားခြင်း ဖြစ်သည်။ မဲမပေးမီစစ်တမ်းများအရ မယ်လင်ကွန်သည် မဲအရေအတွက် ၁၅ ရာခိုင်နှုန်းအထိ ရရှိနိုင်ပြီး တတိယနေရာပင် ရရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြသော်လည်း တကယ်တမ်း မဲခွဲဆုံးဖြတ်မှုအပြီးတွင် မဲအရေအတွက် ၁၁ ဒသမ ၁ ရာခိုင်နှုန်းသာရရှိခဲ့သည်။

ယင်းရလဒ်နှင့် ဆန့်ကျင်ဘက်တွင် လက်ယာစွန်းအဖွဲ့ဖြစ်သောအမျိုးသားရေးတပ်ဦးပါတီမှ မစ္စမာရင်းလီပင်းမှာ စစ်တမ်းများထက်သာလွန်သော မဲအရေအတွက် ၁၈ ရာခိုင်နှုန်း ရရှိခဲ့သည်။ ယင်းအရေအတွက်မှာ ရွေးကောက်ပွဲနေ့မဲရုံအထွက်စစ်တမ်းအရေအတွက်ထက်နည်းပါးသော်လည်း ၂၀၀၂ ခုနှစ်တွင် ဒုတိယအကျော့မဲခွဲမှုအထိ ရောက်ရှိခဲ့သည့် သူမ၏ ဖခင် ဂျင်မေရီ ရရှိခဲ့သော မဲအရေအတွက်ထက်ပိုများသည်။ ယင်းမှာ တကယ်တော့ အမျိုးသားရေးတပ်ဦး၏ သမ္မတရွေးကောက်ပွဲသမိုင်းတွင် အကောင်းဆုံးရလဒ်ဖြစ်သည်။

၎င်းအရေအတွက်တွင် လက်ယာ (အမျိုးသားရေး) ဝါဒီများ၏ မဲအရေအတွက်ကို ထပ်ပေါင်းလိုက်ပါက လက်ယာဝါဒီများ၏ စုစုပေါင်းမဲအရေအတွက်မှာ ၄၆ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိလာပြီး ယင်းမှာ လက်ဝဲဝါဒီများ၏ စုစုပေါင်းအရေအတွက် ၄၄ ရာခိုင်နှုန်းထက်များသည်ဟု စောဒက တက်ကြပါသည်။

ထို့အတွက် မစ္စတာဆာကိုဇီအနေဖြင့် အလယ်အလတ် ဝါဒီ ဖရန်စစ်ဘေဂူးအား ထောက်ခံခဲ့သူပေါင်း ၉ ဒသမ ၁ ရာခိုင်နှုန်းမှထက်ဝက်ကို ဆွဲဆောင်နိုင်လျှင် မဲအသာစီးရရှိသွားမည်ဟု ဆိုသည်။

သို့သော် ကျွန်ုပ်တို့၏အမြင်အရဆိုလျှင် ယင်းကျိုးကြောင်းပြချက်များမှာ အကြီးအကျယ်မှားယွင်းနေပါသည်။ အဘယ်ကြောင့်နည်း။ အဓိက အကြောင်းပြချက်မှာ မစ္စလီပင်းသည် သူမ၏ အစ္စလာမ်မစ်ဆန့်ကျင်ရေးနှင့် နိုင်ငံခြားသားများ လက်ခံမှုဆန့်ကျင်ရေးကြွေးကြော်မှုများကြောင့် ‘လက်ယာစွန်း’ ဝါဒီဟု တံဆိပ်ကပ်ခံခဲ့ရသော်ငြား ဆာကိုဇီဆန့်ကျင်ရေးနှင့် ပါရီမှ ရေပေါ်ဆီ အီလစ်များနှင့် အပေးအယူတည့်နေသော အာဏာပိုင်များအားဆန့်ကျင်သော မဲအများအပြားကိုလည်းရရှိခဲ့သည်။ ယင်းတွင် အလုပ်သမား လူတန်းစားမဲဆန္ဒရှင်များပါဝင်ခဲ့သလို ပြင်သစ်နိုင်ငံမြောက်ပိုင်း စက်မှုဒေသမှ မဲဆန္ဒရှင်များလည်း ပါဝင်ခဲ့ပြီး မစ္စလီပင်း၏ အမာခံနယ်မြေမှ မဲများလည်းပါဝင်သည်။

ထို့အတွက်ကြောင့်ပင် ပထမအကျော့ ရွေးကောက်ပွဲတွင် တတိယနေရာရရှိခဲ့သော မစ္စလီပင်း၏ မဲဆန္ဒရှင်များမှာ ဒုတိယအကျော့ထိပ်တိုက်မဲခွဲမှု၌ မစ္စတာဆာကိုဇီဘက်သို့အလွယ်တကူ ရောက်ရှိသွားလိမ့်မည်မဟုတ်ပေ။ မစ္စတာဆာကိုဇီအနေဖြင့် နိုင်ငံခြားသားများအား ဆန့်ကျင်ရေးအတွက် ယခုထက်ပို၍ တင်းမာသော လူဝင်မှုကြီးကြပ်ရေးသဘောထားများကို ပြောကြား၍ မဲဆွယ်ရန် မည်မျှပင် ကြိုးစား၊ ကြိုးစား ဆာကိုဇီအား သဘောမကျသူ များစွာရှိနေသည်။ စစ်တမ်းတစ်ခုအရ ယခုအခါတွင် မစ္စလီပင်း၏ ထောက်ခံသူ ၄၀ ရာခိုင်နှုန်းက မစ္စတာဆာကိုဇီကို ထောက်ခံမည်ဟု ပြောကြားပြီး ၂၇ ရာခိုင်နှုန်းက မစ္စတာဟော်လန်ဒီကို ထောက်ခံမည်၊ ၃၃ ရာခိုင်နှုန်းက မဆုံးဖြတ်ရသေးသို့မဟုတ်ပါက မဲမပေးဘဲနေမည်ဟုဆိုကြပါသည်။

တစ်နည်းအားဖြင့် ဆိုရလျှင် မစ္စတာဆာကိုဇီသည် ဒုတိယအကျော့ထိပ်တိုက်မဲခွဲမှုတွင် သာမန်ကိန်းဂဏန်းအပေါင်းအနုတ်ထက်ပိုသော မဲအရေအတွက် ရရှိနိုင်ခြေနည်းသည်ဟုဆိုနိုင်ပါသည်။ ထို့အတွက်ကြောင့်ပင် မစ္စတာဟော်လန်ဒီမှာ အလွန်အင်အားတောင့်တင်းပုံပေါ်နေသည်။ မစ္စတာမယ်လင်ကွန်ကိုထောက်ခံသူများနှင့် အခြားအရင်းရှင်ဆန့်ကျင်သူလက်ဝဲဝါဒီမဲများကိုပေါင်းလိုက်လျှင်ပင် မစ္စတာဟော်လန်ဒီမှာ မဲအရေအတွက် ၄၄ ရာခိုင်နှုန်းရရှိနေပြီဖြစ်သည်။ ၎င်းမဲအရေအတွက်မှာလည်း လက်ယာဝါဒီမဲများကဲ့သို့မဟုတ် မစ္စတာဟော်လန်ဒီအတွက် စိတ်ချရပုံပေါ်သည်။ မယ်လင်ကွန်ကလည်း မစ္စတာဟော်လန်ဒီအား ထောက်ခံကြရန် ၎င်း၏ ထောက်ခံသူများအား ပြောကြားထားပြီး ဆန္ဒမဲ ၂ ဒသမ ၃ ရာခိုင်နှုန်း ရရှိသော ‘အစိမ်းရောင်’ ကိုယ်စားလှယ် အီဗာဂျိုလီကလည်း အလားတူ ၎င်း၏ထောက်ခံသူများအား ပြောကြားထားသည်။

သို့ဆိုလျှင်မစ္စတာဟော်လန်ဒီလိုအပ်သမျှမှာ တတိယနေရာမှ မစ္စလီပင်း၏ မဲအချို့နှင့် မစ္စတာဘေဂူး၏ မဲများကို ရရှိရေးပင်ဖြစ်သည်။

ယင်းအတွက်ကြောင့်ပင်မေလ ၂ ရက်တွင် ပြုလုပ်မည့် တယ်လီဗေးရှင်းမှ အချေအတင်ငြင်းခုံဆွေးနွေးပွဲတွင် မစ္စတာဆာကိုဇီမည်မျှပင် အခြေအနေကောင်းစေကာမူ ၎င်းအတွက် ဒုတိယအကြိမ် သမ္မတအဖြစ် ရွေးချယ်ခံရမည့် အလားအလာ အလွန်နည်းပါးပါသည်။ ဒုတိယအကျော့ ရွေးကောက်ပွဲအတွက် စောစောစီးစီးကောက်ယူခဲ့သည့် စစ်တမ်းများတွင်လည်း မစ္စတာဆာကိုဇီအသာရရှိလိမ့်မည်ဟု ဟောကိန်းထုတ်သည့် စစ်တမ်းတစ်စောင်မှ မရှိပေ။

ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်ဟော်လန်ဒီမှာ ပထမအကျော့ရွေးကောက်ပွဲ အောင်မြင်မှုနှင့် ဆာကိုဇီဆန့်ကျင်ရေး ခံစားချက်များကြောင့် အရှိန်ရနေပြီဖြစ်သည်။ ယင်းအရှိန်အဟုန်ကိုဆက်ထိန်းနိုင်မည်လားဆိုတာ မေလ ၆ ရက်တွင် အဖြေပေါ်မည်ဖြစ်သည်။



Photo - Getty Images

*—Ref: The Economist*

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## ထောင်စောင့်များ၏ ရိုက်နှက်မှုကြောင့် ယူကရိန်းဝန်ကြီးချုပ်ဟောင်း ထောင်တွင်းအစာငတ်ခံ ဆန္ဒပြနေ

**လန်ဒန်၊ မေ - ၂၅**
ထောင်ဒဏ်ကျခံနေရသော ယူကရိန်းဝန်ကြီးချုပ်ဟောင်း ယူလီယာတိုင်မိုရှန်ကိုသည် ထောင်တွင်း၌ ထောင်စောင့်များ၏ ရိုက်နှက်ခြင်းကိုခံခဲ့ရသောကြောင့် အစာငတ်ခံဆန္ဒပြနေကြောင်း သိရသည်။

သူမ၏ ရှေ့နေ ဆာဟီလတ်ဆင်ကိုက "ယူလီယာဟာ အစာငတ်ခံဆန္ဒပြနေကြောင်း ကြေညာထားပါတယ်" ဟုအတည်ပြုကာ ပြီးခဲ့သော သောကြာနေ့မှစ၍ အစာမစားဘဲနေခဲ့ကြောင်း ဖြည့်စွက်ပြောကြားသည်။ ယူကရိန်းတာဝန်ရှိသူများကလည်း ထောင်ဝါဒါများသည် အတိုက်အခံခေါင်းဆောင်ယခင်ဝန်ကြီးချုပ်ဟောင်းကို အတင်းအကျပ်ကိုင်တွယ်ခဲ့မိကြောင်းဝန်ခံထားပြီး ယင်းမှာ သူမ၏ ကျောရိုးအောင့်သည့်ရောဂါကုသရန် ဆေးရုံတင်ရာ၌ အစိုးရဆေးဝန်ထမ်းများက သူမအား အဆိပ်ခတ်မည်ကို စိုးရိမ်သောကြောင့်ငြင်းဆန်ရာမှ ဖြစ်ခဲ့ရကြောင်း သိရသည်။

ယူကရိန်း၏ လိမ္မော်ရောင်တော်လှန်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော ယူလီယာတိုင်မိုရှန်ကိုသည် ၂၀၀၇ တွင် ဝန်ကြီးချုပ်ဖြစ်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် ဗစ်တာယန်နူကိုဗစ်ချ်အား ရှုံးနိမ့်ခဲ့သည်။ ထိုစဉ်မှစ၍ သူမသည် အာဏာအလွဲသုံးစားမှု၊ လာဘ်စားမှု အပါအဝင် စွဲချက်များဖြင့် ထောင်ဒဏ်ခုနစ်နှစ် ချမှတ်ခံခဲ့ရသည်။

*—Ref: Dailymail*

## ရန်လိုသော အပြုအမူများ ရှောင်ကြဉ်သင့်ကြောင်း အမေရိကန်က မြောက်ကိုရီးယားအား သတိပေး

**ဝါရှင်တန်၊ မေ - ၂၅**
မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုအသစ်တစ်ရပ် မကြာခင်ပြုတော့မည် သို့မဟုတ် ပါက ဒုံးကျည်ပစ်လွှတ်မှုများ ထပ်မံလုပ်ဆောင်နိုင်သည်ဟူသော အရိပ်အယောင်များ ရှိနေစဉ်မှာပင်မြောက်ကိုရီးယားနိုင်ငံသည် ဆက်လက်၍ ရန်လိုသော အပြုအမူလုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားသည်။

ယင်းအပြုအမူများသည် အာရှအရှေ့မြောက်ဒေသ ငြိမ်းချမ်းရေးကို ဆက်လက်မတိုးတက်စေနိုင်ကြောင်း အိမ်ဖြူတော်ပြောခွင့်ရပုဂ္ဂိုလ်ဂျေးကယ်ရီက မေလ ၂၄ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားအစိုးရက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် လက်နက်စနစ်များအပေါ်တွင် ငွေကြေးသုံးစွဲနေခြင်းမှာ အငတ်ဘေးကြုံတွေ့နေသော နိုင်ငံသားများအတွက် အထောက်အကူမဖြစ်ကြောင်း ကန်ပြောခွင့်ရပုဂ္ဂိုလ်က ဆက်လက်ပြောကြားသည်။

ယခုလအတွင်း မအောင်မြင်သော တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုရှိခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံသည် ရှေ့လာမည့်နှစ်ပတ်အတွင်း တတိယအကြိမ် နျူကလီးယား စမ်းသပ်မှုပြုလုပ်နိုင်ကြောင်း မှန်းဆချက်များရှိနေစဉ် အမေရိကန်၏ သတိပေးချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်များတွင် နျူကလီးယား စမ်းသပ်မှုများ ပြုလုပ်ခဲ့သော နိုင်ငံအရှေ့မြောက်ဖက်ပွန်ဂျီရီမြို့တွင် နျူစမ်းသပ်မှုတစ်ခုအတွက် မြောက်ကိုရီးယားကပြင်ဆင်နေကြောင်း တောင်ကိုရီးယားချိုဆန်အီဘိုသတင်းစာက ဖော်ပြခဲ့သည်။

*—Ref: AFP*




Photo - Reuters

## ဆီးရီးယားနှင့် အီရန်အပေါ် နည်းပညာဆိုင်ရာ အရေးယူပိတ်ဆို့မှုများ အမေရိကန်စတင်

**ဝါရှင်တန်၊ မေ - ၂၄**
အမေရိကန်သမ္မတ အိုဘားမားသည် ဆီးရီးယားနှင့် အီရန်အပါအဝင်ရင်းတို့အား ပြည်သူများကို ဖိနှိပ်ရာတွင် အသုံးပြုမည့် စောင့်ကြည့်ရေးဆော့ဖ်ဝဲနှင့် အဆင့်မြင့်နည်းပညာများ ကူညီပေးသည့်သူများအား အရေးယူမည့် ပိတ်ဆို့မှုအသစ်များကို ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတအိုဘားမား၏ ကြေညာချက်တွင် ပါဝင်လာခဲ့သော နည်းပညာပိတ်ဆို့မှုများသည် ယခင်က ယင်းနှစ်နိုင်ငံအပေါ် ပြဋ္ဌာန်းခဲ့သော အမေရိကန်၏ ပိတ်ဆို့မှုများတွင် ထပ်မံဖြည့်စွက်ခဲ့ခြင်းဖြစ်သည်။ ဝါရှင်တန်ရှိ အမေရိကန်ဟိုလိုကော့စ်ပြတိုက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်း၌ အိုဘားမားက "ဆီးရီးယား၊ အီရန်အစိုးရတွေနဲ့ သူတို့ပြည်သူတွေကို ပစ်မှတ်ထားစောင့်ကြည့်ပြီး အကြမ်းဖက်ဖို့ သုံးမယ့်နည်းပညာတွေ အကူအညီပေးတဲ့ ကုမ္ပဏီတွေ၊ လူပုဂ္ဂိုလ်တွေကိုအမေရိကန် ပြည်ထောင်စုထဲ ဝင်ခွင့်ပိတ်ပင်သွားမှာပါ။ လုံခြုံရေးစောင့်ကြည့်မှု၊ ခြေရာခံမှုဆိုင်ရာ အဆင့်မြင့်နည်းပညာတွေဟာ ပြည်သူတွေကို ဖိနှိပ်ဖို့မဟုတ်ဘဲ တိုးတက်စေဖို့ဖြစ်သင့်ပါတယ်" ဟုပြောခဲ့သည်။

အမေရိကန်၏ ယခုအရေးယူမှုအသစ်များတွင် ဆီးရီးယားနှင့် အီရန်အစိုးရများအား ကူညီပေးသောသူများ၊ ကွန်ပျူတာများ၊ အင်တာနက် ကွန်ရက်များမှတစ်ဆင့် နိုင်ငံသားများကို ခြေရာခံခြင်း၊ စောင့်ကြည့်ခြင်းလုပ်နိုင်သည့်နည်းပညာများ၊ ဝန်ဆောင်မှုများ၊ စက်ပစ္စည်းများရောင်းချထောက်ပံ့သောသူများအားလုံးကို ပစ်မှတ်ထားရှိထားသည်။

*—Ref: AP*



# Commodity Watch

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.06 (E 6600) (775) | 58,896 |
| Intel P4 Core i3 3.3 GHz (1155,2120) | 97,342 |
| Intel P4 Core i5 3.1 GHz (1155,2400) | 145,604 |
| Intel P4 Core i7 3.1 GHz (115,2600) | 243,766 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 49,898 |
| MSI H67MA-E35(1155) | 82,618 |
| MSI H61M-E23 (1155) | 63,804 |
| MSI Z68A-G45(1155) | 126,790 |
| ASUS P8H61MLX Pro (1155) | 49,898 |
| ASUS P8H61MLX Plus (1155) | 55,624 |
| ASUS P8H61MLX Pro (1155) | 85,890 |
| ASUS P8H68 VLX (1155) | 107,976 |
| Gigabyte H61M-S2(B3)(775)50,716 | |
| Gigabyte H61M-S2(B3)(1155) | 63,804 |
| Gigabyte H67M-D2(B3)(1155) | 98,160 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 16,500 |
| 2 GB DDR2 (800) Kingston | 23,925 |
| 4 GB DDR3 (1333) Kingston19,800 | |
| **Harddisk** | |
| 500 GB Western Digital SATA | 71,984 |
| 500GB Sagate SATA | 71,984 |
| 2TB Seagate SATA | 127,608 |
| **PCI Express Card** | |
| MSI N430GT 1GB PCI Express Card | 67,894 |
| MSI N430GT 2GB PCI Express Card | 69,530 |
| ASUS ENGTX520 1GB PCI Express Card | 44,990 |
| ASUS ENG 430 1GB PCI Express Card(64 bit) | 49,898 |
| ASUS EHA 6850 1GB DDR5 PCI Express Card | 150,512 |
| ASUS EAH 5450 1GB DDR3 PCI Express Card | 35,992 |
| ASUS EAH 5450 512MB PCI Express Card | 31,084 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 65,000 |
| Gigabyte ATI Redeon HDR545 SC 1GB PCI Express Card | 57,260 |
| Gigabyte ATI Redeon HDR 6450 1 GB D3 PCI Express Card | 69,530 |
| **Memory Stick** | |
| TOSHIBR 500 GB | 68,000 |
| VERBATIM 500GB | 72,800 |
| BERBATIM ITB | 110,000 |
| WD 500 GB | 76,000 |
| WD 1 TB | 112,000 |
| **UPS** | |
| Numeric (600VA) UPS | 65,174 |
| Numeric(1000VA) UPS | 65,440 |
| SVC (600VA) UPS | 28,500 |
| SVC (1200VA) UPS | 59,000 |
| Power Pro (650VA)UPS | 34,500 |
| Power Pro (1200VA)UPS | 63,000 |
| Power Tree (650VA)UPS | 35,000 |
| Power Tree (1250VA)UPS | |
| **DVD Writer** | |
| ASUS DVD Writer (SATA) | 20,450 |
| HP DVD Writer SATA | 22,000 |
| Liteon DVD Writer SATA | 22,086 |
| [illegible] | 160,000 |

Technoland ဆိုင်မှ ဧပြီလ(၂၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.0Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 640,000 |
| Intel Core i5 2.30Ghz 4GB DDR3,640 HDD,1GB VGA,14.0" | 528,000 |
| Intel Core i3 2.10Ghz 2GB DDR3,500 HDD,14.0" | 399,000 |
| Intel DualCore 1.6Ghz 2GB DDR3,640 HDD,256VGA,14.0" | 338,400 |
| Intel Atom 1.66Ghz 2GB DDR3, 320GB HDD,10.1" | 256,000 |
| **Dell** | |
| Intel Core i7 2.0Ghz 6GB DDR3, 640 HDD,1GB VGA,15.6" | 880,000 |
| Intel Core i5 2.30Ghz 6GB DDR3, 640 HDD, 15.6" | 552,000 |
| Intel Core i3 2.10Ghz 4GB DDR3, 500 HDD, 14.0" | 488,000 |
| Intel Atom 1.66Ghz 1GB DDR3, 250 HDD, 10.1" | 304,000 |
| **Lenovo** | |
| Intel Core i7 2.10Ghz 8GB DDR3,750 HDD,2GB VGA,15.6" | 847,200 |
| Intel Core i5 2.3Ghz 2GB DDR3,750 HDD,1GB VGA,14" | 535,200 |
| Intel Core i3 2.2Ghz 2GB DDR3,500 HDD, 14" | 407,200 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| Toshiba (LCD) | 32BX10T | 300,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 32BX | 270,000 |
| Toshiba (TV) | LZE 21-28 | 110,000 |
| **DVD** | | |
| EVD (coeco) | 8082 | 20,000 |
| EVD(Sony) | DVK75 | 22,000 |
| LG | DV276 | 22,000 |
| Toshiba | DV380 | 22,000 |
| Daewoo | 1400S | 40,000 |
| HQ | HDMI999 | 50,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Sanyo | SR811 | 479,000 |
| Hitachi | 19AGV7 | 230,000 |
| Panasonic | NR.BT223 | 225,000 |
| **Washing** | | |
| Panasonic | XPB-90-99885 | 165,000 |
| | MAS 70 V2 | 195,000 |
| Toshiba | 120 R | 145,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၆၅၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၀၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၁၀-၁၃၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၂,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၁,၀၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၁၃၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဧပြီလ (၂၈) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၆,၀၀၀ ဝန်းကျင် |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၂,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဧပြီလ (၂၈)ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၉၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၀၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀-၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၉၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀ ဝန်းကျင် |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၅၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂၀၀၀-၃၅၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃၄၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃၄၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂၅၀၀-၅၀၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁၅၀၀-၁၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂၅၀၀-၅၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁၂၀၀-၁၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂၀၀၀-၃၂၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁၂၀၀-၁၇၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃၅၀၀-၂၆၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁၀၀၀-၂၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂၅၀၀-၃၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂၅၀၀-၆၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂၅၀၀-၅၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၃၅၀၀-၈၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂၅၀၀-၅၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁၈၀၀-၂၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃၅၀၀-၆၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆၅၀၀-၇၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇၀၀၀-၉၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၃၀၀၀-၂၈၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁၅၀၀-၃၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁၂၀၀-၁၆၀၀ |

ဧပြီလ (၂၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| တိုယိုတာဝက်ဂွန် | ၃. ၀ အင်ဂျင်ပါဝါ | ၇၈၊၉၈၊၁ဃ | ၃၃၀ ဝန်းကျင် |
| စူဇူကီးဝက်ဂွန် R+ | ၂၀၀၀- ၂၀၀၁ | ၁၈၊၂၈၊၃၈ | ၁၈၅ ဝန်းကျင် |
| ပါဂျဲရို | ၉၅၊၉၆ | ၇၈/၉၈ | ၃၄၀ ဝန်းကျင် |
| ပါဂျဲရို | ၉၇၊၉၈၊၉၉ | ၇၈/၉၈ | ၄၀၀-၄၅၀အောက် |
| ဟိုင်းလပ်ဆပ်(ဝက်ဂွန်) | ၉၆ | ၇၈/၉၈/၁ဃ | ၃၄၀ |
| ဟိုင်းလပ်ဆပ်(Grade အစုံ) | ၉၇၊၉၈၊၉၉ | ၇၈/၉၈/၁ဃ | ၄၈၀-၄၉၀ ကြား |
| တိုယိုတာဖင်ကောက်(ဒီဇယ်) | ၂၀၀၀-၀ | ၇၈/၉၈ | ၃၁၀ |
| တိုယိုတာ(လီမိတက်) | ၈၈-၉၈ | ၂ဃ/၈ဃ | ၃၅၀ ဝန်းကျင် |
| မတ်တူး(၂. ၀ Grade) | ၂၀၀၂ | ၉၈ | ၂၈၅-၂၉၀ |
| မတ်တူး (၂. ၅ Grade) | ၂၀၀၂ | ၉၈ | ၃၀၀ ဝန်းကျင် |


ဧပြီလ (၂၆)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | April (22) | April (23) | April (24) | April (25) | April (26) | April (27) | April (28) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၀၀ | ၃,၅၅၀ | ၃,၅၅၀ |
| ဒီဇယ် | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ | ၃,၈၅၀-၃,၉၀၀ |
| Octane ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |
| Premier ဒီဇယ် | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ | ၄,၁၀၀ |

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၁၈၀)



## အလျားလိုက်

၁။ ရှေ့လာမယ့်ကာလတွေမှာ မြန်မာနိုင်ငံမှာ များပြားလာဖွယ်ရှိတဲ့အရာ

၄။ ယခုရာသီမှာ သတိပြုလုပ်ဆောင်ဖို့လိုအပ်တဲ့အရာ

၈။ လွယ်လွယ်ကူကူပြုပြင်မရခြင်းနဲ့ပတ်သက်ပြီး ရှေးစကားပုံမှာတင်စားပြောဆိုတဲ့အရာ

၁၀။ ပြည်သူတွေရဲ့ကျေးဇူးရှင်တွေ

၁၁။ သတင်းအချက်အလက်ကြော်ငြာသင်ပုန်းကိုခေါ်တဲ့အမည်

၁၂။ ထူးခြားတဲ့ ဟင်းချက်စရာတစ်မျိုး

## ဒေါင်လိုက်

၂။ လူထုကိုအကြီးမားဆုံးဒုက္ခပေးနိုင်တဲ့ သဘာဝဘေးအန္တရာယ်

၃။ အမျိုးသားတွေရဲ့ အဆောင်အယောင်တစ်ခု

၅။ ဆွဲဆောင်မှုတစ်မျိုးနဲ့ လူထုကြားတဲ့ပေါ်ထွက်လာဦးမယ့်အရာ

၆။ နိုင်ငံအများစုတွင် ဆွေးနွေးနေရဆဲ ကိစ္စရပ်တစ်ခု

၇။ တဖြည်းဖြည်းနည်းပါးလာနေတဲ့အရာ

၉။ မကြာခဏထောင်ချခံရသူကို ခေါ်တဲ့စကားလုံး

**Smart Dictionary ကံထူးသူ**

၁။ မစန်းအေး၊ ၁၂/ဗတထ(နိုင်)၀၁၇၃၄၉၊ အမှတ် ၁၁၆၁၊ မြတ်လေးလမ်း၊ မြောက်ဒဂုံ။

**ကျန်အဖြေမှန်သူများ**

၂။ ခင်သန္တာဝင်း၊ ၁၂/ဥကမ(နိုင်)၁၈၅၉၁၂

၃။ နော်ယုသဇင်သိန်း၊ ၁၂/မရက(နိုင်)၁၄၈၃၉၁

၄။ မြင့်မြတ်မွန်၊ ၁၂/ဒပန(နိုင်)၀၃၅၉၈၁

၅။ ကြည်ကြည်မော်၊ ၁၂/မဂတ(နိုင်)၀၃၀၉၅၂

၆။ နှင်းနွယ်လှိုင်၊ ၁၂/ဒဂဆ(နိုင်)၀၀၇၄၄၂

၇။ နေသူရိန်၊ ၁၃/တကန(နိုင်)၁၆၀၁၁၈

ပဟေဠိ အမှတ်စဉ်(၁၇၉)အဖြေမှန်




အမည် .................................. မှတ်ပုံတင်အမှတ် ..................................

နေရပ်လိပ်စာ ..................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၂၀)ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဥာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၄-၅-၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

SMART

ဤအစီအစဉ်ကို **Electronic Dictionary** မှ ပံ့ပိုးကူညီပါသည်။

ယုံကြည်



# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။**

**PH:09-73037776, 09-73204374**

### သင်ကြားပေးသည်

International School မှ Primary I To VI နှင့် အခြေခံပညာ ၅၊ ၆၊ ၇၊ ၈၊ ၉ တန်းကျောင်းသားများကို သချ်ာသီးသန့် အိမ်လိုက်သင်သည်။ **ဖုန်း-၀၉ ၄၉၃၀၄၀၉၁**

### ရောင်းမည်

သစ်မွှေး၊ ရာဘာ၊ နှစ်ရှည်ပင်နှင့် ရာသီပင်များစိုက်ပျိုးရန် တိုက်ကြီးမြို့နယ်အတွင်း မြေ(၅၀)ဧကခန့် ရောင်းမည်။ **ဖုန်း-၀၅၅ ၂၀၀၀၄**

### ပညာဒါနနွေရာသီဝိုင်း

မူလတန်း၊ အလယ်တန်း(တာမွေ) ကျောင်းသားများအတွက် ပညာဒါန ဘာသာစုံတန်းခွဲများ စပြီ။ (လူဦးရေကန့်သတ်ထားပါသည်)

**ဖုန်း-၀၉ ၇၃၀၄၉၅၄၃**

### ကားရောင်းမည်

Suzuki R+ ၁ဂ/၄---- အိမ်စီး တစ်လက်ကိုင်ရောင်းမည်။

ဆက်သွယ်ရန်

**505665, 0973198128**

### သင်ကြားသည်

Grade (10, 11) ဇီဝဗေဒဘာသာရပ် တစ်ဦးချင်းနှင့် အိမ်ဝိုင်းများ ဆရာကိုယ်တိုင် စနစ်တကျသင်မည်။ (သင်၊ ကျက်၊ မေး၊ စစ်)

**ဖုန်း - ၀၉၇၃၀၃၀၅၈၃**

### အိမ်လိုက်သင်သည်

၁၀တန်း သချ်ာသီးသန့် အိမ်လိုက်သင်သည်။ (ဂုဏ်ထူးအာမခံ)

**Ph: 09-73136078**

### Teacher Honey

သူငယ်တန်းမှ အဌမတန်းကလေးများအား ဘာသာစုံနှင့် Grammar အထူးသင်ကြားသည်။ အိမ်တိုင်ရာရောက် သင်ကြားမှုများလည်းရှိသည်။

**ဖုန်း - ၀၉ ၈၆၁၁၀၅၂**

### ဆရာမင်းသုခြွေ(မန်းတက္ကသိုလ်)

ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေးခြင်းနှင့်ခွဲစိတ်မွေးဖွားရက်၊ မင်္ဂလာအခါရွေးချယ်ပေးသည်။

**ဖုန်း- ၀၉၇၃၁၁၈၁၆၁**

### သင်တန်း

ဆရာဝသန် Basic Spoken English & Grammar တန်းခွဲသစ်စတင်ပြီ။ သင်ကြားမှုအား မနှစ်သက်ပါက ၃ ရက်အတွင်း ငွေပြန်လည်ထုတ်ယူနိုင်ပါသည်။

**Ph: 09-5179125**

### အိမ်အရောက်သင်ကြားသည်

မူကြိုမှဆယ်တန်းထိ ကျက်စာဘာသာရပ်များနှင့် လက်ရေးလှ လေ့ကျင့်မှုများအား အိမ်အရောက် စနစ်တကျ သင်ကြားပေးသည်။

**ဖုန်း - ၀၉၄၃၀၈၅၅၀၇**

### ရောင်းမည်

၅၇၀/၅၇၁၊ (၆)လွှာ၊ သမိုင်းဘူတာရုံလမ်းနှင့် ၆ လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်။ 25'x50' (2 MBR, Aircon) ရေချိုးခန်း၊ အိမ်သာကွဲပြားကပ်ပြီး။

**ဖုန်း - ၀၉၅၁၈၃၃၈၀**

### သင်တန်း

Kizuna Japanese Culture Center / Library & Language မှ ဂျပန်ဘာသာစကားပြောသင်တန်းများသံရုံးစာမေးပွဲ JLPT နဲ့ Level အလိုက်တန်းခွဲသစ်များကို ဖွင့်လှစ်လျက်ရှိသည်။

**Ph: 0943120025**

### အိမ်ရောင်းမည်

ပေ 20'x60' အိမ်ပါ(ရေမီးစုံ)၊ မြို့သစ်က+ခ ရပ်ကွက်၊ အင်းစိန်။ (၂၅၀သိန်း)

**ဖုန်း - ၀၉၇၃၂၃၉၂၇၃**

### ဝန်ဆောင်မှု

Software Installation, System services, Virus Clean & System Clean, Network Installation & Services

**Ph: 0973630129**

### ဝန်ဆောင်မှု

ကျော်နှင့်ညီများ ကားဘော်ဒီဆေးမှုတ်လုပ်ငန်း၊

**ဖုန်း- ၀၉၅၀၈၄၉၉၇**

### လှုကေသွယ်(အလှုပြုပြင်ရေး)

B.Sc (Chem), B.V.Sc (Final Part -1) ၊ **ဖုန်း - ၅၅၉၉၇၆**

### သင်တန်း

ဒေါ်ကြည်ကြည်ဝင်း(နွေရာသီအထူးသင်တန်း) တရုတ်စကားပြောသင်တန်းကျောင်း

**ဖုန်း-၀၉၅၀၂၇၂၉၇**

### Ever Stand

ကိုရီးယားစာသင်ဝိုင်းမှ EPS-TOPIK စာမေးပွဲအတွက် အခြေခံသဒ္ဒါနှင့် မေးခွန်း ၂၀၀၀ကို သီးသန့်၇ယောက်ဝိုင်းဖြင့် သင်ကြားသည်။ **ဖုန်း-၀၉-၄၃၁၀၇၄၀၂**

### ကောင်းကင်

ကောင်းကင်ဆောက်လုပ်ရေးနှင့် အိမ်တွင်း ပြင်ဆင်မှုလုပ်ငန်း။

**ဖုန်း- ၀၉-၅၀၉၅၅၁၂**

### သင်တန်း

All International School များမှ ကလေးများအတွက် English အထူးသင်သည်။

**ဖုန်း- ၀၉-၅၁၆၅၇၄၂**

### Computer Services

လူကြီးမင်းတို့၏ ကွန်ပျူတာနှင့် ပတ်သက်သော အခက်အခဲများကို ကူညီဖြေရှင်းပေးသည်။

**ဖုန်း- ၀၉-၇၃၀၇၀၉၇၂**

### PROMISE

အင်္ဂလိပ်စာသင်ကြားရေးနှင့် ဘာသာပြန်ဝန်ဆောင်မှု။

**ဖုန်း- ၂၂၉၆၀၁**

### လျှပ်စစ်နှင့်ရေပိုက် Service

နေအိမ်၊ စက်ရုံများ၊ ဝါယာတပ်ဆင်ပြုပြင်ခြင်း ရေပိုက်တပ်ဆင်ပြုပြင်ခြင်းများ

**ဖုန်း- ၀၉၇၃၂၄၇၈၉၁**

### သင်ကြားမည်

၉၊ ၁၀ တန်း ဘာသာစုံစာသင်ဝိုင်း၊ တစ်ဦးချင်း အထူးဝိုင်းများ။ Primary, Secondary, IGCSE နှင့် Guide ၊ **ဖုန်း- ၀၉၇၃၁၄၁၁၅၈**

### သင်တန်း

Japan ဘာသာစကားသင်တန်း၊ Japan ဘာသာအရည်အချင်းစစ်စာမေးပွဲ N5, N4, N3, N2, N1 အတွက် သင်တန်းများ။

**ဖုန်း- ၀၉-၇၃၁၇၈၁၄၇**

### ဆိုင်ခန်းငှားမည်

ဘုရင့်နောင်လမ်းမကြီးပေါ် 25'x 25' မြေညီထပ်။

**ဖုန်း- ၀၉-၇၃၀၇၂၆၉၂**

### သင်တန်း

ကျောင်းသား၊ ကျောင်းသူများအတွက်Dancer, Model, အဆိုသင်တန်းနှင့် ဂစ်တာသင်တန်းများဖွင့်လှစ်နေပြီ။ **ဖုန်း- ၀၉ ၂၂၂၈၃၈၀**

### အလိုရှိသည်

အောင်မြင်နေသော ဗလာစာအုပ်ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းတွင် လက်တွဲလုပ်ကိုင်ရန် ရှယ်ယာရှင်များအလိုရှိသည်။

**ဖုန်း- ၀၉၅၁၇၃၇၇၈**

### စက်ချုပ်(မော်တာ)

အခြေခံစက်ချုပ် ၁၀ရက်သင်တန်း၊ အထည်ချုပ်စက်ရုံများတွင် အလုပ်ရနိုင်မည်။

**ဖုန်း- ၆၄၅၇၁၃**

### ထူးချွန်အောင်မြင်လိုသူများ

နွေရာသီ(၃)လ အထူးသင် (၁၀) တန်း သီးသန့် ဘာသာစုံ Study Guide (or) သီးသန့်ဝိုင်း အိမ်လိုက်သင်သည်။

**ဖုန်း- ၀၉၄၃၁၂၅၈၆၂**

### Guide

၁၀ တန်း ဘာသာစုံ Guide၊ ၁၀ တန်း Bio ကျူရှင်နှင့် Guide၊ ဆေးတက္ကသိုလ် FP II ဘာသာစုံ Guide ၊ **ဖုန်း- ၀၉ ၅၄၀၂၀၂၈**

### Summer English

မူလတန်း၊ အလယ်တန်း၊ အထက်တန်း (ကျောက်မြောင်း) English သင်ရိုးကုန် ဖတ်စာအုပ်နှင့် Grammar အထူးသီးသန့်ဝိုင်းများ

**ဖုန်း- ၀၉၇၃၀၄၉၅၄၃**

### ဆန်းသစ်

ရေခဲသေတ္တာ၊ အဲယားကွန်း၊ အဝတ်လျှော်စက်ပြုပြင် ရောင်း/ဝယ် တပ်ဆင်၊ ဆေးကြောရေးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး တပ်ဆင်ရောင်း/ဝယ်ရေး

**ဖုန်း- ၀၁-၃၇၄၇၇၅**

### သင်တန်း

AutoCAD (2D, 3D, Rendering), Photoshop (Photo Retouching & Design, Computer Basic Course အိမ်တိုင်ရာရောက်သင်သည်။

**ဖုန်း- ၀၉၄၃၀၉၇၃၉၇**

### အင်္ဂလိပ်စာသင်တန်း

Grammar,Vocab,Speaking, Reading,Writing ကို Basic မှစ၍ နားလည်တတ်ကျွမ်းလိုသူများ ဆက်သွယ်ပါ။

**ဖုန်း- ၀၉၇၃၀၅၇၂၁၀**

### တရုတ်စာ/စကားပြော

အခြေခံမှစ၍ အမြန်ပြောတတ်အောင် အချိန်တိုအတွင်း အိမ်အရောက်သင်ကြားပါသည်။

**ဖုန်း- ၀၉၇၃၀၄၉၅၄၃**

### ဝန်ဆောင်မှု

Windows, Software, Hardware နှင့် Internet ချိတ်ဆက်ခြင်းများကို အိမ်အရောက်စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါသည်။ **ဖုန်း- ၀၉-၇၃၀၀၂၀၉၁**

### ဝိုင်းကျူရှင်

၅ တန်းမှ ၁၀ တန်းအထိ ပုံမှန်ဝိုင်းတွင် သချ်ာဘာသာကို အခြေခံမှစ၍ သင်ကြားပေးသည်။

**ဖုန်း-၀၁-၃၉၆၄၈၂၊ ၃၉၆၃၀၄**

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## စာ(၂၅) အတိတ်သို့ သမင်လည်ပြန် (သို့မဟုတ်) နာဂစ်ပြောတဲ့ လူ့မနော မှ

တစ်ပတ်လောက်ရှိတော့ ဆယ်အိမ်မှူးက အပျက်အစီးစာရင်းတွေလာကောက်သည်။ ရပ်ကွက်အလိုက် ခွဲတမ်းနှင့် ပေးသည်ဟုကြားရသည်။ သွပ်တော့ မတွေ့လိုက်ရ။ လမ်းမကြီးတန်းက အိမ်တချို့တော့ရသည်ဟုကြားရသည်။ တချို့လည်း သွားတောင်းတော့ရကြသည်။ တောင်းတဲ့အလုပ်က ကိုယ့်အလုပ်မဟုတ်လို့ မတောင်းတော့မရ။

နောက်တစ်နေ့မှာဆယ်အိမ်မှူးက ရပ်ကွက်ရုံးမှာ ဆန်လာထုတ်ဖို့ လာပြောပြန်သည်။ ကျွန်တော့်ယောက္ခမကြီးက ကျွန်တော့်သားကိုခေါ်ကာ မြေးအဘွားနှစ်ယောက်အားရဝမ်းသာသွားထုတ်သည်။ အိမ်ထောင်စုနှစ်ခုအတွက် ဆန် ၆ ပြည် ရလာသည်။ ကြည့်လိုက်တော့ ဆန်တွေက ကျိုးကြေကာ ဖုန်တွေ၊ ခဲ တွေအပြည့်။ ဝက်စာနှင့် မှားပေးလိုက်သလား အောက်မေ့ရသည်။ နောက်တစ်ခါကျတော့ ဆယ်အိမ်မှူးက အဝတ်တွေကို တောင်းထဲထည့်ကာ တစ်အိမ်တက်ဆင်းလိုက်ဝေသည်။ ကြိုက်တာ နှစ်ထည်ရွေးယူပါတဲ့။ တစ်ထည်မှ ကြိုက်စရာမရှိ။ အဟောင်းတွေ အစုတ်တွေချည်း။ သည့်ထက်စုတ်တာ ဟောင်းတာ တောင် သည်လောက် စုတ်လိမ့်ဟောင်းလိမ့်မည် မထင်။ ကျွန်တော်စဉ်းစားကြည့်မိသည်။ လှူတဲ့သူပေးတဲ့သူကတော့ လှူစဉ်ပေးစဉ်က အကောင်းအသစ်တွေ လှူပေးပေးပေလိမ့်မည်။ သို့သော်“ဒေါနဆီဝတ္ထုသည်၊ ဥတုဇရုပ်ကလာပ်၊ ပညတ်သခ်ါရ၊ အနိစ္စသဘောဖြစ်ချေ၍၊ စလေသို့ စုန်သွားရာ၊ မည်သည့်မြို့ရွာ စခန်းတွင် ဖြစ်ပျက်မှန်းကို မသိရ၊ ဒေါနဆီဘဝမှ၊ စုတိမနေ၊ သေလွန်ပြီးလျှင်၊ အထောက်မတန်၊ ရေနံဘဝတွင်၊ ပဋိသန္ဓေ၊ စွဲနေဖွားမြင်လာသည်ကို၊ ဆရာလည်း မသိ၊ သတိလည်း မထား” ဟု စလေဦးပုညစပ်ဆိုခဲ့သည့်ဒေါနဆီ မေတ္တာစာထဲကလို အကောင်းအသစ်ဘဝမှ၊စုတိမနေ၊သေလွန်ပြီးလျှင်၊ အဟောင်းအညစ်အဖြစ် ဘဝပြောင်းသွားတာကို သတိမထားမိဘဲ ရပ်ကွက်ထဲ လိုက်ဝေနေခြင်းဖြစ်ပေလိမ့်မည်။

နာဂစ်အကြောင်းက ပြောရလျှင် တစ်ထောင့်တစ်ညမကရှည်လိမ့်မည်။ ဖွန်၊ ဇူလိုင်လောက်မှာ ကုမ္ပဏီကြီးတစ်ခုက နာဂစ်ဒုက္ခသည်တွေကို ကူညီသည့် သဘောဖြင့် သွပ်တွေ ဈေးချရောင်းမတဲ့။ တစ်ပေကို ခုနစ်ရာ့ငါးဆယ်။ ကုမ္ပဏီကားကြီးတွေနဲ့ ရပ်ကွက်ထိပ်တွေအထိ လိုက်ရောင်းတာ။ ကျွန်တော်တို့ နာဂစ်ဒုက္ခသည်တွေ ရှိစုမဲ့စုကလေးတွေနဲ့ အလုအယက်ဝယ်လိုက်ကြတာ။ ဈေးတက်သွားမှာ စိုးလို့။ ဟိုအိမ်က ဆယ်ချပ်၊ သည်အိမ်က အချပ်နှစ်ဆယ်နဲ့ ရောင်းမလောက်ဘူး။ တစ်လလောက် ကြာလို့အရောင်းလည်း ပါးသွားရောတစ်ပေကို ၆၅၀ တဲ့။ နောက်တစ်လလောက်ကြာတော့တစ်ပေကို ၆၀၀တဲ့။ စေတနာထားလိုက်ပုံများ။

အိုင်အင်န်ဂျီအိုတွေ၊ အင်န်ဂျီအိုတွေ အများအပြားရောက်လာကြပါရဲ့ သို့သော် သူတို့၏ မူလရည်ရွယ်ချက်မှာကိုက မြို့ပေါ် ရပ်ကွက်တွေအတွက် မပါဘဲ ရွာတွေကိုသာ အကူအညီပေးတာမို့ မြို့ပေါ်က လက်လုပ် လက်စား အများစုကတော့ ‘အတ္တာဟိအတ္တနောနာထော’ ပါပဲ။

ဘာပဲဖြစ်ဖြစ် နာဂစ်ကိုကျေးဇူးတင်စရာတွေ ရှိသည်။ နာဂစ်ကြောင့် လူတွေ ရာသီဥတု အပြောင်းအလဲကို စိတ်ဝင်စားလာသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့၊ လမုတောတွေ မပြုန်းတီးရေးတို့ဆိုတဲ့ ကိစ္စတွေမှာ စိတ်ဝင်စားရကောင်းမှန်း သိလာကြသည်။ သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် ကိုယ့်ကိုယ်ကိုယ်ဘယ်လိုကာကွယ်ရမည်၊ဘာတွေ ကြိုတင်ပြင်ဆင်ဖို့ လိုအပ်သည်စတာတွေကိုလည်း စိတ်ဝင်စားလာကြသည်။ အထူးသဖြင့် အင်န်ဂျီအိုများရဲ့ ကျေးဇူးကြောင့် ရွာအတော်များများမှာ စာဖတ်ခန်းလေးတွေ တစ်ပိုင်တစ်နိုင်ပေါ်လာကြသည်။ တချို့ရွာတွေဆို အင်န်ဂျီအိုများက စပွန်ဆာပေးကာ စာပေဟောပြောပွဲများ ကျင်းပသည်ပင် တွေ့ရသည်။

ကျွန်တော်တို့ မြို့မှာရှိလျှင်လည်း ရပ်ကွက်တွေထဲက လမ်းကြိုလမ်းကြားလေးတွေပါ မကျန် လျှပ်စစ်မီးတိုင်တွေ ရောက်လာသည်။ ကျွန်တော့်အိမ်ရှေ့က သစ်သားတိုင်အဟောင်းကြီးတောင် နာဂစ်ကောင်းမှုနဲ့ သံတိုင်ဖြစ်သွားခဲ့သည်။

အဆိုးထဲက အကောင်း ဟုပဲ ဆိုရပါလိမ့်မည်။ သို့သော်သည်အဆိုးမျိုးလည်း နောက်ထပ်တစ်ဖန် မကြုံချင်တော့ပါ။ ကမ္ဘာကြီး ကျန်းမာပါစေကြောင်း နာဂစ်လေးနှစ်ပြည့် အမှတ်တရအဖြစ် ဆုတောင်းပေးလိုက်ရပါသည်။

**TRADEMARK CAUTION**

Kabushiki Kaisha Mitsukan Group Honsha., a Company incorporated in Japan at 2-6 Nakamura-cho, Handa-shi, Aichi-ken, Japan is the Owner and Sole Proprietor of the following Trademark:-



Reg : No.4/4448/2004

In respect of : "Edible oils and fats, milk products, Meat for human consumption(fresh, chilled or frozen) Eggs, Edible aquatic animals (not live, fresh, chilled or frozen), Frozen vegetables, Frozen fruits, Processed meat products, Processed fisheries products, Processed vegetables and fruits,Fried tofu pieces(Abura-age) Freeze-dried tofu pieces (Kori-dofu) Jelly made from devil's tongue root (Konnyaku), Soybean milk (soy milk),Tofu, Fermented soybeans(Natto) Processed eggs, Curry, stew and soup mixes, Dried flakes of laver for sprinkling on rice in hot water (Ochazuke-nori), Seasoned powder for sprinkling on rice (Furi-kake) Fermented soybean foods as accompaniment (Name-mono), Raw pulses, Protein for human consumption class 29.

In respect of : Beer, Carbonated drinks (refreshing beverages)Non-alcoholic fruit juice beverages, Extracts of hops for making beer, Whey beverages, Vegetable juices (beverages) class 32.

In respect of : Japanese liquors (in general),Western liquors (in general)Alcoholic beverages of fruit, Chinese liquors (in general), Flavored tonic liquors class 33.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3.May.2012

**One More**

၂၀၁၂၊ မတ်လ

၁၅,၃၆၉ ဦး
၁၅,၃၆၉,၀၀၀ ကျပ်

၁။ ချောက်မြို့နယ်၊ မန်ကျည်းကန်ရွာ ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းသို့ ကျပ်(၂၅)သိန်း။
၂။ ကျွန်းလှမြို့၊ ဓမ္မပါလ မြို့ဦး ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းသို့ ကျပ် (၂၅)သိန်း။
၃။ ကွမ်းခြံကုန်းမြို့နယ်၊ သုံးခွရွာရှိ ကိုယ်ထူကိုယ်ထ အခမဲ့ မူကြိုကျောင်းသို့ ကျပ်(၂၅)သိန်း။
၄။ လှိုင်သာယာမြို့နယ်၊ အမှတ် (၂၂) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းရှိ စန္ဒာရာမ ဘုန်းတော်ကြီးသင်ပညာသင်ကျောင်းသို့ ကျပ်(၂၅)သိန်း။
၅။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ ဝံလက်ဒေသဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့သို့ ကျပ်(၅,၃၆၉,၀၀၀) လှူဒါန်းသည်။

၂၀၁၂၊ ဖေဖော်ဝါရီလ အလှူငွေထည့်ဝင်သူများတွင် ဧင်ကာပူရောက်မြန်မာ (၁၄၂)ဦး နှင့် ဂျပန်ရောက်မြန်မာ (၅၀)ဦး ပါဝင်သည်။

## စာ(၃၂) ရွာအပြန် မေဒေး မှ

အလုပ်သမားတွေရဲ့ ပညာဗဟုသုတ နည်းပါးနိမ့်ကျမှုတွေကို အခွင့်ကောင်းယူပြီး မတရားလုပ်စားနေကြတဲ့သူတွေက အများကြီးပါ။ တချို့အလုပ်သမားတွေကျတော့ နစ်နာဆုံးရှုံးမှုတွေရှိမှန်း သိကြပေမယ့် ဘယ်ကိုသွားတိုင်ရမှန်းမသိ၊ တိုင်ပြန်ရင်လည်း အလုပ်ရှင်တွေလို ငွေတွေ၊ ဝိတ်တွေ နောက်ကမလိုက်နိုင်တော့ စားဝတ်နေရေးအတွက် စိုးရိမ်ပြီး လက်ရှိအလုပ်ကလေးပြုတ်မှာစိုးလို့ ကြိတ်မှိတ်နေကြရတဲ့သူတွေက အများကြီးပါ” ဟု အသက်လေးဆယ်ကျော်အရွယ်ရှိအလုပ်သမားကြီးတစ်ဦးက သုံးသပ်ပါသည်။

အလွှာအသီးသီးတွင် နေ့စား၊ လုပ်ခစား၊ လခစား လုပ်ကိုင်နေကြသည့် အလုပ်သမားများသည် သူတို့အားလုံးနှင့်သက်ဆိုင်သည့် ကာကွယ်စောင့်ရှောက်မှုများကို မသိကြသူများလည်းရှိသည်။

မသိရသူများလည်းရှိသည်။ သိခွင့်မရကြသူများလည်းရှိသည်။ အလုပ်ခွင်အသီးသီးမှာအလုပ်သမားများ၏ ရွာအပြန်၊ အိမ်အပြန် မျက်နှာများတွင် ဘဝအဓိပ္ပာယ်များစွာကို ပုံဖော်မှန်းဆနိုင်ပါသည်။

အလုပ်သမားများအတွက် သီးသန့်သတ်မှတ်ထားသည့် ‘မေဒေး’ လိုနေ့မျိုးမှာပင် နားခွင့်မရကြသူများ၊ ‘မေဒေး’ ဆိုသည်ကိုပင် ဘာမှန်းမသိကြသူများ၊ ‘မေဒေး’ နေ့မှာမှ အလုပ်ရှင်၏ စေခိုင်းမှုကြောင့် အချိန်ပိုအလုပ်လုပ်ပေးကြရသူများ၊ အလုပ်မပြီးပြတ်မနားရသည့်အတွက် ရွာမပြန်၊ အိမ်မပြန်နိုင်ကြသူများ၊ ပုံမှန်အလုပ်ဆင်းရက်များအတိုင်းပင် ‘မေဒေး’ ညနေစောင်းအချိန်တွင် လုပ်ငန်းခွင်အသီးသီးမှ အလုပ်သိမ်းကာ ရွာသို့၊ အိမ်သို့ ပြန်လာကြသူများကို မြို့ကြီးပြကြီး၊ ကျေးရွာဒေသအသီးသီးတွင် ပုံစံအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် ‘မေဒေး’ မြင်ကွင်းပမာ မြင်တွေ့နေကြရပါလေသည်။ ။

## စာ(၄၁) စစ်တောင်းမြစ် ဒီရေယာအချို့ ရေခန်း မှ

“ဝါးပိုးဝါးဆို တစ်လုံးကို တစ်ထောင်လောက် တက်သွားတယ်။ အချည်တင်တဲ့ဝါးဖြူဆိုဝယ်လို့ကို မရတော့ဘူး။ ကားနဲ့တိုက်ရတော့ ကုန်ကျစရိတ်က ကြီးတော့ ဈေးတက်ကုန်တာပေါ့”ဟု ဝေါမြို့ခံ တောင်သူတစ်ဦးက ပြောသည်။ ထိုကဲ့သို့ မြစ်ကြီးကောလာခဲ့သဖြင့် လာမည့် မိုးရာသီတွင် ယမန်နှစ်ကကဲ့သို့လယ်မြေများအား ရေလွှမ်းမည်ကိုဒေသခံတောင်သူကြီးအချို့စိုးရိမ်နေကြသည်ဟုသတင်းရရှိသည်။

ပင်လယ်ဝသို့ စီးဆင်းသော စစ်တောင်းမြစ်ကြီးသည်မြစ်အောက်ပိုင်းတွင်ပို၍သိသာသောမြစ်ကျိုးအင်းများကို တွေ့ရသည်။ မြစ်၏အထက်ပိုင်းတွင် စိုက်ပျိုးမြေများနှင့် ကျေးရွာများသည် မိုးရာသီ၌ ရေတိုက်စားခြင်းကို ခံရပြီး နွေရာသီများတွင် မြစ်ကျိုးအင်းဖြစ်သော နေရာများတွေ့ရသည်ဟု အလယ်ကျွန်းကျေးရွာ၌ နေထိုင်သူတစ်ဦးကပြောသည်။

“တဖြည်းဖြည်းနဲ့စစ်တောင်းမြစ် ကောလာတာဟာ မြစ်ပေါ်မှာ တည်ဆောက်တဲ့ဆည်တွေကြောင့်ဖြစ်မယ်။ တစ်နှစ်ထက်တစ်နှစ် ရွာကို ရေတိုက်စားလာတာထက်ဝက်နီးပါးလောက် ကုန်နေပြီ။ တစ်ဖက်က ရေတိုက်စားသလို တစ်ဖက်ကလည်း သောင်ထွန်းလာတာ များလာတယ်”ဟု အလယ်ကျွန်းကျေးရွာတွင် နေထိုင်သူတစ်ဦးကပြောသည်။

သို့သော် ရေထရက်ဖြစ်သော ကဆုန်လဆန်း ၁ ရက် (ဧပြီ၂၁)တွင် ရေတက်ချိန်၌ ရေအနည်းငယ်တက်လာခဲ့ပြီး ရေကျချိန်တွင် ရေပြန်ကျသွားကာ မြစ်ထဲတွင် ရေမကျန်ရှိဘဲ ပုံမှန်အတိုင်း လူများ၊ ဆိုင်ကယ်များ ဖြတ်သန်းနေကြကြောင်း ဦးအောင်ပု၏ဇနီးကပြောသည်။ စစ်တောင်းမြစ်သည် ရှမ်းကုန်းမြင့်အစွန်မှ မြစ်ဖျားခံ စီးဆင်းလာပြီး တောင်ဘက်သို့၂၆၀မိုင်(၄၂၀ကီလိုမီတာ) အရှည် စီးဆင်းလာကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ မုတ္တမပင်လယ်ကွေ့၌ စီးဆင်းပေါင်းစပ်သွားသည်။ စစ်တောင်းမြစ်တွင် ၂၅ မိုင် (၄၀ ကီလိုမီတာ) ခရီးကို တစ်နှစ်ပတ်လုံး ရေလမ်းခရီးသွားလာနိုင်ပြီး မိုင်ပေါင်း၅၅(၉၀ ကီလိုမီတာ) ခရီးကို တနှစ်တွင် သုံးလကြာမျှ ရေလမ်းခရီး သွားလာနိုင်ပါသည်။ စစ်တောင်းမြစ်ကို သစ်များ (အထူးသဖြင့် ကျွန်းသစ်)နှင့် ဝါးဖောင်များ မျှောရန် အသုံးပြုခဲ့ကြသည်။

ဗီဒီယို၊ ရုပ်ရှင် များကို ထပ်ဆင့် မကူးနိုင် စေရန်
hardware ဖြင့် DVD encrypt လုပ်နိုင်သည်။
မည်သည့် software မှ မသုံးသဖြင့် ဘယ် software နှင့်မှ
ပြန်ဖြေ၍မရပါ။ တကမ္ဘာလုံးတွင် အမေရိကမှ လွဲ၍
အခြားနေရာတွင် တူညီသော နည်းပညာ မရှိပါ။
zhwz83@yahoo.com သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

**ယာဉ်မောင်းအလိုရှိသည်**

ယာဉ်မောင်း - ကျား (၂)ဦး
၁။ င- ယာဉ်မောင်းလိုင်စင် ရှိရမည်။
၂။ ၁၀ပေ၊ ၁၄ပေ ကုန်တင်ယာဉ်များကို ရန်ကုန်မြို့တွင်းကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

ခေတ်မီဦး - ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ်(၁၄-E)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်
ဗဟန်းမြို့နယ်။ ဖုန်း - ၀၉၈၆၃၂၆၆၃၊ ၀၉၄၉၂၉၄၈၃၄၊ ၀၉၄၃၀၁၇၃၉၉၊ ၀၁-၅၁၄၅၆၁

Environment
7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# စက်ရုံ၊ အလုပ်ရုံများ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီကြောင်း ခွင့်ပြုချက်လျှောက်ရမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၂၅**

စက်ရုံ၊ အလုပ်ရုံများ မှတ်ပုံတင်လျှောက်ထားရန်အတွက်သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီမှုရှိသော သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ခွင့်ပြုချက်ရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသို့ လျှောက်ထားရမည်ဖြစ်ကြောင်း အသစ်ပြဋ္ဌာန်းသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ပြဋ္ဌာန်းထားသည်။



ရန်ကုန်မြို့တော် စက်မှုဇုန်တစ်ခုမှ စွန့်ထုတ်လိုက်သော ရေဆိုးများကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

စက်ရုံ၊ အလုပ်ရုံများသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏အတည်ပြုချက်နှင့် ခွင့်ပြုချက်အရ ယခင်က လုပ်ကိုင်နိုင်ခွင့်ရှိသော်လည်း ယခုအခါ သက်ဆိုင်ရာဝန်ကြီးဌာနတွင်ခွင့်ပြုချက်မှတ်ပုံတင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသော ကြိုတင်ခွင့်ပြုချက်ရရှိမှသာမှတ်ပုံတင်ထုတ်ပေးခွင့်ပြုမည်ဖြစ်ကြောင်း ပုဒ်မ ၃၈ တွင် ပြဋ္ဌာန်းထားသည်။

မှတ်ပုံတင်လျှောက်ရန်အတွက် ကြိုတင်ခွင့်ပြုချက်လာရောက်လျှောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေသော စည်းကမ်းချက်များ လိုက်နာရန် သတ်မှတ်ပေးပြီး လာရောက်စစ်ဆေးခြင်းများ ပြုလုပ်နိုင်ကြောင်း ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၄တွင်ဖော်ပြထားသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ကြိုတင်ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေသောစက်ရုံ၊ အလုပ်ရုံများကို ပုဒ်မ ၃၁ အရ သုံးနှစ်ထက်မပိုသောထောင်ဒဏ်နှင့် ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ် ၁၀ သိန်းအထိ ဒဏ်ငွေနှစ်ရပ်လုံး ချမှတ်နိုင်သည်။

အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကွန်ရက်အဖွဲ့မှ ဒေါ်ဒေဝီသန့်ဇင်က ဥပဒေပြဋ္ဌာန်းလိုက်ခြင်းအပေါ် ဝမ်းသာမိကြောင်း၊ သို့သော် ယင်းဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရန်အတွက် ပို၍အရေးကြီးကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လိုက်နာမှု မရှိသော စက်ရုံ၊ အလုပ်ရုံများကိုလည်း အဂတိလိုက်စားမှုကင်းစွာဖြင့် အပြစ်ဒဏ်ပေးသင့်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။

# အာရှဖွံ့ဖြိုးရေးဘဏ်က မြန်မာအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပံ့ပိုးကူညီမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၂၅**

အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကဏ္ဍများတွင် ပံ့ပိုးကူညီရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း အဆိုပါဝန်ကြီးရုံးမှ သတင်းရရှိသည်။

သဘာဝသယံဇာတ ထိန်းသိမ်းရေးအခန်းကဏ္ဍတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ကူညီနိုင်မှုနှင့် မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအကြောင်းကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ ဆွေးနွေးမှုမှာ တစ်နာရီကျော်ကြာမြင့်ခဲ့ပြီး ယခုနှစ်အတွင်း အာရှဖွံ့ဖြိုးရေးဘဏ်မှ နောက်ထပ်တစ်ကြိမ် ထပ်မံလာရောက်ဆွေးနွေးဦးမည်ဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

အဆိုပါတာဝန်ရှိသူများသည် မေ ၂၄ ရက်တွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန၌ တွေ့ဆုံခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ အရှေ့တောင်အာရှဆိုင်ရာ စီးပွားရေး သဘာဝသယံဇာတနှင့် လယ်ယာစိုက်ပျိုးဌာန ဒါရိုက်တာ Mr.Javed.H.Mir က ပြည်ထောင်စုဝန်ကြီးနှင့် သက်ဆိုင်ရာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ပြီးနောက်ပိုင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် နိုင်ငံတကာမှလာရောက်ကူညီပံ့ပိုးရန် တွေ့ဆုံဆွေးနွေးမှုများစွာ ဆောင်ရွက်ခဲ့သည်။

# တရုတ်နိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး ရေကာတာအနီးရှိလူတစ်သိန်းခန့် မြေပြိုမှုအန္တရာယ်ကြောင့် ရွှေ့ပြောင်းခံရဖွယ်ရှိ

**ဘေဂျင်း၊ မေ-၁၉**

တရုတ်နိုင်ငံ၏ ယန်ဇီမြစ်ပေါ်တွင် တည်ရှိသော ကမ္ဘာ့အကြီးဆုံးမြစ်ကျဉ်းသုံးသွယ် ရေကာတာအနီးဒေသမှ လူပေါင်းတစ်သိန်းခန့်ကို မြေပြိုမှုနှင့် မြစ်ကမ်းပါးပြိုကျမှု အန္တရာယ်များဖြင့် ရင်ဆိုင်ရနိုင်သောကြောင့် နေရာရွှေ့ပြောင်းရဖွယ်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက ဖော်ပြလိုက်သည်။ တရုတ်အစိုးရအရာရှိတစ်ဦး၏ အဆိုကို ကိုးကား၍ ဖော်ပြခဲ့သော သတင်းအရယင်းအရာရှိက ထိုဒေသတွင် ဘူမိဗေဒဆိုင်ရာကပ်ဘေးဆိုးများ တိုးပွားလာနိုင်သည့် အန္တရာယ်သည် ၂၀၁၀ တွင် ယန်ဇီမြစ်ရေအမြင့်ဆုံးအဆင့် ရောက်ရှိပြီးချိန် မှစ၍ ဖြစ်ပေါ်လာနေကြောင်း ပြောကြားသည်။ အဆိုပါဒေသတွင်းရှိ လူပေါင်း ၁ ဒသမ ၄ သန်းခန့်ကိုမူ မကြာမီ အချိန်ထိပြောင်းရွှေ့နေရာချခဲ့ပြီး ဖြစ်သည်။ တရုတ်နိုင်ငံ အလယ်ပိုင်း ဟူပိုင်ပြည်နယ် အာဏာပိုင်များကလည်း ရေကာတာကြောင့် ရုတ်တရက်မြေပြိုမှုဒဏ်ခံရဖွယ်ရှိနေသော နေအိမ်များမှ လူပေါင်း ၂၀,၀၀၀ ခန့်ကို ယခုအခါစတင်နေရာရွှေ့ပြောင်းပေးနေကြောင်း ဆိုသည်။

အဆိုပါလူဦးရေပမာဏမှာ ဟူပိုင်ရှိ တုန်ပါခရိုင်တွင်းမှ လူဦးရေစုစုပေါင်း၏ ငါးပုံတစ်ပုံခန့်ရှိသည်။

ပညာရှင်များက အမြင့်ပေ ၅၉၁ ပေရှိသော ရေကာတာ၏ နောက်ကွယ်တွင် သိုလှောင်ထားသော မိုင် ၄၁၀ အရှည်ရှိသည့် ရေပြင် ပမာဏသည် ရေမျက်နှာပြင် ထပ်မံမြင့်တက်လာပါက ရေကြီးမှုမြောက်မြားစွာနှင့် မြေပြိုမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း ပြောသည်။

တရုတ်မြေသယံဇာတရေးရာ ဝန်ကြီးဌာနမှ လျူယွမ်က ရေကာတာမှ ရေလျှံပါက ကျောက်ဆောင်ပြိုကျမှုနှင့် မြေပြိုမှုဖြစ်နိုင်သည့် နေရာပေါင်း ၃၃၅ နေရာကို သတိပေးထားကြောင်း၊ သို့သော် အန္တရာယ်ဖြစ်နိုင်သည့် အခြားနေရာပေါင်း ၅,၀၀၀ ကျော်ရှိနေသေးကြောင်းဆိုထားသည်။

၁၉၉၄ တွင် စတင်တည်ဆောက်ခဲ့ပြီး ဒေါ်လာ ၂၂ ဒသမ ၅ ဘီလီယံကုန်ကျသည့် ယင်းမြစ်ကျဉ်းသုံးသွယ် ရေကာတာမှ ရေလျှံမှုမဖြစ်စေရန် ထိန်းချုပ်ရေလွှဲကာ ရေဖောက်ထုတ်ခြင်းလုပ်ရန်အတွက် အနီးဝန်းကျင်ဒေသမှ မြို့တော် ၁၃ မြို့၊ မြို့ငယ် ၁၄၀ နှင့် ရွာပေါင်း ၁၃၅၀ ရေနစ်မြုပ်ခဲ့ပြီး လူပေါင်း ၁ ဒသမ ၈ သန်းကိုလည်းပြောင်းရွှေ့ခဲ့ရသည်။ ရေကာတာတွင် တပ်ဆင်ထားသော ရေအားလျှပ်စစ်စက်ရုံမှာ ဓာတ်အားမဂ္ဂါဝပ် ၂၁,၀၀၀ ထုတ် လုပ်နိုင်စွမ်းရှိပြီး ၂၀၀၈ ဘေဂျင်းအိုလံပစ်မတိုင်မီ ဓာတ်အားထုတ်လုပ်မှု စတင်ခဲ့သည်။

ပြီးခဲ့သည့် မတ်လကမူ တရုတ်အစိုးရသည်ထိုရေကာတာကြောင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာ ပြဿနာများဖြစ်ပေါ်ခဲ့ရကြောင်း အသိအမှတ်ပြုခဲ့ကာ ရေကာတာကြောင့် မြစ်အောက်ပိုင်း သင်္ဘောသွားလာမှု၊ ရေစီးဆင်းမှု၊ ရေရရှိမှုအပေါ် သက်ရောက်မှုရှိခဲ့ကြောင်း ဝန်ခံခဲ့သည်။

၎င်းတို့က ရွှေ့ပြောင်းခံရသော ပြည်သူများ၏ ဘဝအခြေအနေများ တိုးတက်စေရန် ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်သွားမည်ဟုလည်း ကြေညာခဲ့သည်။

- BBC\Chin.org\UPI

## Environment Cartoon




# စစ်တောင်းမြစ် ရေိယာအချို့ ရေခန်း



မိုးတွင်းကာလရေများစဉ်က တွေ့ရသော စစ်တောင်းမြစ်

**အောင်သူရ၊ အိဖြူမွန်**

**ရန်ကုန်၊ မေ - ၂၄**

ရှမ်းကုန်းမြေမြင့်အစွန်မှမြစ်ဖျားခံ၍ စီးဆင်းလာသောစစ်တောင်းမြစ်သည် လက်ပံကျေးရွာမှ မြစ်ကြီးရွာအောက်ဘက် နှစ်မိုင်ခန့်ထိ ရေမရှိဘဲ ခန်းခြောက်နေသည်မှာ တစ်လခန့်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော့် တစ်သက်တစ်ခါမှ ဒါမျိုးမကြုံဖူးဘူး။ အခုမြစ်ထဲမှာ ရေမရှိလို့ ဘောလုံးကန်နေကြတယ်။ လူတွေရော ဆိုင်ကယ်တွေရော တံတားကမကူးကြတော့ဘူး"ဟု ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် မြစ်ကျိုးဒေသမှ အသက် ၅၀ ကျော် တောင်သူဦးအောင်ပုက ပြောကြားသည်။ ယခင်က နွေရာသီတွင် ရေနည်းလေ့ရှိသော်လည်း မြစ်ထဲ၌ ရေအနည်းငယ် ကျန်ရှိပြီး ရေထရက်ရောက်ပါက ရေအနည်းငယ်တက်လာလေ့ရှိသည်ဟု ဦးအောင်ပုကပြောသည်။ အဆိုပါရေခန်းခြောက်သော နေရာသည် ယခင်က မြစ်ကြီးတစ်ပြင်တည်းဖြစ်ခဲ့သော်လည်း မြစ်၏ တဖြည်းဖြည်း တိမ်ကောလာခြင်းနှင့် နုန်းများပို့ချမှုကြောင့် မြစ်လယ်ကျွန်းဖြစ်ပေါ်ကာပင်လယ်ဝသို့တောင်ဘက်နှင့်မြောက်ဘက် ဖြာထွက်၍စီးဆင်းသည်။

ခန်းခြောက်သော နေရာနှင့် ပင်လယ်ဝမှ အလှမ်းမဝေးသောကြောင့်ပင်လယ်ဒီရေရောက်တက်ပြီး ပင်လယ်မှပါသောနုန်းများနှင့် မြစ်အထက်မှ စီးဆင်းသော နုန်းများစုစည်းလာပြီး ခွဲဖြာထွက်သောတောင်ဘက်အခြမ်းမှ မြစ်မှာ ခန်းခြောက်လာကြောင်း ယင်းဒေသခံ စာရေးဆရာမောင်ဝံသက ပြောသည်။

"ဒီမှာ ရေမရှိလို့ ငါးမစားရတာကြာပြီ။ မနက်က ပုစွန်လာရောင်းလို့ မေးကြည့်တာ။ ဘုရားသုံးဆူ ရေတံခါးနားမှာ သွားဖမ်းလာတာလို့ပြောတယ်"ဟု မြစ်ကျိုးဒေသခံ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

မြစ်ထဲတွင် ထိုကဲ့သို့ ရေမရှိတော့သဖြင့် ဝါးဖောင်များမျော၍ မရတော့သဖြင့် ဝါးဈေးများ တက်လာပြီး အချို့ဝါးများမှာ ဝယ်မရဖြစ်နေကြောင်း ဝေါမြို့ခံများက ပြောသည်။

စာ(၄၀) သို့

# Tourism

7Day News Journal

Vol.11, No.8 • MAY 3 , 2012


# မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ကမ္ဘာ့စာရင်းသွင်းနိုင်ရေး အီတလီအစိုးရကူညီ

**သီဟ**

**နေပြည်တော်၊ မေ- ၂၅**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်မြို့သုံးမြို့ကိုကမ္ဘာ့အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရန် အီတလီအစိုးရမှ ယူရိုငွေလေးသိန်း အကူအညီပေးထားကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကူညီမှုဖြင့် စီမံကိန်းအစီအစဉ်များအား ယူနက်စကို၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ရှေးအကျဆုံး သမိုင်းဝင်မြို့ဟောင်းများဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်ကြွယ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာ၊ ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် ယူနက်စကိုနှင့် ကမ္ဘာ့အမွေအနှစ်အဖွဲ့များသို့ ၂၀၀၉ ခုနှစ်ကပင် စတင်ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပျူမြို့ဟောင်းသုံးမြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ စံသတ်မှတ်ခြင်းနှင့် အခြားကိစ္စရပ်များအား အချိန်မီဆောင်ရွက်နိုင်ရန်အတွက် Time Frame သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးခဲ့ပြီဟု ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် အဆိုပါ သတင်းထုတ်ပြန်ချက်ကို အီတလီနိုင်ငံခြားရေးဝန်ကြီးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တွေ့ဆုံမှုအပြီးတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အီတလီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးသည် မူလက သတင်းထောက်များနှင့် ကိုယ်တိုင်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် စီစဉ်ထားသော်လည်း တွေ့ဆုံခါနီးတွင်မှ အချိန်မရဟု အကြောင်းပြကာ တွေ့ဆုံမှုမရှိခဲ့ပေ။

# ၂၀၂၀ တွင် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသွားတစ်သန်းခန့်ဝင်ရောက်ရန် ကမ္ဘောဒီးယား ကြိုးပမ်းမည်

**ဖနွမ်းပင်၊ မေ - ၂၄**

ကမ္ဘောဒီးယားအစိုးရသည် လာမည့် ၂၀၂၀ တွင် နိုင်ငံတွင်းသို့ တရုတ်ကမ္ဘာလှည့်ခရီးသည် အနည်းဆုံး တစ်သန်းခန့်ဝင်ရောက်စေရန်ဆွဲဆောင်မည့် မဟာဗျူဟာအစီအစဉ်ကို ဖော်ထုတ်လိုက်သည်။

ဖနွမ်းပင်မြို့တော်၌ ပြုလုပ်ခဲ့သည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကွန်ဖရင့်တစ်ရပ်တွင် ကမ္ဘောဒီးယား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဝန်ကြီးသုန်ခွန်က “ကျွန်တော်တို့ဟာ ၂၀၁၅ မှာ ကမ္ဘောဒီးယားကို တရုတ်ကမ္ဘာလှည့်ခရီးသည် ငါးသိန်းဝင်လာဖို့နဲ့ ၂၀၂၀ မှာ တစ်သန်းအထိဝင်လာဖို့ မျှော်လင့်ထားပါတယ်။ တရုတ်ဈေးကွက်ကို ကျွန်တော်တို့ရဲ့ ကမ္ဘာလှည့်လုပ်ငန်းပစ်မှတ်အဖြစ်သတ်မှတ်ထားပါတယ်။ ဘာကြောင့်လဲဆိုတော့ တရုတ်ဟာ လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိပြီး တရုတ်လူမျိုးတွေဟာ ကြွယ်ဝကြလို့ပါ” ဟု ပြောသည်။

ဝန်ကြီးက ရင်းနှီးမြှုပ်နှံသူများနိုင်ငံတွင်းသို့ ဝင်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့ကြောင့်လာမည့် နှစ်များတွင် တရုတ်လူမျိုးခရီးသွားများကို ပိုမြင်တွေ့ရန် မျှော်လင့်ထားကြောင်း ဆိုသည်။ တရုတ်ခရီးသည်များပိုမိုဝင်လာစေရန်အတွက်ကမ္ဘောဒီးယားသည် တရုတ်နိုင်ငံနှင့် တိုက်ရိုက်လေကြောင်းလိုင်းများပြေးဆွဲရေး၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့်ကမ္ဘာလှည့်အပန်းဖြေစခန်းများအတွက် ခမာ၊ အင်္ဂလိပ်နှင့် တရုတ်ဘာသာစကား သုံးမျိုးစလုံး အသုံးပြုရေးတို့ကို အားပေးလုပ်ဆောင်သွားမည်ဖြစ်သည်။

ထို့အပြင် ကမ္ဘောဒီးယားသို့ ဝင်ခွင့်ဗီဇာကြေးများ လျှော့ချခြင်း၊ ဧည့်လမ်းညွှန်များကို တရုတ်ဘာသာစကားသင်ကြားပေးရေး အစီအစဉ်များကိုလည်း လုပ်ဆောင်မည်ဟု သိရသည်။

—Ref: Xinhua



**ကမ္ဘောဒီးယားရှိ အန်ကောဝတ်ဘုရားကျောင်း**

# ရှစ်သောင်းဘုရား ပုထိုးပွဲကျင်းပမည်



**မောင်မိုးသက်(စစ်တွေ)**

**မြောက်ဦး၊ မေ-၂၄**

ရခိုင်ပြည်နယ်၏ အထင်ရှားဆုံးသောဘုရားပွဲတော်ဖြစ်သည့် ရှစ်သောင်း၊ ကိုးသောင်း၊ အံ့တော်သိမ်၊ ထုက္ကန့်သိမ်နှင့် လေးမျက်နှာဘုရား၊ ပုထိုးပွဲတော်ကို လာမည့် မေလ(၅)ရက်မှစတင်၍ မြောက်ဦးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါဘုရားပွဲတော်မှာနှစ်စဉ် ကဆုန်လရောက်တိုင်း ရှေးရခိုင် ဘုရင်မင်းများလက်ထက်ကပင် ကျင်းပလာခဲ့ခြင်းဖြစ်ပြီး အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများလာရောက်၍ အလွန်စည်ကားသည့် ပွဲတော်တစ်ခု ဖြစ်သည်။

ပွဲတော်ကာလအတွင်း ရခိုင်ရိုးရာ ကျင်းကိုင်ပွဲ(နပန်းလုံးပွဲ)၊ လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက်ပွဲ၊ ဘောလုံးပွဲများနှင့်အတူ ရခိုင်ရိုးရာ ယဉ်ကျေးမှုဆိုင်မီးထွန်းအကနှင့် ဇာတ်ပွဲသဘင်များနှင့်လည်း ကျင်းပကြောင်း သိရသည်။

ထူးခြားချက်မှာရေပေါ်သင်္ကြန်ပွဲတော်ကို မြောက်ဦးမြို့သင်္ဘောဆိပ်ရှိရာ အောင်တပ်ချောင်းအတွင်း၌ လှေပြိုင်ပွဲနှင့်အတူ ကျင်းပကြောင်းသိရှိရသည်။

“အပျို လူပျိုတွေလှေစီးရင်း ရေပက် ကစားကြလေ့ရှိတယ်။ ရှစ်သောင်းဘုရားပွဲရောက်မှကြုံရတာ။ အရမ်းပျော်ဖို့ ကောင်းတယ်။ ဒုတိယ ရခိုင်သင်္ကြန်ပွဲလို့လည်းပြောကြတယ်။ တချို့က ဆောင်းဘောက်ကြီးတွေ လှေမှာတင်ပြီး ပတ်ကြတယ်။ တစ်ခါတလေ နိုင်ငံခြားသားတွေလည်းပါဝင်ဆင်နွှဲကြသေးတယ်”ဟုမြောက်ဦးမြို့ခံ တစ်ဦးက ပြောကြားသည်။

အဆိုပါ ဘုရားပွဲတော်ကို လာမည့် မေလ ၅ ရက်မှ ၁၀ရက်အထိကျင်းပမည်ဖြစ်ကြောင်း သိရသည်။

# သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီး အဆောက်အအုံတွင် စားသောက်ဆိုင်ဖွင့်ပါက ခွင့်ပြုချက်တောင်းရမည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၂၁**

ပုဂံမြို့ဟောင်းအတွင်းရှိသီရိဇေယျာဘူမိပုဂံရွှေနန်းတော်ကြီး အဆောက်အအုံအတွင်း စားသောက်ဆိုင်ဖွင့်လှစ်မည်ဆိုပါက သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်တင်ရမည်ဟု ရှေးဟောင်းသုတေသနအမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ တာဝန်ရှိအရာရှိကြီးတစ်ဦးက ပြောသည်။

အဆိုပါအဆောက်အအုံကို ယခုနှစ်မှစ၍ ထူးကုမ္ပဏီသို့ ငါးနှစ်စာချုပ်ဖြင့် ငှားရမ်းခဲ့ပြီး ဌာနအနေဖြင့် ဝင်ကြေးကောက်ခံခြင်းများ မပြုလုပ်တော့ကြောင်း အဆိုပါအဆင့်မြင့်အရာရှိက ဆိုသည်။


ထိုကဲ့သို့ငှားရမ်းပြီးနောက် အဆိုပါအဆောက်အအုံတွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းများခန့်ထားရန် လျှောက်လွှာများ စတင်လက်ခံနေပြီး ထိုအထဲတွင် စားသောက်ဆိုင်လုပ်ငန်းအတွေ့အကြုံရှိသူများကိုပါ ခေါ်ယူထားကြောင်း ပုဂံဒေသခံများကဆိုသည်။

“ဒီအဆောက်အအုံထဲမှာ စားသောက်ဆိုင်မဖွင့်စေချင်တာ ပုဂံဒေသခံတွေရဲ့ဆန္ဒပါ။ အခု ရှေးဟောင်းဇုန်ထဲမှာ တော်တော်များများ နေရာမရှိတော့ဘူး”ဟု ပုဂံဒေသခံ ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

ဝန်ကြီးဌာနက တာဝန်ယူထားစဉ်က သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်ရာ အဆောက်အအုံအတွင်း ဝင်ရောက်ကြည့်ရှုလိုပါက ဝင်ကြေးအဖြစ် နိုင်ငံခြားသားတစ်ဦးလျှင် ငါးဒေါ် လာကောက်ခံခဲ့သည်။


7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# The Cartoon Logo

























7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

## ဖိလစ်ပိုင်သမ္မတ၏ ကြံစိုက်ခင်းများကို ခွဲခြမ်းစိတ်ဖြာရေး တရားရုံး ဆုံးဖြတ်

**မနီလာ၊ မေ - ၁၈**

ဖိလစ်ပိုင်နိုင်ငံသမ္မတ အကွီနို၏ ဆွေမျိုးများပိုင်ဆိုင်သောကြံစိုက်ခင်းကို ခွဲခြမ်းစိတ်ဖြာ၍ လယ်သမားထောင်ပေါင်းများစွာအားခွဲဝေပေးရန် ဖိလစ်ပိုင်တရားရုံးချုပ်ကဆုံးဖြတ်လိုက်ကြောင်းသိရသည်။ မပြီးပြတ်သေးသော မြေယာစနစ်ပြုပြင်ပြောင်းလဲရေးနှင့် မငြိမ်မသက်မှုများ နှစ်ပေါင်းများစွာရှိခဲ့ပြီးနောက်ယခုဆုံးဖြတ်ချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။

ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုက ခြစားမှုစွပ်စွဲမှုများကြောင့် တရားရုံးချုပ်တရားသူကြီးအားရာထူးမှဆင်းပေးရန် ပြောကြားခဲ့ပြီးနောက် ယခုဆုံးဖြတ်ချက်မှာ နိုင်ငံရေးနှင့်ပါ ပတ်သက်ဆက်နွှယ်နေခဲ့သည်။ ၎င်းအားရာထူးမှဖယ်ရှားရန် စုံစမ်းစစ်ဆေးမှုများနှင့် ရင်ဆိုင်နေရသည့် တရားသူကြီးချုပ် ရီနာတိုကိုရိုနာကလည်း ဥယျာဉ်ခြံနှင့် ပတ်သက်၍ တရားရုံး၏ဆုံးဖြတ်ချက်မှာ လယ်သမားများကိုမျက်နှာသာပေးထား၍ အကွီနိုက ၎င်းအပေါ် စွဲချက်တင်ခြင်းဖြစ်သည်ဟု ပြောကြားသည်။

ဟာဆင်ဒါလူစီတာဒေသမှ လယ်သမားပေါင်းများစွာက တရားရုံး၏ ဆုံးဖြတ်ချက်ကို လက်ခုပ်လက်ဝါးတီး၍ အားရဝမ်းသာထောက်ခံခဲ့သည်။ လယ်သမားများမှာ တရားရုံးဆုံးဖြတ်ချက်ကို ကြားနာရန် မိုင် ၆၀ ခန့်ခရီးဆန့်ခဲ့ရသည်။

ဖိလစ်ပိုင်နိုင်ငံသည် လယ်ယာမြေစနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို အာဏာရှင် ဖာဒီနန်မားကို့စ်ပြုတ်ကျပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ စတင်လာခဲ့ရာယခုအချိန်အထိ အငြင်းပွားမှုများကြုံတွေ့နေရဆဲဖြစ်သည်။

*—Ref: AP*

## ၂၀၁၁ အတွင်း တရုတ်ဘဏ်များ၏ အမြတ်ငွေ ၃၉ ရာခိုင်နှုန်းမြင့်မားလာ

**ဘေဂျင်း၊ မေ - ၂၄**

၂၀၁၁ ခုနှစ်အတွင်းတရုတ်ဘဏ်များ၏ အမြတ်ငွေသည် လေးနှစ်အတွင်းအလျင်အမြန်ဆုံး တိုးပွားလာခဲ့ကြောင်း တရုတ်နိုင်ငံမှ ထုတ်ပြန်သော နှစ်စဉ်အစီရင်ခံစာတစ်ခုက ဖော်ပြသည်။

စီးပွားရေးပေါ်လစီဘဏ်များ၊ ကုန်သွယ်ရေးဘဏ်များ၊ ကျေးလက်သမဝါယမ ငွေကြေးအဖွဲ့အစည်းများနှင့် နိုင်ငံခြားဘဏ်များ၏ ၂၀၁၁ ခုနှစ် စုစုပေါင်း အသားတင်အမြတ်ငွေမှာ ကန်ဒေါ်လာ ၁ ဒသမ ၂၅ ထရီလီယံယွမ်ရှိပြီး ယင်းမှာ ၂၀၁၀ ထက် ၃၉ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်ကြောင်း တရုတ်ဘဏ်လုပ်ငန်းစည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ထုတ်ပြန်သည်။

ဥရောပ၏ ကြွေးမြီအကျပ်အတည်းကြောင့် ကမ္ဘာ့စီးပွားရေးနှေးကွေးသွားနိုင်သည်ဟူသော စိုးရိမ်မှုများရှိခဲ့သည့် အောက်တိုဘာလနောက်ပိုင်းမှစ၍ တရုတ်နိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ရေးဘဏ်ကြီးရှစ်ဘဏ်၏ ရှယ်ယာများမှာ ၅၄ ရာခိုင်နှုန်း ပျမ်းမျှတိုးတက်လာခဲ့ပြီဖြစ်သည်။ သို့သော် ဘဏ်များအတွက် အန္တရာယ်လျော့ပါးအောင်လုပ်ဆောင်ခြင်းနှင့် ငွေကြေးဖောင်းပွမှုထိန်းချုပ်ခြင်းများ၊ ငွေချေးငှားမှုနှုန်းထားများကို မြင့်တက်သွားစေခဲ့ပြီး အိမ်ခြံမြေဈေးကွက်ကို အားနည်းသွားစေခဲ့သလို ကြွေးမြီပြန်လည်ပေးဆပ်ရန် ပျက်ကွက်မှုများဖြစ်ပေါ်လာစေခဲ့သည်။ တရုတ်စီးပွားရေးသည် ၂၀၁၁ ခုနှစ်တွင် ၉ ဒသမ ၂ ရာခိုင်နှုန်းသာဖွံ့ဖြိုးတိုးတက်ပြီး ယင်းမှာ ၂၀၁၀ ခုနှစ် ဖွံ့ဖြိုးတိုးတက်မှု ၁၀ ဒသမ ၄ ရာခိုင်နှုန်းထက် လျော့နည်းလာခြင်းဖြစ်သည်။

*—Ref: Bloomberg*



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဆန္ဒပြသူတစ်ဦးက ရဲတပ်ဖွဲ့ကို မျက်ရည်ယိုဓာတ်ငွေ့ဘူးဖြင့် ပြန်လည်ပစ်ပေါက်နေသည်ကို ဧပြီလ ၂၇ ရက်က တွေ့ရစဉ်။ အမျိုးသားရွေးကောက်ပွဲများမတိုင်မီ သာတူညီမျှမရှိဟုဆိုသော ရွေးကောက်ပွဲဆိုင်ရာ ပေါ်လစီများကို ပြုပြင်ရန်တောင်းဆိုသည့် ထောင်ပေါင်းများစွာသော ကန့်ကွက်ဆန္ဒပြသူများအား မလေးရှားရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများနှင့်အတူ ဓာတုဗေဒအရည်များ ရောနှောထားသော ရေများဖြင့် ဖျန်းပက်ခဲ့သည်။ ယင်းဆန္ဒပြမှုတွင် လူ ၂၅၀၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။ ဓာတ်ပုံ - AP

## စင်ကာပူချန်ဂီလေဆိပ်တွင် ခရီးသည်ဝင်ထွက်မှု မတ်လက စံချိန်တင်ခဲ့

**စင်ကာပူ၊ မေ - ၂၅**

စင်ကာပူချန်ဂီလေဆိပ်သည်ယခုနှစ်မတ်လအတွင်း ခရီးသည် စုစုပေါင်း ၄ ဒသမ ၂၈ သန်းစံချိန်တင်ဝင်ထွက်ခဲ့ရာ ယမန်နှစ်ကထက် ၁၅ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

ယခုစံချိန်မှာ လေဆိပ်သက်တမ်းတစ်လျှောက် နှစ်စဉ်မတ်လတိုင်းတွင်လေဆိပ်ကဝန်ဆောင်မှုပေးခဲ့သမျှ ခရီးသည်အရေအတွက်အမြင့်မားဆုံးဖြစ်ကြောင်း ချန်ဂီလေဆိပ်တာဝန်ရှိသူများကပြောသည်။ ထို့ပြင် ၂၀၁၂ ၏ ပထမသုံးလပတ်အတွင်း လေဆိပ်သည်ခရီးသည်အဝင်အထွက်စုစုပေါင်း ၁၂ ဒသမ ၃ သန်းရှိခဲ့ရာ ယမန်နှစ် ထိုကာလကထက် ၁၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်သည်။ လေဆိပ်တာဝန်ရှိသူများက "ခရီးသည်အဝင်အထွက်တိုးတက်လာတာဟာ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ တောင်အာရှ၊ အရှေ့မြောက်အာရှနဲ့ အရှေ့တောင်အာရှဒေသအတွင်း ခရီးသည်အဝင်အထွက်နှစ်ဆတိုးလာတာကြောင့် ဖြစ်ပါတယ်" ဟုဆိုသည်။

၂၀၁၂ မေ ၁ ရက်အထိ ချန်ဂီလေဆိပ်နှင့် ဆက်သွယ်ပျံသန်းနေသော လေကြောင်းလိုင်း ၁၀၀ ရှိပြီး နိုင်ငံပေါင်း ၆၀ ခန့်မှ လေဆိပ် ၂၂၀ သို့စင်ကာပူမှ အပတ်စဉ်ပျံသန်းမှု ၆,၂၀၀ အကြိမ်ခန့်ရှိသည်။

*—Ref: Aisa one*

## အာရှစာပေဆုရ တောင်ကိုရီးယားစာရေးဆရာ၏ ဝတ္ထုအုပ်ရေ နှစ်သန်းကျော် ရောင်းချ

**ဆိုးလ်၊ မေ - ၂၄**

တောင်ကိုရီးယားမှ ၂၀၁၁ အတွက် အာရှစာပေဆုရ စာရေးဆရာကျန်ဆွတ်ရှင်း၏ မိသားစုမေတ္တာဘွဲ့ ဝတ္ထုစာအုပ် Please Look After Mom သည်၎င်း၏ အမိမြေတောင်ကိုရီးယားနိုင်ငံတစ်ခုထဲ၌ပင် အုပ်ရေနှစ်သန်းကျော် အထိအံ့သြဖွယ်စံချိန်တင်ရောင်း ချခဲ့ရကြောင်းသိရသည်။ ယင်းဝတ္ထုစာအုပ်ကို ထုတ်ဝေသည့် ချန်ဘီစာအုပ်တိုက်၏ ဒါရိုက်တာ လီဆန်ဆူးက ၁၉၉၀ နှစ်များမှစ၍ တောင်ကိုရီးယားတွင် အခြားဝတ္ထုနှစ်အုပ်သာ စောင်ရေနှစ်သန်းကျော်သည့် စံချိန်ကို ရရှိခဲ့ဖူးကြောင်း၊ ထို့ကြောင့် ယခုအောင်မြင်မှုမှာ စာပေစစ်စစ်လက်ရာတစ်ခုအတွက် ရှားပါးသောအောင်မြင်မှုဖြစ်ကြောင်း ပြောသည်။

စာရေးဆရာကျန်ဆွတ်ရှင်းသည် အဆိုပါဝတ္ထုဖြင့် ၂၀၁၁ Man Asian Literary Prize ခေါ် အာရှစာပေဆုကို တောင်ကိုရီးယားစာရေးဆရာများထဲမှ ပထမကြိမ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ အဆိုပါဝတ္ထုသည် မိသားစုတစ်စုတွင် မိခင်ပျောက်ဆုံးပြီးနောက် ကြုံတွေ့ရသည်များကို သရုပ်ဖော်ထားသည်။ စာအုပ်ကို ၂၀၀၈ တွင် စတင်ထုတ်ဝေခဲ့ပြီး ၁၀ လအတွင်း၌ပင် ပြည်တွင်း၌ အုပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရကာအမေရိကန်ပြည်ထောင်စုတွင်လည်း ဖြန့်ချိပြီးရက်အနည်းငယ်အတွင်း အုပ်ရေ တစ်သိန်းကျော် ရောင်းချခဲ့ရသည်။ ယခုအခါ ထိုဝတ္ထုစာအုပ်ကို နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် ထုတ်ဝေသွားရန် ပြင်ဆင်နေသည်။

*—Ref:*




## တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ထက်ဝက်ခန့် အဆုတ်နှင့် နှလုံးရောဂါ အန္တရာယ်ကို သတိမပြုမိဟုဆို

**စင်ကာပူ၊ မေ - ၂၄**

ကမ္ဘာ့နှလုံးရောဂါ အဖွဲ့ချုပ်ကကြီးကြပ်၍ နိုင်ငံတကာ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးစီမံချက် (ITC ပရောဂျက်) တို့က ရေးသားသော အစီရင်ခံစာအရ တရုတ်နိုင်ငံတွင်ဆေးလိပ်သောက်သုံးသူများမှ ထက်ဝက်ခန့်သည် ဆေးရွက်ကြီးကြောင့် ဖြစ်နိုင်ခြေရှိသော အဆုတ်နှင့် နှလုံးရောဂါအန္တရာယ်များကို သတိပြုမိခြင်း မရှိကြောင်း သိရသည်။

နိုင်ငံအလိုက် ဆေးလိပ်သောက်သုံးသူများကို နှိုင်းယှဉ်လေ့လာခဲ့သော ယခုအစီရင်ခံစာတွင် တရုတ်ဆေးလိပ်သောက်သူများ၏ ထက်ဝက်ခန့်မှာ ဆေးလိပ်ကြောင့်ဖြစ်မည့် ရောဂါအန္တရာယ်များကို သတိမမူမိသလို အိန္ဒိယနှင့်ဗီယက်နမ်နိုင်ငံရှိဆေးလိပ်သောက်သူ သုံးပုံတစ်ပုံခန့်မှာလည်း သတိမမူမိကြောင်း ဆိုသည်။ ထို့ပြင် အိန္ဒိယ၊ ဥရုဂွေး၊ တောင်ကိုရီးယားနှင့်ပိုလန်နိုင်ငံတို့မှ ဆေးလိပ်သောက်သူများ၏ ထက်ဆေးလိပ်သောက်ခြင်းကြောင့် လေဖြတ်ရောဂါ ဖြစ် စေနိုင်မှုကို မသိသလိုတရုတ်နိုင်ငံမှဆေးလိပ်သောက်သူ ၇၀ ရာခိုင်နှုန်းသည်လည်းမသိရှိကြကြောင်းဆိုသည်။

ဗီယက်နမ်နိုင်ငံတွင်၉၀ရာခိုင်နှုန်းသော ဆေးလိပ်သောက်သူများနှင့် မသောက်သူများသည် ဆေးလိပ်ငွေ့ရှူရှိုက်မိမှုကြောင့် နှလုံးရောဂါဖြစ်စေနိုင်သည်ကိုမသိကြကြောင်း တွေ့ရသည်။ နှလုံးနှင့် ဆက်နွှယ်သော ရောဂါများသည် ကမ္ဘာပေါ်တွင် လူအသေအပျောက်အများဆုံး ရောဂါများစာရင်းတွင် ပါဝင်နေပြီး နှစ်စဉ်၎င်းရောဂါများကြောင့် လူပေါင်း ၁၇ ဒသမ ၃ သန်းခန့်သေဆုံးနေရသည်။

*—Ref: AP*

7 DAY NEWS JOURNAL
Vol.11, No.8 ▪ MAY 3 , 2012

# နှစ် ၄၀၀ သက်တမ်းရှိ ကမ္ဘာ့သက်တမ်းအရင့်ဆုံး ရှေးဟောင်းစိန်တစ်ပွင့် လေလံတင်မည်

**လန်ဒန်၊ မေ - ၂၄**
လန်ဒန်ရှိ ဆောက်သ်ဘီလေလံကုမ္ပဏီသည် လာမည့်လတွင် နှစ် ၄၀၀ သက်တမ်းရှိပြီး တန်ကြေးဒေါ်လာ ၂ သန်းနှင့် ၄ သန်းကြားတွင်ရှိသော ကမ္ဘာ့သက်တမ်းအရင့်ဆုံး စိန်တစ်ပွင့်ကို လေလံတင်ရောင်းချသွားမည်ဟု သိရသည်။ ယင်းစိန်မှာ ဗြူဆန်စီအမည်ရစိန်ပွင့်ဖြစ်ကာ အလေးချိန် ၃၄ ဒသမ ၉၈ ကာရက်ရှိသည်။ အဆိုပါစိန်ကို မကြာမီ ပါရီ၊ လန်ဒန်၊ ဇူးရစ်မြို့တော်ကြီးများ၌ အများပြည်သူသို့ ပြသသွားမည်ဖြစ်ကာ ဂျီနီဗာတွင် မေ ၁၄ ရက်၌ လေလံတင်ရောင်းချမည်ဖြစ်သည်။

ဗြူဆန်စီစိန်ပွင့်ကြီးကို ပြင်သစ်ဘုရင်မ မာရီဒီမီဒီစီက ပိုင်ဆိုင်ခဲ့ပြီး အိန္ဒိယရှိဂယ်လ်ကွန်ဒါမြို့ စိန်တွင်းတစ်တွင်းမှ တူးဖော်ရခဲ့ခြင်းဖြစ်သည်။ ယင်းစိန်ကို ဂျာမနီ၏ နောက်ဆုံးကေရာဇ် ဗီလ်ဟမ်-၂ လည်း ပိုင်ဆိုင်ခဲ့ဖူးသည်။ ဗြူဆန်စီဟူသောအမည်မှာ ၁၆ ရာစုပြင်သစ်သံတမန်ဟာလေဒီဆန်စီကို အစွဲပြု၍ ပေးထားခြင်းဖြစ်သည်။

*—Ref: Telegraph*

ကျော်ကျော်နိုင် မိသားစုနည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်ပိုင်
ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူ မြောက်များစွာ မွေးထုတ်ပေးခဲ့သည့်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူ သင်တန်း**

အမှတ်(၂၄၉)(2B,3B,5B,6B,7Bထပ်)ဗားဂရာလမ်းမကြီး၊ } ကပ်လျက်တိုက်၊
အမှတ်(၂၅၁)၊ (3A, 6B, 7B ထပ်)ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
(မြေနီကုန်း၊-ဝမုန်းပွင့်ကုန်တိုက်အနီး) ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀
(Open 7:00 am To 7:00 pm)ပိတ်ရက်မရှိပါ။

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။
- ဝန်ဆောင်ခပေးစရာ မလိုဘဲ အလုပ်ရရန် ကူညီမည်။ နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။
- ဓာတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)၊ 2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။ လူဦးရေကန့်သတ်ထားပါသည်။

**အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိရန် **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။

(I) တစ်လပြတ်အထူး (တစ်ပတ်ငါးရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ
တနင်္လာ မှ သောကြာနေ့အထိ

| | |
|---|---|
| စဉ် (၂၀၇၂) ၇-၅-၁၂ | စဉ် (၂၀၇၅) ၁၄-၅-၁၂ |
| စဉ် (၂၀၇၃) ၉-၅-၁၂ | စဉ် (၂၀၇၆) ၁၆-၅-၁၂ |
| စဉ် (၂၀၇၄) ၁၀-၅-၁၂ | စဉ် (၂၀၇၇) ၁၇-၅-၁၂ |

(II) နှစ်လပြတ်အထူး (တစ်ပတ်နှစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

| | |
|---|---|
| စဉ်(၂၀၇၈) ၈-၅-၁၂ (Tue & Wed) | စဉ်(၂၀၈၁) ၁၂-၅-၁၂ (Sat & Sun) |
| စဉ်(၂၀၇၉) ၉-၅-၁၂ (Wed & Thur) | စဉ်(၂၀၈၂) ၁၅-၅-၁၂ (Tue & Wed) |
| စဉ်(၂၀၈၀) ၁၀-၅-၁၂ (Thur & Fri) | စဉ်(၂၀၈၃) ၁၆-၅-၁၂ (Wed & Thur) |

(III) သုံးလပြတ်အထူး(တစ်ပတ်တစ်ရက်) ဆေးဆိုင်ဖွင့်ရန်နှင့် သူနာပြုအကူ

| | |
|---|---|
| စဉ် (၂၀၈၄) ၁၂-၅-၁၂ (Sat) | စဉ် (၂၀၈၆) ၁၉-၅-၁၂ (Sat) |
| စဉ် (၂၀၈၅) ၁၃-၅-၁၂ (Sun) | စဉ် (၂၀၈၇) ၂၀-၅-၁၂ (Sun) |

(IV) နိုင်ငံတကာအဆင့်မီ ဒီပလိုမာသင်တန်းများ (တနင်္လာ မှ သောကြာနေ့အထိ)
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် (IV) နှစ်နှစ် (V) သုံးနှစ်

| | |
|---|---|
| စဉ် (၂၀၈၈) ၈-၅-၁၂ | စဉ် (၂၀၉၀) ၁၅-၅-၁၂ |
| စဉ် (၂၀၈၉) ၁၀-၅-၁၂ | စဉ် (၂၀၉၁) ၁၇-၅-၁၂ |

(V) သားဖွားမီးယပ်(၃)လဒီပလိုမာ (Sat, Sun, Mon, Tue, Wed)

| | |
|---|---|
| စဉ် (၂၀၉၂) ၁၄-၅-၁၂ | စဉ် (၂၀၉၃) ၂၁-၅-၁၂ |

သင်တန်းအားလုံးအတွက် သင်ကြားနိုင်သည့် အချိန်များ

| | |
|---|---|
| (I) 8:00 am to 11:00 am | (IV) 01:00 pm to 04:00 pm |
| (II) 9:00 am to 12:00 pm | (V) 05:30 pm to 07:30 pm |
| (III) 11:00 am to 02:00 pm | |

## Leader's Profile



### အရှေ့တီမောနိုင်ငံ၏ သမ္မတဖြစ်လာမည့်
# မစ္စတာတူအာမာတန်ရက်

ရဲမင်း

'စူးရှသော မျက်လုံးတစ်စုံ' ဟု အမိပ္ပာယ်ရသည့်တူအာမန်တန်ရက်သည် ၂၀၁၁ ခုနှစ် အောက်တိုဘာလ ၆ ရက်အထိ အရှေ့တီမောနိုင်ငံ၏ စစ်ဦးစီးချုပ်နှင့် ဗိုလ်မှူးချုပ်ဖြစ်သည်။ ယင်းမတိုင်မီတွင်အရှေ့တီမောကျွန်းအား အင်ဒိုနီးရှားနိုင်ငံ၏ သိမ်းပိုက်မှုကို ၁၉၇၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ၂၄ နှစ်ကြာ ပုန်ကန်တော်လှန်ခဲ့သော အရှေ့တီမောလွတ်မြောက်ရေး လက်နက်ကိုင်တပ်ဖွဲ့ကို နောက်ဆုံး ဦးဆောင်ခဲ့သည့်တပ်မှူးလည်းဖြစ်သည်။

၁၉၇၅ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အင်ဒိုနီးရှားတပ်ဖွဲ့များ အရှေ့တီမောကျွန်းအား ကျူးကျော်ခဲ့ရာတွင် မာတန်ရက်သည် အရှေ့တီမောလွတ်မြောက်ရေး လက်နက်ကိုင်တပ်ဖွဲ့နှင့် အတူတောခိုခဲ့သည်။ တိုက်ခိုက်ရေးသမားတစ်ဦးအဖြစ် မာတန်ရက်သည် အင်ဒိုနီးရှားတပ်ဖွဲ့များအား ဆန့်ကျင်တွန်းလှန်သည့်တိုက်ပွဲအများအပြားတွင် ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် အရှေ့တီမော အရှေ့မြောက်ကမ်းခြေ လာဂါတွင် အခြေချခဲ့သည်။

မာတန်ရက်သည် အရှေ့တီမော၏ အရှေ့ဘက်စစ်တိုင်းနှစ်တိုင်းတွင် အဓိကတာဝန်ထမ်းဆောင်ရင်း တပ်ခွဲမှူး အဆင့်ထိ တိုးမြှင့်ခံရသည်။ ၁၉၇၈ ခုနှစ် နိုဝင်ဘာလတွင် တီမောတော်လှန်ရေး၏ နောက်ဆုံးအခြေစိုက်စခန်း မာတီဘီယန်တောင်စခန်းကျဆုံးသွားချိန်တွင်လည်း မာတန်ရက်သည်အခြားတပ်ဖွဲ့များကို စုစည်းကာမွန်တီလီဂူမော ဒေသအား အခြေစိုက်၍ ပြောက်ကျားတော်လှန်ရေးပြန်လည် စတင်ခဲ့သည်။

၁၉၇၈ ခုနှစ်တွင် တပ်မှူး နီကိုလောလိုဘာတူ သေဆုံးသွားပြီးနောက် နိုင်ငံအရှေ့ပိုင်းများ၌ ပြောက်ကျားတော်လှန်ရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားခံရသော မာတန်ရက်သည် အသက်ရှင်ကျန်သူများအား ကယ်တင်ရန် စစ်ဆင်ရေးတစ်ခုတွင် အင်ဒိုနီးရှားတပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ သို့သော် ၂၃ ရက်အကြာတွင် လွတ်မြောက်အောင် ထွက်ပြေးနိုင်ခဲ့ပြီး တော်လှန်ရေးတပ်ဖွဲ့များနှင့် ပြန်လည်ပေါင်းစည်းနိုင်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် မာတန်ရက်သည် အရှေ့တီမော၏ အရှေ့ပိုင်းနှင့် အလယ်ပိုင်း စစ်တိုင်းများကို တာဝန်ယူရသူဖြစ်လာသည်။ ၁၉၈၃ ခုနှစ်တွင် ရာထူးတိုးမြှင့်ခံရပြီး အရှေ့ပိုင်းတိုင်းကွန်မန်ဒိုစစ်ဆင်ရေးများကို မဟာဗျူဟာမြောက် စီစဉ်ပေးရသူဖြစ်လာသည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ဗိုလ်မှူးကြီးမာတန်ရက်သည် အနောက်ပိုင်းတိုင်းကွန်မန်ဒိုစစ်ဆင်ရေးများအတွက် စစ်ဘက်အကြံပေးတာဝန်ထမ်းဆောင်ခဲ့သည်။ အရှေ့တီမောလွတ်မြောက်ရေးတပ်ဖွဲ့၏ ဒုတိယစစ်ဦးစီးချုပ်အဖြစ် မာတန်ရက်သည်အရှေ့တီမော ဒေသတစ်ခုလုံး၏ ကွန်မန်ဒိုစစ်ဆင်ရေးများကို ဦးဆောင်ခဲ့သည်။

၁၉၉၂ ခုနှစ်တွင် ထိုစဉ်က စစ်ဦးစီးချုပ် ဆာနနာဂတ်စ်မော အဖမ်းခံလိုက်ရသောအခါ မာတန်ရက်သည်စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၂၀၀၂ ခုနှစ်မေလ ၂၀ ရက် အရှေ့တီမော လွတ်လပ်ရေးရရှိလာခဲ့ချိန်တွင် မစ္စတာတူအာမာတန်ရက်သည် အရှေ့တီမောနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ဦးစီးချုပ်ဖြစ်လာခဲ့ပြီး ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခံရသည်။

မစ္စတာတူအာမာတန်ရက်သည် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် စစ်ဦးစီးချုပ်ရာထူးမှနုတ်ထွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင်သမ္မတရွေးကောက်ပွဲဝင်ရောက်ရန် ဆုံးဖြတ်ခဲ့ပြီး မတ်လ ၁၇ ရက်သမ္မတရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည်။ ဧပြီ ၁၆ ရက်ဒုတိယအကျော့ရွေးကောက်ပွဲတွင်လည်းပြိုင်ဘက် ဖရန်စစ္စကိုဂူတာရက်အပေါ် ထပ်မံအနိုင်ရရှိခဲ့သည်။

*—Ref: Wikipedia*

### နောက်ကျောဖုံး - အီဂျစ်အစိုးရအဖွဲ့ အပြောင်းအလဲများ ပြုလုပ်မည် မှ

ယခုကဲ့သို့ အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်မည့်အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

အစိုးရအဖွဲ့ အပြောင်းအလဲတွင် အစ္စလာမ်မစ်များကို လိုလားသောဝန်ကြီးအသစ်များနှင့် အခြားပါတီများမှကိုယ်စားလှယ်များလည်းပါဝင်နိုင်ကြောင်း အယ်လ်အာရမ်သတင်းစာက ဖော်ပြသည်။

ပါလီမန်တွင် အမတ်နေရာထက်ဝက်ခန့်ကို ချုပ်ကိုင်ထားသော မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့က ဝန်ကြီးချုပ် ကာမယ်အယ်လ်ဂန်ဇူရီ ဦးဆောင်သောအဖွဲ့မှာ အရည်အချင်းမပြည့်ဝဟုပြောဆိုပြီး အစိုးရအဖွဲ့အား ထုတ်ပယ်ရန် စစ်ဘက်ကောင်စီကို တိုက်တွန်းပြောကြားလျက်ရှိသည်။ *—Ref: The Hindu*

### နောက်ကျောဖုံး - ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ အမေရိကန်သို့ သွားရောက်မည် မှ

အိုကီနာဝါသဘောတူညီချက်အရအမေရိကန်မရိမ်းတပ်ဖွဲ့ဝင် ၉,၀၀၀ မှာ ဂျပန်နိုင်ငံမှ ရွှေ့ပြောင်းရမည်ဖြစ်သည်။ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်နိုင်မည့် အခြေစိုက်စခန်းများလည်း ထူထောင်သွားမည်ဖြစ်သည်။ယင်းမှာ ဒေသတွင်းလုံခြုံရေးတွင် ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍချဲ့ထွင်လာခြင်းဖြစ်သည်။

"အမေရိကန်-ဂျပန် မဟာမိတ်ဆက်ဆံရေးအနာဂတ်အရေးနဲ့ပတ်သက်ပြီး အမြင်ချင်း ပွင့်ပွင့်လင်းလင်း ဖလှယ်သွားချင်ပါတယ်" ဟုဂျပန်ဝန်ကြီးချုပ်နိုဒါက တိုကျိုမြို့မှ မထွက်ခွာမီ သတင်းထောက်များအားပြောကြားသည်။

မစ္စတာနိုဒါနှင့် မစ္စတာအိုဘားမားတို့သည် မြောက်ကိုရီးယားနိုင်ငံ၏ မအောင်မြင်သော ဒုံးပျံလွှတ်တင်မှုနှင့် တတိယအကြိမ် နျူကလီးယားစမ်းသပ်ရန် မျှော်လင့်ထားမှုအခြေအနေများကို ဆွေးနွေးမည်ဟုမျှော်လင့်ရသည်။

*—Ref: BBC*

# အိပ်ချ်အိုင်ဗွီ ပြန့်ပွားမှုကို ဟန့်တားနိုင်မည့် ဂျယ်တစ်မျိုး တရုတ်ပညာရှင်များတွေ့ရှိ

**ဟောင်ကောင်၊ မေ - ၂၄**
တရုတ်နိုင်ငံမှသုတေသီများသည် လိင်ဆက်ဆံမှုတစ်ဆင့်အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်ပိုးပျံ့ပွားမှုကို ဟန့်တားနိုင်မည့် ဂျယ်တစ်မျိုးကို စမ်းသပ်ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

ဟောင်ကောင် တက္ကသိုလ်၊ ရှန်ဟိုင်း Targetdrug ကုမ္ပဏီ၊ နန်ကျင်းတက္ကသိုလ်နှင့် ဟောင်ကောင်မြို့တော် တက္ကသိုလ်တို့ ပူးတွဲပြုလုပ်ခဲ့သည့် သုတေသနတစ်ခုတွင် ပညာရှင်များသည် လူ့ခန္ဓာကိုယ်ဆဲလ်များထဲ အိပ်ချ်အိုင်ဗွီပိုးဝင်ရောက်ခြင်းကို တားမြစ်နိုင်သည့် မော်လီကျူးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ဟောင်ကောင်တက္ကသိုလ်လီကာရှင်းဆေးပညာဌာန၏အေအိုင်ဒီအက်စ်အင်စတီကျူဒ်မှ ဒါရိုက်တာကျီဝေချန်က TD-0680 ဟု အမည်ပေးထားသော ယင်းမော်လီကျူးသည် လိင်ဆက်ဆံမှုမှ အိပ်ချ်အိုင်ဗွီကူးစက်မှုကာကွယ် ရေးကိုတိုက်ဖျက်ရန် အလားအလာကောင်းကြောင်း၊ ၎င်းကို မိုက်ကရိုဘိုင်ဆိုက်ဒ်ဂျယ်အဖြစ် ဖန်တီးကာသုံးစွဲနိုင်ကြောင်းဆိုသည်။ ယင်းဂျယ်ထုတ်လုပ်နိုင်ပါက အမျိုးသမီးများကို အထူးကာကွယ်ပေးနိုင်မည်ဖြစ်ကာ ကွန်ဒုံးအသုံးပြုခြင်းအစား သုံးစွဲနိုင်မည့် ပိုးကူးစက်မှုကာကွယ်ရေးနည်းလမ်းတစ်ရပ်ဖြစ်လာမည်ဟု သိရသည်။

တရုတ်နိုင်ငံတွင် အေအိုင်ဒီအက်စ်ဖြစ်ပွားမှုပေါင်း ၉၀ ရာခိုင်နှုန်းခန့်မှာ အကာအကွယ်မဲ့ လိင်ဆက်ဆံမှုများကြောင့်ဖြစ်ကြောင်း သုတေသီများကပြောသည်။ ၎င်းတို့၏ လေ့လာချက်စာတမ်းကို Biological Chemistry ဂျာနယ်တွင် မကြာမီကပုံနှိပ်ဖော်ပြခဲ့သည်။ *—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012



# တာဂျစ်ကစ္စတန်သမ္မတ အီမိုမာလီရာမွန်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းဖြစ်တဲ့ တာဂျစ် ကစ္စတန်ဟာ ဆိုဗီယက်မှ လွတ်လပ်ရေးရခဲ့တာ နှစ် ၂၀ ကြာခဲ့ပါပြီ။ ဒါပေမဲ့ ဗဟိုအာရှဒေသရဲ့ အဆင်းရဲဆုံးနိုင်ငံတွေထဲက တစ်ခုဖြစ်တဲ့ တာဂျစ်ကစ္စတန်ဟာ စီးပွားရေးအရ ရုရှားကိုမှီခိုနေရဆဲဖြစ်သလို အာဖဂန်၊ အီရန်တို့လို နိုင်ငံတွေနဲ့ ၎င်းရဲ့နယ်နိမိတ်ထိစပ်မှုကြောင့် ကြုံရတဲ့ အကျိုးသက်ရောက်မှုတွေကိုရင်ဆိုင်နေရဆဲဖြစ်ပါတယ်။ ဒါ့ကြောင့်ယူရိုသတင်းဌာနဟာ တာဂျစ်သမ္မတ အီမိုမာလီရာမွန်နဲ့ တွေ့ဆုံကာ ပါရှန်းပြက္ခဒိန်မှာ နှစ်သစ်ရဲ့ပထမဆုံးနေ့ နော်ရုဇ်နေ့မှာပဲ တာဂျစ်ကစ္စတန်ရဲ့ ရုရှား၊ အီရန်တို့နဲ့ဆက်ဆံရေးအကြောင်း၊ နိုင်ငံ့စီးပွားရေးအကြောင်း၊ ဒီမိုကရေစီဖြစ်ထွန်းတိုးတက်မှုအကြောင်းတွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ပါ သမ္မတကြီးခင်ဗျား နော်ရုဇ်ပွဲတော်နေ့ဟာ တာဂျစ်ကစ္စတန်ရဲ့ အမျိုးသားရေးစရိုက်လက္ခဏာကို ဂုဏ်ပြုဖို့ အခွင့်အလမ်းတစ်ရပ်လို့ မြင်မိပါသလား။ ဒီနေ့ကာလတွေမှာ နော်ရုဇ်ပွဲတော်အခမ်းအနားတွေ လုပ်တာဟာ ယခင် ဆိုဗီယက်ယူနီယံခေတ်မှာ ပျက်စီးခဲ့ရတဲ့ တာဂျစ်စရိုက်လက္ခဏာတွေကို ပြန်အသက်သွင်းတာပဲမဟုတ်လား။**

ဆိုဗီယက်ခေတ်တုန်းကတော့ အမျိုးသားဓလေ့ထုံးစံတွေ၊ အစဉ်အလာတွေကို ဖော်ထုတ်ရာမှာ ကန့်သတ်မှုတွေ အကြီးကြီးရှိခဲ့ပါတယ်။ ဒီလိုပွဲတော်မျိုးတွေကိုလည်း တားမြစ်ခဲ့ပြီး ဆင်နွှဲသူတွေကိုလည်း အပြစ်ပေးခဲ့ကြတယ်။ ဒါပေမဲ့ ဒီပွဲလမ်းသဘင်ဟာ ကျွန်တော်တို့ ပြည်သူတွေနှလုံးသားထဲ ရှိခဲ့ပါတယ်။ နှစ်ပေါင်း ၇၀ ကျော် အုပ်စိုးမှုအတွင်း ဆိုဗီယက်အစိုးရ ဟာဒီအစဉ်အလာကိုကွယ်ပျောက်အောင် မလုပ်နိုင်ခဲ့ပါဘူး။ နော်ရုဇ်နေ့ပွဲဟာ မတရားမှုအပေါ် တရားမှုရဲ့ အောင်ပွဲဖြစ်ပါတယ်။ စိတ်ထားကောင်းတွေ ဖြစ်ပေါ်စေပါတယ်။ ဒါဟာခွင့်လွှတ်ခြင်းအကြောင်းပါ။ ဒီလိုပွဲမျိုး ကမ္ဘာမှာ ရှားပါးလှပါတယ်။

**အီရန်ဟာ နိုင်ငံတကာပိတ်ဆို့အရေးယူခံရမှုတွေ ပိုတိုးလာနေပါတယ်။ ဒီပိတ်ဆို့မှုတွေက တာဂျစ်ကစ္စတန်နဲ့ အီရန်ကြား ဆက်ဆံရေးအပေါ် ဩဇာသက်ရောက် မှုရှိနိုင်ပါသလား။**

ကျွန်တော်တို့သိရသလောက်တော့အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံဟာ နျူကလီးယားလက်နက်တွေ ဖန်တီးဖို့သို့မဟုတ် ဝယ်ယူဖို့ ရည်ရွယ်နေတာမရှိပါဘူး။ အီရန်ဟာ တိုးတက်လာရင်တိုင်းပြည်လည်းဖွံ့ဖြိုးလာပါမယ်။ နျူပြဿနာနဲ့သက်ဆိုင်တဲ့ ကိစ္စတွေအားလုံးကို တွေ့ဆုံဆွေးနွေးရေးနဲ့ သံတမန်ရေးနည်းလမ်းတွေနဲ့သာ ဖြေရှင်းရပါမယ်။

ဒီပိတ်ဆို့မှုတွေက ကျွန်တော်တို့အပေါ် ကိုလည်း အကျိုးသက်ရောက်မှုရှိပါတယ်။ ကျွန်တော်ထင်တာကတော့ တာဂျစ်ကစ္စတန်သာမက ဂျပန်နဲ့ဥရောပနိုင်ငံတွေလို ဖွံ့ဖြိုးပြီး နိုင်ငံတွေဟာလည်း အကျိုးက်ရောက်ခံရမှာပါ။ ရေနံနဲ့ ဓာတ်ငွေ့ဈေးနှုန်းတွေ တိုးလာခဲ့တယ်။ အဲဒါဟာ ရေနံထုတ်လုပ်ရောင်းချတဲ့ နိုင်ငံတွေကိုသာ အမြတ်ထွက်စေပြီး ဝယ်ယူအသုံးပြုရတဲ့ နိုင်ငံတွေအပေါ် ထိခိုက်စေပါတယ်။ အီရန်ရဲ့ ရေနံကိုဝယ်ယူဖူးတဲ့ ဖွံ့ဖြိုးပြီး နိုင်ငံအများစုဟာလည်း ဒီပိတ်ဆို့မှုကြောင့် အဖျက်သဘောအကျိုးသက်ရောက်မှုခံရမှာပါ။ ဒါကြောင့် ရေနံနဲ့ ဓာတ်ငွေ့ဈေးနှုန်း မြင့်တက်တာဟာ ကျွန်တော်တို့စီးပွားရေးကို ထိခိုက်စေပါတယ်။

**ရုရှားမှာ တာဂျစ်ကစ္စတန်က ရွှေ့ပြောင်းလုပ်သားတစ်သန်းလောက်ရှိနေပါတယ်။ ဒါဟာ တာဂျစ်လူ့အဖွဲ့အစည်းအတွက်ပြဿနာတွေဖြစ်ပေါ်စေပါသလား။ ဒါဟာ တာဂျစ်ကစ္စတန်မှာ သူ့ရဲ့ ဩဇာလွှမ်းမိုးမှုပိုကြီး အောင်ရုရှားကို ကူညီသလိုများ ဖြစ်နေနိုင်မလား။**

တာဂျစ်လုပ်သား တစ်သန်းလောက်ရုရှားမှာ နေထိုင်အလုပ်လုပ်ကိုင်နေကြပါတယ်။ ဒါဟာအမှန်ပါပဲ။ ဒါပေမဲ့ ဒီဒေသထဲမှာ အခြားဘယ်နေရာကိုရော သူတို့သွားလုပ်နိုင်မလဲ။ သူတို့ရဲ့ အလုပ်ကတဆင့် သူတို့မိသားစုတွေကို ကူညီနိုင်သလို တိုင်းပြည်စီးပွားရေးကိုလည်း ကူညီနိုင်ပါတယ်။ တာဂျစ်အစိုးရဟာ ရုရှားမှာရှိတဲ့ တာဂျစ်ရွှေ့ပြောင်းလုပ်သားတွေအတွက် သူတို့ရဲ့ အကျိုးစီးပွားနဲ့ရပိုင်ခွင့်တွေ ကာကွယ်နိုင်ဖို့ ရုရှားအာဏာပိုင်တွေနဲ့ သိပ်ကောင်းတဲ့စီမံမှုတွေ ပြုလုပ်ထားပါတယ်။

ကျွန်တော်တို့ရဲ့ ဆက်ဆံရေးနဲ့မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးဟာ တာဂျစ် ကစ္စတန်ကို ထိန်းချုပ်ကန့်သတ်ထားတယ်လို့ မယုံကြည်ပါဘူး။ ဒါဟာ ပြဿနာမဟုတ်ပါဘူး။ ကျွန်တော်တို့မှာ တံခါးတွေဖွင့်ထားတဲ့လွတ်လပ်တဲ့ နိုင်ငံခြားရေးပေါ်လစီရှိပါတယ်။

**မကြာမီသေးကပဲ ရုရှားမှာ သမ္မတရွေးကောက်ပွဲတွေ ကျင်းပပြီးစီးခဲ့တယ်။ တာဂျစ်ကစ္စတန်သမ္မတတစ်ဦးအနေနဲ့ လူကြီးမင်းဟာ တိုင်းပြည်တစ်ပြည်မှာရွေးကောက်ပွဲတွေ ကျင်းပရုံနဲ့ ဒီမိုကရေစီရှိပြီလို့ ယုံကြည်ပါသလား။**

တူညီတဲ့ပေါ်လစီနဲ့ အတွေးအခေါ်တစ်ပုံစံတည်းနဲ့ နှစ်ပေါင်း ၇၀- ၈၀ ကျော် ရှိခဲ့တဲ့ အစိုးရတစ်ရပ်ဟာ ၁၀ နှစ်၊ အနှစ် ၂၀ အတွင်းမှာပဲ ဒီမိုကရေစီနည်းကျတဲ့ပြည်သူ့လူ့အဖွဲ့အစည်းမိုဒယ်ပုံစံကိုမပြောင်းလဲနိုင်ပါဘူး။ လူတွေရဲ့စိတ်သဘောထားကို ပြောင်းဖို့ အချိန်ယူရတတ်ပါတယ်။

ဒီဖြစ်စဉ်ဟာ ရုရှားနဲ့ ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံဟောင်းတွေမှာ စတင်ခဲ့ပြီး ဖြစ်ခဲ့ပါတယ်။ ရုရှားရွေးကောက်ပွဲတွေအတွင်းနိုင်ငံရေးအဖွဲ့အစည်းတွေဟာသူတို့ရဲ့ သဘောထားတွေကို လွတ်လပ်စွာ ဖော်ပြနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒါက တိုးတက်မှု တချို့ဒါမှမဟုတ် ဒီမိုကရေစီဆီ ဦးတည်မှုတွေကို မပြသနိုင်ခဲ့ဘူးတဲ့လား။ ဒါပေမဲ့ အစပိုင်းမှာ အမှားအယွင်းတွေဖြစ်တတ်တာ ရှောင်လွှဲလို့မရနိုင်ပါဘူး။ ဥရောပ (သို့မဟုတ်) အမေရိကန်စတိုင် ဒီမိုကရေစီမျိုးကို ရုရှားမှာ၊ ဆိုဗီယက်နိုင်ငံဟောင်းတွေမှာ တစ်နှစ်တည်းနဲ့ အကောင်အထည်ဖော်မယ်ဆိုရင် မဖြစ်နိုင်ပါဘူး။ ဒါဟာ အိပ်မက်တစ်ခုမျှသာပါပဲ။

**တာဂျစ်ကစ္စတန် လွတ်လပ်ရေးရပြီး နှစ် ၂၀ ကာလအတွင်း လူ့အခွင့်အရေးအခြေအနေနဲ့ ပတ်သက်လို့သမ္မတကြီးဘယ်လိုထင်မြင်ပါသလဲ။ အခုအခါမှာအခြေအနေတွေ ကျေနပ်စရာကောင်းပြီလို့ ထင်မြင်ပါသလား။**

ကျွန်တော်တို့လွတ်လပ်ရေးရတဲ့ပထမနှစ် ၁၉၉၀-၉၁ ကာလကိုအမှတ်ရမိတယ်။ အဲဒီတုန်းက ပုဂ္ဂလိကပိုင် သတင်းစာ ၄ စောင်ပဲရှိတယ်။ ရုပ်သံလွှင့်ဌာနတစ်ခုပဲရှိတယ်။ နိုင်ငံပိုင်သတင်းဌာနတစ်ခုပဲရှိတယ်။ အခုတော့ နိုင်ငံရေးပါတီတွေ၊ အင်န်ဂျီအိုတွေ၊ တက်ကြွတဲ့ အဖွဲ့တွေ စသဖြင့် အဖွဲ့အစည်းပေါင်း ၃,၀၀၀ ကျော်ရှိနေပါပြီ။ သတင်းစာနဲ့ မဂ္ဂဇင်းစောင်ရေ ၅၀၀ ဝန်းကျင်လောက် ပုံနှိပ်ထုတ်ဝေနေပြီး ၆၀ ရာခိုင်နှုန်းက ပုဂ္ဂလိကပိုင်ဖြစ်ပါတယ်။ ရုပ်သံလွှင့်ဌာန ၄၄ ခုရှိပြီး အဲဒီထဲက လေးခုကိုသာ အစိုးရက ပိုင်ပါတယ်။

ကျွန်တော်တို့ဟာ နိုင်ငံတွင်းမှာ လူ့အခွင့်အရေးတွေ ကာကွယ်နိုင်ဖို့ လုပ်စရာတွေ အများကြီးကို နည်းနည်းချင်း ပြုလုပ်ခဲ့ပြီးပါပြီ။ သိတဲ့အတိုင်းပဲ ကျွန်တော်တို့မှာ ပြဿနာတွေ အများကြီးရှိနေခဲ့သလို ကျွန်တော်တို့လူ့အဖွဲ့အစည်းတိုးတက်ရေးနဲ့ ဆိုင်တဲ့ ဒီဖြစ်စဉ်ကို လမ်းကြောင်းမှန်အောင် ရှာဖွေသွားမှာပါ။

**တာဂျစ်ကစ္စတန်နဲ့ အာဖဂန်နစ္စတန်နယ်စပ်အကြား လုံခြုံရေးအခြေအနေ ဘယ်လိုရှိပါသလဲ။ နယ်စပ်တစ်လျှောက်မှာ မူးယစ်ဆေးမှောင်ခိုရောင်းဝယ်မှုကရော ဘယ်လိုရှိနေပါသလဲ။**

ယနေ့အခြေအနေကို လွန်ခဲ့တဲ့ဆယ်နှစ်ကျော်နဲ့ ယှဉ်ကြည့်ရင်တော့ ကွာခြားမှုကြီးမားသွားပါပြီ။ အခုဆိုရင် လုံခြုံရေး အခြေအနေ ပိုကောင်းလာတယ်လို့ ပြောနိုင်ပါတယ်။

အကြီးဆုံးပြဿနာကတော့ မူးယစ်ဆေးမှောင်ခိုမှုပါ။ နှစ်နိုင်ငံစလုံးက အာဏာပိုင်တွေဟာ နယ်စပ်တစ်လျှောက်ရော၊ အာဖဂန်နိုင်ငံတွင်းမှာပါ မှောင်ခိုရောင်းဝယ်မှုတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းရဲ့အကူအညီကို ကျွန်တော်တို့ လိုအပ်နေပါတယ်။

နိုင်ငံတကာ အကြမ်းဖက်ဝါဒနဲ့ အစွန်းရောက်ဝါဒလိုပြဿနာမျိုးတွေလိုပဲ မူးယစ်ဆေးမှောင်ခိုမှုဟာလည်း ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပါတယ်။ အာဖဂန်ထဲကိုဓာတုဗေဒဆိုင်ရာ ဆေးဝါးတွေထုတ်လုပ်ဖို့ဓာတုပစ္စည်းတွေပို့နေတာတွေရှိတယ်။ တာဂျစ်ကစ္စတန်မှာရော၊ အာဖဂန်မှာပါ ဒါမျိုးတွေထုတ်နိုင်တဲ့ စက်ရုံတွေ မရှိပါဘူး။ ဒါဆို အဲဒါတွေ ဘယ်ကလာတာလဲ။ ဘယ်နိုင်ငံတွေက ဒီပစ္စည်းတွေကို အလုံးအရင်းနဲ့ မှောင်ခိုတင်ပို့နေသလဲ။ အနာဂတ်မှာတော့ မူးယစ်ဆေးတိုက်ဖျက်ရေးအားထုတ်မှုတွေကို ဒီကိစ္စအပေါ် ပစ်မှတ်ထားဆောင်ရွက်ရပါမယ်။

*—Ref: tajikistan President Emomali Rahmon interview*

7DAY NEWS JOURNAL
# Entertainment
Vol.11, No.8 • MAY 3 , 2012


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## “ကိုယ့်ကိုထားစေချင်တဲ့နေရာ၊ ကိုယ့်ကိုမြင်စေချင်တဲ့နေရာအလိုက် ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယင်စေချင်ပါတယ်”

**အေးသူစံ**

**အဝတ်အစား ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်ပြီး ပရိသတ် အမှတ်ပေးခြင်းခံထားရသူမှာ ချစ်သုဝေဖြစ်သည်။ ကုန်လွန်ခဲ့သော သင်္ကြန်ကာလအတွင်းက အနုပညာရှင်အမျိုးသမီးအချို့၏ ဝတ်စားဆင်ယင်မှုက လူပြောသူပြောများခဲ့သောအကြောင်းအရာတစ်ခု ဖြစ်ခဲ့သည်။ ချစ်သုဝေနှင့်တွေ့ဆုံခိုက် သူမ၏ လတ်တလောအနုပညာလှုပ်ရှားမှုများ၊ ဝတ်စားဆင်ယင်မှုနှင့် သူမ၏ သဘောထားတို့ကို မေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြပေးလိုက်ပါသည်။**

**မတ်လတုန်းက ဖျော်ဖြေရေး ခရီးစဉ်သွားတုန်းမှာ နယ်မှာ ညီမအဖေရဲ့ ကျန်းမာရေးအခြေအနေ စိုးရိမ်စရာဖြစ်သွားတယ်လို့ သိရပါတယ်။ အခု နေကောင်းသွားပါပြီလား။**

အခု ဖေဖေက နေကောင်းသွားပါပြီ။ ဖေဖေကလေဖြတ်တာ အသေးစားလေးဖြစ်သွားတာ။ အခု ဦးနှောက်၊ အာရုံကြော၊ နှလုံးနဲ့ပတ်သက်တာအားလုံး ထိန်းချုပ်နိုင်သွားပြီမို့ စိတ်ချသွားရပါပြီ။

**ဒီရက်ပိုင်းမှာ ညီမရဲ့ တစ်ကိုယ်တော်ခွေ “တိမ်တွေနေတဲ့အရပ်” ဗီစီဒီလေးထွက်တော့မယ်ဆိုတော့ ဘာအစီစဉ်လေးတွေ လုပ်ထားပါသလဲ။**

ဒီခွေလေးအတွက် ထရီဇာ စာနယ်ဇင်းမိတ်ဆက်ပွဲလေးတောင် မလုပ်နိုင်ဘူးဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေဖြစ်သွားတဲ့အချိန်နဲ့ ကိုယ်အလုပ်များတဲ့အချိန်တွေနဲ့ တိုက်ဆိုင်သွားတယ်။ စီဒီကိုတောင် ဒီလကုန်ပိုင်းမှဘန်ကောက်ကိုအမီ သွားကူးရတယ်။ တစ်ရက်နေ့ အမီထွက်နိုင်အောင် လုံးပန်းရတာမို့ပါ။ ထရီဇာ ရဲရဲဝံ့ဝံ့လေးနဲ့ ကိုယ်ပိုင်သံစဉ်တွေကိုတစ်ခွေလုံးလုပ်ထားပါတယ်။ ထရီဇာ့ခွေလေးက ပရိသတ်ကို အရသာ တစ်မျိုးပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီခွေလေးနဲ့ ပရိသတ်အဟောင်းတွေအသိအမှတ်ပြုတာလည်းခံချင်တယ်။ အသစ်တွေက နှစ်သက်တယ်လို့ပြောတာလည်း ကြားချင်ပါတယ်။

**ဒီနှစ်ထဲမှာ သီချင်းဆိုတဲ့ဘက်မှာ ပိုပြီးလှုပ်ရှားမှုများနေသလိုပဲနော်။ ရုပ်ရှင်ဗီဒီယိုရိုက်ကူးရေးဘက်မှာရော ဘာတွေလက်ခံထားပါသလဲ။**

ရိုက်ကူးရေးက ဖူးခက်မှာ ရဲတိုက်နဲ့ ကိုမင်းထင်ကိုကိုကြီးနဲ့ Documentary Story သွားရိုက်ဖို့ရှိပါတယ်။ အဲဒီကပြန်လာရင် ကိုမင်းမော်ကွန်းနဲ့ ဒီဗီဒီရိုက်မယ်။ ပြီးရင် ဟိန်းဝေယံနဲ့ ဗီဒီယို ရိုက်ပါမယ်။

စာ(၄၉)သို့



## အွန်လိုင်းပေါ်ရောက် ဗီစီဒီမှာ အနုပညာလမ်းကြောင်းသစ်တစ်ခု ဖောက်ခြင်းဟု ဆိုလာတဲ့ အိန်အိန်း

**အေးသူစံ**

**ရန်ကုန်၊ မေ ၂၅**

လတ်တလောတွင် အွန်လိုင်းနှင့် လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ၌ ပျံ့နှံ့နေသောအဆိုတော်အိန်အိန်း၏ ‘မင်းနဲ့ချစ်တာ’ သီချင်းဗီစီဒီတွင် ပါဝင်သောဇာတ်လမ်း၊ဇာတ်ကွက်များ၊ သရုပ်ဆောင်မှုများနှင့်ပတ်သက်၍ မြန်မာပရိသတ်များ အကြား ဝေဖန်မှုများထွက်ပေါ်နေသည်။

“ဒီသီချင်းကိုကြည့်ပြီး သရုပ်ဆောင်နေတဲ့ သူနှစ်ယောက်ကို မြန်မာတွေမှဟုတ်ရဲ့လားလို့ ထင်မိတယ်။ ညစ်ညမ်းဗီဒီယိုအဆင့် သာသာဇာတ်လမ်း၊ဇာတ်ကွက်တွေရိုက်တဲ့ သူတို့ကိုယ်သူတို့ ရှက်ရမှန်း၊ကြောက်ရမှန်းလည်း သိပုံမပေါ်ဘူး။ ပိုဆိုးတာက နှစ်ယောက်လုံးက အသက်ငယ်ငယ်လေးနဲ့ ဒါမျိုးအတတ်တွေတတ်နေကြတာကို အံ့ဩတယ်” ဟု အဆိုပါဗီစီဒီကိုကြည့်ရှုခဲ့သူတစ်ဦးကပြောသည်။

‘မင်းနဲ့ချစ်တာ’ သီချင်းသည် ၁၉၉၉ခုနှစ်က အဲလက်စ်ရေးသားပြီးဆိုနိုင်ခွင့်၊ ကံရေးတဲ့သူ စသည့် စီးရီးထဲတွင် အဲလက်စ်ကိုယ်တိုင်သီဆိုခဲ့သည့် အချစ်သီချင်းတစ်ပုဒ်ဖြစ်သည်။ “ဒီသီချင်းကိုကြည့်ပြီးတဲ့သူတော်တော်များများ ကျွန်တော့်ဆီဖုန်းဆက်ကြတယ်။ ဘာလို့သီချင်းကိုရောင်းလိုက်ရတာလဲလို့ မိတ်ဆွေတွေက အပြစ်တင်တယ်။ ကျွန်တော်မကြည့်ရသေးတဲ့အတွက် ဘာမှတော့မပြောလိုပါဘူး။ သီချင်းလေးကတော့ နူးညံ့သိမ်မွေ့တဲ့အချစ်သီချင်းလေးပါ။

စာ(၄၉)သို့


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## အဆိပ်တက်အိပ်မက်ကို ဗီစီဒီရိုက်နေတဲ့ R ဇာနည်

**အေးသူစံ**

**ရန်ကုန်၊ မေ ၂၄**

ဖျော်ဖြေရေးပွဲစဉ်များဖြင့် အလုပ်ရှုပ်နေသော အဆိုတော် R ဇာနည်သည် ၄င်း၏တတိယမြောက်တစ်ကိုယ်တော်စီးရီး“အဆိပ်တက်အိပ်မက်” ကို ဗီစီဒီစတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

“အဆိပ်တက်အိပ်မက်” ဗီစီဒီရိုက်နေတာကိုယ်မအား၊ သူမအားနဲ့ဆိုတော့ ဖြည်းဖြည်းချင်းရိုက်နေရတယ်။ ဒါရိုက်တာတွေကလောလောဆယ်ရိုက်ထားတာ ဝဏ္ဏခွာနီး၊ မျိုးဆွေသန်း၊ စိန်လင်း(ပြင်ဦးလွင်)တို့ပါတယ်။ သရုပ်ဆောင်က ဘုဏ်းသိုက်၊ သန္တာဗို၊ ချစ်စု၊ အိုင်စီနဲ့လည်း တစ်ပုဒ်ရိုက်ထားတယ်။ ကိုယ်တိုင်လည်း အဆိုကတ်လေးတွေပါတယ်”ဟု ၄င်းကပြောသည်။

မကြာမီက ပြုလုပ်ခဲ့သော သူ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲတွင်အမှတ်တရပစ္စည်းများရောင်းချခြင်းမှ ရရှိခဲ့သည့် ငွေကြေးများကို မိဘမဲ့ဂေဟာများသို့ ပြန်လည်လှူဒါန်းခဲ့ပြီး လူမှုရေးလုပ်ငန်းများတွင် အဆက်မပြတ်လုပ်ကိုင်ဖြစ်ပုံကို ၄င်းက ဆက်လက်ပြောသည်။ “လူမှုရေးအလုပ်တွေ၊ ပရဟိတ အလုပ်တွေကို လုပ်နေတာပဲ။ စာမျက်နှာပေါ်ရောက်တဲ့ဟာက ရောက်၊ မရောက်တဲ့ဟာက မရောက်ပေ့ါ။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေမို့ အလှူအတန်းကတော့ မပြတ်လုပ်ဖြစ်တယ်။ အနုပညာကြေးထဲက ရတဲ့ဟာကို ကျွန်တော်တို့မိသားစုမွေးနေ့တွေမှာ ပုံမှန်လှူတယ်။ ဘုရားတို့၊ ဇီဝိတဒါနသံဃာဆေးရုံတို့၊ မိဘမဲ့ကလေးကျောင်းတို့ကို ပုံမှန်လှူပါတယ်” ဟု ၄င်းက ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# အဲလိဇဘက်တေလာအအဖြစ် သရုပ်ဆောင်မည့် လင်းဆေးလိုဟန်

**နယူးယောက်၊ မေ - ၂၄**

ဟောလိဝုဒ်၏နာမည်ဆိုးဖြင့်ကျော်ကြားသောမင်းသမီး လင်းဆေးလိုဟန်သည် ကွယ်လွန်သူ မင်းသမီး အဲလိဇဘက်တေလာအကြောင်း ရိုက်ကူးမည့် ရုပ်သံဇာတ်လမ်းတွင် မစ္စတေလာအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။ အဆိုပါဇာတ်လမ်းမှာ အဲလိဇဘက်တေလခေါ် လစ်ဇ်တေလာနှင့် သူမ၏ချစ်သူ ရစ်ချတ်ဘာတန်တို့၏ ချစ်ဇာတ်လမ်းဖြစ်ပြီး Liz and Dick ဟုအမည်ပေးထားကြောင်းသိရသည်။ဇာတ်လမ်းကိုထုတ်လုပ်မည့် lifetime ကုမ္ပဏီဒုဥက္ကဋ္ဌရော့ဘ်ရှာရင်နောက "ကျွန်တော်တို့ဟာ ချစ်ရတဲ့ဟောလိဝုဒ်ဒဏ္ဍာရီမင်းသမီး အဲလိဇဘက် တေလာနေရာမှာလင်ဆေးသရုပ်ဆောင်မယ်ဆိုလို့ အံ့ဩစိတ်လှုပ်ရှားမိပါတယ်။ သူမဟာ အဲဒီလိုဆွဲဆောင်မှုရှိတဲ့ အထင်ကရမင်းသမီးရဲ့ စိတ်ဝိဉာဉ်၊ အလှအပနဲ့ပင်ကိုယ်အရည်အသွေးမျိုး ပိုင်ဆိုင်ထားတဲ့ ရှားပါးမင်းသမီးတစ်လက်ပါ" ဟုပြောသည်။

ယခုကဲ့သို့ လစ်ဇ်တေလာ နေရာမှာ ပါဝင်ခွင့်ရခြင်းမှာ အသက် ၂၅နှစ်အရွယ် လိုဟန်အတွက် မကြာမီက ကြုံတွေ့ခဲ့ရသော ပြဿနာများစွာမှ လမ်းခွဲထွက်နိုင်ခြင်းလည်းဖြစ်သည်။ လိုဟန်က "ကျွန်မဟာအဲလိဇဘက်တေလာကို အမြဲပဲကြည်ညိုလေးစားခဲ့ပါတယ်။ သူမဟာ သိပ်ကောင်းတဲ့ မင်းသမီးတစ်လက် ဖြစ်ရုံမက အံ့ဩဖွယ် မိန်းမသားတစ်ဦးလည်းဖြစ်ပါတယ်။ ဒီဇာတ်ရုပ်မှာ သရုပ်ဆောင်ဖို့ ကမ်းလှမ်းခံရလို့ ကျွန်မအလွန်အမင်းဂုဏ်ယူပါတယ်" ဟုပြောသည်။ —Ref: AFP



## အနုပညာသတင်းတိုများ

**အေးသူစံ၊ ကြူကြူဟန်**

■မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲကို မေလ ၆ရက်နေ့ ညနေ ၆နာရီတွင် MCC ခန်းမ၌ကျင်းပမည်ဖြစ်သည်။ Kick Rock Show ဟု အမည်ပေးထားသော အဆိုပါရော့ခ်ဖျော်ဖြေပွဲတွင် မက်တယ်ဇုန်နှင့် ဟီးရိုးတီးဝိုင်း နှစ်ဝိုင်းနှင့်အတူ အဲလက်စ်၊ Rဇာနည်၊ လင်းလင်း၊ ဉာဏ်လင်းအောင်၊ L ဆိုင်းဇီ၊ ချစ်သုဝေ၊ ချမ်း ချမ်းနှင့် နီနီခင်ဇော်တို့သီဆိုကြမည်ဖြစ်ပြီး လက်မှတ်များကို မန်းသီရိ၊ တော်ဝင်စင်တာတို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

■သကြ်န်တွင်းဖျော်ဖြေခဲ့သော "သာခုပါဗျာ" သံချပ်အဖွဲ့မှသံချပ်ခေါင်းဆောင်များဖြစ်သော မေတ္တာ၊ ကုသိုလ်၊ ဇေလုဝတို့သည် ရရှိထားသည့်အနုပညာကြေးများထဲက ငွေကျပ်ငါးသိန်းကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သံချပ်အဖွဲ့မှ ကုသိုလ်ကပြောသည်။ ယင်းသံချပ်အဖွဲ့သည် ဆည်းဆာရိပ်ဘိုးဘွားရိပ်သာ၊ သုခရိပ်မြုံ၊ ပရဟိတဂေဟာစသည့်လူမှုရေးလုပ်ငန်းများတွင်လည်း ဆက်လက်လှူဒါန်းရန်ရှိသည်ဟု သိရသည်။

■တေးဆို-ကန္တာရမိုးစက်၏ 'မြူလွှာများအတိုင်း" ဗီစီဒီကို Boxer Music Group က မေ ၂၉ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။ ကန္တာရ မိုးစက်၊ ကွမ်းတို့ရေးသားထားသော သီချင်း ၁၁ ပုဒ်ပါဝင်သည်။

■ ကချင်ပြည်နယ်တွင် သကြ်န်ကာလ သွားရောက်ဖျော်ဖြေခဲ့သော "မနောမြေသကြ်န်မှ နတ်သမီးများနှင့် ကြိုဆိုမည်"ပွဲမှ ကောက်ခံရရှိသော အလှူငွေကျပ်သိန်း ၇၀ ကျော်နှင့် မနောမြေသကြ်န်မှ နတ်သမီးများနှင့် ကချင်ပြည်နယ်အဆင့် လူကြီးများအသင်းဘောလုံးပြိုင်ပွဲ၏ ကွင်းဝင်ကြေးကျပ်သိန်း ၂၀ ကျော်ရရှိခဲ့ပြီး၊ ရရှိလာသော အလှူငွေအားလုံးကို ကချင်ဒေသရှိ အကူအညီလိုအပ်သော တိုင်းရင်းသားများအား ကူညီရန် သက်ဆိုင်ရာ တာဝန်ရှိသူထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း ပွဲစီစဉ်သူကိုလင်းခန့်ကပြောသည်။

# MRTV-4 တွင် ပထမဆုံး မြန်မာဇာတ်လမ်းတွဲ "အချစ်သင်္ကေတ" ပြသမည်

**ကြူကြူဟန်**
**ရန်ကုန်၊**
**မေ- ၂၄**

MRTV-4 တွင် ပထမဆုံးပြသမည့် မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love (အချစ်သင်္ကေတ)ကိုမေ ၃၀ ရက်မှစတင်၍ ၃ လကျော်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထိုဇာတ်လမ်းတွဲကို မေ ၃၀မှစ၍ တနင်္လာ၊ အင်္ဂါနေ့ ည ၈ နာရီ သတင်းအပြီးနှင့် ဗုဒ္ဓဟူး၊ ကြာသပတေး ၁၂ နာရီခွဲအချိန်တွင် ပြသွားမည်ဖြစ်သည်။ ၎င်းဇာတ်လမ်းတွဲတွင် အပိုင်း ၂၆ ပိုင်းပါဝင်ပြီး တစ်ပိုင်းကို မိနစ် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း မေ ၂၄ ရက်က ပါ့ခ်ရိုင်ရယ်ဟိုတယ်၌ ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရှိရသည်။

"အချစ်သင်္ကေတ" ဇာတ်လမ်းတွဲ တွင် မြတ်သူကျော်၊ ကောင်းမြတ်စံ၊ ဘုန်းရှိန်ထက်၊ ဝင့်ယမုံလှိုင်၊ စိုးနန္ဒာကျော်စသည့် သရုပ်ဆောင်သစ်များ အဓိကပါဝင်သည်။ ဇာတ်ညွှန်းကို MRTV-4 မှ ဇာတ်ညွှန်းအဖွဲ့က ရေးသားပြီး ဒါရိုက်တာကိုကောင်းဇံ (MRTV-4)က ရိုက်ကူးထားသည်။ လူငယ်တို့၏ နက်ရှိုင်းသော ချစ်ခြင်းတရားနှင့် လေးနက်သော သစ္စာတရားကို ဖော်ကျူးထားသည့် အချစ်ဒရာမာဇာတ်လမ်းတွဲ ဖြစ်သည်။

ထိုဇာတ်လမ်းတွဲကိုMRTV-4 နှင့် Media Kabar Creative Services တို့က ပူးပေါင်းရိုက်ကူးထားပြီး နောက်ထပ် မြန်မာရုပ်သံဇာတ်လမ်းတွဲများကိုလည်း ရိုက်ကူးရန် စီစဉ်နေကြောင်း သိရှိရသည်။






Vol.11, No.8 • MAY 3 , 2012

## အပျော်တမ်း အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်မကုန်မီ ACE အသင်းဗိုလ်စွဲ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၈**

၂၀၁၂ အပျော်တမ်း ကလပ်အသင်းများ အမှတ်ပေးပြိုင်ပွဲ (MFF News Holland Amature League 2012) တွင် ACE အသင်းက ပွဲစဉ်မကုန်မီ ဗိုလ်စွဲခဲ့ကြောင်း သတင်းရရှိသည်။

၎င်းပြိုင်ပွဲ၏ မေ ၂၆ ရက်ကကျင်းပခဲ့သည့် ပွဲစဉ်တွင် ACE အသင်းက All Stars အသင်းကို (၂-၁)ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၂ ပွဲကစား ၃၃ မှတ်ရရှိကာ တစ်ပွဲကစားရန် ကျန်ရှိသေးသော်လည်းပြိုင်ပွဲမပြီးဆုံးမီ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ACE အသင်းသည် မေလ ၃၀ ရက်တွင် ကစားရမည့် လက်ကျန်တစ်ပွဲကျန်ရှိနေသော်လည်း ပွဲကုန် ၁၃ ပွဲကစားပြီး ၃၃ မှတ်ရရှိထားသည့် ဒုတိယနေရာမှ ကာကွယ်ရေးအသင်းထက်တစ်မှတ်အသာရကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၂ အပျော်တမ်း ကလပ်အသင်းများ အမှတ်ပေးပြိုင်ပွဲတွင် အသင်းပေါင်း ၁၄ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ACE အသင်းသည် နှစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။



## ရောဝတီယူနိုက်တက် အေအက်ဖ်စီဖလား အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရန်းကန်ရတော့မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၈**

၂၀၁၂ အေအက်ဖ်စီဖလားအုပ်စုပွဲစဉ်တွင် ရောဝတီယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ အင်ဒိုနီးရှားကလပ် အရီမာအသင်းအား ရှုံးနိမ့်ခဲ့မှုကြောင့် နောက်တစ်ဆင့်တက်ရေးအတွက် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ရုန်းကန်ရတော့မည်ဖြစ်သည်။

မေ ၂၄ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် အုပ်စု(H)ပွဲစဉ်တွင် ဧည့်သည် အရီမာအသင်းက အိမ်ရှင် ရောဝတီယူနိုက်တက်အသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်မတိုင်မီက အဆိုပါအုပ်စု၌ ကီလန်တန်အသင်း(မလေးရှား)၊ နေဗီဘဏ်အသင်း(ဗီယက်နမ်)နှင့် ရောဝတီယူနိုက်တက်အသင်းတို့မှာ ခုနစ်မှတ်စီဖြင့် အပြိုင်ဖြစ်နေခဲ့သော်လည်း ရောဝတီအသင်း၏ ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် အုပ်စုနောက်ဆုံးပွဲစဉ်အတွက် ဖိအားဝင်သွားခဲ့သည်။

အုပ်စု(H)၏ အခြားပွဲစဉ်တွင် ကီလန်တန်အသင်းက နေဗီဘဏ်အသင်းအား ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ရောဝတီယူနိုက်တက်အသင်းအနေဖြင့် မေလ ၈ ရက် မလေးရှားတွင် ကစားရမည့် ကီလန်တန်နှင့်ပွဲစဉ်၌ အနိုင်ရရှိမှသာ အုပ်စုတက်ရေး မျှော်လင့်ချက်ရှိမည်ဖြစ်သည်။

အုပ်စု(G)ပွဲစဉ်များတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ချောင်ဘူရီအသင်း(ထိုင်း)အား ၁-၀ ဂိုးဖြင့် ရှုံးနိမ့်ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ ယင်းအုပ်စု၏ အခြားပွဲစဉ်တွင် ဟုမ်းယူနိုက်တက်(စင်ကာပူ)က စီတီဇင်အသင်း(ဟောင်ကောင်)ကို ၂-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## မြန်မာလိဂ် ဒုတိယအကျော့ပွဲစဉ် ၄၂ ပွဲ MRTV-4 မှ လွှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၈**

၂၀၁၂ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များအနက် နယ်မြို့များတွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအပါအဝင် စုစုပေါင်းပွဲစဉ်ပေါင်း ၄၂ ပွဲကို MRTV-4 ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ပထမအကျော့ပွဲစဉ်များအနက် ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ပွဲစဉ် ၄၀ ကိုသာ ထုတ်လွှင့်ပြသခဲ့ပြီး လာမည့်ဒုတိယအကျော့တွင်မူ မန္တလေး၊ တောင်ကြီး၊ မုံရွာ၊ နေပြည်တော်ကွင်းပွဲစဉ်အချို့ကိုပါ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ဒုတိယအကျော့ပွဲစဉ်များအနက် ရန်ကုန်မြို့တွင် ကျင်းပမည့်ပွဲစဉ်များထဲမှ ၂၉ ပွဲ၊ မန္တလေးမြို့ပွဲစဉ် လေးပွဲ၊ တောင်ကြီး၊ မုံရွာနှင့် နေပြည်တော်ပွဲစဉ်များမှ သုံးပွဲစီကို MRTV-4 မှတိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

လက်ရှိ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် အသင်းပေါင်း ၁၄ သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဒုတိယအကျော့ကိုမေလ ၁၂ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။







7 DAY NEWS JOURNAL
Vol.11, No.8 ▪ MAY 3 , 2012



# မြန်မာ့ရိုးရာစစ်တုရင်ကစားနည်း လက်ရွေးစင် ရွေးချယ်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ- ၂၆**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ထည့်သွင်းကျင်းပမည့် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းအတွက် ပဏာမလက်ရွေးစင်များ ရွေးချယ်မည့် တံခွန်စိုက်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ မြန်မာ့ရိုးရာ စစ်တုရင် တံခွန်စိုက်ပြိုင်ပွဲကို မေ ၂ ရက်မှ ၁၁ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း၊ အဖွဲ့ချုပ်ပြိုင်ပွဲခန်းမတွင် ကျင်းပမည်ဖြစ်ပြီး အားကစားသမား ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသည်။

“ဒီပြိုင်ပွဲမှာ ပြီးခဲ့တဲ့ ဖေဖော်ဝါက ပြုလုပ်ခဲ့တဲ့ မြန်မာ့ရိုးရာ စစ်တုရင်အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲက ၈ ဦး၊ ၂၀၁၀၊ ၂၀၁၁ ချန်ပီယံ ၂ ဦး၊ အဖွဲ့ချုပ်လက်ရွေးစင် ၂ ဦး၊ စုစုပေါင်း အားကစားသမား ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ။ ဆီးဂိမ်းအတွက် ပဏာမလက်ရွေးစင်တွေကိုလည်း ဒီပြိုင်ပွဲကနေ ရွေးချယ်သွားမှာပါ” ဟု မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းပြိုင်ပွဲသို့ မြန်မာ့ရိုးရာစစ်တုရင် အားကစားပရိသတ်များ အနေဖြင့် ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာစစ်တုရင် အားကစားနည်းကို ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပမည်ဖြစ်သည်။

# လက်ရွေးစင် ဂေါက်သီးကစားသမားများရွေးချယ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၆**

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက်ရည်ရွယ်၍ ပဏာမ မြန်မာ့လက်ရွေးစင်ဂေါက်သီးရိုက်ကစားသမားများရွေးချယ်မည့် လက်ရည်စစ်ပြိုင်ပွဲကို နေပြည်တော် မြို့တော်ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နိုင်ငံလက်ရွေးစင်အသင်းတွင် အားကစားသမားများအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် အားကစားသမားများသည် အသက် ၁၄ နှစ်မှ ၃၀ နှစ်အတွင်းရှိရမည်ဖြစ်ပြီး အမျိုးသားများသည် အကျောပေးရိုက်ချက် ၀ မှ ၁၂ အတွင်း၊ အမျိုးသမီးများသည် အကျောပေးရိုက်ချက် ၀ မှ ၁၆ အတွင်း ရိုက်နိုင်သူများဖြစ်ရမည်ဖြစ်ကြောင်းသိရသည်။

လက်ရည်စစ်ရွေးချယ်ပြိုင်ပွဲကိုမြို့တော်ဂေါက်ကွင်း(နေပြည်တော်)၌ မေလ ၈ ရက်နှင့် ၉ ရက်တို့တွင် တစ်ရက်လျှင် ၁၈ ကျင်းရိုက်၍ ရွေးချယ်မည်ဖြစ်ပြီး အားကစားသမားများသည် မိမိအစီအစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ ထို့အပြင် ရွေးချယ်ခံရပါက ဆီးဂိမ်းပြိုင်ပွဲပြီးဆုံးသည်အထိနေပြည်တော်တွင် ကာလရှည် စခန်းသွင်းလေ့ကျင့်နိုင်သူများသာ ဝင်ရောက် အရွေးချယ်ခံရမည်ဖြစ်သည်။

စခန်းသွင်းလေ့ကျင့်နေစဉ်အတွင်း ပဏာမရွေးချယ်ခံရသူများအား နေထိုင်စားသောက်စရိတ်၊ လေ့ကျင့်ရေးစရိတ်၊ ထောက်ပံ့စရိတ်များအပြင် ပညာသင်ကြားနေဆဲဖြစ်ပါက ဆက်လက်သင်ကြားနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မေလ ၆ ရက် နောက်ဆုံးထား၍ (ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် ဖုန်း-၀၆၇-၄၀၆၁၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။

# ဆုငွေကျပ်သိန်းသုံးဆယ် ချီးမြှင့်မည့် ပန်ကြပ်ဆီလတ် တံခွန်စိုက်ပြိုင်ပွဲ ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၂၈**

ဆုကြေးငွေ စုစုပေါင်းကျပ်သိန်းသုံးဆယ်ကျော် ချီးမြှင့်မည့် ၂၀၁၂ ခုနှစ်၊ ပထမအကြိမ် ပြည်နယ်နှင့်တိုင်းဒေသကြီးကလပ်ပေါင်းစုံပန်ကြပ်ဆီလတ်တံခွန်စိုက် ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။


မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အဆိုပါ ပြိုင်ပွဲကို မေလ ၅ ရက်မှ ၁၀ ရက်အထိ သိမ်ဖြူအားကစားရုံတွင် ပြုလုပ်မည်ဖြစ်ပြီး အဖွဲ့ချုပ်၌ မှတ်ပုံတင်ထားသည့် သိုင်းကလပ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် အသက် ၁၆ နှစ်မှ ၃၀ နှစ်ကြားရှိရမည် ဖြစ်ပြီး အမျိုးသားဝိတ်တန်း ၁၀ တန်းနှင့် အမျိုးသမီးဝိတ်ဝန်း ၇ တန်းထည့်သွင်းကျင်းပမည် ဖြစ်သည်။ ဝိတ်တန်းတစ်တန်းစီအတွက် ပထမဆုကျပ်ခုနစ်သောင်း၊ ဒုတိယဆုကျပ်ငါးသောင်း၊ တတိယဆုကျပ်သုံးသောင်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားတစ်ဦးရွေးချယ်ကာ ဆုကြေးငွေကျပ်တစ်သိန်းချီးမြှင့်မည်ဖြစ်ပြီး ရွှေတံဆိပ်အများဆုံးရရှိသည့် အသင်းအား တံခွန်စိုက်ဆုဖလားနှင့်ကျပ်သုံးသိန်း၊ ဒုတိယဆုကျပ်နှစ်သိန်း၊တတိယဆုကျပ်တစ်သိန်း ချီးမြှင့်မည် ဖြစ်ကြောင်းသတင်းရရှိသည်။

“ဒီပြိုင်ပွဲမှာ ၂၀၀၉ နှင့် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲဝင်ဖူးတဲ့ အားကစားသမားများနဲ့ လက်ရှိပဏာမလက်ရွေးစင်ကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ခွင့် မပြုပါဘူး။ လာမယ့် ဆီးဂိမ်းပြိုင်ပွဲအတွက် လူသစ်မျိုးဆက်သစ်တွေ ထွက်လာဖို့အတွက် ရည်ရွယ်ပါတယ်” ဟု ယင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းပြိုင်ပွဲသို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။




## ယခုနှစ် မီတာ ၅၀ လိပ်ပြာကူး အမြန်ဆုံးစံချိန် ဘရာဇီးမှ ဆီဆာဆီလိုရရှိ

**ရီယိုဒီဂျနေရိုး၊ မေ - ၂၈**

ဘရာဇီးမှ ရေကူးသမား ဆီဆာဆီလိုသည် ရီယိုဒီဂျနေရိုးမြို့တွင် ပြုလုပ်သော ဘရာဇီးအိုလံပစ်ရေကူးပြိုင်ပွဲ အမျိုးသားပွဲစဉ်တွင် မီတာ ၅၀ လိပ်ပြာကူးပြိုင်ပွဲ၌ ၂၂ ဒသမ ၇၆ စက္ကန့်ဖြင့် တောင်အမေရိက စံချိန်သစ်ရရှိကာ ယင်းမှာ ယခုနှစ်၏ အမြန်ဆုံးစံချိန်ဖြစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲ၌လည်း ၎င်းတင်ခဲ့သော စံချိန် ၂၁ ဒသမ ၃၈ စက္ကန့်မှာ ယခုနှစ်၏ အမြန်ဆုံးစံချိန်ဖြစ်ခဲ့သည်။ ယခုပွဲတွင် ဘရာဇီးနိုင်ငံမှ နီကိုလပ်စ်ဒေါ်စ်ဆန်းတို့စ်က ၂၂ ဒသမ ၇၉ စက္ကန့်ဖြင့် ဒုတိယ၊ ပြင်သစ်မှ ဖရတ်ဘော့စ်ကွက်က ၂၃ ဒသမ ၀၂ စက္ကန့်ဖြင့် တတိယ အသီးသီးရရှိခဲ့သည်။

—*Ref: Xinhua*

# ကမ္ဘာ့စနူကာ အဖွဲ့ချုပ် နိုင်ငံတကာ ချန်ပီယံရှစ်ပြိုင်ပွဲ အာရှတွင်ပထမအကြိမ် ကျင်းပမည်

**ရှက်ဖီးလ်၊ မေ - ၂၈**

ယခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ်ပြုလုပ်မည့် ကမ္ဘာ့စနူကာအဖွဲ့ချုပ်နိုင်ငံကာချန်ပီယံရှစ်ပြိုင်ပွဲကို အာရှတိုက်ရှိတရုတ်နိုင်ငံတွင် ပထမဆုံးကျင်းပမည် ဖြစ်ကာ စနူကာပွဲများသမိုင်းတွင် ဆုကြေးအများဆုံးပေးသည့်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကစားသမားများ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်ကိုပါ သတ်မှတ်ပေးမည့် ကမ္ဘာ့အဆင့် ယင်းပြိုင်ပွဲကို အာရှတွင် ပထမဆုံးကျင်းပခြင်းဖြစ်ပြီး ဆုကြေးစုစုပေါင်း ဒေါ်လာ ၉၇၂,၀၀၀ ပေးအပ်ရန်စီစဉ်ထားသည်။ ချန်ပီယံအဖြစ်ဆွတ်ခူးနိုင်သူမှာ ဒေါ်လာ ၂၀၂,၀၀၀ ရရှိမည်ဖြစ်သည်။ ပြိုင်ပွဲကိုဗြိတိန်ချန်ပီယံရှစ်ပြိုင်ပွဲတွင်အဆင့်သတ်မှတ်ချက်အမှတ်ပေးသည့် ပုံစံအတိုင်းကျင်းပမည်ဖြစ်ကာ ကမ္ဘာ့ထိပ်တန်းကစားသမား ၃၂ ဦးအပြင် အာရှမှ ကစားသမားရှစ်ဦးပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲကို လာမည့် ငါးရာသီဆက်တိုက်ကျင်းပရန် ကမ္ဘာ့စနူကာအဖွဲ့ချုပ်နှင့် စီစီတီဗီအားကစားနှင့်ဖျော်ဖြေရေးကုမ္ပဏီတို့ သဘောတူညီချက်ရရှိထားသည်။ တရုတ်နိုင်ငံတွင်ကျင်းပမည့် ယင်းပြိုင်ပွဲ လက်ခံကျင်းပမည့်မြို့ကိုမူ မကြာမီအတည်ပြုကြေညာသွားမည်ဟု သိရသည်။

—*Ref: Xinhua*

# Sports

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# မန်ချက်စတာနှစ်သင်းစလုံး နိုင်ပွဲကိုယ်စီရှာရမယ့် ပရီမီးယားလိဂ် ပွဲစဉ် (၃၇) ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**



မန်ချက်စတာဒါဘီပွဲအပြီးမှာ လိဂ်ကိုဦးဆောင်မယ့်အသင်း ဘယ်သူဖြစ်မလဲဆိုတာ ပေါ်ထွက်လာတော့မှာပါ။ ပရီးမီးယားလိဂ်ပြီးဆုံးဖို့ တစ်ပွဲသာ ကျန်တော့တဲ့ ယခုအပတ် ပွဲစဉ် (၃၇) မှာတော့ နယူးကာဆယ်ကို အဝေးကွင်းမှာ ရင်ဆိုင်ရမယ့် မန်စီးတီးနဲ့ အိမ်ကွင်းမှာ ဆွမ်းဆီးကို အနိုင်ကစားရမယ့်မန်ယူတို့ရဲ့ ပွဲစဉ်တွေဟာ အရေးကြီးတဲ့ပွဲတွေ ဖြစ်သလို ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းမှာ ကစားမယ့် လီဗာပူး-ချယ်လ်ဆီးပွဲစဉ်ကလည်း ပရိသတ်တွေ စိတ်ကြိုက်တွေ့မှာ ဖြစ်ပါတယ်။

**မေ ၅၊ စနေ။**

**ညနေ ၆း၁၅ နာရီ**

**အာဆင်နယ် - နော်ဝစ်ချ်**

**ပထမအကျော့ရလဒ် ၂-၁**

အာဆင်နယ်တို့ အဝေးကွင်းဆိုပေမယ့် အကောင်းဆုံးကစားသွားနိုင်ပြီး ဇယားမှာရပ်တည်မှုအရလည်း ဥရောပဝင်ခွင့်မျှော်လင့်နေတာမို့ အနိုင်ရလောက်ပါတယ်။ အာဆင်နယ် ဂိုးအနည်းနဲ့ ကပ်နိုင်ဖို့ရှိပါတယ်။

**မေ ၆၊ တနင်္ဂနွေ**

**ည ၇း၀၀ နာရီ**

**နယူးကာဆယ် - မန်စီးတီး**

**ပထမအကျော့ရလဒ် ၁-၃**

နယူးကာဆယ်တို့ ဒီနောက်ပိုင်းပွဲတွေမှာ တောက်လျှောက်နိုင်ပွဲရနေပြီး ခြေစွမ်းတက်နေပါတယ်။ ဒါကြောင့် ညှော့သည်မန်စီးတီးတို့ သတိထားကစားရဖို့ရှိပြီး အနိုင်ပြတ်သားဖို့ မလွယ်ပါဘူး။ အကြိုက်က မန်စီးတီးဖြစ်ပြီး အပြန်အလှန်သွင်းဂိုးတွေနဲ့ ကပ်နိုင်ဖို့ရှိပါတယ်။

**ည ၇း၃၀ နာရီ**

**ဗီလာ - စပါး**

**ပထမအကျော့ရလဒ် ၀-၂**

စပါးတို့ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံးမှာ ဗီလာကိုအနိုင်ရခဲ့ပါတယ်။ ဗီလာဟာ အိမ်ကွင်းမှာစပါးကို အနိုင်မရတာဟာ အတော်ကြာနေပါပြီ။ စပါးတို့ ရှုံးပွဲတချို့ရှိထားပေမယ့် ဒီအဝေးကွင်းပွဲမှာ အစဉ်အလာမပျက် အနိုင်ရမှာပါ။ ဂိုးနည်းပါမယ်။

**ည ၇း၃၀ နာရီ**

**ဘောလ်တန် - ဝက်စ်ဘရွန်း**

**ပထမအကျော့ရလဒ် ၁-၂**

အိမ်ရှင်ဘောလ်တန်တို့ နောက်ဆုံးနှစ်ပွဲမှာ နိုင်ပွဲရခဲ့ရင် တန်းဆင်းဇုန်က ကပ်ကျန်ဖို့ မျှော်လင့်ချက် ရှိနေဆဲပါ။ ဒါပေမဲ့ ဝက်စ်ဘရွန်းဟာ ဒီနောက်ပိုင်း နိုင်ပွဲများနေပြီး ဖိအားမရှိတဲ့အနေအထားမို့ အဝေးကွင်းဆိုပေမယ့် အသာစီးကစားနိုင်ပါတယ်။ ဝက်စ်ဘရွန်းကို ရွေးသင့်ပါတယ်။

**ည ၇း၃၀ နာရီ**

**ဖူလ်ဟမ် - ဆန်းဒါးလန်း**

**ပထမအကျော့ရလဒ် ၀-၀**

ဆန်းဒါးလန်းဟာ နောက်ဆုံးအဝေးကွင်း သုံးပွဲမှာ ဖူလ်ဟမ်ကိုတစ်ပွဲမှ အနိုင်မရဖူးသေးပါဘူး။ ဇယားမှာရပ်တည်မှုအရ ဖူလ်ဟမ်တို့ အခြေအနေပိုကောင်းနေပြီး ဆန်းဒါးလန်းက တောက်လျှောက်သရေပွဲများနေပါတယ်။ အိမ်ရှင်ဖူလ်ဟမ်ဘက်က နှစ်ဂိုးလောက်နဲ့ နေကြည့်သင့်ပါတယ်။

**ည ၇း၃၀ နာရီ**

**ကျူပီအာ - စတုတ်စီးတီး**

**ပထမအကျော့ရလဒ် ၃-၂**

ကျူပီအာတို့ တန်းဆင်းဇုန်ထဲကျရောက်နိုင်ဖို့ဖိအားရှိနေတာမို့ ဒီနောက်ပိုင်းပွဲတွေမှာ နိုင်ပွဲတွေရအောင် ရုန်းကန်လာနေပါတယ်။ ဒါကြောင့် ညှော့သည်စတုတ်တို့ အသာစီးရဖို့မလွယ်လှဘဲကျူပီအာကပဲ ကပ်နိုင်ခြေများနေပါတယ်။

**ည ၇း၃၀ နာရီ**

**ဝုလ် - အဲဗာတန်**

**ပထမအကျော့ရလဒ် ၁-၂**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ သုံးကြိမ်သရေကျခဲ့ပြီး နောက်ဆုံးနှစ်ကြိမ်စလုံးမှာအဲဗာတန်က နိုင်ထားတယ်။ အဲဗာတန်အဝေးကွင်းဆိုပေမယ့် အခြေအနေပိုကောင်းနေပြီး အနိမ့်ဆုံး သရေကစားမယ့်ပွဲပါ။ ဒါမှမဟုတ်ရင် ကပ်နိုင်ပါလိမ့်မယ်။

**ည ၉း၃၀ နာရီ**

**မန်ယူ - ဆွမ်းဆီး**

**ပထမအကျော့ရလဒ် ၁-၀**

မန်ယူတို့ အိမ်ကွင်းဆိုပေမယ့် သတိထားကစားသွားရမယ့်ပွဲပါ။ ဒါပေမဲ့ ဆွမ်းဆီးရဲ့ အဝေးကွင်း စွမ်းဆောင်ရည် ညံ့ဖျင်းတာမို့ မန်ယူတို့နှစ်ဂိုးလောက်တော့ ရနိုင်ခြေရှိပါတယ်။

**မေ ၈၊ အင်္ဂါ**

**နံနက် ၁း၃၀ နာရီ**

**ဘလက်ဘန်း - ဝီဂန်**

**ပထမအကျော့ရလဒ် ၃-၃**

ဒီနှစ်သင်း တွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ များတတ်ပါတယ်။ နှစ်သင်းစလုံး တန်းဆင်းဇုန်းထဲက ရုန်းကန်ရမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါ။ ဒီနောက်ပိုင်း ခြေစွမ်းပိုကောင်းတဲ့ ဝီဂန်ကိုပဲ ရွေးသင့်ပါတယ်။ နှစ်သင်းပေါင်း သွင်းဂိုးများနိုင်ပါတယ်။

**မေ ၉၊ ဗုဒ္ဓဟူး**

**နံနက် ၁း၃၀ နာရီ**

**လီဗာပူး - ချယ်လ်ဆီး**

**ပထမအကျော့ရလဒ် ၂-၀**

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ ချယ်လ်ဆီးတစ်ကြိမ်ပဲနိုင်ပြီး လီဗာပူး လေးကြိမ်နိုင်ထားပါတယ်။ အိမ်ကွင်းမာကျောတဲ့ လီဗာပူးကို ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲ ကစားရမှာပါ။ ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြိုခြေစွမ်းကို ဒီပွဲမှာချယ်လ်ဆီးတို့ ထုတ်ပြနိုင်မလားကြည့်ရမှာပါ။ လီဗာပူးအနည်းငယ်သာနေပြီး ချယ်လ်ဆီး အမြင့်ဆုံး သရေဖြစ်ဖို့ပဲရှိပါတယ်။

# ရာသီအကုန်တွင် ဘာစီလိုနာမှ ဂွါဒီယိုလာ နုတ်ထွက်မည်ဟုဆို

**လန်ဒန်၊ ဧပြီ - ၁၈**

ပြီးခဲ့သည့်လေးနှစ်အတွင်း ဘာစီလိုနာအသင်းအား ဆုဖလားပေါင်းများစွာ ရရှိအောင်စွမ်းဆောင်ပေးခဲ့သော နည်းပြဂွါဒီယိုလာသည် ယခုရာသီအကုန်တွင် အသင်းမှ ထွက်ခွာမည်ဖြစ်ပြီး ၎င်း၏နောက်တွင်လက်ထောက်နည်းပြတီတိုဗီလာနိုဗာက အစားထိုးတာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။ ဂွါဒီယိုလာသည် ၎င်း၏သက်တမ်းသုံးနှစ်ကျော်အတွင်း ဘာကာအသင်းအား ချန်ပီယံလိဂ်ဆုဖလားနှစ်ခု၊ စပိန်လာလီဂါချန်ပီယံဆု သုံးကြိမ်ဆက်တိုက်နှင့်ဆုဖလားပေါင်း ၁၃ ခုရယူပေးနိုင်ခဲ့သည်။

အသက် ၄၁ နှစ်အရွယ်ရှိ ဂွါဒီယိုလာသည် ရာသီကုန်တွင် ၎င်းနုတ်ထွက်မည့်သတင်းကို ဘာကာဥက္ကဋ္ဌ ဆန်ဒရိုရိုဆယ်၊ အားကစားဒါရိုက်တာ အန်ဒိုနီဇူဘီဇာရတ်တာတို့နှင့်အတူ နူးကမ့်ပ်ကွင်းတွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာသည်မကြာသေးမီက ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် ချယ်လ်ဆီးအား ရှုံးနိမ့်ကာထွက်ခွာခဲ့ရပြီး လာလီဂါ၌လည်း အိမ်ကွင်း၌မဟာပြိုင်ဘက်ရီးရဲလ်မက်ဒရစ်ကို ၂-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့၍ လေးကြိမ်ဆက်တိုက်ချန်ပီယံဖြစ်ရေးမျှော်လင့်ချက်မှာပျက်ပြယ်ခဲ့ရသည်။ ဂွါဒီယိုလာ၏ နေရာ အစားထိုးမည့် ဗီလာနိုဗာသည် ဂွါဒီယိုလာနှင့် ဘာစီလိုနာနဘီအသင်းကို ကိုင်တွယ်စဉ်ကပင် လက်ထောက်အဖြစ် ပူးတွဲလုပ်ကိုင်ခဲ့သူဖြစ်သည်။




—Ref: Eurosport

# အိုလံပစ်ဟော်ကီပြိုင်ပွဲ လက်ရည်စစ်ပွဲတွင် ဂျပန်နှင့် အဇာဘိုင်ဂျန် အမျိုးသမီးအသင်းများ အနိုင်ရ

**ကာကာမီဂါဟာရာ၊ ဧပြီ - ၂၈**

ဂျပန်အမျိုးသမီး ဟော်ကီလက်ရွေးစင်အသင်းသည် မလေးရှားအသင်းအား လန်ဒန်အိုလံပစ်အတွက် လက်ရည်စစ်ပွဲနောက်ဆုံးအဆင့်တွင် အနိုင်ရကာ အိုလံပစ်ပြိုင်ပွဲဝင်ခွင့် နီးစပ်လာကြောင်း သိရသည်။

အဇာဘိုင်ဂျန်အသင်းမှာ ဘီလာရုစ်အား အနိုင်ရခဲ့၍လည်း ဂိုးကွာခြားချက်အရ ဂျပန်၏နောက်တွင် ဒုတိယနေရာရခဲ့သည်။ ချီလီနှင့် ဘီလာရုစ်တို့မှာ ဩစတြီးယားနှင့် မလေးရှားတို့အထက်တွင် ရှိခဲ့သည်။ အမျိုးသားဟော်ကီပြိုင်ပွဲတွင် တရုတ်နှင့်ဩစတြီးယားတို့ပွဲမှာ မိုးရွာသွန်းမှုကြောင့်ရွှေ့ဆိုင်းခဲ့ရသည်။ အမျိုးသမီးဟော်ကီပြိုင်ပွဲတွင် အုပ်စုမှ ထိပ်ဆုံးနှစ်သင်းမှာ လန်ဒန်အိုလံပစ်ဝင်ခွင့်အတွက် ဗိုလ်လုပွဲကစား၍ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

—Ref: AFP

7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# ဆူဒန်က စစ်ကြေညာလိုက်ပြီဖြစ်ကြောင်း တောင်ဆူဒန်သမ္မတ ပြောကြား

**ဘေဂျင်း၊ ဧပြီ - ၂၅**

ဆူဒန်နိုင်ငံသည် ၎င်းတို့နိုင်ငံအပေါ် စစ်ကြေညာလိုက်ပြီဖြစ်ကြောင်း တရုတ်နိုင်ငံတွင် အလည်အပတ်ရောက်ရှိနေသော တောင်ဆူဒန်နိုင်ငံသမ္မတ ဆယ်ဗာကီရာ ကပြောကြားသည်။

တောင်ဆူဒန်နှင့် ဆူဒန်နှစ်နိုင်ငံနယ်စပ်တွင် တိုက်ခိုက်မှုများဖြစ်ပေါ်နေသည်မှာ ရက်သတ္တပတ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး တရုတ်နိုင်ငံမှာ နှစ်နိုင်ငံစလုံးထံမှ အဓိကရေနံဝယ်ယူသော နိုင်ငံဖြစ်သည်။


Photo - AP

ထိုအတောအတွင်း ဆူဒန်စစ်လေယာဉ်များသည် နိုင်ငံတောင်ပိုင်းနယ်စပ်တစ်လျှောက်တွင်ဗုံးကြဲတိုက်ခိုက်မှုအများအပြားပြုလုပ်ခဲ့ကြောင်း သိရသည်။ သို့သော် နှစ်နိုင်ငံစလုံးမည်သည့်ဘက်ကမှ တရားဝင်စစ်ကြေညာထားခြင်းမရှိပေ။

ယင်းတိုက်ခိုက်မှုများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရှုတ်ချလိုက်သည်။ တိုက်ခိုက်မှုများသည် မြို့ငယ်နှစ်မြို့ပါဝင်ခဲ့ပြီး ဈေးတစ်ခုတွင် ဗုံးကျရောက်ခဲ့ရာ အနည်းဆုံးလူတစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

ဆူဒန်နိုင်ငံနှင့် တောင်ဆူဒန်ကြားတွင် ဖြစ်ပေါ်နေသော ပဋိပက္ခမှာ ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး တောင်ဆူဒန်ဒေသမှာ ယမန်နှစ်က လွတ်လပ်သော နိုင်ငံဖြစ်လာခဲ့သည်။

တရုတ်နိုင်ငံမှာ ၎င်းတို့အတွက် မဟာဗျူဟာမြောက် လက်တွဲဖက်နိုင်ငံဟုတောင်ဆူဒန်သမ္မတကီရာက ပြောကြားခဲ့သော်လည်း တရုတ်နိုင်ငံသမ္မတဟူကျင်တောင်က နှစ်ဖက်စလုံးမှနေ၍ ချုပ်တည်းမှုပြသရမည်ဟုပြောကြောင်းတရုတ်နိုင်ငံပိုင် ရုပ်သံက ပြောကြားသည်။

*—Ref: BBC/AP*

# သမ္မတရွေးကောက်ပွဲ မဲပေးမှုများ စောင့်ကြည့်ရန် နိုင်ငံတကာ အင်န်ဂျီအိုများကို အီဂျစ်ဖိတ်ခေါ်

**ကိုင်ရို၊ ဧပြီ - ၂၄**

အီဂျစ်သမ္မတရွေးကောက်ပွဲကော်မရှင်သည် လာမည့်သမ္မတရွေးကောက်ပွဲတွင် လေ့လာစောင့်ကြည့်ရန် နိုင်ငံတကာ အင်န်ဂျီအိုအဖွဲ့များကို မေ ၂ ရက် နောက်ဆုံးထား၍ လေ့လာခွင့်လျှောက်လွှာတင်ရန် ဖိတ်ခေါ်ထားကြောင်း နိုင်ငံပိုင်သတင်းဌာနမီနာက ဖော်ပြသည်။

ကော်မရှင်၏ ယခုဆုံးဖြတ်ချက်မှာ သမ္မတရွေးကောက်ပွဲအား ပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်ရေးအဖွဲ့များ၊ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များ၊ ဒီမိုကရေစီ အဖွဲ့အစည်းများအားဝင်ခွင့်ပြုရန် မီးစိမ်းပြလိုက်ခြင်းပင်ဖြစ်သည်။ ကော်မရှင်၏ ဆုံးဖြတ်ချက်အရ နိုင်ငံတကာ အင်န်ဂျီအိုအဖွဲ့များသည် ကော်မရှင်ထံ လေ့လာခွင့်လျှောက်လွှာတင်ရမည်ဖြစ်သည်။ လျှောက်ထားမည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် ရွေးကောက်ပွဲစောင့်ကြည့်ရေး အတွေ့အကြုံရှိသူများဖြစ်ရမည်ဖြစ်ကာ လေ့လာမည့်ကိုယ်စားလှယ်များ၏ စာရင်းနှင့် နိုင်ငံသားအချက်အလက်များ တင်ပြရမည်ဖြစ်သည်။ ထို့နောက် ၎င်းလျှောက်ထားသူများကိုမေ ၇ ရက်တွင် ကော်မရှင်က ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်သည်။ လေ့လာသူရွေးချယ်မည့် ကော်မတီတစ်ရပ်ကိုလည်း အီဂျစ်ပြည်ထဲရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများမှ ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းမည်ဖြစ်သည်။

အီဂျစ်နိုင်ငံတွင် မေ ၂၃ နှင့် ၂၄ ၌သမ္မတရွေးကောက်ပွဲအတွက်မဲပေးမှုများ စတင်မည်ဖြစ်ကာ ကြားဖြတ်အစိုးရတာဝန်ယူထားသော စစ်တပ်က ဇွန်လကုန်တွင် ရွေးချယ်ခံရသည့် အရပ်သားအစိုးရထံ အာဏာလွှဲပေးမည်ဟု ကြေညာထားသည်။

*—Ref: Xinhua*






7 DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# လူထုထောက်ခံမှုတွင် အိုဘားမားက မစ်ရွမ်နီအပေါ် အသာစီးရနေ




**ဝါရှင်တန်၊ မေ - ၂၅**
ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သော စစ်တမ်းနှစ်ခုအရ အမေရိကန်သမ္မတ ဘားရက်အိုဘားမားအပေါ် လူထုထောက်ခံမှုမှာ ရီပက်ဘလေကန်ပါတီစိန်ခေါ်သူ မစ် ရွမ်းနေထက် သာလွန်နေပြီး ထောက်ခံမှု ၅၀ ရာခိုင်နှုန်းရရှိထားသည်။

အိုဘားမားအား ထောက်ခံမှုနှုန်းမှာ၅၀ ရာခိုင်နှုန်းသို့ရောက်ရှိသွားသော်လည်း ၎င်းအားမထောက်ခံပါဟုဆိုသူ ရာခိုင်နှုန်းမှာ ၄၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း အိုဘားမားအပေါ် အမေရိကန် ပြည်သူများ၏ ထောက်ခံမှုအား နေ့စဉ်စစ်တမ်းကောက်ယူသည့် Gallup စစ်တမ်းကပြဆိုနေသည်။ ပုံမှန်အားဖြင့် အိုဘားမားအား ထောက်ခံသည့်နှုန်းထားမှာ ၄၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း Gallup ၏ရွေးကောက်ပွဲနှင့် ပတ်သက်သည့် ထုတ်ပြန်ချက်က ဖော်ပြသည်။

အိုဘားမားအပေါ် ထောက်ခံမှုမြင့်တက်လာခြင်း ဖြစ်နိုင်ခြေအကြောင်းအရာတစ်ခုမှာ လတ်တလောတွင် အမေရိကန်၌ဓာတ်ဆီဈေးနှုန်း ကျဆင်းလာခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ မကြာခဏဆိုသလိုပင် အမေရိကန်နိုင်ငံ၌ သမ္မတအပေါ်ထောက်ခံခြင်း၊ ရှိ၊ မရှိဆိုသည်မှာ ဓာတ်ဆီဈေးအတက်အကျနှင့် ဆက်နွှယ်နေတတ်သည်။

မစ္စတာရွမ်နေးမှာလည်း ဧပြီ ၂၄ ရက်အကြိုရွေးကောက်ပွဲများတွင် ပြည်နယ်ငါးပြည်နယ်၌ အနိုင်ရရှိခဲ့ပြီးနောက် ရီပက်ဘလေကန်၏ သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရရန် အလားအလာကောင်းနေသည်။

—Ref: Xinhua

# မာလီနိုင်ငံတွင် ကြားဖြတ်အစိုးရ ဖွဲ့စည်း




**ဘာမာကို၊ မေ - ၂၆**
မာလီနိုင်ငံတွင် ကြားဖြတ်ဝန်ကြီးချုပ် ချိုက်မိုဒီဘိုဒီယာရာ ဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦးပါဝင်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ပြီး ၎င်းအစိုးရအဖွဲ့တွင် အာဏာသိမ်းခဲ့သော စစ်အုပ်ချုပ်ရေးအဖွဲ့နှင့်နီးစပ်သူ စစ်ဘက်ကိုယ်စားလှယ်သုံးဦးလည်း ပါဝင်ကြောင်း သိရသည်။

ကြားဖြတ်အစိုးရအဖွဲ့၏ အဓိကတာဝန်မှာ တူအာရက်သူပုန်များနှင့် အစ္စလာမ်မစ်သူပုန်များ သိမ်းပိုက်ထားသည့် နိုင်ငံမြောက်ပိုင်းမှပြဿနာများအား ဖြေရှင်းပေးရေးဖြစ်သည်။

အနောက်အာဖရိကတွင်ရှိသော မာလီနိုင်ငံ၌ ယခင်လအတွင်း စစ်ဘက်အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ယင်းပြဿနာကို အနောက်အာဖရိကနိုင်ငံများ စီးပွားရေးဆိုင်ရာအဖွဲ့ (ECOWAS) ကကြားဝင်ဖြေရှင်းပေးခဲ့ပြီးနောက် စစ်အုပ်ချုပ်ရေးအဖွဲ့က အာဏာစွန့်လွှတ်ရန် သဘောတူညီခဲ့သည်။

ယခုကြားဖြတ်အစိုးရတွင်ပါဝင်သော စစ်ဘက်ကိုယ်စားလှယ်သုံးဦးသည် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် အရပ်သားများကာကွယ်ရေးဝန်ကြီးဌာနများကို ကိုင်တွယ်မည်ဖြစ်သည်။

ရူပဗေဒပညာရှင်ဖြစ်သော ဒီယာရာအား ဧပြီ ၁၇ ရက်တွင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံသို့ ပထမဆုံးပြောကြားသည့် မိန့်ခွန်းတွင် မစ္စတာဒီယာရာ (၆၀ နှစ်)က သူပုန်များနှင့် ဆွေးနွေးရန် ပြင်ဆင်ထားသော်လည်းအကျပ်ကိုင်ခြင်းကို လက်ခံမည်မဟုတ်ဟု ပြောကြားသည်။

*—Ref: Reuters*

# အဆင့်မြှင့်ထားသော ဒုံးကျည် ပါကစ္စတန်တွင်အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**အစ္စလာမာဘတ်၊ မေ - ၂၅**
အဆင့်မြှင့်ထားသော ရှာဟီးန်-၁ ဒုံးကျည်ကို ဧပြီ ၂၂ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က ပြောကြားလိုက်သည်။

ရှာဟီးန်-၁ ဒုံးကျည်သည် နျူကလီးယားလက်နက်များ သယ်ဆောင်နိုင်ပြီး အိန္ဒိယနိုင်ငံရှိ ပစ်မှတ်များကို တိုက်ခိုက်နိုင်ရာ ယခုအဆင့်မြှင့်တင်ထားသော ဒုံးကျည်မှာပို၍ပင်အဝေးသို့ပစ်ခတ်နိုင်ကြောင်း သိရသည်။

ယခင်ရက်သတ္တပတ်အတွင်း အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံဘေဂျင်းမြို့အထိပစ်ခတ်နိုင်သော နျူကလီးယား ထိပ်ဖူးတပ်ဆင်နိုင်သည့်ဒုံးကျည်တစ်စင်းကိုအောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ယခုပါကစ္စတန်နိုင်ငံ၏ ဒုံးကျည်စမ်းသပ်မှုထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းသို့ ဒုံးကျည်များ မစမ်းသပ်မီတွင် ပါကစ္စတန်နှင့် အိန္ဒိယနှစ်နိုင်ငံတို့သည် ၂၀၀၅ ခုနှစ်မေလက လက်မှတ်ထိုးခဲ့သော သဘောတူညီချက်အရ တစ်ဖက်နှင့်တစ်ဖက် ဒုံးကျည်စမ်းသပ်မည့်အကြောင်းအသိပေးခဲ့ကြသည်။

ပါကစ္စတန်၏ ဒုံးကျည်စမ်းသပ်မှုကို မဟာဗျူဟာမြောက်စီမံကိန်းများဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာခါလစ်အာမက်က ကြည့်ရှုခဲ့ပြီး ရှာဟီးန်-၁ အေဒုံးကျည်သည် ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်များကို ပိုမို အားကောင်းခိုင်မာလာစေခဲ့ကြောင်း ပြောကြားသည်။

*—Ref: VOA/The Hindu*




# ကနေဒါနိုင်ငံတွင် နွားမတစ်ကောင် ဘဝတစ်သက်တာအတွင်း နို့ဂါလန် ၅၇,၀၀၀ ကျော်ထွက်ရှိခြင်းဖြင့် ကမ္ဘာ့စံချိန်တင်

**ဘမ်ဘရမ်၊ မေ - ၂၄**
ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်အော့တဝါမြို့အနီးရှိ နွားမွေးမြူရေးခြံတစ်ခုမှ နွားမတစ်ကောင်သည် သက်တမ်းတစ်ခုလုံးအတွင်း နို့အများဆုံးထုတ်လုပ်နိုင်ခဲ့၍ ဂင်းနက်စ်ကမ္ဘာ့စံချိန်ချိုးနိုင်ခဲ့ကြောင်းသိရသည်။ ဘမ်ဘရမ်အရပ်ရှိ နွားခြံမှအသက် ၁၅ နှစ်အရွယ် ဟောလ်စတိန်းဟုအမည်ပေးထားသည့် ယင်းနွားမသည် ဘဝတစ်သက်တာတွင် စုစုပေါင်းနို့ဂါလန် ၅,၇၀၀ ထွက်ရှိခဲ့ပြီး ဆက်လက်၍လည်း နို့ထွက်နေဆဲဖြစ်ကြောင်းဆိုသည်။

မွေးမြူရေးခြံမှ လုပ်သားတစ်ဦးဖြစ်သည့် အဲရစ်ပတ်တင်နော်ဒီက "ကျွန်တော်တို့အတွက်တော့ ဒါဟာ ဆုဖလားတစ်ခုဆွတ်ခူးရရှိသလိုမျိုးပါပဲ။ ဒီနွားမဟာဘာရောဂါပြဿနာမှ မရှိတဲ့နွားမဖြစ်ပါတယ်" ဟုအော့တဝါစီတီသတင်းသို့ ပြောသည်။

အဆိုပါမွေးမြူရေးခြံပိုင်ရှင်များသည် ဟော်လ်စတန်းနွားမသေဆုံးခဲ့ပါက အခြားနွားများကဲ့သို့ အသားထုတ်လုပ်ခြင်း မပြုဘဲ ဂုဏ်ပြုသည့်အနေဖြင့် ခြံတွင်း၌ ပင်မြှုပ်နှံသွားမည်ဟု ပြောကြားထားသည်။

*—Ref: UPI*

# ၁၉၇၂ ခုနှစ်ထုတ် အမေရိကန် အကြွေစေ့ ဒေါ်လာတစ်သန်းကျော်ဖြင့် လေလံတင် ရောင်းချ

**ရှောင်ဘတ်၊ မေ - ၂၃**
အမေရိကန်ဒင်္ဂါးစက်ရုံမှ ပထမဆုံးအကြိမ် ထုတ်လုပ်ဖြန့်ချိခဲ့သောအကြွေစေ့များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့်ပဲနိစေ့တစ်စေ့ကို အီလီနွိုက်ပြည်နယ်၌ လေလံတင်ရောင်းချခဲ့ရာဒေါ်လာတစ်သန်းကျော်ဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ရှီကာဂိုရှိ ရှောင်ဘတ်အရပ်တွင်ဒါးလတ်စ်ရှေးဟောင်း အမွေအနှစ်လေလံကုမ္ပဏီက ယင်းပဲနိစေ့ကို လေလံတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ အဆိုပါဒင်္ဂါးမှာ ၁၇၉၂ ခုနှစ်ထုတ် ကြေးနီဖြင့် ပြုလုပ်ထားသည့် ဒင်္ဂါးဖြစ်ကာ တောင်ပိုင်းကယ်လီဖိုးနီးယားပြည်နယ်မှ ရှေးဟောင်းဒင်္ဂါးဝယ်ယူသူ ကီဗင်လစ်ပ်တန်ဆိုသူက ဝယ်ယူသွားခဲ့ကြောင်း သိရသည်။ ဒါးလတ်စ်ရှေးဟောင်းအမွေအနှစ် လေလံကုမ္ပဏီမှ ဒုဥက္ကဋ္ဌ တော့ဒ်အင်းမ်ဟော့ဖ်က "ဒီလိုမျိုးဒင်္ဂါးအကြွေစေ့ ၁၄ စေ့ပဲရှိပါတယ်။ ဒါဟာအားလုံးထဲတတိယအရည်အသွေးအကောင်းဆုံးဖြစ်ပါတယ်။ ၁၉၇၄ မှာဒီလိုဒင်္ဂါးတစ်စေ့ကို ဒေါ်လာ ၁၀၅,၀၀၀ (တစ်သိန်းငါးထောင်) နဲ့ရောင်းချခဲ့ရပြီး အခုတော့ ဒေါ်လာ ၁ ဒသမ ၁၅ သန်းဈေးရခဲ့ပါတယ်" ဟုပြောသည်။

*—Ref: UPI*

# ကိုဖီအာနန်၏ ငြိမ်းချမ်းရေး အစီအစဉ်ကို လိုက်နာရန် ဆီးရီးယားအား မစ္စကလင်တန် တိုက်တွန်း

**ဝါရှင်တန်၊ မေ ြ– ၂၅**

ဆီးရီးယားအစိုးရသည် နိုင်ငံတကာငြိမ်းချမ်းရေးကိုယ်စားလှယ် ကိုဖီအာနန်ကြားဝင်ညှိနှိုင်းစေ့စပ်ပေးထားသည့် ငြိမ်းချမ်းရေး အစီအစဉ်ကို အပြည့်အဝလိုက်နာဆောင်ရွက်သင့်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က တိုက်တွန်းလိုက်ကြောင်း သိရသည်။

"ဒီအစီအစဉ်ကျရှုံးခဲ့ရင် ဘယ်သူအတွက်မှ အကျိုးအမြတ်ထွက်မှာမဟုတ်ပါဘူး။ တကယ်တမ်းအမြတ်ထွက်နိုင်ခြေရှိသူတွေကတော့ ငြိမ်းချမ်းရေးနဲ့အပြောင်းအလဲရဲ့ ရန်သူတွေပဲဖြစ်ပါတယ်"ဟု ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးရောဘတ်ကားနှင့် တွေ့ဆုံပြီးနောက် မစ္စကလင်တန်က သတင်းထောက်များအား ပြောသည်။

ထို့အတွက် အဓိကတာဝန်ရှိသူများမှာ ဆီးရီးယားနိုင်ငံသမ္မတဘာရှားအာဆတ်၊ ၎င်း၏ ထောက်ခံသူများနှင့် ဆီးရီးယားစစ်ဘက်ပင်ဖြစ်ကြောင်း၊ ၎င်းတို့ အနေဖြင့် အပစ်အခတ်ရပ်စဲပြီး မစ္စတာကို ဖီအာနန်ချမှတ်ထားသော အချက် ၆ ချက်ကို လိုက်နာရေးကတိတည်အောင် လုပ်ဆောင်ရမည်ဟု မစ္စကလင်တန်က ပြောကြားသည်။

ကုလသမဂ္ဂက စေလွှတ်သောစောင့်ကြည့်လေ့လာရေးသမားများနှင့် ဆီးရီးယားနိုင်ငံသားများအား လွတ်လပ်စွာတွေ့ဆုံခွင့်ပြုမှသာ ကိုဖီအာနန်၏ အစီအစဉ် အောင်မြင်မည်ဖြစ်ကြောင်းပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ယခုဆိုလျှင် စောင့်ကြည့်လေ့လာသူများ ဆီးရီးယားနိုင်ငံတွင် ရောက်ရှိနေပြီဖြစ်သည်။

—*Ref: Xinhua*



## ချမ်းသာသောနိုင်ငံများမှ လူငယ်ပြဿနာများ ဆင်းရဲသော နိုင်ငံများထိ ကူးစက်လာ

**လန်ဒန်၊ မေ ြ– ၂၆**

ချမ်းသာသော နိုင်ငံများမှ ဆယ်ကျော်သက်လူငယ်များ၏ ပြဿနာများဖြစ်သော အဝလွန်မှု၊ သောက်စားမူးယစ်မှုနှင့် ဘဝနေထိုင်မှုပုံစံပြဿနာများမှာ ဆင်းရဲသောနိုင်ငံများမှ လူငယ်များဆီသို့ အလျင်အမြန်ပျံ့နှံ့လာနေကြောင်း လန်းဆက်ဆေးပညာဂျာနယ်က ဖော်ပြသည်။

ဝင်ငွေမြင့်မားသော နိုင်ငံများ၌ အဝလွန်ကဲမှု၊ ကိုယ်လက်လှုပ်ရှားမှုလုပ်ခြင်းနည်းပါးမှု၊ သောက်စားမူးယစ်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးသုံးစွဲမှုစသော ကူးစက်ရောဂါမဟုတ်သည့် ရောဂါပြဿနာများနှင့် ရုန်းကန်နေရကြောင်း သိရသည်။

ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းသော နိုင်ငံများမှ လူငယ်များတွင် ထိခိုက်ဒဏ်ရာရခြင်း၊ ကူးစက်ရောဂါနှင့် မိခင်သေဆုံးမှုပြဿနာပင် မဖြေရှင်းနိုင်သေးကြောင်း ကမ္ဘာ့ဆယ်ကျော်သက်လူငယ်ပေါင်း ၁ ဒသမ ၈ ဘီလီယံကို လေ့လာသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အသက် ၁၀ နှစ်နှင့် ၂၄ နှစ်ကြားလူငယ်များ ရင်ဆိုင်နေရသောပြဿနာများကို မကြာခဏဆိုသလို နားလည်မှုနည်းပါးပြီး မှတ်တမ်းမှတ်ရာလည်း နည်းပါးကြောင်း အစီရင်ခံစာတွင် သုံးသပ်ထားသည်။

လူငယ်များ အဓိကကြုံတွေ့နေရသည့် ပြဿနာများတွင် လမ်းပေါ်၌ ဖြစ်ပေါ်သည့် မတော်တဆမှုများ၊ မိမိကိုယ်ကို အဆုံးစီရင်မှု၊ ဆယ်ကျော်သက် ကိုယ်ဝန်ဆောင်မှု၊ အေ့စ်ရောဂါနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ပါဝင်ကြောင်း သိရသည်။

—*Ref: Reuters*



7DAY NEWS JOURNAL

# International

Vol.11, No.8 • MAY 3 , 2012

## ဆီးရီးယားတွင် သတ်ဖြတ်မှုများရပ်တန့်ရန် ကုလငြိမ်းချမ်းရေးထိန်းသိမ်းမှုအကြီးအကဲ ပြောကြား

**ဒမတ်စကပ်စ်၊ မေ - ၃၀**

ယခုအချိန်အထိ သွေးထွက်သံယိုမှုများကို မရပ်တန့်နိုင်သေးသော နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးကို ဦးဆောင်ရန် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိလာသော ကုလသမဂ္ဂဝါရင့်ငြိမ်းချမ်းရေးထိန်းသိမ်းမှုဗိုလ်မှူးချုပ်က ဘက်ပေါင်းစုံမှ အကြမ်းဖက်မှုများကို ရပ်ဆိုင်းရမည်ဟုတိုက်တွန်းလိုက်သည်။

"ကိုဖီအာနန်ရဲ့ အစီအစဉ်အောင်မြင်ဖို့ဆိုရင် ဘက်ပေါင်းစုံကနေပြီး အကြမ်းဖက်မှုတွေကိုရပ်တန့်ပြီး လက်နက်ကိုင်အကြမ်းဖက်မှု ရပ်တန့်သွားရေး ကျွန်တော်တို့ကို ကူညီပါလို့တိုက်တွန်းပါတယ်"ဟု ဗိုလ်မှူးချုပ်ရောဘတ်မုတ်ကပြောကြားသည်။

"ဆီးရီးယားအစိုးရက သဘောတူညီထားတဲ့အချက်ခြောက်ချက်ပါ ကိုဖီအာနန်ရဲ့ အစီအစဉ်ကို ကျွန်တော်တို့အပြည့်အဝအကောင်အထည်ဖော်ဖို့လုပ်ဆောင်သွားပါမယ်"ဟု ၎င်းကဆက်လက်ပြောသည်။

လောလောဆယ်တွင် ဆီးရီးယားနိုင်ငံ၌ ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာသူ ၃၀ ဦး ရောက်ရှိနေပြီး ယင်းအရေအတွက်မှာ ၃၀၀ ဦးအထိ ရှိလာမည်ဟု ဒမတ်စကပ်စ်သို့ ရောက်ရှိလာသော ဗိုလ်မှူးချုပ်က သတင်းထောက်များအား ပြောကြားသည်။

ဆီးရီးယားငြိမ်းချမ်းရေးအတွက် မစ္စတာကိုဖီအာနန်ကကြားဝင်ညှိနှိုင်းပေးထားသောအစီအစဉ်တွင် လက်နက်ကိုင်အကြမ်းဖက်မှုများအားလုံး ရပ်တန့်ရေး၊ လူသားချင်းစာနာထောက်ထားမှုအတွက် နေ့စဉ် နှစ်နာရီကြာ အပစ်အခတ်ရပ်စဲရေး၊ တိုက်ခိုက်မှုများဖြစ်ပေါ်နေသော နယ်မြေဒေသများသို့ မီဒီယာများအား ဝင်ရောက်ခွင့်ပြုရေး၊ ဘက်ပေါင်းစုံမှ ပါဝင်သော နိုင်ငံရေးအရ ညှိနှိုင်းမှု ဆန္ဒဖော်ထုတ်ခွင့်ရရှိရေးနှင့် ဥပဒေမဲ့ထိန်းသိမ်းထားသူများကို လွှတ်ပေးရေး စသောအချက်များ ပါဝင်သည်။




Photo - AFP

—Ref: AFP

## အီဂျစ်အစိုးရအဖွဲ့ အပြောင်းအလဲများ ပြုလုပ်မည်

**ကိုင်ရို၊ မေ - ၃၀**

အီဂျစ်အစိုးရက လာမည့် ၄၈ နာရီအတွင်း ဝန်ကြီးအဖွဲ့ကို အပြောင်းအလဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အီဂျစ်မှလာသော သတင်းများအရသိရသည်။

အီဂျစ်စစ်ဘက်ကောင်စီအကြီးအကဲ ဖီးမာရှယ်ဗိုလ်ချုပ်ကြီးဟူစိန်တန်တာဝီက ၎င်းအား ဖုန်းခေါ်ဆို၍ အစိုးရအပြောင်းအလဲပြုလုပ်မည့်အကြောင်းကို အသိပေးပြောကြားခဲ့ကြောင်း အီဂျစ်ပါလီမန်ဥက္ကဋ္ဌ ဆာဒက်အယ်လ်ခါတာနီက ပြောကြားသည်ဟု အယ်လ်အာရမ်သတင်းစာက ရေးသားသည်။

အစိုးရအဖွဲ့အား ထုတ်ပယ်ရန် စစ်ဘက်အုပ်ချုပ်သူများက ငြင်းဆန်နေသောကြောင့် ပါလီမန်အစည်းအဝေးများကို ရပ်ဆိုင်းသွားမည်ဟု အစ္စလာမ်မစ်များလွှမ်းမိုးထားသော ပါလီမန်က ပြောကြားပြီးနောက် **စာ(၄၅)သို့**

## ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါ အမေရိကန်သို့ သွားရောက်မည်

**တိုကျို၊ မေ - ၃၀**

ဂျပန်နှင့် အမေရိကန်နှစ်နိုင်ငံကြား မဟာမိတ်ဆက်ဆံရေးကို ပိုမိုခိုင်မာအားကောင်းလာစေရန် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒါသည် ဝါရှင်တန်သို့ သွားရောက်လည်ပတ်ကာ အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်ဖွဲ့များ ဆက်လက်ထားရှိရေး သဘောတူညီချက်ရရှိပြီး မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးပျံလွှတ်တင်မှုကြောင့် ဒေသတွင်း၌ တင်းမာမှုများဖြစ်ပေါ်နေစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ်၏ အလည်အပတ်ခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ **စာ(၄၅)သို့**

**NEWS ANALYSIS**

**ပြင်သစ်မှာ သမ္မတသစ် မြင်ရတော့မည်လား**

**စာ(၃၆)သို့**

## တောင်ဆူဒန်နှင့်ထိစပ်နေသော ပြည်နယ်များတွင် ဆူဒန်က အရေးပေါ်အခြေအနေကြေညာ

**ခါတွန်၊ မေ - ၃၀**

တောင်ဆူဒန်နိုင်ငံနှင့် ထိစပ်နေသော နယ်မြေဒေသများတွင် ဆူဒန်နိုင်ငံက အရေးပေါ်အခြေအနေကြေညာလိုက်ခြင်းဖြင့် တောင်ပိုင်းအား ကုန်သွယ်ရေးပိတ်ဆို့မှုချမှတ်ပြီး အခြေခံဥပဒေကို ဆိုင်းငံ့ထားရန် ဆူဒန်က ပြင်ဆင်လိုက်ကြောင်း ဆူဒန်အစိုးရအေဂျင်စီ ဆူနာကပြောကြားသည်။

ဆင်နာ၊ ဝှိုက်နိုင်းနှင့် တောင်ကော်ဒိုဖန်ပြည်နယ်များတွင် အရေးပေါ်အခြေအနေကြေညာလိုက်သည့် ထုတ်ပြန်ချက်ကို ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှေးက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။



Photo - Getty Images

ဆူဒန်နှင့်တောင်ဆူဒန်နိုင်ငံကြားတွင် နှစ်ပေါင်းများစွာ ပြည်တွင်းစစ်တစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး တောင်ဆူဒန်သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက လွတ်လပ်သောနိုင်ငံဖြစ်လာသည်။ လောလောဆယ်တွင်လည်း ယင်းနှစ်နိုင်ငံကြား နယ်စပ်ဒေသများ၌ တိုက်ပွဲများဖြစ်ပွားနေသည်မှာ တစ်လခန့်ရှိနေပြီဖြစ်သည်။

တိုက်ခိုက်မှုများကြောင့် တောင်ဆူဒန်နိုင်ငံနှင့် အနောက်ဘက်နယ်စပ် ခါဖာဒေသတွင် အရေးပေါ်အခြေအနေချမှတ်ထားခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။ တောင်ဆူဒန်လွတ်လပ်ရေးရပြီးနောက်ပိုင်း နှစ်နိုင်ငံကြား ကုန်သွယ်ရေးကို ပိတ်ပင်ထားခဲ့ရာမှ ယခုအခါ အရေးပေါ်အခြေအနေချမှတ်လိုက်ပြီဖြစ်ရာ ကုန်သွယ်ရေးပိတ်ပင်မှုကို ပိုမိုခိုင်မာလာစေခဲ့သည်။ အရေးပေါ် အခြေအနေအရ မသင်္ကာသူများကို အထူးခုံရုံးများဖွဲ့စည်း၍ ဖမ်းဆီးစစ်ဆေးခွင့်ရှိမည်ဖြစ်သည်။

—Ref: AFP



7 ရ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.8 · MAY 3 , 2012

# ကုလ၏ စီးပွားရေးလုပ်ငန်းရှင်များအတွက် ကျင့်ဝတ် ၁၀ ချက်ကို မြန်မာလုပ်ငန်းရှင် ၁၅ ဦး လက်မှတ်ရေးထိုး

**အောင်သူရ**

**ရန်ကုန်၊ မေ- ၁**

ကုလသမဂ္ဂက စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရန် သတ်မှတ်ထားသော ကျင့်ဝတ် ၁၀ ချက်အား လိုက်နာပါမည်ဟု မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင် ၁၅ ဦးက ပထမဆုံးအကြိမ် လက်မှတ်ရေးထိုးခဲ့ကြသည်။

မေလ ၁ ရက်က ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သော Promoting Responsible Business Introducing the United Nation Global Compact Myanmar အခမ်းအနားတွင် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး လက်မှတ်ရေးထိုးထားသော စာရွက်များကို အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ပေးအပ်ခဲ့သည်။

အဆိုပါပွဲတွင် ကုလအတွင်းရေးမှူးချုပ်မစ္စတာ ဘန်ကီမွန်းက "နိုင်ငံတကာအပြင် ကိုယ့်ပြည်တွင်းမှာပါလိုက်နာတာကောင်းပါတယ်။ ဒီနည်းနဲ့ပဲ ကမ္ဘာကြီးကို ကယ်တင်ကြပါစေ"ဟု ပြောကြားခဲ့သည်။

အဆိုပါကျင့်ဝတ် ၁၀ ချက်အား လက်မှတ်ထိုးသော ကုမ္ပဏီ ၁၅ ခုတွင် နည်းပညာကုမ္ပဏီအများစုပါဝင်ပြီး သစ်ထုတ်လုပ်ရေးလုပ်ငန်းလုပ်ကိုင်နေသော ဒဂုန်အင်တာနေရှင်နယ်ကုမ္ပဏီပါဝင်သည်ကို တွေ့ရသည်။

ကုလသမဂ္ဂသတ်မှတ်ထားသော ကျင့်ဝတ် ၁၀ ချက်တွင် လူ့အခွင့်အရေး၊ အလုပ်သမားရေးရာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အဂတိလိုက်စားမှုဆန့်ကျင်ရေးတို့ပါဝင်သည်။

"ဒီလိုပွဲမျိုးမှာ ဓာတ်မြေဩဇာကုမ္ပဏီလိုမျိုး ပါသင့်တယ်။ အရက်ချက်စက်ရုံတွေပါသင့်တယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်သူ ဦးဝင်းမျိုးသူက သုံးသပ်သည်။

"တစ်ခုချင်းပြန်ကြည့်ရင် တချို့ဟာတွေမှာလိုက်နာဖို့လွယ်ပေမယ့် တချို့အချက်တွေက လိုက်နာဖို့ခက်တယ်။ အထူးသဖြင့် နောက်ဆုံးအချက်ဖြစ်တဲ့ အဂတိလိုက်စားမှုပေါ့။ ကိုယ်ကိုယ်တိုင်က အဂတိလိုက်မှုမလုပ်ပေမယ့် ကိုယ့်လုပ်ငန်းအောင်မြင်အောင်ညှိနှိုင်းပြီးလုပ်ရတာမျိုးရှိတယ်။ အစိုးရနဲ့ ညှိနှိုင်းရတာရှိတယ်။ အဲဒါတွေက လာဘ်ပေးလာဘ်ယူကို အားပေးသလိုဖြစ်တယ်။ အဲဒါကို ကုမ္ပဏီပိုင်းက လုပ်ရတာအတော်ခက်တယ်။ လက်ရှိအနေအထားမှာ"ဟု အရပ်ဖက်အဖွဲ့အစည်းအဖြစ် လက်မှတ်ရေးထိုးခဲ့သော မြန်မာ့စီးပွားရေးစီမံအမှုဆောင်များအသင်းဥက္ကဋ္ဌဦးမြင့်မောင်ထွန်းက ပြောသည်။

ကုလသမဂ္ဂက သတ်မှတ်ထားသော ကျင့်ဝတ် ၁၀ ချက်အား လိုက်နာသောနိုင်ငံများထဲမှ ပြင်သစ်နှင့်ဂျပန်နိုင်ငံရှိစားသုံးသူများကကျင့်ဝတ်လိုက်နာခြင်းမရှိသော နိုင်ငံများမှ ပစ္စည်းများကို သုံးစွဲမှု နည်းပါးလာကြသည်ဟု အဆိုပါပွဲသို့ တက်ရောက်လာသူ AT&T မုန့်တိုက်ပိုင်ရှင်ဦးအောင်ခင်မြင့်က ပြောသည်။

အဆိုပါ ၁၀ ချက်အား ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၃၀ မှ ကုမ္ပဏီပေါင်း ၈၇၀၀ ကျော် လက်မှတ်ရေးထိုးထားပြီး အဆိုပါကျင့်ဝတ်အားလိုက်နာမည်ဟု ကတိပြုလက်မှတ်ရေးထိုးပါက နှစ်စဉ်ကြေးဒေါ်လာ ၅၀၀ အား ကုလသမဂ္ဂသို့ပေးဆောင်ရသည်။



UN Global Compact တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သူ ဦးဝင်းအောင်အား ကုလအတွင်းရေးမှူးချုပ်နှင့် အတူ တွေ့ရစဉ်။ ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

# မဟာမုနိဘုရား ဆိုင်ခန်းအခွန်ခများ တိုးမြှင့်မည့်ကိစ္စ ဆိုင်းငံ့ထား

**ညီညီဇော်**

**မန္တလေး၊ မေ- ၁**

မန္တလေးမဟာမြတ်မုနိဘုရားကြီး ဆိုင်ခန်းခများ တိုးမြှင့်ကောက်ခံမည့်ကိစ္စ လတ်တလောအခြေအနေအရ ခေတ္တဆိုင်းငံ့ထားမည်ဟု မဟာမုနိဂေါပကအဖွဲ့ထံမှ သတင်း ရရှိသည်။

"အရင်နှုန်းထားနဲ့မကောက်သေးဘူး။ နှုန်းထားအသစ်နဲ့လည်း မကောက်သေးဘူး။ အားလုံးကို ငြိမ်းငြိမ်းချမ်းချမ်းဖြစ်အောင် ညှိနှိုင်းပါမယ်"ဟု မဟာမုနိဂေါပကအဖွဲ့ဥက္ကဋ္ဌဦးသိန်းတိုးက ပြောသည်။

ယခုကဲ့သို့ ဆိုင်ခန်းအခွန်သုံးဆတိုးမြှင့်ရခြင်း၏ ရည်ရွယ်ချက်မှာ အဆိုပါ ဆိုင်ခန်းများကို အဆင့်မြှင့်တင် ပြုပြင်ပေးစေလိုသောကြောင့်ဖြစ်သည်ဟုဂေါပကအဖွဲ့က ရှင်းလင်းပြောကြားသည်။

"ရရင်လည်း ပြင်ပေးနိုင်မှာပေါ့။ မရတော့လည်းပြင်မပေးနိုင်ဘူးပေါ့"ဟု ဥက္ကဋ္ဌက ပြောသည်။

မဟာမုနိဘုရားကြီး တောင်ဘက်မုခ်တိုက်တန်းကဆိုင်ခန်းရှင် တွေက ဆိုင်ခန်းခွန်ကို ဘုရားဘဏ္ဍာတော်ထဲသို့သာ ရောက်စေလိုကြောင်း ဆိုင်ခန်းပြုပြင်ရန် ဆိုင်ခန်းရှင်များကသာ ကုန်ကျစေလိုကြောင်း သူ၏အမြင်ကိုပြောသည်။ ဈေးသူဈေးသားများအနေဖြင့် အခွန်သုံးဆ တိုးမြှင့်ကောက်ခံမည့် အစားဆိုင်ခွန် အားလုံးအပေါ် ထပ်တိုးငွေ ၅၀၀ ကျပ် (သို့မဟုတ်) ၇၀၀ ကျပ်သာ တိုးမြှင့်ကောက်ခံရန် ဂေါပကအဖွဲ့ထံ တင်ပြထားကြောင်း ဘုရားအရှေ့ဘက်မုခ် တိုက်တန်းမှ ဆိုင်ရှင်တစ်ဦးက ပြောသည်။

မဟာမုနိ ဆိုင်ခန်းများရှိ အခွန်များမှာ လက်ရှိတစ်လလျှင် ၂,၀၀၀ ကျပ်မှ ၅,၀၀၀ ကျပ်အထိ ရှိသည်။ ၂၀၁၂ ခုနှစ်မေလမှစတင်ကာ အခွန်ခများယခုကောက်ခံနေသည့်နှုန်းထားထက် သုံးဆတိုးမြှင့်ကောက်ခံရန် ကြေညာလိုက်ရာမှ ဂေါပကအဖွဲ့နှင့် ဈေးသူဈေးသားများအကြား အငြင်းပွားမှုအသွင်ဆောင်ခဲ့ခြင်းဖြစ်သည်။

**အချပ်ပို(A) - လွှတ်တော်အစည်းအဝေး ရက်ရွှေ့သည့် ဆုံးဖြတ်ချက်အပေါ် ကိုယ်စားလှယ်များက ချီးကျူးကြိုဆို မှ**

ယခုကဲ့သို့ ရက်နောက်ဆုတ်လိုက်သည့်အတွက်ကျပ်သိန်း ၂၀၀ ကျော်ခန့် ပိုမိုကုန်ကျသွားနိုင်ဖွယ်ရှိသည်ဟုလည်း ကိုယ်စားလှယ်များက ခန့်မှန်းပြောကြားသည်။

မေလ ၂ ရက် နံနက်ပိုင်းက အင်န်အယ်လ်ဒီပါတီ ကိုယ်စားလှယ်အများစု လွှတ်တော်တက်ရန် နေပြည်တော်သို့ ရောက်ရှိနေပြီဖြစ်ပြီဖြစ်သည်။

# မြန်မာ့သစ်တောထွက်ပစ္စည်းများ အီးယူဈေးကွက်အခိုင်အမာရရှိရန် မရေရာ

**ကိုကိုကြီး**

**ရန်ကုန်၊ မေ- ၁**

အီးယူအဖွဲ့က မြန်မာနိုင်ငံအပေါ် ချမှတ်အရေးယူထားသည့် စီးပွားရေးပိတ်ဆို့မှုကို တစ်နှစ်ဆိုင်းငံ့လိုက်သော်လည်း မြန်မာ့သစ်တောထွက်ပစ္စည်းများ အီးယူဈေးကွက်သို့ ထိုးဖောက်ရာတွင် ကြုံတွေ့လာမည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် အဆင့်သင့်မဖြစ်သေး၍ ဈေးကွက်အခိုင်အမာ ရရှိရန် မရေရာဆဲဖြစ်ကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အီးယူနိုင်ငံများသို့ တင်ပို့သည့်မြန်မာ့သစ်တောထွက်ပစ္စည်းများမှာ အဓိကအားဖြင့် Outdoor သုံးပရိဘောဂပစ္စည်းနှင့် သစ်ခွဲသားများဖြစ်သည်။

အီးယူနိုင်ငံများကအာရှနိုင်ငံများမှထုတ်လုပ်သည့် Indoor နှင့် Outdoor သုံး ပရိဘောဂပစ္စည်းနှစ်မျိုးစလုံးကို အဓိကဝယ်ယူပြီး မြန်မာနိုင်ငံအနေဖြင့် Indoor ပရိဘောဂပစ္စည်းဈေးကွက်တွင်းဝင်ရောက်ယှဉ်ပြိုင်ရန် မလွယ်ကူကြောင်း၊ ထို့ကြောင့် ကျွန်းသစ်ကိုအခြေခံထုတ်လုပ်သည့် Outdoor ပရိဘောဂပစ္စည်းဈေးကွက်သို့တင်ပို့နိုင်ကြောင်း သိရသည်။

သို့သော် လွန်ခဲ့သည့် ၅ နှစ်၊ ၆ နှစ်ကာလအတွင်း အခက်အခဲအမျိုးမျိုးကြုံတွေ့ရခြင်းကြောင့် ထုတ်လုပ်တင်ပို့မှုပမာဏကိုလျှော့ချသည့်စက်ရုံများနှင့် ရပ်ဆိုင်းသွားသည့်စက်ရုံ (Outdoor ပရိဘောဂထုတ်စက်ရုံ)အချို့ရှိခြင်းကြောင့် ကုန်ကြမ်းအလွယ်တကူရရှိနိုင်သည်ဆိုတောင်မှ လတ်တလောကာလအတွင်းချက်ချင်း တင် ပို့နိုင်သည့် စက်ရုံ ၂ ရုံမှ ၃ ရုံထက် ကျော်လွန်ပြီး အဆင်သင့်မရှိကြောင်း ၎င်းကပြောသည်။

"အီးယူက ပြန်ဖွင့်လိုက်ပြီဆိုတော့ပြန်ထုတ်မယ်ဆိုရင် ကုန်ကြမ်းကိုပြန်ရှာရမယ်။ ဝယ်သူကိုပြန်ရှာရမယ်။ ဘာကြောင့်လဲဆိုတော့ Outdoor ပရိဘောဂရဲ့ သဘောကတစ်နှစ်ကြိုတင်ပြီး လုပ်ရတဲ့အလုပ်မျိုးဖြစ်နေတယ်။ ဒီတော့ တစ်နှစ်အတွင်းတင်ပို့ဖို့မလွယ်ဘူး"ဟု ၎င်းကပြောသည်။

တစ်နှစ်အတွင်း အီးယူဈေးကွက်သို့ Outdoor သုံးပရိဘောဂများတင်ပို့နိုင်ခြင်းမရှိသော်လည်း အရွယ်အစားကြီးပြီး အရည်အသွေးမြင့်သစ်ခွဲသားများကို တင်ပို့နိုင်ရန်ဈေးကွက်ရှိကြောင်း၊ သို့သော် ယခုနှစ် ဘဏ္ဍာရေးနှစ်မှစတင်ပြီးကျွန်းသစ်နှင့်သစ်ခွဲသားများ၊ သစ်မာသစ်လုံးနှင့်သစ်မာခွဲသားများကို တင်ပို့မည်ဆိုပါက ကုန်သွယ်လုပ်ငန်းခွန် ၅၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဆိုသည့် ဥပဒေကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ပြဋ္ဌာန်းလိုက်ခြင်းကြောင့် ၎င်းအရည်အသွေးမြင့်သစ်ခွဲသားများ တင်ပို့နိုင်ရန်မဖြစ်နိုင်ကြောင်း၎င်း ကပြောသည်။

"ပြည်တွင်းအနေနဲ့ချက်ချင်းထုတ်၊ ချက်ချင်းပို့နိုင်တာက အဆင့်မြင့်ခွဲသားပဲ။ ဒီတော့ ပိတ်ဆို့အရေးယူမှု ရုတ်သိမ်းရင်ပို့မယ်ဆိုပြီးအားခဲထားတဲ့အချိန်မှာ ဖြုန်းဆိုပြီး ကုန်သွယ်ခွန်လာတဲ့အခါမှာ ဘယ်လိုမှမျှော်လင့်ချက်မရှိတော့ဘူး"ဟု ၎င်းကပြောသည်။

ပြည်တွင်းမှထုတ်လုပ်သည့် သစ်ခွဲနှင့်သစ်လုံးများကိုသာပမာဏ အများအပြားတင်ပို့လာပြီး သစ်ချောထည်ပစ္စည်းများ တင်ပို့မှုမရှိခြင်းကြောင့် ၎င်းသစ်ချောထည် ပစ္စည်းတင်ပို့မှုမြင့်တက်လာရန် အချောထည်မဟုတ်သည့် ပစ္စည်းများ (သစ်ခွဲနှင့်သစ်လုံးသား)တင်ပို့မှုကိုအခွန်တိုးမြှင့်ခြင်းဖြစ်နိုင်သည်ဟု ၎င်းက သုံးသပ်ပြောသည်။

"မူအရ ကြည့်မယ်ဆိုရင်တော့ပစ္စည်းပို့ခွင့်ရလာတဲ့အတွက် အခွင့်အလမ်းတစ်ခုပွင့်လာတယ်လို့ပြောလို့ရတာပေါ့။ ရုတ်တရက်ကြည့်ရင်တော့ ဈေးကွက်ကြီးပွင့်လာတယ်ပေါ့။ ဒါကောင်းတဲ့သဘောပေါ့။ ဒါပေမဲ့ မရေရာတာတွေ နဲ့ကြုံတွေ့နေရဆဲပဲ"ဟု ၎င်းတာ ဝန်ရှိသူကပြောသည်။

အီးယူက ၂၀၁၃ ခုနှစ်၊ မတ်လ ၃ ရက်မှစတင်ပြီး ပြဋ္ဌာန်းမည့် European Union Timber Regulation-EUTR ဥပဒေအရ တရားဝင်သစ်တောထွက်ပစ္စည်း (Legal Timber Certificate) ဖြစ်ကြောင်း အထောက်အထားပြသနိုင်မှသာ ၎င်းတို့နိုင်ငံတွင်းသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ယခုချိန်တွင် အီးယူနှင့်မြန်မာနိုင်ငံကြားတွင်တရားဝင်သစ်တောထွက်ပစ္စည်းဖြစ်ကြောင်း အထောက်အထားပေးနိုင်သည့် (Voluntary Partnership Agreements VPA) ဟုခေါ်သည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိသေးကြောင်း ၎င်းကပြောသည်။

သို့သော် ၎င်း VPA တွင် အင်ဒိုနီးရှားနိုင်ငံက လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်း၊မလေးရှားနှင့် ဗီယက်နမ်နှစ်နိုင်ငံသည် ယခုနှစ်အတွင်း လက်မှတ်ရေးထိုးမည်ဖြစ်ပြီး လာအိုနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံသည် လက်မှတ်ရေးထိုးရန် ဆွေးနွေးနေပြီဖြစ်ကြောင်းသိရသည်။

"၂၀၁၃ ရောက်ရင် ခွဲသားပဲပို့ပို့၊ အချောထည်ပဲပို့ပို့ဘာပဲပို့ပို့ (Legal Timber Certificate) မပါရင် ပို့ဖို့အခက်အခဲတွေအရမ်းဖြစ်သွားပြီ"ဟု ၎င်းကပြောသည်။

၎င်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင်သက်ဆိုင်ရာနိုင်ငံများမှ အစိုးရချင်း ဆောင်ရွက်ရကြောင်း၊ သို့သော်ယခင်နိုင်ငံရေးအခင်းအကျင်းကြောင့် အရေးယူပိတ်ဆို့မှုရှိနေပြီး အီးယူနှင့်မြန်မာနိုင်ငံကြားတွင် ၎င်းလုပ်ငန်းစဉ်ကိုဆောင်ရွက်ရန်အတားအဆီးများရှိခဲ့သည်။

"တစ်နှစ်အတွင်း လုပ်နိုင်(Legal Timber Certificate) ဖို့ခက်ခဲပါတယ်။အနည်းဆုံးတော့ ၂နှစ်၊ ၃ နှစ်လောက် ကြာတတ်ပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာ့သစ်ခွဲသားနှင့် Outdoor ပရိဘောဂပစ္စည်းများကို ဥရောပနိုင်ငံများဖြစ်သည့် အီတလီ၊ ပြင်သစ်၊ ဂျာမနီနှင့် အင်္ဂလန်တို့ရှိဈေးကွက်များက အဓိကဝယ်ယူလျက်ရှိပြီး နယ်သာလန်နှင့် စကင်ဒေးဗီးယားနိုင်ငံများကလည်း ဝယ်ယူကြောင်းသိရသည်။

7 ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.8 · MAY 3 , 2012

# နိုင်ငံတော်သမ္မတက လွှတ်တော်သို့ သဝဏ်လွှာပေးပို့

**သီဟ**

**နေပြည်တော်၊ ဧပြီ- ၂၆**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များလစဉ်ချီးမြှင့်ငွေများခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများကို တိုးမြှင့်ပေးခြင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းဝေး ၂၈ ရက်မြောက်နေ့တွင် သဝဏ်လွှာပေးပို့ခဲ့သည်။

အထက်ပါအချက်သုံးချက်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏ လစဉ်ချီးမြှင့်ငွေကို လျှော့ပေါ့ခံစားခြင်းသည်ချီးမြှင့်ငွေသာဖြစ်ပြီး စရိတ်များကိုမူ ဥပဒေပါအတိုင်း ခံစားလျက်ရှိပြီးဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည့် အုပ်ချုပ်မှုအခွင့်အာဏာအရဆောင်ရွက်ခဲ့ကြောင်း ထည့်သွင်းဖော်ပြထားသည်။

နိုင်ငံ့ဝန်ထမ်းဟောင်းအငြိမ်းစားများ၏ ပင်စင်လစာကို တိုးမြှင့်ခံစားခွင့်ပြုခြင်းနှင့် ပတ်သက်၍လည်း အငြိမ်းစားလစာတိုးမြှင့် ခံစားခွင့်ပြုရန် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ပြီးဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည်လည်း Civil Service Regulations နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြခွင့်ပြုချက်ရယူ၍ အမိန့်ကြေညာစာထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်ကြောင်း ပါရှိသည်။

ထို့အပြင် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သည့် ၂၀၁၁ ခုနှစ်နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရခွင့်ပြုပြီး ဖြစ်သည့် ပင်စင်လစာငွေ ခွင့်ပြုချက်အတွင်းမှ ပေးခဲ့ခြင်းဖြစ်ကြောင်းပါရှိသည်။

အလားတူမြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုဖွဲ့စည်းခြင်းသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်အပေါ်တွင်လည်းကောင်းဖွဲ့စည်းခဲ့ခြင်းမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှု အာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့သည့် ကော်မရှင်တစ်ရပ်ဖြစ်သည်ဟု သဝဏ်လွှာတွင် ဖော်ပြထားသည်။

အဆိုပါကော်မရှင်အား ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသည့် အစိုးရသစ်လက်ထက်တွင် အမျိုးသား အကျိုးစီးပွားအတွက် ပြည်ပဖိအားများလျော့ကျရေး၊ နိုင်ငံသားများ၏မူလအခွင့်အရေးများကာကွယ်ရေးနှင့်မြှင့်တင်ရေးတို့အတွက် မဖြစ်မနေ လိုအပ်ချက်အရ ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု ပါရှိသည်။

ထို့အပြင် အဆိုပါကော်မရှင်အား အုပ်ချုပ်ရေးအာဏာအရဖွဲ့စည်းထားရှိခြင်း၊ အမျိုးသားအကျိုးစီးပွားနှင့်နိုင်ငံသားများ၏ မူလအခွင့်အရေးကို ကာကွယ်ရေးနှင့်မြှင့်တင်ရေးတို့အတွက် မရှိမဖြစ် လိုအပ်ခြင်းတို့ကြောင့် ဆက်လက်ဖွဲ့စည်းထားရှိမည်ဖြစ်သည်ဟု ပါရှိသည်။

ကော်မရှင်၏ အသုံးစရိတ်ကိုမူ နိုင်ငံတော်သမ္မတရုံးနှင့်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရန်ပုံငွေ ထုတ်ယူသုံးစွဲသွားမည်ဖြစ်ကြောင်းနှင့်ဥပဒေကိုအခြေခံဖွဲ့စည်းသည့် ကော်မရှင်တစ်ရပ်ဖြစ်ပေါ်စေရေးအတွက် ဥပဒေကြမ်းတစ်ရပ်ပြုစုရေးဆွဲလျက်ရှိပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်း၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သဝဏ်လွှာတွင်ပါရှိသည်။

# သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ယုံကြည်ကြောင်း ကုလအတွင်းရေးမှူးချုပ်ပြောကြား

**အေးမြကျော်**

**ရန်ကုန်၊ မတ်- ၁**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် မြန်မာနိုင်ငံတွင်း အပြုသဘောဆောင်သော နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟုယုံကြည်ကြောင်းကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန် ကီမွန်းက မေလ ၁ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံအပြီးသတင်းထောက်များကို ပြောကြားခဲ့သည်။



ဒေါ်အောင်ဆန်းစုကြည်ကို ကုလအတွင်းရေးမှူးချုပ်နှင့်အတူ တွေ့ရစဉ် ဓာတ်ပုံ - ဇေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတွင် ရှေ့ဆက်လုပ်ဆောင်ရမည့်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများတွင်စိန်ခေါ်မှုများ၊ အခက်အခဲများရှိနိုင်သော်လည်း လုံးဝနောက်ပြန်လှည့်ရန်အကြောင်းမရှိကြောင်းပြောကြားပြီး ကုလသမဂ္ဂအနေနှင့် မြန်မာနိုင်ငံသားများအတွက် လိုအပ်သမျှထောက်ပံ့ကူညီသွားမည်ဟု မစ္စတာဘန်ကီမွန်းက ပြောကြားခဲ့သည်။

မစ္စတာဘန်ကီမွန်းသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပထမဆုံးအကြိမ်တွေ့ဆုံမှုအဖြစ် မေလ ၁ ရက် နံနက်ပိုင်းက တစ်နာရီကျော်ကြာတွေ့ဆုံဆွေးနွေးခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ကုလသမဂ္ဂအဖွဲ့ချုပ်သို့လာရောက်လေ့လာရန်ဖိတ်ခေါ်ခဲ့သည်ဟုမစ္စတာဘန်ကီမွန်းက သတင်းထောက်များကိုပြောကြားခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း သူမအနေနှင့် သွားရောက်ရန်ဆန္ဒရှိပြီး မည်သည့်အချိန်တွင် သွားရောက်နိုင်မည်ကိုမူ မပြောနိုင်သေးကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ ကုလသမဂ္ဂအဖွဲ့ချုပ်ရုံးသို့လာရောက်လေ့လာရန် ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

မစ္စတာဘန်ကီမွန်းသည် ဒေါ်အောင်ဆန်းစုကြည်၏ ဧပြီ ၃၀ ရက်က ဆုံးဖြတ်ခဲ့သော လွှတ်တော်သို့တက်ရောက်မည်ဟူသည့် ဆုံးဖြတ်ချက်ကိုလေးစားကြိုဆိုကြောင်း ပြောကြားခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် အောင်နိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ပြုစကားဆိုခဲ့သည်။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သောနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားပေးထောက်ခံရန် ဧပြီလ ၂၉ ရက်က မြန်မာနိုင်ငံသို့ တတိယအကြိမ်အဖြစ် ရောက်ရှိလာသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် သူ၏ ၄ ရက်တာ ခရီးစဉ်အတွင်း သမ္မတဦးသိန်းစိန်၊ ဒေါ်အောင်ဆန်းစုကြည်၊ အစိုးရအဖွဲ့တွင်းတာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စတာဘန်ကီမွန်းသည် သူ၏ ခရီးစဉ်အတွင်း တွေ့ဆုံမှုများတွင် နိုင်ငံတွင်းအပြုသဘောဆောင်သောပြုပြင်ပြောင်းလဲမှုများကိုရှေ့ဆက်သွားရန်ကချင်ပြည်နယ်တွင်းမှ လက်နက်ကိုင်ပဋိပက္ခများကိုအမြန်ဆုံးဖြေရှင်းနိုင်ရန်နှင့် နိုင်ငံတကာအသိုင်းအဝန်းကို မြန်မာနိုင်ငံအပေါ် ဆက်လက်ထားရှိနေသေးသော အရေးယူပိတ်ဆို့မှုများ ရုတ်သိမ်း၊ ရပ်ဆိုင်းထားရန်လည်း တိုက်တွန်းခဲ့ပြီးမြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးများကို အားပေးထောက်ခံလိုလျှင်နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှုများလာရောက်လုပ်ဆောင်ခြင်းမှာအကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံကောင်းရန်နှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်ကြိုးပမ်းကြသော ခေါင်းဆောင်များကို ထောက်ခံအားပေးကြောင်း မေ ၁ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ White Rice စားသောက်ဆိုင်တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့အပြင်မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင်မီဒီယာ၏ အခန်းကဏ္ဍမှာ အလွန်အရေးကြီးကြောင်း၊ အစိုးရနှင့်မြန်မာလူထု၊ မြန်မာနိုင်ငံနှင့်ပြင်ပကမ္ဘာကိုဆက်သွယ်ပေးနိုင်သော အရာမှာ မီဒီယာသာဖြစ်သောကြောင့် အလွန်အရေးကြီးကြောင်း ၂၅ မိနစ်ဝန်းကျင်ကြာပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် မီဒီယာနှင့်ပတ်သက်၍ မှတ်ချက်ပြုပြောကြားခဲ့သည်။

# လွှတ်တော်အစည်းအဝေး ရက်ရွှေ့သည့် ဆုံးဖြတ်ချက်အပေါ် ကိုယ်စားလှယ်များက ချီးကျူးကြိုဆို

**သီဟ**

**နေပြည်တော်၊ မေ-၁**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်စားလှယ်များလွှတ်တောတက်ရောက်နိုင်ရန်အတွက် အစည်းအဝေးနောက်ဆုတ်ပေးလိုက်ခြင်းသည် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ညှိနှိုင်းတိုင်ပင်ကာ ဆုံးဖြတ်လိုက်ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆုံးဖြတ်လိုက်ခြင်းအတွက် လွှတ်တော်တာဝန်ရှိသူများကိုလေးစားချီးကျူးကြောင်း လွှတ်တော်တွင်း ကိုယ်စားလှယ်များက ပြောသည်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ဦးတည်ချက် အတိုင်းအကောင်အထည်ဖော်လိုက်တဲ့အတွက် ခေါင်းဆောင်တွေရဲ့ စိတ်ဓာတ်ကို ချီးကျူးပါတယ်။ ကသိကအောက်ခံပြီး နောက်ဆုတ်ပေးလိုက်ရလို့ ဘာမှဖြစ်မသွားပါဘူး။ ကြိုဆိုပါတယ်"ဟု ရှမ်းပြည်နယ် မိုင်းရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်က ပြောသည်။

ပထမအကြိမ်လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများသည် မူလက ဧပြီ ၃၀တွင် ပြီးဆုံးရန် စီစဉ်ထားသော်လည်း အင်န်အယ်လ်ဒီ လွှတ်တော်သို့ လာရောက်မည်ဖြစ်သဖြင့် ၂ ရက်နောက်ဆုတ်ကာ မေ ၂ ရက်တွင် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

လွှတ်တော်ပြီးဆုံးသည့်နေ့မှာပင် လွှတ်တော်တက်ရန် ဆုံးဖြတ်ကြေညာလိုက်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းက

"လွှတ်တော်ကလည်း သူ့အစီအစဉ်နဲ့သူလုပ်နေတာ။ အင်န်အယ်လ်ဒီလာမှာမို့လို့ရပ်လိုက်တာမဟုတ်သလို အင်န်အယ်လ်ဒီကလည်း လွှတ်တော်ပြီးတဲ့နေ့မှ ကပ်လုပ်လိုက်တာမဟုတ်ဘူးဆိုတာ ယုံကြည်ပါတယ်"ဟု ဆိုသည်။

လွှတ်တော်ရက်ရွှေ့ဆိုင်းလိုက်ခြင်းနှင့်ပတ်သက်၍ ဦးရဲထွန်းကပင် ယခုကဲ့သို့ဆက်လက်ပြောကြားသည်။

"အခုလို ရက်နောက်ဆုတ်ပေးတာက အင်န်အယ်လ်ဒီပါတီရဲ့နောက်မှာ ပြည်တွင်းနဲ့ နိုင်ငံတကာအင်အားတွေရှိပြီးတော့ တိုင်းပြည်နဲ့လူထုအကျိုးစီးပွားအတွက် ခေါင်းဆောင်တွေက ဆုံးဖြတ်ပေးတာဖြစ်တယ်"

ကြံခိုင်ဖွံ့ဖြိုးရေးပါတီမှ ဒီပဲယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထွန်းက "အင်န်အယ်လ်ဒီ လွှတ်တော်ထဲရောက်လာတာကို ကြိုဆိုရမှာပါ။ အများအတွက် တစ်ရက်၊ နှစ်ရက်စောင့်လိုက်ရတာဘာမှမဖြစ်ပါဘူး။ ဒီထက်မကတောင် စောင့်ခဲ့ရသေးတာပဲ"ဟု မှတ်ချက်ပြုသည်။

မေ ၂ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးများသည် အင်န်အယ်လ်ဒီပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်များ၏ ကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် လွှတ်တော်လုပ်ငန်းစဉ်အနည်းငယ်သာ လုပ်ဆောင်ဖွယ်ရှိကြောင်း ခန့်မှန်းရသည်။ အခြားလွှတ်တော်လုပ်ငန်းစဉ်များအား ဇူလိုင်လတွင် ပြန်လည်ကျင်းပမည့် ပထမအကြိမ် လွှတ်တော်များ၏ စတုတ္ထပုံမှန်အစည်းအဝေးများတွင် ပြန်လည်လုပ်ဆောင်မည်ဟု သိရသည်။

ပထမအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးတွင် အင်န်အယ်လ်ဒီပါတီ ကျမ်းသစ္စာကျိန်ဆိုခြင်းနှင့် အဆုံးသတ်လိုက်သည့်အတွက် သမိုင်းတွင် လှပသည့်အကွက်တစ်ကွက်အားပုံဖော်လိုက်ခြင်းဖြစ်ကြောင်း အလုံမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရီက ပြောသည်။

လွှတ်တော်များ၏ တစ်ရက်ကျင်းပစရိတ်သည် ကျပ်ငွေသိန်း ၁၃၀ ခန့် ကုန်ကျသည်။

အချပ်ပို(D)သို့

7DAY NEWS JOURNAL
Vol.11, No.8 • MAY 3 , 2012

# ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်ပြီးပါက အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် အကူအညီရနိုင်မည်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊**

**မေ - ၂၉**

ကမ္ဘာ့ဘဏ်(World Bank)ပြည်တွင်း၌ ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ပြီးပါက အခြေခံအဆောက်အအုံ စီမံကိန်းများနှင့် ဘဏ်လုပ်ငန်းနည်းပညာအကူအညီများရရှိနိုင်ကြောင်း ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် အထောက်အကူများစွာဖြစ်နိုင်သော စီမံကိန်းများဖြစ်သည့် မီးရထားလမ်းတည်ဆောက်ရေးလုပ်ငန်းများ၊ အဝေးပြေးလမ်းအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အကူအညီရနိုင်ကြောင်း ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ-၂ ဦးသန်းလွင်ကရှင်းပြသည်။

ထို့အပြင် ဗဟိုဘဏ်ကို ဘဏ္ဍာ/အခွန် ဝန်ကြီးဌာနမှ ခွဲထုတ်ပြီး သီးခြားရပ်တည်မှုတွင်လည်း နည်းပညာအကူအညီများ ရရှိနိုင်သည်၊ ပြည်တွင်း၌ လိုအပ်ချက်ဖြစ်နေသည့် ဘဏ်လုပ်ငန်းကျွမ်းကျင်ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ခြင်း၊ အရေအတွက် တိုးပွားလာမှုတို့ကိုလည်း အထောက်အကူ အခွင့်အလမ်းများရနိုင်သည်ဟု အငြိမ်းစားဘဏ်လုပ်ငန်းအကြံပေးတစ်ဦးက ရှင်းပြသည်။

ကမ္ဘာ့ဘဏ်ကိုယ်စားလှယ်ရုံးခွဲကို ဇွန်လအတွင်း လာရောက်ဖွင့်လှစ်ရန်ရှိသည်ဟု ပြည်တွင်းပြည်ပမီဒီယာအချို့တွင်ဖော်ပြကြသည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ကို မြန်မာနိုင်ငံက အကြွေးပေးဆပ်ရန် ရပ်ဆိုင်းထားခဲ့မှုမှာ ၁၀ နှစ်ကျော်ရှိပြီဖြစ်သည်။ ကမ္ဘာ့ဘဏ်ကိုပေးဆပ်ရန်အကြွေးမှာ ကန်ဒေါ်လာသန်း ၄၀၀ နှင့် အာရှဖွံ့ဖြိုးဘဏ်ကိုပေးဆပ်ရန် အကြွေးမှာ ကန်ဒေါ်လာ သန်း ၅၀၀ ရှိကြောင်း မီဒီယာအချို့တွင် ဖော်ပြထားသည်။

"ဒီအကြွေးပမာဏက လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်ကတော့ ဆပ်ဖို့ ခက်ကောင်းခက်လိမ့်မယ်။ အခုတော့ ဒီလိုမဟုတ်တော့ပါဘူး။ နိုင်ငံတော်မှာလည်း ငွေလုံးငွေရင်းဝင်ငွေရှိတယ်"ဟု ဦးသန်းလွင်ကဆိုသည်။

ပြည်ပနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးရန်ရှိသည့် ကြွေးမြီများမှာ ၁၉၈၈ မတိုင်မီနှင့် ၁၉၈၈ နောက်ပိုင်း နှစ်ရပ်ပေါင်း အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံကျော် (ကျပ်သန်းပေါင်း ၁၁,၀၂၃ ဒသမ ၂၉၈) ရှိကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဇန်နဝါရီ ၃၁ ရက်အမျိုးသားလွှတ်တော်တွင် ပြောကြားခဲ့သည်။

ထိုချေးငွေများအနက် အာရှဖွံ့ဖြိုးရေးဘဏ်သို့ ပေးဆပ်ရမည့် ချေးငွေမှာ ကန်ဒေါ်လာ ၃၅၆ ဒသမ ၉၃၅သန်း၊ အိုဒီအေချေးငွေ ၈၀၁ ဒသမ ၅၉၁ သန်း၊ ဒိန်းမတ်မှ ချေးငွေ ၅၃ ဒသမ ၁၃၉ သန်း၊ ဂျာမနီချေးငွေ ၅၈၄ ဒသမ ၇၂၈ သန်း၊ ဂျပန်မှချေးငွေ ၆၃၈၈ ဒသမ ၃၂ သန်း၊ ကနေဒါမှ ချေးငွေ ၈ ဒသမ ၁၅၆ သန်း၊ ဖင်လန်မှ ချေးငွေ၄ဒသမ၈၁၂သန်း၊ပြင်သစ်မှ ချေးငွေ ၈၄ ဒသမ ၀၁၆ သန်း၊ ဩစတြေးလျမှ ချေးငွေ ၃၇ ဒသမ ၁၂၇ သန်း၊ ဗြိတိန်ချေးငွေ ၃၆ ဒသမ ၅၅၂ သန်းတို့ဖြစ်သည်။

ထို့အပြင် အိုပက်အဖွဲ့မှ ၂၂ ဒသမ ၆၄၈ သန်း၊ အိန္ဒိယနိုင်ငံမှ ၁၁၀ ဒသမ ၃၈၉ သန်း၊ ကိုရီးယားနိုင်ငံမှ ၅၀ ဒသမ ၂၇၇ သန်း၊ ထိုင်းနိုင်ငံမှ ၆၃ ဒသမ ၄၂ သန်း၊ မလေးရှားနိုင်ငံမှ သန်း ၁၅၀၊ ဆားဘီးယားနိုင်ငံမှ ၁၇ ဒသမ ၉၃၆ သန်း၊ တရုတ်နိုင်ငံမှ သန်း ၂၁၃၁ ဒသမ ၇၄၄ သန်းတို့ ဖြစ်သည်။

# အကျဉ်းကျခံ မွန်ပြည်သစ်ပါတီဝင်နှစ်ဦးကို လွတ်ငြိမ်းခွင့်ပေး

**အောင်သူရ** **ရန်ကုန်၊ မေ - ၃၀**

မွန်ပြည်သစ်ပါတီမှတစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံနေရသူနှစ်ဦးအား နိုင်ငံတော်သမ္မတက ဧပြီလ ၃၀ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

"ဝမ်းသာပါတယ်"ဟု ယနေ့နံနက်တွင် အင်းစိန်ထောင်မှပြန်လွတ်လာသူ မွန်ပြည်သစ်ပါတီမှ ခရိုင်စည်းရုံးရေးမှူးဦးနိုင်ယက္ခက 7Day News သို့ပြောသည်။ ပြန်လွတ်မြောက်လာသူ ဦးနိုင်ယက္ခနှင့် ဦးနိုင်မျိုးသွေးတို့အား နိုင်ငံတော်ပုန်ကန်မှုဖြင့် တစ်သက်တစ်ကျွန်း(၂၅နှစ်) ချမှတ်ခဲ့ပြီး ရှစ်နှစ်နှင့်ကိုးလကျခံခဲ့ပြီးနောက် ပြန်လွတ်လာခြင်းဖြစ်သည်။

ပြန်လွတ်လာသူ နှစ်ဦးအား ဧပြီလ ၃၀ရက်တွင် ငြိမ်းချမ်းရေးအကျိုးဆောင်များက မွန်ပြည်သစ်ပါတီသို့လွှဲပြောင်းပေးခဲ့သည်။ ယခုနှစ် နှစ်ဆန်းပိုင်းမှစ၍ မွန်ပြည်သစ်ပါတီနှင့် အစိုးရအဖွဲ့တို့သည် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများအား ဆက်လက်ပြုလုပ်လျက်ရှိသည်။

# လွှတ်တော်သို့ လယ် / ဆည်ဝန်ကြီး ပြန်လည်တောင်းပန်

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ မေ - ၃၀**

လွှတ်တော်တစ်ရပ်လုံးကို ပြည်သူလူထုက အယုံအကြည် ကင်းမဲ့စေရန် လွှတ်တော်ဂုဏ်သိက္ခာကျဆင်းစေကြောင်း သုံးသပ်ထားသော Hot News ဂျာနယ်ပါ အကြောင်းအရာနှင့်ပတ်သက်ပြီး တာဝန်ရှိသူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြန်လည်တောင်းပန်ခဲ့သည်။

Hot News ဂျာနယ်၏ မတ်လ ၂၃ ရက်နေ့ထုတ် စာစောင်တွင် "အခုလို လွှတ်တော်ကိုယ်စားလှယ်ဆိုပြီးတော့ ရောက်လာတဲ့ လူဟာ စာမှ မတတ်ဘဲ ၁၀ တန်းမှ မအောင်ဘဲနဲ့ လွှတ်တော်ကိုယ်စားလှယ်ဆို လာထိုင်တော့၊ သူများ ထဆို မတ်တတ်ထနေတယ်။ သူများ ခလုတ်နှိပ်ဆိုနှိပ်တယ်။ သူက ဟုတ်လား၊ သူ့မှာ ဘာမှမရှိဘဲ ဘာတွေပြောနေသလဲ။ သူ နားမလည်ဘူး။ ရမ်းသာလုပ်နေရတယ်"ဟူ၍ ဝန်ကြီး၏ ဆွေးနွေးပြောဆိုချက်များ ဖော်ပြပါရှိခဲ့ရာ ယင်းအကြောင်းအရာများနှင့်ပတ်သက်ပြီး "ကျွန်တော်အနူးအညွတ်တောင်းပန်ပါတယ်" ဟူ၍ ပြန်လည်ရှင်းလင်းကာ တောင်းပန်ခဲ့ခြင်းဖြစ်သည်။

အထက်ဖော်ပြပါအကြောင်းအရာများနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော် လွှတ်တော်အခွင့်အရေးပူးပေါင်းကော်မတီ လေ့လာတွေ့ရှိချက်နှင့် ထောက်ခံချက်များကို ယနေ့ ဖတ်ကြားခဲ့ရာ ယခုလ ၂၇ ရက်နေ့က ကော်မတီ၏ရှေ့မှောက်၌ ဝန်ကြီး၏ ရှင်းလင်းပြောကြားခဲ့ကြောင်းလည်း သိရသည်။

ပြည်တွင်းထုတ် သတင်းဂျာနယ်များနှင့်ပတ်သက်၍လည်း "ကျွန်တော် ဂျာနယ်တွေလည်း တော်တော်များများဖတ်ပါတယ်ခင်ဗျား။ ဖတ်ရင် မကောင်းတာတွေချည်းပဲ။ စိတ်မချမ်းသာဘူးပေါ့ဗျာ"ဟူ၍ လွှတ်တော်အခွင့်အရေးကော်မတီသို့ရှင်းလင်းပြောကြားခဲ့ကြောင်းလည်း ကော်မတီ၏ အစီရင်ခံစာများအရ သိရှိရသည်။ ယင်းအပြင် မီဒီယာတွေကို ကောင်းစေချင်၍ ရှင်းပြသည်ကို မီဒီယာက လိုရာဆွဲရေးသည့်အတွက် ဦးတည်ချက်လွဲသွားကြောင်းလည်း ပြောကြားခဲ့သည်ဟုသိရှိရသည်။

ယခု ၂၀၁၂ ခုနှစ်အတွက် စီမံကိန်းများအား ဘတ်ဂျက်လျှော့ချလိုက်၍ အစိုးရဝန်ထမ်းများသက်သာပါသည်ဟူသောအကြောင်းအရာနှင့်ပတ်သက်၍လည်း "တကယ့်ဦးတည်ချင်တာကတော့ မီဒီယာကို ကျွန်တော် ဦးတည်တာပါ။ မီဒီယာက အမြင်ကောင်းကောင်းနဲ့ သိပြီးတော့ နားလည်စေချင်လို့ သူပြောတာလည်း ကျွန်တော် နားထောင်တယ်။ မေးရင်လည်း စိတ်ရှည်လက်ရှည်နဲ့ဖြေတယ်။ Positive ဖြစ်တဲ့ အမြင်လေးတွေနဲ့ ရေးမယ်ထင်တာ။ အခုလိုရေးမယ်လို့ လုံးဝမထင်ဘူး။ အဲဒီ့အကျိုးဆက်တွေပေါ့။ အခုတော့ ကျွန်တော်ဖြေရှင်းနေရခြင်းဖြစ်ပါတယ်"ဟူ၍ ကော်မတီသို့ဖြေရှင်းခဲ့သည်ဟုဆိုသည်။

ကော်မတီအနေဖြင့် ဝန်ကြီးမှ တရားဝင်ဝန်ခံခြင်း၊ ဝန်ချတောင်းပန်ခြင်း မပြုလုပ်ပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေအား လေးစားလိုက်နာမှုမရှိဘဲ ဖောက်ဖျက်ခြင်း၊ စော်ကားကျူးလွန်ခြင်းများကို ဥပဒေအရ အရေးယူသွားရန်ရှိသော်လည်း ပြည်ထောင်စုဝန်ကြီးက ပြန်လည်တောင်းပန်ခဲ့၍ သဘောထားကြီးစွာဖြင့် လက်ခံပေးသင့်ကြောင်း သုံးသပ်ခဲ့သည်။




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# အီးယူက ယူရိုငွေ သန်း ၁၅၀ ကူညီထောက်ပံ့မည်

**အိဖြူလွင်**

**ရန်ကုန်၊**

**မေ - ၂၈**

ဥရောပသမဂ္ဂက မြန်မာနိုင်ငံအတွက် ယူရိုငွေသန်း ၁၅၀ကို ပေးအပ်မည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍတွင် အဓိကထောက်ပံ့မည်ဟု ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးမူဝါဒအကြီးအကဲMs. Catherine Ashtonကယနေ့သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

ဥရောပကော်မရှင်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို တစ်နှစ် ဆိုင်းငံ့ထားသည်ဟု ဧပြီလ ၂၃ရက်က ကြေညာထားသည်။

ထိုသို့ဆိုင်းငံ့ထားခြင်းသည် လုံးဝ ရုပ်သိမ်းခြင်းမဟုတ်သေးဘဲ ရှေ့တိုး နောက်ဆုတ် ပြုလုပ်နိုင်သေးသည့် သဘောဖြစ်၍ ကုန်သွယ်လုပ်ငန်းများကိုသက်ရောက်မှုများမရှိနိုင်သေးကြောင်း၊ အခြေအနေများ ပြောင်းလဲတိုးတက်လာပြီဟုသာ ပြောနိုင်ကြောင်း စီးပွားရေးပညာရှင်တစ်ဦးဖြစ်သည့် ခင်မောင်ညို(ဘောဂဗေဒ) ကပြောကြားခဲ့သည်။

ယခုကဲ့သို့ အရေးယူမှုများဆိုင်းငံ့ထားခြင်းသည်မြန်မာနိုင်ငံအနေဖြင့်ပြောပါက အပေါင်းအသင်းမရှိဘဲ နေနေရာက လူတွေအများကြီး၊ အပေါင်းအသင်း အများကြီးနဲ့ ပေါင်းရတော့ အခွင့်အလမ်းတွေ ပိုရှိလာ၊ ပိုကောင်းလာတာပေါ့ဟု မန္တလေးတိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးရဲမြတ်သူက ပြောကြားသည်။

ဥရောပသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာရုံးကိုလည်း Ms.Ashton ကရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့နှင့်အတူ ယနေ့ညနေ ၃ နာရီခွဲတွင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယခု ဖွင့်လှစ်လိုက်သော ရုံးအဖွဲ့ဝင် ၂၇ နိုင်ငံ ပါဝင်သော ဥရောပသမဂ္ဂရုံးသည် မြန်မာပြည်သူများအတွက်ကူညီမှုထောက်ပံ့မှုများကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ ဒုဥက္ကဋ္ဌလည်းဖြစ်သည့် သူမကရုံးဖွင့်ပွဲတွင်ပြောကြားခဲ့သည်။

ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေး တိုးတက်ပြောင်းလဲမှုများကို လက်ခံကြောင်း၊ အဆိုပါ တိုးတက်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ရန်အတွက် ဥရောပသမဂ္ဂက ပြည်သူများကို ကူညီပေးသွားမည်ဖြစ်ပြီး ယုံကြည်မှုပို၍ ရရှိရန်လည်း မြန်မာပြည်သူများနှင့် အတူဆက်လက်လုပ်ဆောင်သွားမည်ဟု Ms. Ashton ကသတင်းထောက်များကို ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂအနေဖြင့်မြန်မာနိုင်ငံ၏ ထူးခြားပြောင်မြောက်သော အပြောင်းအလဲများကိုကြိုဆိုပြီး မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂ၏ဆက်ဆံရေးအခန်းကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်ဟုလည်း သူမ၏ ခရီးစဉ်အကြို သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ms. Ashton သည် မြန်မာနိုင်ငံသို့ သုံးရက်ကြာ ခရီးစဉ်အဖြစ်မေ ၂၈ မှ ၃၀ ရက်ထိ လာရောက်စဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ပါတီရုံးချုပ်တွင် တွေ့ဆုံခဲ့ပြီး လူမှုရေးအဖွဲ့အစည်းများ၊ ၈၈ မျိုးဆက်ကျောင်းသားများ စသည်တို့နှင့်လည်း တွေ့ဆုံခဲ့သည်။

ထို့ပြင် မေ ၂၉ နှင့် ၃၀ ရက်တို့တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ နိုင်ငံခြားရေးဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီး၊ စက်မှုဝန်ကြီးတို့နှင့်လည်း တွေ့ဆုံခဲ့သည်။

# မြန်မာ့နိုင်ငံရေး ဖြေရှင်းနိုင်ရန် ဦးတည်ချက်လိုဟု ကုလအတွင်းရေးမှူးချုပ်ဆို

**သီဟ၊ သန်းထူး**

**နေပြည်တော်၊ မေ - ၃၀**

ရှုပ်ထွေးကျယ်ပြန့်သည့် မြန်မာ့နိုင်ငံအရေးများအား ဖြေရှင်းနိုင်ရန်အတွက် ဦးတည်ချက်များ တူရန်လိုသည်ဟု မစ္စတာဘန်ကီမွန်းကပြောကြားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းများသည် ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် ဖိနှိပ်ခြင်းဖြင့် ကျင့်သုံးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း မစ္စတာဘန်ကီမွန်းကပြောကြားသည်။

မေ ၃၀ ရက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောရာတွင် အထက်ပါအတိုင်းထည့်သွင်းပြောကြားခြင်းဖြစ်သည်။



ဓာတ်ပုံ-အေအက်ဖ်ပီ

"ဒီနေ့ကျွန်တော်က အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို ပိတ်ဆို့မှုအပေါင်းကို ဖယ်ရှားခြင်း၊ လျှော့ပေါ့ဆိုင်းငံ့ခြင်းတို့ကို ပိုမိုဆောင်ရွက်ကြပါရန်တောင်းဆိုလိုပါတယ်"ဟု မစ္စတာဘန်ကီမွန်းကပြောကြားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံ အစိုးရသစ်တက်ပြီး ပထမဆုံးအကြိမ် လာရောက်သည့်၎င်း၏ခရီးစဉ်တွင် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ အခမ်းအနားသို့တက်ရောက်ခဲ့သည်။

# စက်မှုဇုန်များ တစ်ရက်လျှင်လျှပ်စစ်မီး ခြောက်နာရီသာ ရသောကြောင့် အအေးခန်းစက်ရုံများ အခက်တွေ့

**သန်းဌေး**

**ရန်ကုန်၊ မေ - ၂၄**

စက်မှုဇုန်များတွင် တစ်ရက်လျှင် လျှပ်စစ်မီးခြောက်နာရီသာရသောကြောင့် ရေထွက်ကုန်ထုတ်လုပ်သော ရန်ကုန်မြို့တွင်းရှိ အအေးခန်းစက်ရုံများ၏ ၂၅ ရာခိုင်နှုန်းခန့်သာ လုပ်ငန်းလည်ပတ်နိုင်တော့ကြောင်း စက်ရုံပိုင်ရှင်များကပြောသည်။

"လုပ်ငန်းကမကောင်း၊ ကုန်ကြမ်းကရှားနေချိန်မှာ တစ်နေ့ကို ခြောက်နာရီပဲ လျှပ်စစ်မီးရတော့ နစ်ဆယ့်လေးနာရီ လည်ပတ်နိုင်အောင် မီးစက်မောင်းရတယ်။ ဒီဇယ်ဈေးကလည်းတက်တော့ ကုန်ကျမှုစရိတ် မြင့်လာတာပေါ့။ ဒါကြောင့် ရန်ကုန်မှာ စက်ရုံ ၇၆ ရုံရှိတာ၊ ရုံ ၂၀ ကျော်ပဲ လည်ပတ်နိုင်တယ်" ဟု ရွှေယမုံ အအေးခန်းစက်ရုံပိုင်ရှင် ဦးထွန်းအေးကပြောသည်။

နေ့စဉ် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီအထိသာ လျှပ်စစ်မီးရရှိမှုကို အချိန်တိုးပေးရန်နှင့် ကုန်ကြမ်းရှားပါးမှုအတွက် စက်ရုံတိုင်းအား ပြည်ပမှ ရေထွက်ကုန်ကြမ်းတင်သွင်းကာ ကုန်ချောထုတ်လုပ်၍ ပြန်လည်တင်ပို့ (စီအမ်ပီ) ခွင့်ပြုရန် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ကာ ပြည်ပသို့ တင်ပို့နေသော ၎င်းကပြောသည်။

"မီးမလာတော့ရေခဲဈေးနှုန်းပါတက်လာတယ်။ အခုကာလက ကုန်ကြမ်းလည်းရှားလာတော့ စက်စွမ်းအားပြည့်လည်ဖို့ရာ ခက်ခဲလာတယ်။ အလုပ်သမားတွေကို အလုပ်မပေးနိုင်ဖြစ်ရင် အစိုးရရဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးကို အကောင်အထည်ဖော်ပေးနိုင်မှာ မဟုတ်ဘူး" ဟု လှိုင်သာယာစက်မှုဇုံမှစက်ရုံပိုင်ရှင်တစ်ဦးကလည်းပြောသည်။

ရန်ကုန်မြို့တွင် သင်္ကြန်ကာလတိုင် လျှပ်စစ်မီးပုံမှန် နီးပါးရရှိနေရာမှ ယခင်နှစ်များနည်းတူ နွေရာသီရောက်တိုင်း မီးမှန်မှန်မရမှုကိုကြုံတွေ့လာရသောကြောင့် အအေးခန်းစက်ရုံများ အကုန်နီးပါးပိတ်ရနိုင်ခြေနီးလာကြောင်း ၎င်းကပြောသည်။

ကုန်ကြမ်းရှားပါးခြင်း၊ လျှပ်စစ်မီးမမှန်ခြင်း၊ ငွေလဲနှုန်း ကျဆင်းခြင်းနှင့် ကုန်ကျစရိတ် မြင့်မားလာခြင်းများကြောင့် ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်တင်ပို့သူအားလုံး လုပ်ငန်းလုံးဝရပ်တန့်မသွားစေရန် သက်ဆိုင်ရာများက ဝိုင်းဝန်းအဖြေရှာလုပ်ဆောင်ပေးစေလိုကြောင်း ၎င်းတို့အားလုံးကပြောသည်။

# ပြောင်းဆန်ကို ဈေးကောင်းရသည့် တရုတ်သို့ပို့

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ - ၂၉**

**ပြည်ပဈေးကွက်သို့ ပြောင်းဆန်တင်ပို့ရာတွင် ဝယ်လိုအားကောင်းပြီး ဈေးကောင်းရသည့် တရုတ်နိုင်ငံသို့သာ နယ်စပ်မှတစ်ဆင့် တင်ပို့နေရကြောင်း ပို့ကုန်လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။**

ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် အာဆီယံနိုင်ငံများသို့ပြောင်းဆန်တင်ပို့ရာတွင် အိန္ဒိယနိုင်ငံနှင့် ဈေးနှုန်းယှဉ်၍ မတင်ပို့နိုင်ပေ။ အိန္ဒိယနိုင်ငံသည်မြန်မာနိုင်ငံမှ အဓိကပြောင်းဆန်တင်ပို့နေသည့် မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများသို့ ဈေးလျှော့ပြီး ဈေးကွက်နေရာဝင်ယူခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံမှ မလေးရှားသို့ ရောင်းချသည့် ပြောင်းဆန်ဈေးမှ တစ်တန်လျှင် ဆိပ်ကမ်းရောက်ဈေး (CIF) ဒေါ်လာ ၂၉၀ ဝန်းကျင် ဈေးလျှော့ပေးသည်။ မြန်မာနိုင်ငံမှ မလေးရှားသို့ပို့ရာတွင် သင်္ဘောပေါ်ရောက်ဈေး (FOB) ၂၆၀ ဒေါ်လာနှင့်သာ ရောင်းနိုင်သည်။ ယင်းကြောင့် ပြည်ပဈေးကွက်သို့ပြောင်းဆန်တင်ပို့မှုမှာ လျော့ကျခဲ့ပြီး ပြည်တွင်း၌ဈေးနှုန်းများလည်း ကျလာခြင်းဖြစ်သည်။

"တရုတ်အဆွဲရှိတော့ ဈေးပြန်တက်လာတယ်။ အစာစက်သမားတွေကလည်း ဈေးပိုပေးလာတယ်" ဟုပြည်ပသို့ ပြောင်းတင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

လက်ရှိတရုတ်နိုင်ငံမှ ပြောင်းလိုအပ်ချက်ရှိသဖြင့် ဝယ်လိုအားများပြီး ဈေးနှုန်းလည်းမြင့်လာသည်။ တရုတ်-မြန်မာနယ်စပ်မူဆယ်တွင် ပြောင်းဆန်တစ်ကီလိုလျှင် ၁၁၈ ယွမ်ဈေးရှိသည်။ သင်္ကြန်မတိုင်ခင်က ပြောင်းဆန်တစ်ကီလိုကို ၁၀၃ ယွမ်ဝန်းကျင်သာ ဈေးရှိသည်။

လက်ရှိအချိန်တွင် ဇလွန်၊ ဟသ်ာတတို့မှ နွေပြောင်းများ အသစ်ပေါ်ထွက်လာချိန်ဖြစ်ပြီး ၅၄ ပိဿာတစ်အိတ်လျှင်ကျပ် ၁၇,၀၀၀ ဝန်းကျင်ရှိသည်။ မန္တလေးဈေးကွက်တွင် ပြောင်းဆန်တစ်အိတ်လျှင် ကျပ် ၁၉,၀၀၀ ထိဈေးရှိသည်။ ယင်းကြောင့် မြစ်ဝကျွန်းပေါ်မှ ကုန်သည်များသည် ရေလမ်းဖြင့် မန္တလေးသို့တင်ပြီး ယင်းမှတစ်ဆင့် မူဆယ်သို့တင်ပို့နေကြောင်း သိရသည်။

# 'ပ'အက္ခရာအထက် ဟောင်းနွမ်းတက္ကစီများကိုလည်း အစားထိုးတင်သွင်းခွင့်ပြုတော့မည်

**အားမာန်**

**ရန်ကုန်၊ မေ - ၂၆**

အငှားယာဉ်(တက္ကစီ)များမှ အက္ခရာ(ပ)နံပါတ်အထက် ယာဉ်များမှာ ဟောင်းနွမ်းနေပြီး အသစ်ပြန်လည်အစားထိုးတင်သွင်းလိုပါကတင်သွင်းခွင့်ပြုတော့မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုများ ပိုမိုလုပ်ကိုင်လာတော့မည်ဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများလည်း ပိုမိုလာရောက်နေချိန်တွင် နိုင်ငံတကာကဲ့သို့ တက္ကစီယာဉ်များ အဆင့်မြင့်ရန်အတွက် အဆိုပါအစီအစဉ်ကို စတင်ရန် တာဝန်ရှိသူများ ညှိနှိုင်းဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူကရှင်းပြသည်။

ကကာ၁ခ နံပါတ် တက္ကစီများ အပါအဝင်နှင့် (ပ)နံပါတ်အထက်ကျော်သော တက္ကစီယာဉ်များမှာ ဟောင်းနွမ်းစုတ်ပြတ်နေသည်ဖြစ်စေ၊ အသစ်လဲလှယ်လို၍ဖြစ်စေ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအဖွဲ့က အပ်နံခွင့်ပြုပြီး အစားထိုးတင်သွင်းခွင့် ခွင့်ပြုမည်ဖြစ်သည်။ သို့သော် အစားထိုးတင်သွင်းမည့် ကားမှာလည်း အငှားယာဉ်လိုင်စင်သာ ရယူရမည်ဖြစ်သည်။ ထိုအစီအစဉ်ကို လက်ရှိဆောင်ရွက်နေသော ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်ပြီးစီးပါက စတင်ဖွယ်ရှိသည်။ သို့သော် ထိုအစီအစဉ်အတွက်စည်းကမ်းချက်၊ မူဝါဒအသေးစိတ်ကိုမူ ချမှတ်ရခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

၂၀၁၁ စက်တင်ဘာလတွင် စတင်ခဲ့သော ယာဉ်အိုယာဉ်ဟောင်း ဖျက်သိမ်းရေးအစီအစဉ်တွင် အိမ်စီးကား၊ အငှားယာဉ်အားလုံးထဲမှ'ပ'အက္ခရာအထိသာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။'ပ' အက္ခရာအထက် ကားများကို ဆောင်ရွက်ပေးခြင်းမရှိသေးပေ။

ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေးအစီအစဉ်မှာ မေ ၂၅ ရက်အထိ အစီးရေ ၄၇,၇၅၁ စီး လက်ခံပြီးဖြစ်သည်။ ယခုလက်ခံနေသော'ခ'ယာဉ်များပြီးပါက 'န' နှင့်'ပ'အက္ခရာယာဉ်များကိုလက်ခံမည်ဖြစ်ပြီး 'ပ'အထိပြီးပါက မျှော်မှန်းအစီးရေ ငါးသောင်းခွဲဝန်းကျင် ကားအဟောင်းလက်ခံပြီးဖြစ်သွားမည်ဖြစ်သည်။

'ပ' အက္ခရာအထိပြီးလျှင် ဟောင်းနွမ်းနေသော တက္ကစီယာဉ်များကို ယာဉ်အသစ်ဖြင့် အစားထိုးလဲလှယ်မည့်အစီအစဉ်ကြားဖြစ်ဝင်လာမည်ဖြစ်သည်။ ထို့ကြောင့် အိမ်စီးကားနှင့် ကားအားလုံး၏ ကျန်အက္ခရာနံပါတ်များ('ပ'အက္ခရာအထက်ကားများ)အတွက် မည်သို့ဆောင်ရွက်မည်ကိုမူ လောလောဆယ် မစီစဉ်ရသေးကြောင်းလည်း အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။ ၂၀၁၂နှစ်ဆန်းအထိ ရန်ကုန်တွင် တရားဝင်မှတ်ပုံတင်ထားသော တက္ကစီ နှစ်သောင်းတစ်ထောင်ကျော်ရှိသည်။လက်ရှိပြင်ပကားဈေးကွက် ကားအစားထိုးတင်သွင်းခွင့် ပါမစ်ဈေးနှုန်းများမြင့်တက်လာပြီး တစ်စောင်လျှင်ကျပ်သိန်း ၁၄၀ ကျော်အထိ ရှိနေကြောင်း သတင်းရရှိသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

7Day News Journal အတွဲ(၁၁)၊ အမှတ်(၅)၊ စာ(၅)ပါ "ဘင်္ဂလားဒေ့ရှ်-မြန်မာရေပိုင်နက်အပြောင်းအလဲ ဒေသခံများတိကျစွာသိရန်လို"သတင်းမှ "အဓိကအငြင်းပွားနေသည့် စိန့်မာတင်ကျွန်းပတ်လည် ရေမိုင် ၂၀၀ ပတ်လည်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရေပိုင်နက်အဖြစ် သတ်မှတ်ပေးလိုက်ခြင်းဖြစ်သည်" စာသားအစား "စိန့်မာတင်ကျွန်းသည် ရှေးယခင်သမိုင်းအစဉ် အဆက်ဆက်ကပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ကျွန်းဖြစ်ပြီး၊ စိန့်မာတင်ကျွန်းနှင့် ပတ်သက်၍ အငြင်းပွားနေခြင်း မဟုတ်ကြောင်း"ဟူ၍လည်းကောင်း၊ မြန်မာဘင်္ဂလားဒေ့ရှ်သည် ရေပိုင်နက်အငြင်းပွားနေခြင်း မဟုတ်ဘဲ နှစ်နိုင်ငံကြား ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်း၊ သီးသန့်စီးပွားရေးဇုန်စသည့် ပင်လယ်ရေနယ်နိမိတ်သုံးပိုင်းအား ပိုင်းခြားသတ်မှတ်ပေးရန် နိုင်ငံတကာခုံရုံးသို့တင်သွင်းခြင်းဖြစ်သည်ဟူ၍ ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် အတွဲ (၁၁)၊ အမှတ်(၄) စာ(၁၇)ပါ "မိတ္ထီလာတွင် မီးကြိုးမီးကျနမှ မီးလောင်မှုကြောင့် ကျပ်သိန်း တစ်ထောင်ဖိုးဆုံးရှုံး" သတင်းတွင် မီးလောင်မှုမှာ မီးကြိုးမီးကျကြောင့် လောင်ကျွမ်းခြင်းမဟုတ်ဘဲ နေအိမ်မီးရှို ဝါယာကြိုးများမှ ရှော့ခ်ဖြစ်၍ လောင်ကျွမ်းခြင်းဖြစ်ကြောင်းပြင်ဆင်ဖတ်ရှုပေးပါရန်။

**အယ်ဒီတာ**